မြန်မာ စာအုပ်များ



လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်က
စာရေးဆရာမကြီးဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့်ရေးသားခဲ့သော

# မှော်ဆရာ မှတ်တမ်းပေါင်းချုပ်

အမှတ်(၆)

မြန်မာ စာအုပ်များ

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့် ရေးသားခဲ့သော

# မှော်ဆရာမှတ်တမ်းပေါင်းချုပ်
# အမှတ်(၆)

**တစ်ပြည်လုံးဖြန့်ချိရေး**

တော်ဝင်မြို့မစာအုပ်တိုက် နှင့်

အမှတ်(၁၅၉)၊ ၃၉-လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း - ၃၈၈၆၂၃၊ ၃၇၉၂၃၈၊ ၀၉ ၄၉၅၀၈၈၃၄

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန် (မြဲ-၀၄၂၃၂)<br>အမှတ်- ၁၀၊ ရတနာမြိုင်လမ်း၊<br>(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (အဌာရသပုံနှိပ်တိုက်)<br>အမှတ်- ၁၅၉၊ ၃၉ လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| စာအုပ်ချုပ် | - | ဝင်းပပ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်<br>ဗမာ့ခေတ်သတင်းစာတိုက်<br>၁၉၅၉ - ခုနှစ်တွင် ပုံနှိပ်သည်။<br>ဒုတိယအကြိမ်<br>တော်ဝင်မြို့မစာအုပ်တိုက်<br>၂၀၁၂ - ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

ကိုကိုလေး ၈၉၅. ၈၃

မှော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၆ / ကိုကိုလေး - ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၂။

၂၂၅ စာ၊ ၁၀ . ၅ စင်တီ × ၇ . ၃ စင်တီ

(၁) မှော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၆

မြန်မာ စာအုပ်များ

# မာတိကာ


| | | |
|---|---|---|
| ၁။ | မွေးသရဲ | ၅ |
| ၂။ | မှော်ဝန်းသီဂိ | ၄၁ |
| ၃။ | သေမင်းရောင်ခြည် | ၆၅ |
| ၄။ | သေသူ့သည်းခြေ(ပ) | ၁၇၁ |
| ၅။ | သေသူ့သည်းခြေ(ဒု) | ၁၉၇ |


❖ ❖ ❖

# မွေးသရဲ

၅။ (၁၉၃၃-ခုနှစ်တွင် ရေးသားခဲ့သည်။)

**ကျွန်တော်၏ချစ်ဇနီးကို နီးရာမှဝေးခဲ့ရပုံ**

ကျွန်တော်သည် ဇနီးမခင်ယုံ ဝေဒနာမှသက်သာပျောက်ကင်းပြီး နောက် ကျေးဇူးရှင်ဆရာကြီးကို အိမ်ဦးခန်းမှာထား၍ ကိုးကွယ်ဆည်းကပ် လာခဲ့ကြရာ နှစ်လကျော်သုံးလနီးပါးရှိလာသဖြင့် ဆရာကြီး၏ ကျေးဇူးဂုဏ် သတင်းကြောင့် မြို့ပေါ်ရှိဝေဒနာရှင်များလည်း အိမ်သို့ လာရောက်ကြသည်မှာ ဥဒဟိုမစဲ၊ စည်ကားပြည့်ကျပ်လျက်ရှိသဖြင့် ကျွန်တော်သည်လည်းကောင်း၊ မခင်ယုံသည်လည်းကောင်း၊ မိဘများသည် ၎င်းဆရာကြီး၏ ဝေယျာဝစ္စကို ပြုစုရခြင်း၊ ဧည့်ပရိသတ်များအား ဧည့်ဝတ်၊ စောင်ဝတ်ပြုစုရခြင်း စသည် တို့ကြောင့် မအားလပ်နိုင်အောင် ရှိခဲ့ကြလေ၏။

စုန်းပယောဂ အတတ်ပညာအားဖြင့် ပြုစားချုပ်ချယ်ခြင်းခံနေရသော ဝေဒနာရှင်, လူနာရှင်အမျိုးမျိုးတို့လည်း ဆရာကြီးကုသတိုင်း၊ ပျောက်ကင်း ချမ်းသာကြသည်ချည်းသာ ဖြစ်ကြလေရာ၊ အချို့ဝေဒနာရှင်များမှာလည်း ကျွန်တော်၏ဇနီးမခင်ယုံတမျှဆိုးဝါးစွာ ဝေဒနာခံစားကြရလျက်၊ အချို့မှာ လည်း မခင်ယုံထက်ပင် ဆိုးဝါးစွာခံစားရရှာသည်ကို တွေ့ရပြီးလျှင် ဤသို့သော ဝေဒနာရှင်အသီးသီးတို့မှာလည်း ဆရာကြီး၏အစွမ်းဖြင့် ချမ်းသာပျောက်ကင်း သွားကြသည့်အခါ -

ကျွန်တော့်မှာ ချမ်းသာပျောက်ကင်းသည့် ဝေဒနာရှင်များအတွက် နှစ်သက်ဝမ်းမြောက်ခြင်း၊ ဆရာကြီး၏ပညာစွမ်းကို အံ့သြချီးမွမ်း၍ မကုန်နိုင်ခြင်း၊ ဆရာကြီးအား ယုံမှတ်ကြည်ညိုခြင်း စသည်များမှာ တစ်နေ့တခြား တိုးပွားလာခဲ့ပြီးနောက် ဆရာကြီးကလည်း မူလကပင် ကျွန်တော့်အား တပည့်ဦးအရာတွင်ထား၍ ကုစားနည်း, ကုထုံးနည်းများနှင့်တကွ အင်း, အိုင်, ခါးလှည့်, လက်ဖွဲ့, မန္တန်စသည်များကို မည်သို့မည်ပုံ ပြုပြင်စီရင်ရကြောင်း၊ မည်သည့် ဝေဒနာကို မည်သို့ပြု၍ မည်သည့်အစွဲကို မည်သို့ချွတ်လွှဲရကြောင်း. . .

နိဿရည်းကျကျနှင့် လာရောက်ကုသသော လူနာများကို နမူနာထား၍ ကုသသင်ကြားလေရာ ကျွန်တော့်မှာ မူလကအနည်းငယ်မျှ ဝင်စားလာမိသောစိတ်မှာ အခြေအမြစ်ခိုင်ခိုင်နှင့် ပိုင်ပိုင်နိုင်နိုင်ကြီး စိတ်ပါလာပြီးလျှင် ဆရာပြသည့် နည်းနာနိဿယတို့ကို တဆိတ်ကမှ မလစ်ဟင်းရအောင် မှတ်သားမိနိုင်သည့်အပြင် တစ်ခါတစ်ရံတွင် မသင်ကြား မပြသေးသော သင်ခန်းစာသဖွယ်ဖြစ်သည့် ပညာများကိုပင် တိတ်တဆိတ် ခိုးဝှက်စမ်းသပ်နေတတ်သဖြင့် မှားမှားယွင်းယွင်း ဖြစ်သွားမည်ပင် စိုးရိမ်မကင်းဖြစ်ကာ မကြာမကြာ မခင်ယုံက သတိပေးရရှာလေ၏။

ယင်းသို့ ဆရာကြီး၏ပညာရင်နို့ကို သောက်စို့သင်ကြား၍ အားရတင်းတိမ်ခြင်းမရှိဘဲ နောက်ဆုံးတွင် ဆရာကြီးတတ်သလောက် ပညာတွေကို အကြွင်းမဲ့အလုံးစုံလိုချင်ဇောဖြင့် ပညာလောဘကြီး၍ နေခဲ့လေရာ၊ အမှန်အားဖြင့်ဆိုသော် ချစ်လှစွာဇနီး မခင်ယုံကိုပင်၊ တစ်ခါတစ်ရံမေ့လျော့နေမိပေ၏။

တစ်နည်းအားဖြင့်လည်း မခင်ယုံမှာ ပယောဂအနှောင့်အယှက် ဝေဒနာမှ လွတ်မြောက်ပြီးနောက် ကျွန်တော်နှင့်အတူ နှစ်ယောက်သား ကြည်ဖြူဝမ်းမြောက်စွာ ဆရာကြီး၏ဝေယျာဝစ္စကို တတွဲတွဲနှင့်နေ့မကွဲ ညမကွာ အမြဲဆောင်ရွက်လျက် ရှိနေကြသောကြောင့် အထူးသဖြင့်လည်း သတိရဖွယ် မလိုစေကာမူ အမှုမဲ့အမှတ်မဲ့ ကြည်လင်အေးဆေးစွာ နေခဲ့ရသည့်အားလျော်စွာ ရှေးအခါများကလောက် နက်နက်နဲနဲ ဂရုမစိုက်မိ၊ ပိန်သည်, ဝသည်, ကျသည်,

မြန်မာ စာအုပ်များ



ပြည့်သည်များကိုလည်း ဆရာကြီးထံတွင် စိတ်ဝင်စား၍နေသောကြောင့် အရိပ်မကြည့်နိုင်ဘဲရှိခဲ့ရာ၊ သုံးလခန့်ကြာသောအခါ-

တစ်နေ့သ၌တွင် ဆရာကြီးလည်း မန္တလေးမြို့၏အနီးအပါးဖြစ်သော ပုသိမ်ကြီးမြို့မှလူနာတစ်ဦးကို ကုသရန်လက်ခံပြီးနောက်၊ ထိုလူနာမှာ ပယောဂအစွဲ လွန်စွာကြမ်းသောကြောင့် ဆရာကြီးထံသို့ ခေါ်မလာနိုင်၊ ဆရာကြီးကိုယ်တိုင် ကြွရောက်ကုသမှဖြစ်မည့်အတွက် ဆရာကြီးကိုယ်တိုင် သွားရမည်ဖြစ်ရာ ကျွန်တော်လည်း ဆရာ့တပည့်ဖြစ်သည့် အားလျော်စွာ ဆေးအစ်ကိုထမ်း၍ ဆရာ့နောက်ပါးမှ မော်တော်ကားနှင့် ပါလာခဲ့ပြီးလျှင်၊ ပုသိမ်ကြီးတွင်လည်း လူနာက အပြင်းဖမ်း၍ ပယောဂကြမ်းလှသဖြင့် ဆရာကြီးပင် အတန်ငယ်ဂရုစိုက်ကုသနေရသဖြင့် ပုသိမ်ကြီးတွင်နှစ်ရက်မျှကြာခဲ့လေရာ အကြင်လင်မယားအဖြစ်ရောက်မှ ဤတစ်ကြိမ်မျှသာ ညဥ့်အိပ်, ညနေခွဲခွာခဲ့ဖူးသော ဇနီးသည်မခင်ယုံကလေးအား တရေးရေးမြင်ကာ လွန်စွာအောက်မေ့ လွမ်းဆွတ်ခဲ့မိပေ၏။

မူလက နေ့ချင်းပြန်လာမည်ဟု လာကြသော်လည်း လူနာကအတော်ကြမ်းနေသောကြောင့် နှစ်ရက်မျှကြည့်ရှုအကဲခတ်နေရသဖြင့် ညဥ့်အချိန်အနည်းငယ် အားလပ်သောအခါများတွင် မခင်ယုံ၏မျက်နှာကလေးကိုပြေး၍ ကြည့်လိုက်မည်ကြံပါသော်လည်း အကျပ်အတည်း ခဲခဲယဉ်းယဉ်းကုသရသောအခါတိုင်း ကျွန်တော့်အားအထူးပြုသလျက် လက်တွေ့သင်ကြားလေ့ရှိသဖြင့် ခေတ္တပြန်ပြေးလိုက်က မတော်တဆ ဆရာကြီးဆိုနေကောင်းဆိုလေမည်လားဟု တွေးတောစိုးရိမ်ခြင်းကြောင့် သွားမည်ကြံပြီးမှ မသွားဝံ့ဘဲ နောက်တွန့်၍နေခဲ့ပြီး၊ နောက်တစ်နေ့ ဆရာကြီးပြန်မှပင် အတူပြန်လာခဲ့ကြ၍ အိမ်သို့ရောက်မှ နှစ်ရက်တာမျှ ခွဲခဲ့ရသဖြင့် တမ်းတလွမ်းဆွတ်ခဲ့ရသော မခင်ယုံ၏မျက်နှာကလေးကို အားရပါးရကြည့်မိသောအခါကျမှ ကျွန်တော့်မှာ လွန်စွာအံ့အားသင့်လျက် ရှိရလေတော့၏။

ရှေးအခါက စိုပြည်ပြည့်ဖြိုး ရေအိုးကြီးနှင့်တူလှသော မခင်ယုံ၏ တောင့်တင်းပြည့်ဖြိုးသော ကိုယ်လုံးကလေးမှာ ရိုးကပ်, သားကပ်နှင့် ခြောက်

ကပ်ကပ်ဖြစ်နေပြီးလျှင် ကြည်လင်စိုပြည်လျက် နဂိုရေပြည့်ဝန်းသော တင့်ရှွန်းလှသည့် မျက်နှာကလေးမှာလည်း ညှိုးငယ်ခြောက်ကပ်ကာ မျက်တွင်းကလေးများ ညှိုမည်းလျက်၊ အမျက်ကျောက် ပတ္တမြားပမာကဲ့သို့ ပါးလွှာနီမြန်းသော (မိတ်ဆွေ-ကိုယ့်ငါးချဥ်ကိုယ်ချဥ်သည်ဟု မပြုံးပါနှင့်၊ ကျွန်တော်ရေးသမျှသည် တစ်လုံးတစ်စေ့မျှအပိုမပါ။ မှန်ကန်သည့်မျက်မြင် အကြောင်းအရာစုတို့ကို၊ ဖတ်၍ကောင်းရုံမျှသာ စီစဥ်ရေးသားခြင်း ဖြစ်ပါသည်၊ သို့အတွက် ဤနေရာတွင်လည်း နဂိုရှိသလောက် လက်ာချောစေရန် ဥပမာပေးရသည်မှတစ်ပါးမှုသားမပါပါ)

နှုတ်ခမ်းကလေးများမှာလည်း မွဲခြောက်ညှိုမည်းလျက်၊ တစ်ချက်၊ တစ်ချက်ချောင်းဆိုးလိုက်သောအခါမှာလည်း မောဟိုက်ပင် ပန်းကာ အင်အားကုန်ခမ်းသွားရှာသည်ကို တွေ့မြင်ရသောကြောင့် သနားကြင်နာသောစိတ်များသည် မိုးတွင်းအခါ တောင်ကျချောင်းကြီး ရေစီး၍ကျလာသလို၊ တစ်ခဏခြင်းပြည့်တင်းစွာ တိုးခွေ့လာခဲ့သဖြင့် မခင်ယုံကို ဖေးမပွေ့ပိုက်ကာ ဆရာကြီးနောက်လိုက်သွားသည်မှာ နှစ်ရက်မျှသာရှိသေးလျက် မခင်ယုံ ဤမျှပိန်ချုံးသွားရခြင်းအတွက် မကျေမချမ်း၊ အခါခါမေးမြန်းစုံစမ်းမိရာတွင်မှ မခင်ယုံနှင့်တကွ ကျွန်တော်၏ဖခင် ဦးရာကျော်နှင့် မိခင်ဒေါ်လေးကြီးတို့က ကျွန်တော်အား အံ့ဩ၍နေကြ ပြီးလျှင် မခင်ယုံတဖြည်းဖြည်းပိန်ချုံးခြောက်ကပ်လာသည်မှာ အတန်ကြာပြီဖြစ်လျက် ယနေ့မှ အရေးတကြီး မေးမြန်းနေသည်ကိုပင် ပြောင်လှောင်ကြပြန်သောကြောင့် ကျွန်တော်ပင် အရူးဖြစ်ရပြန်လေ၏။

အမှန်စင်စစ်အားဖြင့်လည်း ကျွန်တော့်မှာ ဆရာကြီးသင်ပြသော ပညာထဲတွင်သာ အာရုံပြု၍ နေမိသောကြောင့် အတူနေဇနီးသည် မခင်ယုံကို ယနေ့မှပင် စုံစုံလင်လင်, စေ့စေ့စပ်စပ် အရိပ်ကြည့်မိသောအဖြစ်ကို သတိရကာ၊ ကိုယ့်အမှားကိုကိုယ်ပြန်၍ ဖြေရလေတော့သတည်း။ ထိုနေ့မှစ၍ ကျွန်တော်မှာ ရှေးကထက် အာရုံပြုစရာ အလုပ်တစ်ခုပို၍လာပြန်လေ၏။

ထိုအလုပ်ပိုကား မခင်ယုံကို ရှေးကလို အမူမဲ့, အမှတ်မဲ့မနေဘဲ အရိပ်အကဲကို စောင့်ရှောက်ကြည့်ရှုရသောအလုပ်ပင် ဖြစ်တော့၏။ထိုအခါ

မြန်မာ စာအုပ်များ



မှပင် အလုပ်ပိုတစ်ခုအပြင် စိတ်ပူစရာလေးတစ်ခု အညှောင့်ထိုး၍ လာပြန်လေ၏၊ အကြောင်းမူကား မခင်ယုံမှာ မကြာခဏချောင်းဆိုးတတ်သော ရောဂါတစ်ခု စွဲကပ်လာမှန်း သိရလျက်၊ တစ်ချက်, တစ်ချက်ချောင်းဆိုးလိုက်သော အခါ သွေးကလေးများပါစ ပြုလာသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်လေ၏။

ထိုအခါတွင်ကား ကျွန်တော်နှင့်တကွ တစ်အိမ်သားလုံးပင် မခင်ယုံအတွက် စိတ်ပူစပြု၍လာလေ၏။ ရှေးက ပယောဂအနှောင့်အယှက် မကင်းခဲ့သဖြင့် ဆရာကောင်းလက်ကိုင်ရနေသည့်အားလျော်စွာ ဆရာကြီးကိုပြသရာတွင် ဆရာကြီးလည်း နည်းပေါင်းစုံနှင့် စမ်းသပ်ကြည့်ရှု၍မရ၊ ပယောဂအနှောင့်အယှက်ဆို၍ လုံးဝမရှိ၊ ပကတိ သွေးရိုး, သားရိုး ဖြစ်လာသော ဝေဒနာဟု အမိန့်ရှိသဖြင့် စိတ်လက်ချကာ အင်္ဂလိပ်လူမျိုး ထောင်ပိုင်ဆရာဝန်ကြီးကိုခေါ်၍ပြသမှ-

မခင်ယုံ၏ရောဂါကား ချောင်းဆိုးသွေးပါ၍ နှလုံးအိမ်သွေးကြောသွားလာခြင်းမှ ချွတ်ယွင်းသောရောဂါ မြန်မာခေါ်သက်သက်အားဖြင့် “မြစ်ခြောက်နာ” ဟု ပြောပြသောကြောင့် ထိုရောဂါမျိုးကား “ခြပုံး” စွဲသော တိုင်ကဲ့သို့ အတွင်းဆွေးဆွေးပြီး တဖြည်းဖြည်းယိုင်လဲတတ်သည့်ပမာ၊ ထိုရောဂါမှာ ဆေးတွေ့ခဲလျက် အသက်တိုတတ်သောရောဂါမျိုးဖြစ်သောကြောင့်၊ မခင်ယုံအတွက် စိတ်အပျက်ကြီးပျက်ကာ လွန်မင်းစွာ စိတ်မချမ်းသာဘဲရှိရလေတော့သတည်း။

မခင်ယုံကိုမူကား စိတ်ငယ်သွားမည်စိုး၍ ရောဂါအမည်ကိုမျှ မသိစေဘဲ ဖုံးဖိ၍ထားပြီးလျှင် ဆရာဝန်ကြီးကို ရောဂါအမြစ်ပြတ်အောင် အထူးသဖြင့်ကြိုးစား၍ ကုသပေးပါ့မည့်အကြောင်း ခယတောင်းပန်ခဲ့သောကြောင့်၊ ဆရာဝန်လည်း ကျွန်တော့်အား မခင်ယုံနှင့်(၂)နှစ်လောက် ခွဲခွာနေနိုင်က ပျောက်ကင်းချမ်းသာအောင် ကုသပေးနိုင်မည်ပြော၍ ကျွန်တော့်မှာ (၂) ရက်တာမျှ ခွဲခွာရသည်ပင် သေရတော့မလို ဖြစ်ခဲ့ရ၍ (၂)နှစ်ဆိုသောကန္တာရကြီးကို မည်သည့်နည်းနှင့် ခွဲနေရမည်ပင် မတွေးဝံ့သလောက်ရှိသဖြင့် လွန်စွာခဲယဉ်းသော အခက်အခဲကြီးနှင့် ရင်ဆိုင်တွေ့နေရာ၊ နောက်ဆုံးတွင် မခင်ယုံအသက်

ရှည်က မိမိသေရမည်ပင် ကြည်ဖြူစွာပေးနိုင်ရမည်ဟု စိတ်ကိုတင်းကာ ကြီးမားသောအခက်အခဲကြီးကိုပင် ဝန်မလေးဘိသကဲ့သို့ (၂)နှစ်တာကို ကြည်ဖြူစွာ ခွဲခွာနေပါတော့မည်ဟု ဆရာဝန်ကြီးအား ကတိစကားပြောကြားအာမခံ လိုက်ရလေသတည်း။

မခင်ယုံအားလည်း စိတ်မကောင်းမည်စိုး၍ ရောဂါအမည်နှင့်တကွ ထိုအကြောင်းအရာများကို မသိစေဘဲ၊ အဆုံးတွင် မိဘနှစ်ပါးကိုပင် ဟုတ်မှန် သလောက်ဖွင့်၍ပြော၊ ဆရာဝန်နှင့်ထားသော ကတိစကားကိုလည်း မည်သူမျှ မသိစေရဘဲ ကျွန်တော်နှင့်ဆရာဝန်နှစ်ဦးမျှသာ တိုင်ပင်ဖွယ်ရာအမျိုးမျိုးတို့ကို နှီးနှောတိုင်ပင်လျက် မခင်ယုံကို ဆရာဝန်လက်သို့ အပ်လေရာ၊ ဆရာဝန်က လည်း ရောဂါအတွက် စိုးရိမ်ရန်မရှိ၊ မိမိစွမ်းသလောက် အာမခံ၍ ကုသမည် ဖြစ်ကြောင်း၊ အားပေးကတိ ဝန်တာခံ၍ ထားလေ၏။

ထိုနေ့ထိုအခါမှအစပြု၍လည်း တစ်အိမ်တည်းတွင်နေရစေကာမူ ချစ်လှသောဇနီးကို နီးနီးစပ်စပ်နေလိုလျက် မနေရက်ဘဲ ခပ်ခွဲခွဲပြုကာ ဆရာကြီးအပေါ်တွင် သင်ကြားပြသသော နိဿရည်းကိုသာ စိတ်ရောကိုယ်ပါ နာခံမှတ်သား၍နေပြီးလျှင်၊ ထိုသို့တစ်အိမ်တည်း ကြာရှည်ဟန်လုပ်၍နေက မခင်ယုံရိပ်မိမည်စိုးရိမ်ရသောကြောင့် ဆရာကြီးကိုအဝေးသို့ အကုအသသွား ကြရန်သာ လူမသိအောင် တိုက်တွန်းနှိုးဆော်၍ နေခဲ့ရလေ၏။

ဤနည်းအတိုင်း ရက်အတန်ကြာ နေခဲ့သောအခါ မခင်ယုံမှာ အားငယ်သောမိန်းမသားတို့ဓမ္မတာ၊ မကျန်းမမာရှိနေသော အခိုက်တွင် မိမိ အားထားချစ်မြတ်နိုးရာ လင်ယောက်ျားကို အပါးမှမခွာစေလိုသော ဆန္ဒရှိ ရှာမှန်းသိရသော်လည်း ကျွန်တော့်မှာ "ကိုယ့်ဝမ်းနာကိုယ်သာသိသည်" ဆို သော စကားကဲ့သို့ အနီးအနားသို့များစွာမကပ်ဘဲ စိတ်ပေါင်း ကိုယ်ခွာပြု၍ နေရသဖြင့် တစ်ခါတစ်ရံ မချိပူဆွေး၊ တွေးမိတိုင်း စိတ်လေးလျက်၊ မျက်ရည် များကျမိပြန်လေရာ၊ မခင်ယုံမြင်မှာ စိုးရိမ်သဖြင့်လည်း၊ တစ်နည်းအားဖြင့် မျက်ရည်စကိုသိမ်းပြီး ခပ်စိမ်းစိမ်းလုပ်လျက် ဆရာကြီးအနီးတွင် အချက်ရှာ၍ ထိုင်ကာ ဂါထာကျက်သလိုလို၊ ဆေးကျမ်းကြီး လှန်လှော့ကြည့်ရှုနေ သယောင် ယောင်နှင့် ကွန်ခြွေဆောင်၍ နေရသည်သာများခဲ့လေတော့သတည်း။

"မောင်-အခုတလော ဘာဖြစ်တာလဲ၊ ခင်နေထိုင်မကောင်း မှန်းသိလျက်သားနဲ့ အနားလာပြီး ယုယုယယမလုပ်ဘူး၊ သူစိမ်းတရံဆံလိုပဲ နေရက်လိုက်တာနော်၊ ဩော်-ယောကျ်ားများအကျင့်ဟာ ဒီလိုချည့်ပဲ ထင်ပါရဲ့၊ ရခါစကလေး တစ်နှစ်မျိုး, နှစ်နှစ်မျိုးရှိတုန်းကတော့၊ ဂရုစိုက်လိုက်ရတာ၊ ယုယလိုက်ရတာ၊ ပလီလိုက်ရတာ မောလို့၊ ဟော-တော်တော်ကြာလာပြီဆိုရင်ပဲ၊ တကတဲ အကဲရောက်လိုက်တာ၊ မခေါ်ချင်သလိုလို၊ မပြောချင်သလိုလို၊ အဖက်မလုပ်ချင်သလိုလို၊ အို . . မောင်တစ်ယောက်တော့၊ သူများယောကျ်ားများလို မဟုတ်ဘူး၊ စိတ်မပြောင်းဘူး၊ သစ်ရာက ဟောင်းပေမယ့်၊ မတိမ်းမစောင်းတဲ့ကျောက်တိုင်ကြီးဟာ ယိမ်းယိုင်မှာ မဟုတ်ဘူးလို့ ထင်မိတာတွေ၊ လွဲတော့မယ်နော်-

ဩော်-သူလည်းဒီပုတ်ထဲကဒီပဲပေါ့၊ ဟုတ်လားမောင် စိန်တောင်ကျောက်တိုင်ကြီးလို အော်နေပါတယ်၊ မယိမ်းယိုင် မလျော့ပါးပါဘူး၊ ထူးလှတဲ့မောင့်အချစ်ဟာ ဇမ္ဗူဒီပါလေးကျွန်းနှင့်တကွ၊ သမုဒ္ဒရာ သီတာ၊ သတ္တရဘန်တောင်ယံမြင့်မိုရ်ယုဂန်ထိုရ်တောင်ထိပ်က၊ ဒေါင်းတံဆိပ်၊ ယုန်တံဆိပ်, အဂ္ဂနိဋ္ဌဗြဟ္မာဘုံတွေပါ၊ အလုံးစုံကျေပျောက်တော့ သွေဖောက်မယ့်စိတ်မထား၊ ချစ်စိတ်မလျော့ပါးဘဲ၊ ခင့်အနီးအပါးမှ ရည်းစားတုန်းက အချစ်မျိုးအတိုင်းထားနေပါ့မယ်၊ ခါးကိုင်းလို့ ဆံဖြူတောင်၊ မြူမှုန်ကလေးလောက်မှ စိတ်မပြောင်းပါဘူးဆို-

အခုမောင်လုပ်နေပုံမျိုးနဲ့ဆိုတော့ မိုးကောင်းကင်နှင့်ပထဝီမြေလိုယူဇနာတွေမရေမတွက်နိုင်အောင် ကွာနေပြီနော်၊ နေစမ်းပါဦး မောင်ရဲ့၊ ခင်ပြောနေတာများ ကြားရဲ့လား၊ ဟိုဘက်လှည့်လှည့်ကြည့်နေရတာက ဘာပြုလို့လဲ၊ ဆရာကြီးက မခေါ်သေးပါဘူး၊ အိပ်ပျော်နေပါတယ်၊ ခင်မေးတာဖြေစမ်းပါ၊ မောင်ပြောထားခဲ့တဲ့စကားတွေ မှတ်မိရဲ့လား၊ ခင့်ကိုခုတလောလေ-အရောမဝင်၊ မခေါ်ချင်သလိုလို မပြောချင်သလိုလို ဖြစ်နေရတာက ဘာပြုလို့လဲမောင်ရဲ့၊ မောင်မကြိုက်တာ ခင်လုပ်မိသလား၊ ဒီလိုဖြင့်လည်း ပွင့်ပွင့်လင်းလင်းပြောရောပေါ့ မောင်၊ ခုတော့ တောင်လိုလို, မြောက်လိုလို၊ တစ်ယောက်ယောက်အသစ်မြင်နေလိုလို၊ ခင်စိတ်ညစ်အောင်လုပ်မနေပါနဲ့ ပြောစမ်းပါ၊ မောင်အခုတလော ဘာဖြစ်နေတာလဲလို့"

မြန်မာ စာအုပ်များ



ဟု မျက်ရည်စကလေးမစို့တစို့နှင့် ငိုသံကလေးခပ်ပါပါပြောသော မခင်ယုံကို မတုန်မလှုပ်ကြီး စိုက်ကြည့်နေသော ကျွန်တော့်မှာ ဘာကိုပြောရမည်ဟုပင် အစရှာမရအောင် လည်ချောင်းတွင် နစ်ဆို့ဆို့ကြီးဖြစ်လျက်၊ ထက်မြက်စူးရှသောဓားသွားဖြင့် အသည်းနှလုံးကြားကို ထိုးဆွလိုက်သည့်ပမာ၊ အောင့်သက်နာကျင်၍သွားပြီး မယားကလေး အထင်လွဲနေရှာသည်ကို သနား၍မဆုံး, အသည်းနာ၍မဆုံးဖြစ်ကာ၊ တင်း၍ထားသော မျက်ရည်များကိုပါ ပေါခနဲပွင့်၍ ထွက်လာတော့မည်ပြုသဖြင့် သတိနှင့် အနိုင်နိုင်ထိန်းချုပ်ပြီး လျှင် ကြွေတစ်မျိုးပြင်လျက်၊ မခင်ယုံ၏လက်ကလေးကို ယုယစွာဆုပ်ကိုင်ကာ၊ မျက်နှာကိုပြုံးနိုင်သလောက် အားတင်း၍ပြုံးပြီးမှ-

"အို-ခင်နော်-မတော်တာတွေ တလွဲတွေးမနေပါနဲ့ မောင် ဘယ်တော့မှ စိတ်မပြောင်းဘူး၊ ကိုယ့်လင်အကြောင်း ကိုယ်တိုင်အသိသားနဲ့၊ မဟုတ်တဲ့ စကားတွေ ပြောရသလားခင်ရဲ့၊ မောင်က ဘာများ ခင့်အပေါ် စိတ်ပြောင်းနေလို့လဲ၊ တကတဲနော်-

မင်းကလေး တော်တော်အတွေးခေါင်တတ်တယ်၊ လူများဖြင့် စေကိုးလုံးဂါထာနဲ့ ကြွစ္စာသယအင်းတော်ကြီး စီမံတဲ့နည်းတွေကို ကျက်မှတ်နေရလို့ မပြီးနိုင်ရတဲ့အထဲ၊ နို့ပြီး သူလည်း တယ်နေထိုင်မကောင်းတဲ့အခါမို့ ဒီကညာပြီး ခပ်ခွာခွာကလေး တမင်နေ,နေတာ မနေနိုင်အောင်-ကြည့်စမ်း ဒီမျက်ရည်တွေက ဘာလုပ်ဖို့ ကျနေရတာလဲ၊ ဒါပဲနော်၊ ဂါထာတွေများ မေ့ကုန်ရင် ခင်နှောင့်ယှက်လို့ပါလို့ ဆရာကြီးတိုင်လိုက်မှာပဲ"

ဟု လိုက်လိုက်လျောလျော ပြောလိုက်မှ အနည်းငယ်ကျေနပ်သွားပြီး-

"အို . . ခင် အတွေးခေါင်တာတော့ အပြစ်တင်တတ်လိုက်တာ၊ မောင့်မျက်နှာ တည်တည်ကြီးထားပြီး အခန့်စားဘယ်သူလုပ်နေတာများလဲ၊ မှန်ထဲ ပြကြည့်စမ်းချင်လှတယ်၊ ဘယ်သူအထင်မလွဲဘဲနေမှာလဲလို့"

"မဟုတ်ဘူးခင်ရဲ့၊ မောင် ခင့်အပေါ်မှာ အချစ်စိတ်မပြောင်းပေမယ့် အရင်နဲ့တော့မတူဘူး၊ ကြွေသိက္ခာတည်တည်ကြီးနေရတယ်၊ ဆရာကြီး

မြန်မာ စာအုပ်များ



တပည့်ဖြစ်နေလို့ နတ်ကြီးငါးပါးမှော်တဲ့, သမာဓိမှော်တဲ့, ဒီလို ဆရာသမား သင်ကြားပေးလို့ အထက်လမ်းက စွမ်းရည်သတ္တိရှိချင်ရင်၊ သိက္ခာသမာဓိနဲ့ တည်တည်ကြည်ကြည်ရှိရတယ်၊ ဣန္ဒြေကြီးရတယ်၊ ဒါမှ လူရိုသေမယ်၊ လူရိုသေမှနတ်ကြည်ညိုမယ်၊ နတ်များကို ဩဇာအာဏာတည်လိုလျှင် အာဏာစက်ပြင်းအောင် ကိုယ်ကျင့်တရား စောင့်စည်းအပ်တဲ့အရာများကို လုံခြုံအောင် စောင့်ထိန်းရတယ်ခင်ရဲ့-

သူ့အသက် မသတ်ပါဘူး၊ သူ့ဥစ္စာ မခိုးပါဘူး၊ မုသားမပြောပါဘူး၊ သူ့အိမ်ယာ မပြစ်မှားပါဘူး၊ သေရည်သေရက် မသောက်စားပါဘူး၊ လောင်းကစားခြင်း၊ ဖဲရိုက်ခြင်း၊ အပျော်အပါး လိုက်စားမှုပြုခြင်း မရှိရပါဘူးဆိုတဲ့ ငါးပါးသီလကို ဘယ်တော့မှ မဖောက်ပြားရအောင် သစ္စာပြုပြီး ထိန်းသိမ်းထားရတယ်၊ ဒီသစ္စာပြုတဲ့အထဲက တစ်ခုခုဖောက်ပြားရင် မောင်ဟာ မှော်ပေါက်ပြီး မှော်ရူးဖြစ်၊ ဖြစ်ရာကစိတ်လွင့်ပြီး၊ တကယ့်အရူးကြီးကို ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် ခပ်တည်တည်ကြီးနေရတာခင်ရဲ့၊ အလကားခင်က မတော်တာတွေ တွေးတွေးမနေနဲ့"

မခင်ယုံသည် ကျွန်တော်ပြောသော စကားများကို ငြိမ်သက်စွာ နားထောင်နေရာမှ မျက်နှာကလေးများ ကြည်လင်လာပြီးလျှင် ကျွန်တော်၏ မျက်နှာကို ပြုံးပြုံးကလေးစိုက်ကြည့်ပြီးမှ ဝမ်းသာအားရနှင့် ကျွန်တော်၏ ပခုံးနှစ်ဖက်ကိုင်ကာ-

"ဒါဖြင့် ခင်တွေးတာတွေ တစ်ခုမှမဟုတ်ဘူးပေါ့နော်၊ ဟုတ်လား၊ ခင့်ကိုအရင်တုန်းကလိုပဲ ချစ်နေတာပဲလား မောင်မုသားမပြောရတဲ့ ဘဝရောက်နေပြီနော်၊ ခင့်ကို အချစ်မလျော့ဘူးဆိုတာ ယုံပြီနော် ဟုတ်လား"

ဟု ကလေးပမာ ငိုရာမှ ပြုံးခနဲ ဝမ်းသာ၍သွားရှာသဖြင့် ကျွန်တော့်မှာ အကြင်လင်မယားဘာဝ ပွေ့ပွေ့ပိုက်ပိုက် ချစ်ခင်ကျီစယ် လိုက်လိုသော်လည်း ဆရာဝန်ကြီးထံတွင် ဤအချက်ကို အရေးကြီးစွာ ရှောင်ကြဉ်ရန် ကတိထားလိုက်ရသဖြင့် သက်ပြင်းကြီးချ၍၊ ဒုက္ခ၊ ဒုက္ခဟု စိတ်တွင်းကညည်းပြီး၊ မခင်ယုံအနီးမှ လျင်မြန်စွာထ၍ ပြေးလိုသောစိတ်များ ပေါ်ပေါက်လာသဖြင့်

မည်မျှပင်စောင့်စည်းသော်လည်း ချဉ်သီးနှင့်ဆားလိုမို့ လက်ဖျားကလေးနှစ်ဖက်ကို ခပ်နာနာညှစ်လျက် ပခုံးထက်မှအသာချခဲ့ပြီးလျှင်-

"ဟုတ်ပါတယ်၊ စိတ်ချပြီး ပျော်ပျော်ကြီးနေစမ်းပါ၊ ဒါထက်ခင် ဆေးသောက်ပြီးပလား၊ ကြိုးစားပြီး ဆေးသောက်နော်၊ ဒါမှ မြန်မြန်ချောင်း ဆိုးပျောက်သွားမယ်၊ အလို-ဆရာကြီးနိုးနေပြီထင်ပါရဲ့၊ လက်ဖွဲ့တစ်ခု၊ ဂါထာ တစ်ထောင်စိပ်စရာရှိသေးတယ်၊ မပြီးရင် ဆိုနေလိမ့်မယ် ခင်ရဲ့၊ အိပ်တော့နော်၊ ရော့-ရော့-ဟောဒီ စောင်ကလေးနဲ့ထွေးထား၊ ရင်ဘတ် အအေးမိသွားမယ်၊ ပျော်အောင်လည်းအိပ်နော်၊ တော်တော်ကြာ မောင်လာကြည့်ဦးမယ်၊ ဟိုဘက်က ပုလင်းရှည်ရှည်ဟာ ညနေက ဆရာဝန်ပေးသွားတဲ့ ဆေးအသစ်မဟုတ်လား၊ သုံးနာရီခြား တစ်ခွက်သောက်ရမယ်တဲ့"

စသည်ဖြင့် ခုနစ်စဉ်ပတ်တန်း စကားဖာ၍ထွက်လာခဲ့မှ၊ မခင်ယုံလည်း စိတ်ဒွိဟဖြစ်နေခဲ့ရာမှ ကျေနပ်စွာ ကျန်ရစ်ခဲ့ရှာလေတော့သတည်း။

ကျွန်တော်တို့ ဇနီးမောင်နှံ၏ အကြောင်းရေစက်ကား၊ ဆိုးဝါးလှ၏။ ဝိပါက ဝဋ်တရား မကင်းသကဲ့သို့ "ပြည်ပန်းညို ချိုချင်ပါလျက်၊ ဆားကဖျက်"ဆိုသလို၊ ကျွန်တော်တို့နှစ်ကိုယ်မှာလည်း ကြည်ဖြူချိုမြ မေတ္တာချင်း ညီမျှပါလျက် အနှောင့်အယှက်၊ ဝိပါကဝဋ်ကျွင်းက၊ မလွတ်ကင်းနိုင်အောင် မကြာခဏနှောင့်ယှက်ဖျက်ဆီး၍သာနေတော့၏။

အခါများစွာ တစေ့တစောင်းမှ ချောင်းမြောင်းကြည့်ရှုကာ စိတ်ပျက်လေးလံစွာ သက်ပြင်းရှူမိလေ၏။ ဤကဲ့သို့သာ ကြာရှည်နေရပါက မခင်ယုံထက် ကျွန်တော်က အသေမြန်တော့မည်ကဲ့သို့ ရှိတော့၏။ ကျောင်းဇွဲ့ရှင်ဆရာကြီး ခရီးထွက်၍ကုသရန်အရေးကို မကြာခဏ တိုက်တွန်းခဲ့သည့်အတိုင်းပင် ပုသိမ်ကြီးမြို့က လူမမာအတွက် တစ်လ ကိုးသီတင်း လာရောက်ကုသပါမည့် အကြောင်းများကို လာရောက်တောင်းပန်သဖြင့် ဆရာကြီးကလာမည်ဟု ဝန်ခံလိုက်သောစကားကို ကြားရသောနေ့မှပင် အတော်အတန်သက်သာရာ ရတော့၏။

မြန်မာ စာအုပ်များ



"ဘုရားဖူးရင်း-ကြွက်တူးရင်း"ဆိုသလို ဝါသနာထုံလှသော ပညာကို လည်းယူရင်း၊ မခင်ယုံနှင့်ဝေးရာအရပ်သို့လည်း ရှောင်ထွက်လာရင်း ကျွန်တော့် အတွက်မှာ မခင်ယုံကိုမမြင်ရလျှင် သက်သာရာရသည်ဟု သိမြင်ပြီးဖြစ်၍ မမြင်ကွယ်ရာတွင် စိတ်ပြေလက်ပျောက် မေ့မေ့ပျောက်ပျောက်နေရင်းဆိုသလို ရည်ရွယ်ခြင်းအမျိုးမျိုးပြည့်စုံစေရန် ဖြစ်သောကြောင့် ဆရာကြီးနှင့်အတူ လိုက်ပါရန်ဖြင့်ဆင်ထားပြီးလျှင် မိဘများကိုလည်း အနည်းငယ်မျှ အရိပ် အမြွက်ပြောပြီးလျှင် မခင်ယုံအတွက်လည်း ဆရာဝန်ကြီးကို အထူးအပ်နှံ ပြောဆိုပြီးမှ နောက်ဆုံးတွင် မခင်ယုံကို ချော့ချော့မော့မော့နှင့်စကားတွေ တော်တော်များများပလ္လင်ခံပြီးမှ ပြောဆိုခွင့်ပန်မည်ပြုပြီး၊ တစ်နည်းအားဖြင့် လည်း ကျွန်တော်သွားသည်ကို မခင်ယုံသဘောမကျက စိတ်အနှောင့်အယှက် ဖြစ်သွား၍ ရောဂါများတိုးသွားလေမလားဟု စိုးရိမ်မိပြန်သည့်အတွက် မပြောရက်ဘဲ တစ်နေကုန်သွားပြန်လေ၏။

သို့နှင့်လည်း နောက်တစ်နေ့ရောက်၍ ညနေတွင် ဆရာကြီးသွား တော့မည်ဖြစ်သဖြင့် ကျွန်တော်မလိုက်၍ကား ရည်ရွယ်ချက်တွေအမျိုးမျိုး ပျက်စီးသွားမည်ဖြစ်သောကြောင့်၊ နံနက်လင်းလျှင်ပင် တစ်နည်းနည်းနှင့် လှည့်ပတ်ကာခွင့်တောင်းတော့အံ့ဟု သန္နိဋ္ဌာန်ပြုပြီးလျှင် မခင်ယုံ၏အခန်းသို့ ဝင်ခဲ့ရာ မခင်ယုံမှာ အိပ်ရာမှထနှင့်ပြီးဖြစ်သောကြောင့် ကျွန်တော်လည်း ခုတင်ပေါ်ရှိမခင်ယုံအနီးတွင် အသာယှဉ်၍ ထိုင်လိုက်ပြီးမှ-

"ခင်-ညကအိပ်ပျော်ရဲ့လား"

ဟု ပြုံးချိုစွာစ၍ မေးလိုက်လျှင်ပင် မခင်ယုံလည်း အားနည်းရာမှ ကြည်လင်ပြုံးချိုစွာမော်ကြည့်ပြီးလျှင်-

"ခင် ညကအိပ်လို့ပျော်သားပဲမောင်ရဲ့"

"မောင်-လာလာကြည့်တယ် ခင်မနိုးဘူး"

"ခဏ, ခဏလာကြည့်တာပဲ၊ မမှတ်မိဘူး"

"ခင်ပြောမယ်၊ (၁၁)နာရီခွဲတစ်ခါ၊ (၁၂)နာရီနဲ့ဆယ့်ငါးမိနစ်မှာ တစ်ခါ၊ သုံးနာရီမထိုးခင်သုံးခါ၊ (၄)နာရီနဲ့ငါးမိနစ်တစ်ခါ၊ (၄)နာရီခွဲတစ်ခါ၊

မြန်မာ စာအုပ်များ



(၅)နာရီမတ်တင်းတစ်ခါ၊ (၅)နာရီတိတိမှာတစ်ခါ၊ (၅)နာရီ ဆယ့်ငါးမိနစ်မှာတစ်ခါ၊ (၆)နာရီထိုးတော့ ခင့်ဘေးနားမှာတောင်၊ မောင်ခဏလှဲသွားသေးတယ်၊ (၁)နာရီခွဲလာတုန်းက စောင်ခြုံပေးသွားတယ်၊ (၁၁)နာရီခွဲလာတုန်းက ခြင်ထောင်ချပေးသွားတယ်၊ (၄)နာရီတုန်းက ခင့်လက်သွေးစမ်းပြီး ညစ်သွားတယ်၊ ပြီးတော့-"

ကျွန်တော့်မှာအံ့အားသင့်လျက်-

"နို-ခင်အိပ်ပျော်တယ်ဆို-ခုတော့ တစ်ညလုံး ဘယ်အိပ်ချိန်ရှိတော့မလဲခင်ရဲ့"

"ခင်အိပ်လို့မရဘူးမောင်၊ မောင်စိတ်မကောင်းမှာစိုးလို့၊ အိပ်ချင်ယောင်ဆောင်နေတာပါ"

"ခင်-ဆေးမှန်မှန် မသောက်ဘူးထင်တယ်၊ ဆရာဝန်က အိပ်မပျော်ရင်သောက်ဖို့ပေးထားတဲ့ ပုလင်းပြားပြားနဲ့ဆေးဟာကော၊ သောက်ရဲ့လား"

"သောက်တယ်မောင်၊ ပြီးတော့ ချောင်းဆိုးပျောက်အောင် ပေးတဲ့ဆေးကလည်း သောက်လိုက်ရတာမောလို့၊ ခုတောင် မပျောက်နိုင်သေးပါကလား"

"ပျောက်ပါလိမ့်မယ်ခင်ရယ်၊ ကြိုးစားသောက်ပါ၊ ဒါထက်- မောင်တို့ကျေးရွာရှင်ဆရာကြီးကလည်း ကနေ့ညနေ ပုသိမ်ကြီးကို လူနာကုကြွသွားလိမ့်မယ်ခင်ရဲ့"

"မောင်လည်း လိုက်ရဦးမှာလား"

"ဟုတ်တယ် ဆရာကြီးကလိုက်ခဲ့ဖို့၊ အမိန့်ချထားတယ်ခင်ရဲ့၊ လူနာကလည်း အတော်ကလေးအခက်အခဲကျနေလို့ နည်းပြပြီးသင်ချင်တဲ့အတွက် မောင့်ကိုလိုက်ဖို့ ပြောထားတယ်၊ အဲဒါ ခင်ဘယ်လို သဘောရသလဲ၊ မောင်လိုက်သွားရမလား၊ ခင်သဘောမကျရင်လည်း ဆရာကြီး စိတ်ဆိုးချင်ဆိုးပေစေ၊ မောင်မလိုက်တော့ဘူးလို့ ပြောလိုက်မယ်"

"အို-ကျေးရွာရှင်ကြီး စိတ်မဆိုးပါစေနဲ့ မောင်ရယ်၊ အရင်တစ်ခါလိုနှစ်ရက်, သုံးရက်တည်းမဟုတ်လား၊ လိုက်သွားရောပေါ့၊ ပြီးတော့လည်း မောင့်ကို ပညာစုံစေချင်ရှာလို့ တမင်ခေါ်တာပဲ"

မြန်မာ စာအုပ်များ



"နှစ်ရက်, သုံးရက်တည်းမဟုတ်ဘူးခင်ရဲ့၊ အနည်းဆုံးရက် ပေါင်း နှစ်ဆယ်, အစိတ်ကြာလိမ့်မယ်တဲ့"

"ဟင်-ဟုတ်ကဲ့၊ ဒါတော့ အကြာကြီးကို၊ ခင်သိပ်အောက်မေ့နေမှာ ပေါ့"

"ဒါကြောင့်-ခင်သဘောမကျရင်၊ မလိုက်ဘူးလို့ ပြောလိုက်မယ်ဆိုပါ ပကော"

မခင်ယုံသည် အတန်ကြာငေး၍ စဉ်းစားနေပြီးမှ-

"အို-ဒီလိုဆိုတော့လည်း မကောင်းပါဘူးလေ၊ လိုက်သွားပြီး ကိစ္စ မပြီးခင်၊ ကားနဲ့မကြာမကြာ ပြန်လာခဲ့တာပေါ့၊ ပုသိမ်ကြီးနဲ့မန္တလေးဆိုတော့ အနီးကလေးပဲ၊ ကားနဲ့တစ်နေ့ပဲ လေးငါးခေါက်ပြန်နိုင်တာပဲ၊ မဟုတ်လား၊ အားတဲ့အခါ ကားကလေးနဲ့ ပြေး-ပြေးလာခဲ့တော့ပေါ့"

ဟု ပြောလိုက်မှပင်၊ ကျွန်တော်လည်း ရည်ရွယ်သည့်အကြံများ ချော မောစွာ အောင်မြင်တော့မည်ဟု၊ ပေါ့ပါးကြည်လင်ခြင်းဖြစ်မိပေ၏။ မခင်ယုံ အတွက် စိတ်လက်မချနိုင်အောင်ရှိခဲ့သော ပူပင်သောကကို လုံးဝမသိအောင် ဖုံးဖိလို့၍ဂုဏ်ကာ ဆရာဝန်နှင့်မှာရန်ရှိသလောက် မှာထားခဲ့ပြီးဖြစ်၍ ကျွန်တော် သွားမည့်အတွက် မခင်ယုံစိတ်လက်ကြည်ဖြူစွာ ခွင့်ပေးစဉ်တွင် လျင်မြန်စွာ ထွက်ခွာရတော့မည် ဖြစ်ပေ၏။

နောက်မှပင် ရောက်ရာအရပ်ကနေ၍ မခင်ယုံကျေကျေနပ်နပ်ရှိ အောင် စာရေးရတော့မည်ဟု တွေးတောပြီးလျှင်၊ တစ်ဖန်လည်း ကျွန်တော် ၏အကြံအစည်ကို မရိပ်မိရှာသောကြောင့် သွားမည့်အရေးကို ကြည်ဖြူစွာ အခွင့်ပေးရှာသူ မခင်ယုံကလေးအား သနားကြင်နာခြင်းဖြင့် စိတ်တွင်းက နှုတ်ဆက်ကာကြည့်ရှု၍ တင်းတိမ်ရောင့်ရဲခြင်းမရှိနိုင်ဘဲ နှစ်နှစ်ကျော်ကျော် ခွဲခွာနေရအံ့သော အချိန်အခါဖြစ်စေကာမူ သူများနည်းတူ ပွင့်ပွင့်လင်းလင်း နှုတ်ဆက်မှာထားခြင်း မပြုရသည့်အဖြစ်သို့ ရောက်နေရသဖြင့် စိတ်နောက် ရှုပ်ထွေးစွာ မျက်လုံးများမှာလည်း ကြည်လင်စွာ မမြင်စွမ်းနိုင်တော့သည်မှုမက ထွက်ကျချင်လျက် မထွက်ကျရဘဲ မျက်လုံးအိမ်ထဲတွင် ရစ်ဝဲနေသောမျက်ရည် တို့ဖြင့်သာ ပြည့်လျှမ်း၍နေကုန်၏။

မြန်မာ စာအုပ်များ



သို့နှင့်လည်း မခင်ယုံမမြင်အောင် လျင်မြန်စွာပဝါဖြူနှင့် ခွေးသုတ်ချင်ယောင်ပြုရင်း မျက်လုံးတွင်းက မျက်ရည်များကို သိမ်းဆည်းလိုက်ရလေတော့၏။ မိခင်ဘခင်များကိုလည်း စိတ်ပူပန်နေမည်စိုး၍ ဟုတ်သလောက်မပြောဘဲ၊ မခင်ယုံရောဂါမှာ လင်နှင့်မယားနီးနီးစပ်စပ်နေလွန်းက ကုသရန်ခက်ခဲမည်စိုး၍ တစ်လတန်သည်၊ ၁၅ ရက်တန်သည် မကြာခဏခွဲခွာနေရမည်ဟု ဆရာဝန်ကပြောသဖြင့်တစ်ကြောင်း၊

ကျေးရွာရှင်ဆရာကြီးထံတွင်လည်း နည်းနာခံသင်ကြားနေသောပညာရပ်များ တိုးပွားစိမ့်သောငှာတစ်ကြောင်း၊ တစ်လလောက် လိုက်ပါသွားရမည်ဖြစ်၍ မခင်ယုံကိုအထူးဂရုစိုက်၍ ကြည့်ရှုစောင့်ရှောက်ရန်နှင့်တကွ သူ၏ဝေဒနာအတွက် မိမိသွားရသောအကြောင်းများကိုလည်း မခင်ယုံမရိပ်မိစေရန်နှုတ်ပိတ်ကာ ထိုနေ့ညနေတွင် ဆရာကြီးနောက်မှ ပုသိမ်ကြီးမြို့အရောက်လိုက်ပါခဲ့လေသတည်း။

ကျွန်တော်လည်း ချစ်လှစွာသောဇနီးကလေးကို စိတ်မချနိုင်၊ နောက်ဆံတငင်ငင်နှင့် ထွက်ခွာလာခဲ့ရသဖြင့် များစွာစိတ်မကောင်းလှဘဲ သနားဖွယ်ကောင်းသော မခင်ယုံ၏မျက်နှာကလေးကိုသာ တရစ်ဝဲဝဲ ထင်မြင်လျက် လိုက်ပါခဲ့ရာ၊ ပုသိမ်ကြီးလူနာအိမ်သို့ ညနေ ၆ နာရီလောက်တွင်ဆိုက်ရောက်လာလေ၏။

ထိုလူနာကား ပုသိမ်ကြီးမြို့ပေါ်တွင် ပစ္စည်းဥစ္စာလွန်စွာ ချမ်းသာသောမြေပိုင်ရှင်သူဌေးကြီးဦးထွန်းဝင်း၏ ဇနီးမအေးမယ်ဆိုသူဖြစ်လေရာ၊ ယခင်တစ်ပတ် ကျွန်တော်တို့လာစဉ်ကထက် သောင်းကျန်းလျက်ရှိသဖြင့် ပြုစုစောင့်ရှောက်သူများပင် မနိုင်မနင်းဆွဲကိုင်တားဆီးမရသည်နှင့် လက်မှိုင်ချ၍နေကြရာတွင် ဆရာကြီးနှင့်ကျွန်တော်ရောက်လာသည်ကိုမြင်မှ ဦးထွန်းဝင်းနှင့်တကွ တစ်အိမ်သားလုံးပင် အားတက်သရောဖြစ်ကာ ဆရာကြီးအား ခရီးဦးကြိုပြုကာ နေရာထိုင်ခင်းများပေးပြီးမှ မအေးမယ်ကို ကြည့်လိုကြောင်း အမိန့်ရှိသဖြင့် ဦးထွန်းဝင်းလည်း စိတ်ပျက်လှသောလက္ခဏာဖြင့်-

မြန်မာ စာအုပ်များ



"ကယ်နိုင်သလောက် ကယ်မပါတော့ ဆရာကြီးခင်ဗျား။ ကျွန်တော်တို့ဖြင့် မနိုင်နိုင်အောင် ရှိတော့တာပဲ၊ မအေးမယ်လည်း အသက်မြော့မြော့ကျန်ပါတော့မယ်၊ ဘယ်လိုပယောဂအပြိုးနဲ့ ခုလောက်ဆိုးဆိုးဝါးဝါးပြုကြတယ်လို့ မတွေးတတ်တော့ပါဘူး။ တစ်နေ့က အကာအကွယ်ပေးတဲ့ဆေးများကိုလည်း တိုက်ပါတယ်။ ဆေးတိုက်မှပဲ တိုက်ရမလားဆိုပြီး မဟားတရားလုပ်လိုက်တာ၊ မအေးမယ်ကို လူသုံးလေးဆယ်ဝိုင်းထားတာတောင် မရဘူး။ အတင်းအဓမ္မဆံပင်ဆွဲဆွဲယူသွား၊ လေ့ကားပေါ်ကလှိမ့်ပြီး ကန်ချ၊ အုတ်နံရံနှင့်ခေါင်းနှင့် ဆောင့်လိုဆောင့်၊ အကောင်အထည်လည်း မမြင်ရဘူးခင်ဗျ-

မနေ့ကတော့ ကျွန်တော့်သမီးကလေးကို မြို့သူကြီးအလှူက ပွဲထိုင်ဖိတ်ထားတာ ရပ်ဆွေရပ်မျိုးဖြစ်လေတော့ မလွှတ်ရင်လည်း မကောင်းလှတာနဲ့ ဒုက္ခထဲကပွဲထိုင်လွှတ်ရမှာကြောင့် လက်ဝတ်လက်စားတွေ ထုတ်ပေးလိုက်ပြီး သမီးကလေးလည်း ဖြိုးလိမ်းဝတ်စားပြီး အခန်းထဲက ထွက်လာပါရော၊ ကျွန်တော်ဖြင့်ပြောရင်းဆိုရင်း မနေ့ကဟာ တွေမြင်ပြီး လန့်မိပါသေးတယ်ခင်ဗျာ။ ဧရာမ လက်ပြတ်ကြီး၊ အသွေးအရောင်က မွဲခြောက်ခြောက် နက်ပြာကြီးခင်ဗျ။ ဆင်ရေလို ဗျစ်ထူထူရှုံ့တွနေတဲ့ လက်ကြီးတစ်ဖက်နဲ့ ကျွန်တော့်သမီးကလေးကျောကို ဖြန်းခနဲရိုက်လိုက်တာ၊ သမီးကလေးမဝင်းကြည်ဟာ ရှေ့စိုက်ရက် ထိုးလဲကျသွားပြီး တစ်ခါတည်းစကားမေးမရဘူး။

ဒါနဲ့ ဝိုင်းပွေ့ကြ၊ နှိပ်နယ်ပေးကြနဲ့ သတိကလေးအတော် ရလာတယ်ဆိုရင်ပဲ အကောင်အထည်လဲမမြင်ရဘဲနဲ့ မဝင်းကြည် ဝတ်ဆင်ထားတဲ့လက်ဝတ်လက်စားတွေကို တစ်ခုစီဆွဲချွတ်ပြီး တောင်ပစ် မြောက်ပစ် လုပ်လိုက်တာ၊ ပစ္စည်းထားတဲ့ မီးခံသေတ္တာနား ရောက်ပါရော၊ အဲသလောက်တောင် သရမ်းနေတယ်ဆရာရယ်။ အရင်ကတော့ မအေးမယ်တစ်ယောက်တည်း လုပ်တယ်။ အခုတော့ ကျွန်တော်နဲ့ ကျွန်တော့်သမီးကလေးပါ အဆစ်ထည့်နေပြန်ပြီ-

ကျွန်တော့်အတွက်ကတော့ ဆရာကြီးရယ်၊ ယောကျ်ားလည်း ယောကျ်ား၊ လူကြီးလည်းဖြစ်တော့ ဒါလောက်မစိုးရိမ်ပါဘူး။ ဒီသမီးကလေး

မြန်မာ စာအုပ်များ



သူ့အမေ မအေးမယ်လိုဖြစ်မှာစိုးရိမ်နေရတာပဲ။ သူ့ခမျာ မွေးကတည်းက ချူချာလာလိုက်တာ မနှစ်ကဆုံးသွားတဲ့ သမီးအကြီးကလေး မနှင်းဆီနဲ့ အတူတူကစားတာတောင် ဒန်းစီးလည်း မဝင်းကြည်သာ လိမ့်ကျတယ်၊ ပြေးတန်းလိုက်တန်းကစားလည်း မဝင်းကြည်သာ မှောက်ရက်လဲတယ်၊ အစွန်အဖျားမှာ ထိုင်မိကြရင်လည်း မဝင်းကြည်ပဲ လိမ့်ကျတတ်တယ်၊ ညအိပ်ပြန်လည်း မဝင်းကြည်ပဲလန့်အော်၊ မကြာခဏ နေထိုင်မကောင်းလည်းသူပဲ၊ ဒါလောက်ချူချူချာချာ ကြီးပြင်းလာရရှာတာ၊ ဒီလိုတစ်ခါဖြစ်ရဦးမယ်ဆိုတော့ သေစရာသာ ရှိတော့တာပဲ။ အခုလည်း ကြိတ်ကြောင်တောင်ကြီး ဖြစ်နေရှာတယ်။"

စသဖြင့် ရှည်လျားစွာ ပြောနေသောကြောင့် ကျွန်တော်လည်း အံ့သြစွာငေးစိုက်နားထောင်နေရာမှ ဆရာကြီးမျက်နှာကို မော်ကြည့်လိုက်သောအခါ ဆရာကြီးမှာ အကြောင်းတွေသိပြီးသားကဲ့သို့ ခပ်ပြုံးပြုံး ခေါင်းညိတ်နားထောင်နေသောကြောင့် ကျွန်တော်လည်း ဦးထွန်းဝင်းတို့ သားအမိသားအဘတစ်စုကို ဘယ်လိုရန်သူမျိုးက အငြိုးနှင့်နှိပ်စက်နေသလဲဟု တစ်တွေးတည်းတွေး၍ နေမိသော်လည်း တပ်အပ်မသိနိုင်သေး၊ ဆရာကြီးကို မေးချင်သော်လည်း မမေးဝံ့သဖြင့် တိတ်တဆိတ်နေလိုက် ရချေ၏။

ထို့နောက် ဆရာကြီးလည်း မအေးမယ်နှင့်မဝင်းကြည်တို့ ရှိရာသို့ သွား၍ စမ်းသပ်ကြည့်မည်ဟု ထလာ၍ ကျွန်တော်လည်း ဦးထွန်းဝင်းနှင့်အတူ ဆရာ့နောက်ပါးမှ ပါလာခဲ့လေ၏။

ဦးထွန်းဝင်းမှာ အသက်(၅၀)ကျော်လောက်ရှိ၍ အဘိုးကြီးဖြစ်သော်လည်း မအေးမယ်မှာ သုံးဆယ်ကျော်ကျော်လောက်သာရှိ၍ အရွယ်ကောင်းတုန်း၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ ပျော့ပျော့ပျောင်းပျောင်းနှင့် ဖြူဖြူသေးသေးဖြစ်သောကြောင့် မိန်းမချောတစ်ယောက်ဖြစ်လျက်၊ တစ်ဖက်သောအခန်းဝတွင် မိန်းမဖော်သုံးလေးယောက်အလယ်မှ မျက်နှာငယ်ကလေးနှင့်ထိုင်နေရှာသော မဝင်းကြည်ကလေးမှာလည်း ဆယ့်သုံးနှစ်, ဆယ့်လေးနှစ်အရွယ်လောက် အပျိုပေါက်ကလေးဖြစ်ပြီးလျှင် သွင်ပြင်လက္ခဏာမှာလည်း

မြန်မာ စာအုပ်များ



မိန်းမချောတစ်ယောက်ဖြစ်သည့်အားလျော်စွာ ရုပ်ရည်မှာ ဆိုစရာမရှိ ပကတိသိမ်မွေ့နူးညံ့စွာရှိလေ၏။

မအေးမယ်မှာ ထိခိုက်ပေါက်ပြဲသော ဒဏ်ရာများနှင့် ညိုညိုမည်းမည်း၊ အချို့နေရာများတွင်လည်း သွေးရဲရဲနှင့်သတိမရ နုံးချိမောဟိုက်၊ အသက်ဖိုလှိုက်ရှု၍နေသည်ကို တွေ့ရလေ၏။

ဆရာကြီးလည်း ရေမန်းဖြင့် မအေးမယ်ကို အသာပက်ဖျန်းပေးလေရာ၊ ခဏကြာလျှင် မအေးမယ်လည်း မျက်လုံးကိုအားယူကာ ဖွင့်ကြည့်လိုက်ပြီး ဆရာကြီးကိုမြင်သဖြင့် လက်အုပ်ချီရင်း အားနည်းပျော့ညံ့လှသောအသံနှင့်-

"ကယ်တော်မူပါ၊ ဆရာကြီးရယ်၊ လူကို ကြမ်းကြမ်းတမ်းတမ်း နှိပ်စက်ရင်လည်း နှိပ်စက်ရမှ၊ ဒီလိုမှ မလုပ်သာရင်လည်း ကျွန်မမျက်စိထဲမှာ အမြဲကြောက်လန့်စရာကောင်းတဲ့ မကောင်းဆိုးဝါး အသွင်အပြင်တွေကို ခြောက်လှန့်ပြနေတာပဲ ဆရာကြီးရဲ့"

ဟု ခပ်သဲ့သဲ့ကလေး တစ်လုံးချင်းပြောသောကြောင့် ဆရာကြီးလည်း-

"အေး-အေး-ငါ့သမီး ဆရာ့လက်ရောက်ပြီ၊ ဘာမှမကြောက်ပါနဲ့၊ ငါ့သမီးကဘုရားလူကွဲ့"

ဟု အားပေးပြောကြားရင်း နဖူးဆံစများကို သပ်ကာသပ်ကာ ဂါထာများ မန်းပေးပြီးနောက် နတ်ကြီးလေးပါးစောင့်ရှောက်သော ချည်မန်းကွင်းကို ကျွန်တော့်လက်သို့အပ်လျက်၊ အထက်, အထက်အခါဆီက ပေးနေကျဖြစ်သော မျက်ကွင်းဆေးကို ကျွန်တော်၏မျက်လုံးကို ကွင်းစေပြီးလျှင်-

"ကဲ-ငါ့တပည့်၊ ဆရာကချုပ်ဆိုရင် ချည်မန်းကွင်းနဲ့ချုပ်ထား၊ ဘာမြင်မြင် မကြောက်နဲ့ ရဲရဲကြီး ချုပ်ကိုင်ထား၊ မေးမြန်းစစ်ဆေးစရာရှိတာတွေ အကုန်မေးပေတော့"

ဟု ဆရာကြီးအမိန့်ရှိသည့်အတိုင်း ကျွန်တော်လည်း အချက်ကိုစောင့်ဆိုင်းလျက်နေလေ၏။

ဆရာကြီးလည်း အထက်ကို မျက်လုံးအနည်းငယ်မျှ လှန်ကြည့်လိုက်ပြီးနောက်-

"ကဲ-တနင်္ဂနွေသမီးမှာရှိတဲ့အစွဲရောက်စေ"

ဟု ဆိုလိုက်ရာ၊ မြှော့မြှော့ကလေး လဲနေရှာသော မအေးမယ်လည်း ရုတ်တရက် လူးလဲကာ ဆပ်ခနဲ ထ၍ထိုင်ပြီးလျှင်၊ ဆရာကြီးကိုရှိခိုး၍ နေလေရာ၊ ဆရာကြီးက-

"ရောက်ပလား"

"ရောက်ပါပြီဘုရား၊ ကြောက်လှပါပြီဘုရား"

"အရင် တစ်ကြိမ် တောင်းပန်ရက်နဲ့ ဘာကြောင့် ခုလောက် နှောင့်ယှက်နေရသလဲ"

"ဒင်းတို့တတွေကို မကျေချမ်းနိုင်လွန်းလို့ပါဘုရား၊ အမိန့်တော်ကို လွန်ဆန်ဝံ့လို့ မဟုတ်ရပါ၊ ချမ်းသာပေးတော်မူပါ"

"မိမိကံစီမံရာ ဖြစ်ကြရတာပဲ၊ ဘာမှမကျေချမ်းဖို့မရှိဘူး မဟုတ်လား"

"ညောင်မြစ်တူးတော့ ပုတ်သင်ဥပေါ်မှာစိုးလွန်းလို့ မပြောပါရစေနဲ့၊ ဒင်းတို့အတွက်နဲ့ ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်တာ ခံလိုက်ရတယ်နော်၊ နည်းနည်းသတိလစ်သွားလို့ပေါ့နော်၊ မကျေနိုင်လွန်းလို့ပါဘုရား၊ မခန့်လေးစားလုပ်တာမဟုတ်ပါဘူး၊ ဟဲ့-မိအေးမယ် နှင့်များတော့ မကျေဘူးဟဲ့နော်၊ ကိုင်း-ကိုင်း-မှတ်ဟဲ့-ပါးကွဲဟဲ့၊ ဟောဒီ လက်မောင်းသားတွေ အကွင်းလိုက်ကိုက်ပစ်မဟဲ့"

ဟု မအေးမယ်က တဆပ်ဆပ်နတ်ကပ်သလို ယိမ်းပြီး မိမိကိုယ်ကို နာကျင်စွာထုရိုက်၊ ကုတ်ဖဲ့ကိုက်ဆွဲခြင်းဖြင့် ကသောင်းကနင်းပြုပြန်ရာ ဆရာကြီးလည်း ကျွန်တော့်ဘက်သို့လှည့်ပြီး-

"ကဲ-ချုပ်ပေတော့"

ဟု ဆိုလိုက်သဖြင့် လက်တွင်အသင့်ကိုင်ထားသော ချည်မန်းကွင်းနှင့် မအေးမယ်၏ လည်ပင်းကိုစွပ်ကာ လက်တစ်ဖက်ဖြင့် ချည်မန်းကွင်းကို ဆွဲကိုင်ထားပြီး မအေးမယ်ကိုကြည့်လိုက်ရာ၊ ရုတ်တရက်သော် ပူထူရှိန်းဖိန်းကြက်သီးဖြန်းဖြန်းထသွားမိလေ၏။

မြန်မာ စာအုပ်များ



ကျွန်တော် ချည်မန်းကွင်းစွပ်လိုက်စဉ်က မအေးမယ်ကို စွပ်လိုက်သော်လည်း ယခုမြင်ရသော ပုံသဏ္ဍာန်ကား မအေးမယ်မဟုတ်တော့ဘဲ နက်ကြုတ်သော အသားကြမ်းကြီးတွင် စုတ်ဖွားနီကျင်သော အမွေးကြီးတွေ ကြတိ, ကြတဲပေါက်ရောက်ကာ လွန်စွာကြီးမားသော ပါးစပ်ပြကြီး၌ လျှာမည်းကြီးတွဲလွဲကျကာ အစွယ်ငေါငေါထွက်သော မျက်နှာကြီးနှင့် အားမတန်၍ မာန်လျှော့ရသည့်ပမာ၊ မကျေချမ်းသော မျက်လုံးကြီးဖြင့်ကြည့်နေသော သဘက်မကြီးဖြစ်နေသည်ကို တွေ့ရသောကြောင့် ချည်မန်းကွင်းကို ဆွဲကိုင်ထားသော ကျွန်တော်၏လက်ကိုပင် ကိုက်ဝါးစားလိုက်မည်လားဟု များစွာမရဲလှဘဲ ရှိချေ၏။

သို့နှင့်လည်း ဆရာကောင်းတပည့်ပီပီ အနည်းငယ်ကြောက် လန့်ချင်သလိုလိုရှိသော စိတ်များကို ဖယ်ရှားကာ ချည်မန်းကွင်းကို ကိုင်ထားမြဲကိုင်ထားရလေ၏။

နာနာဘာဝ, ဝိနာဘာဝ, အဟိတ်တိရစ္ဆာန်မျိုးတွင်ဖြစ်သော သတ္တဝါများတွင်လည်း အဆင့်ဆင့်အတန်းတန်းအားဖြင့် မှင်စာ, တစ္ဆေ, သရဲ, သဘက်စသည်ဖြင့် ရှိကြရာတွင် မျက်ကွင်းဆေးတန်ခိုးအားဖြင့် ယခုကျွန်တော်တွေ့မြင်ရသော သဘက်ကြီးကား တစ္ဆေ, သရဲများထက် အဆင့်အတန်းသာ၍ ဝါရင့်သော နာနာဘာဝအကောင်ကြီးတစ်မျိုးဖြစ်လေရာ၊ ခေါင်းမှ အမွေးအမှင်များမှာလည်း အလိပ်လိပ်အလှိုင်းလှိုင်းထလျက်-

မျက်နှာကြီးမှာလည်း မပြေမပြစ်၊ အဖု, အထစ်, အပိန်, အဖောင်းတွေ ကြွစောင်းထိုးထွက်ပြီး ပြူးကျယ်တောက်ပသော မျက်လုံးကြီးမှာလည်း ပုစွန်မျက်စိပမာ၊ ချိုင့်ဝှမ်းသောမျက်ကွင်းနက်ကြီးအတွင်းမှ ပြင်ဘက်သို့ ပြူးထွက်နေပြီးလျှင်၊ ကျောက်ဘီလူးရုပ်ကြီးသဖွယ်၊ ဒူးတုပ်လျက် ဆရာကြီးဘက်သို့ ရှိခိုးနေပြီးနောက်၊ ကျွန်တော့်လက်ကလည်း အလျင်ကမြင်ရသလို ပရိတ်ချည်ရိုးရိုးအဖြစ်မှ အရောင်အဝါတလက်လက်နှင့် ပြိုးပြိုးပြက်ပြက်မီးလျှံများ ထွက်နေသောကြောင့် တစ်ချက် တစ်ချက် ခပ်တင်းတင်းဆွဲလိုက်သည့်အခါ အလွန်တရာ ပူလောင်လှသည့်အလား ကြောက်ဖွယ်

မြန်မာ စာအုပ်များ

ကောင်းသော မျက်နှာကြီးဖြင့် မဲ့ကာရွဲ့ကာ တွန့်လိမ်ရုန်းဖယ်နေလေတော့၏။

ထို့နောက် ဆရာကြီးအမိန့်အတိုင်း ထိုသတ္တဝါကြီးအား စစ်ဆေး မေးမြန်းရန်ရှိသလောက် မေးခွန်းထုတ်စရာရှိသဖြင့် အခြားလူများလည်း ကြား၍လျော်မည် မလျော်မည် မသိနိုင်သောကြောင့် အနီးရှိလူများကိုအပြင်သို့ သွားစေလိုသော်လည်း ကျွန်တော်တစ်ယောက်တည်းမနေရဲအောင်ရှိပြန်သဖြင့် ထိုနာနာဘာဝကောင်ကြီး ပြောစကားကို ဆရာကြီးမှတစ်ပါး ကျွန်တော်တစ် ယောက်တည်းကြားနိုင်ရန် ဆရာကြီးပေးထားသော ဒိဗ္ဗသောတ နားကြပ်ဆေး ကိုတို့ပြီးမှ အောက်တွင်ပါရှိသည့်အတိုင်း စစ်ဆေးသောအခါ ကျွန်တော်မေး သောစကားများသာ အနီးအပါးရှိလူများကြားရလျက်၊ နာနာဘာဝကောင် ကြီး၏ပြန်ပြောသံကိုမူကား မကြားကြဘဲ ရှိလေ၏။

"နင်ဘယ်သူလဲ၊ ဘယ်မှာနေသလဲ"

"ဘယ်သူရယ်လို့တော့ မပြောပါရစေနဲ့၊ အစကတော့ သရဲပေါ့၊ ခုတော့ သရဲကတစ်ဆင့်တက်ပြီး သဘက်ဖြစ်နေပါတယ်။ အမြဲနေတာကတော့ ဒီတိုက်နောက်ဘေးက မန်ကျည်းပင်မှာ နေပါတယ်"

"ဘာပြုလို့ နှောင့်ယှက်နေရသလဲ"

"မကျေနိုင်လို့ပါ၊ ဒင်းတို့အတွက်နဲ့ ကျုပ်အသက်သေခဲ့ရသေးတယ်၊ ခုတော့ ကျုပ်စုဆောင်းရှာဖွေထားတဲ့ပစ္စည်းတွေ၊ ဒင်းတို့တတွေခံစား၊ စံစားနေ လိုက်ကြတာတွေ မြင်ရလေ၊ မကျေချမ်းနိုင်လေပဲ"

"ယခုစုဆောင်းထားတဲ့ပစ္စည်းကို သူတို့က ဘယ်လိုခံစားနေသလဲ၊ ဘယ်နည်းနဲ့သူတို့အတွက် အသက်သေခဲ့ရသလဲ၊ ဘယ်ကလဲ၊ ရှင်းရှင်းလင်း လင်း ပြောမှပေါ့။ ဒီတော့မှ မကျေနပ်တာရှိရင်လည်း တစ်ယောက်နဲ့တစ် ယောက် ကျေကျေနပ်နပ်ဖြစ်ကြဖို့ စေ့စပ်ပေးရမှာပေါ့"

"အမယ်လေး-ဒါတွေပြောရရင် စကားကြောရှည်ပြီး ဒေါသတွေ ဝင်လှတယ်၊ ဘယ်နည်းဘယ်ပုံလို့ မပြောပါရစေနဲ့၊ အဆုံးမှာ ဒင်းတို့တတွေကို ထုံးလိုချေ-ရေလိုနှောက်၊ တစ်ယောက်မကျန်သေအောင် သတ်ရမှ ကျေနပ် နိုင်မယ်၊ ဆရာတို့ဝင်မကယ်ပါနဲ့၊ သူတို့ထိုက်နဲ့သူတို့ကံ အတိုင်းရှိပါစေ"

မြန်မာ စာအုပ်များ



"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ ကျေနပ်အောင် လုပ်ပေးမယ်ဆိုပါပြီကော၊ နာမည်ဖြစ်ဖြစ် နည်းနည်းပြောဦးမှပေါ့၊ ခုတော့ သူတို့မှာလည်း ဘုမသိ, ဘမသိနဲ့ အတိဒုက္ခရောက်နေကြရတယ်"

"မဖြစ်ဘူးနော်၊ မပြောပါရစေနဲ့ ပြောလို့လည်း အလကားပဲ အမှားမှားအယွင်းယွင်းနှင့် လက်လွန်ကုန်ပြီ၊ လွန်ပြီ, လွန်ခဲ့ပြီ, ပြုပြင်လို့ မရနိုင်တော့ဘူး၊ ဒီအဖြစ်ရောက်မှတော့ အလကားပဲဆရာရဲ့၊ အလာကောင်းသော်လည်း အခါနှောင်းပြီ၊ ဒီဘဝကနေပြီး ကျုပ်စုဆောင်းခဲ့တဲ့ ပစ္စည်းတွေရတောင်ယူလို့မဖြစ်ပါဘူး၊ ကျုပ်သေရသလို ဒင်းတို့သေမှ ကျေနပ်တော့မယ်"

"ချိုချိုသာသာတောင်းပန်နေရင်မရဘဲကိုး၊ ဟို-မဝင်းကြည် ကလေးကိုကော ဘာပြုလို့ နှိပ်စက်ရပြန်တာလဲ"

"မိဝင်းကြည်က မနှင်းဆီကလေး မသေခင်ကဝတ်တဲ့ ပစ္စည်းတွေယူဝတ်တာကို မကြည့်နိုင်ဘူး၊ ငထွန်းဝင်း အမိုက်ကောင်ကြီးကိုလည်းတောင်မသိ, မြောက်မသိမိုက်လွန်းလို့ သျှောင်ဆွဲပြီး ဆုံးမလိုက်ရတယ်၊ မိအေးမယ်ကိုတော့ အချက်ကောင်းစောင့်နေတာကြာလှပြီ၊ ဒင်းကံက မြင့်နေတုန်းမို့ အခွင့်မရနိုင်သေးလို့ အောင့်အင်းနေခဲ့ရတာကလား၊ ခုမှ အားရပါးရ နှိပ်စက်ရတယ်"

"နောက်ထပ် နှိပ်စက်ညှင်းဆဲနေရင် ဆရာကြီးက လှလှကြီး ဒဏ်ခတ်တော့မှာပဲ၊ အရင်ကလည်း ဒီလိုမလုပ်ဖို့ အမိန့်တော်ပြန်ခဲ့ပြီ မဟုတ်လား၊ ဆရာကြီးအမိန့်ကို ဘယ်လိုနာနာဘာဝမျိုးမှ လွန်ဆန်ဝံ့တာ မဟုတ်ဘူးဆိုတာ သိရဲ့လား"

"သိပါတယ်၊ အမိန့်ကိုဖီဆန်တာမဟုတ်ပါဘူး၊ ဆရာကြီးရော ဆရာကလေးရော၊ အထူးကြောက်ရွံ့ရိုသေပါတယ်၊ ဒါပေတဲ့ မိအေးမယ်တို့အပေါ်မှာ အနာကြီးနာလွန်းလို့ပါ၊ ဆရာကြီးရဲ့ဆေးအကာအကွယ်တွေကြောင့် ဒင်းတို့ကို လုပ်ရပေတဲ့၊ အင်မတန်ပူလောင်လှပါတယ်၊ အခဲမကျေနိုင်လွန်းလို့သာ အပူအလောင်ခံပြီး လုပ်ရပါတယ်"

"ကိုင်း-အကျိုးအကြောင်းလည်း မေးမရ၊ မနှိပ်စက်ဖို့ ချိုချိုသာသာ တောင်းပန်လို့မှမရရင် ကမ္ဘာသကာပဲ၊ နေတဲ့သစ်ပင်ကို ပြန်ပေတော့၊ ကုဝေရ နတ်မင်းကြီးကိုအပ်ပြီး သံခြေချင်းခတ်ထားရလိမ့်မယ်"

"အမယ်လေး-ချမ်းသာပေးတော်မူပါ ဆရာကလေးရဲ့၊ ဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ မိအေးမယ်ကို မနှိပ်စက်တော့ပါဘူး၊ ဆင်ခြင်နိုင်သလောက် ဆင်ခြင်ပါတော့မယ်။ ဩော်-ဒုက္ခ-ဒုက္ခ-ကုသိုလ် ဆိုးလှချည်ရဲ့၊ မိဖွားချစ်လေး-လူ့ဘဝတုန်းကလည်း မိအေးမယ်ကို မနိုင်ခဲ့ရုံမက ကိုယ်မွေးတဲ့မျောက်က ကိုယ့်ခြောက်ဆိုတာလို မိအေးမယ်ကို တိုက်ဖို့မွေးထားတဲ့သရဲက ကိုယ့်အူ အသည်းကိုပြန်စားလို့ သေခဲ့ရတယ် လေး-အဝေး-အမယ်လေး-လူ့ဖြစ်ရှုံးလို့ သရဲမကြီးလုံးလုံး ဖြစ်ခဲ့ရတယ်၊ မိအေးမယ်ကို သရဲဘဝကျမှ လှလှကြီးလက်စား ချေမယ် ကြံခါမှ၊ ဆရာကောင်းအာဏာမလွန်ဆန်သာလို့ အကြံပျက်ရပြန်တယ် လေ-ဟီး-ဟီး"

စသည်ဖြင့် ရှေးငိုချင်းသည်ကြီးများလို အမွှေးဖွားဖွား, လက်ကားယား ကြီးဖြင့် ရင်ကိုထုကာထုကာ ရွှံစရာကောင်းသောမျက်နှာကြီးဖြင့် ရှိုက်ကြီး တငင်ငိုကျွေးနေသည်နှင့် ကျွန်တော်လည်း ကြာရှည်စွာမကြည့်လိုသဖြင့် ချည်မန်းကွင်းကိုချွတ်ကာ လွှတ်လိုက်ပြီးနောက် အစိမ်းသဘက်မကြီး ပျောက် ကွယ်သွားပြီးလျှင် မအေးမယ်အစစ်ထိုင်နေသည်ကိုသာ တွေ့မြင်ရလေတော့ သတည်း။

ကျွန်တော်လည်း ယခုလောက်တာရှည်စွာ စစ်ကြောမေးမြန်းရာတွင် မအေးမယ်တို့အား နှိပ်စက်ဖမ်းစားနေသော အစိမ်းသရဲကား မည်သူဖြစ်၍ မည်သို့ရန်ငြိုးအဆက်ရှိသည်များကို အမည်နာမနှင့်တကွ အကြောင်းခြင်းရာစု ကို အမှန်သိအောင်အစစ်မခံသဖြင့် မအေးမယ်ကို နှိပ်စက်သူမှာ ရန်ငြိုး လက်စရှိသောလူတစ်ဦးသေဆုံးရာမှ အစိမ်းသရဲအဖြစ်ရောက်လာပြီး တိုက် နောက်ဘေး မန်ကျည်းပင်တွင်နေ၍ အချက်ကောင်းစောင့်ကာ နှိပ်စက်နေ ကြောင်းနှင့် ၎င်း၏လူနာမည်မှာ မဖွားချစ်ဟုသိရသည်မှတစ်ပါး အထူး အကြောင်းဆို၍ဘာမျှမသိရတော့သဖြင့် အကျိုးအကြောင်းကို မအေးမယ်

မြန်မာ စာအုပ်များ



သတိရလာသောအခါ မေးမြန်းတန်သမျှ မေး၍၊ ဦးထွန်းဝင်းကိုလည်း စုံစမ်းတန်သလောက် စုံစမ်းကြည့်ရလျှင် အစိမ်းမပြောသွားသောစကားများနှင့် တိုက်ဆိုင်ကြည့်တော့မည်ဟု ကြံစည်၍-

အခြားလူများမေးမြန်းကြသော်လည်း မဖွားချစ်ဆိုသောအမည်နာမကို ဆရာသမားတို့သစ္စာအတိုင်း ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ အစိမ်းသရဲမတစ်ယောက်က ခြောက်လှန့်နှိပ်စက်နေကြောင်း၊ အရိပ်အမြွက်လောက်သာ ပြောပြီးလျှင် မအေးမယ်နှင့်မဝင်းကြည်တို့အား ဆရာကြီးပေးသော ပယောဂနိုင်နင်းသည့် အကွယ်အကာလက်ဖွဲ့များ၊ ချည်မန်းကွင်း၊ ပရိတ်ချည်များ ဝတ်ဆင်ပေးပြီးနောက် ရေစင်ရေမန်းများ တိုက်ကျွေးပက်ဖျန်းပေးခဲ့ပြီး၍ ထိုနေ့ညအချိန်တွင် အိမ်ဦးခန်း၌ ဆရာကြီးနှင့်အတူ၊ ဦးထွန်းဝင်းမှစ၍ ဆရာကြီး၏သတင်းကိုကြား၍လာ ရောက်ကြည့်ရှုသော လူကြီးလူကောင်း ဧည့်သည်များနှင့် အထက်လမ်း ပညာအကြောင်းများ၊ နှီးနှောပြောဆိုနေရာတွင် စိတ်ဝင်စားနေသောကြောင့်၊ ကျွန်တော့်မှာ ထိုအချိန်၌အိမ်တွင် ကျန်ရစ်သူ မခင်ယုံကလေးကိုပင် သတိမရနိုင်ဘဲရှိချေ၏။

ထိုညအဖို့ မအေးမယ်မှာ ခါတိုင်းကဲ့သို့ သရဲမ၏နှိပ်စက် ညှင်းဆဲခြင်း မခံရသဖြင့် အေးအေးဆေးဆေး အိပ်ပျော်ခွင့်ရရှိသဖြင့် အစောင့်အရှောက် မိန်းမများလည်း ရပ်နားခွင့်ရကြသည့်အတွက် တုံးလုံးပက်လက်လှဲသူလှဲ၊ အိပ်သူအိပ်နှင့် တိတ်ဆိတ်ငြိမ်သက်နေကြလေ၏။

အိမ်ဦးတွင် ဝိုင်းဖွဲ့နေသော စကားဝိုင်းမှာလည်း ညဉ့်နက်သဖြင့် လူလျော့၍လျော့၍သွားကာ နောက်ဆုံးတွင် ဆရာကြီးအနီးတွင် ကျွန်တော်နှင့်ဦးထွန်းဝင်းသာ ကျန်တော့၏။ ဆရာကြီးလည်း ညောင်းညာသဖြင့်-

"ကဲ-ငါ့တပည့် စကားပြောနေဦး၊ ဆရာခေတ္တလှဲနေလိုက်ဦးမယ်"

ဟု ဆိုကာ ထသွားပြီး၊ ခင်းထားသော အိပ်ရာတွင် လဲလျောင်းနေသည်နှင့် ကျွန်တော်လည်း ဦးထွန်းဝင်းနှင့်အတူ စကားစပ်မိစပ်ရာ ပြောနေရာမှ၊ မအေးမယ်အကြောင်းကို ရောက်လာသောကြောင့်၊ ဦးထွန်းဝင်းလည်း အခန်းတွင်းသို့ တစ်ချက်လှည့်ကြည့်ပြီးနောက်-

"ကျေးဇူးရှင်ကြီးရောက်လာပေလို့ ခုလို အေးအေးငြိမ်ငြိမ်ကလေး နေရတာကလားမောင်ရယ်-၊ ခါတိုင်းများဖြင့် ဒီလိုအချိန်ကျလေ- မအေးမယ်မှာ၊ အလိုလေး- အမယ်လေးတပြီး ဒုက္ခခံရလေပဲ၊ ခုလိုအိပ် ပျော်ချိန်မှာများဝေးရော၊ လှဲနေရုံကလေးတောင်နေဖို့-အချိန်မရဘူး မောင်ရဲ့။ လှဲနေလိုက်ရင် ဆံပင်ဆွဲထူပြီး ခဝါဆောင့်ဆောင့်လိုက်တာနဲ့ ကြည့်ရှုစောင့်ရှောက်နေတဲ့ လူတွေကြားကပေတဲ့ ဒရွတ်တိုက်ဆွဲခေါ် ဆံပင်ဆွဲပြီး ကြမ်းနဲ့နဖူးတိုက်၊ လူတွေလည်း မအေးမယ်ကို လိုက်-လိုက် ဆွဲလုခေါ်နေရတာနဲ့၊ အိပ်ချိန်မအိပ်ရ၊ စားချိန်မစားရနဲ့၊ ဒုက္ခအတော်ရောက်တာကလား-

မအေးမယ်လည်း ထမင်းတစ်စေ့မှ မစားရတာကြာလှပြီ မောင်ရဲ့။ မအေးမယ်ကျွေးဖို့ အစားအသောက်ယူလာတာမှန်ရင် ပန်းကန်ဆွဲလုသွားလိုသွား၊ ပေါက်ခွဲလိုခွဲ၊ ဖိတ်ကျအောင်လုပ်လိုလုပ်၊ အဆုံးမှာ ရေကလေးတောင်းလို့ပေးတာတောင်၊ ကောင်းကောင်းဝင်အောင် မသောက်ရရှာဘူး၊ ဆွဲသွန်ပစ်တယ်၊ ဖန်ခွက်ရင်လည်း ပုတ်ချခွဲပစ်တယ်၊ ဘာမှလည်းမမြင်ရနဲ့ သိပ်ကြောက်နေရတာပဲ၊ မအေးမယ်ဆိုတာလည်း နဂိုကစိတ်ရော ကိုယ်ရော၊ ခပ်ပျော့ပျော့နေရှာတာကလား၊ ယခုလို အနှိပ်စက်ခံရတဲ့နေ့ရက်တွေများပြီး အစားအစာမဝင်တော့ အားအင်ကုန်ခန်းပြီး ညှိုးနွမ်းနုံးချိနေရှာတာကပဲ၊ သမီးကလေးမဝင်းကြည်လည်း ယခုမှ ကြည်ကြည်လင်လင် ဖြစ်လာရှာတယ်။ မောင်-ဘယ်လိုလူမျိုးက အငြိုးနဲ့ အစိမ်းတိုက်ထားတယ်ဆိုတာ မသိပါဘူး"

"နောက်-နောက်က ဒီလိုဖြစ်ဖူးသလား"

"ဘယ်တော့မှမဖြစ်ဖူးပါဘူးမောင်ရယ်၊ အခုတလောမှ လောလောဆယ်ဖြစ်လာတာပါ"

"ဒါဖြင့် ဒေါ်အေးမယ်နဲ့ မသင့်မြတ်တဲ့လူများရှိသေးသလား၊ ဦးစဉ်းစားကြည့်ပါဦး"

"ဟာ၊ ဒေါ်အေးမယ်နဲ့ မသင့်တဲ့လူတော့ ခပ်ရှားရှားပဲမောင်ရဲ့၊ အင်မတန် စိတ်သဘောသိမ်မွေ့နူးညံ့ပါတယ်၊ ဦးနဲ့ပေါင်းလာခဲ့တာ၊ ၁၅ နှစ်ကျော်ပါပြီ။ တစ်ခါမှ စိတ်ဆိုးနေတာမတွေ့ဖူးဘူး။ ဒေါ်သတရားဆိုတာ

သူ့မှာမရှိသလောက်ပါပဲ၊ လက်ထဲမှာ စိပ်ပုတီးအမြဲထားပြီး ရတနာသုံးပါး အမြဲကိုင်းရှိုင်းဆည်းကပ်နေတဲ့ စိတ်ရင်းကောင်း၊ သူတော် ကောင်းမိန်းမတစ် ယောက်ပါမောင်"

"ဒါထက်-ဦးကြီးတို့တိုက်ကြီးဟာ ရှေးတိုက်ကြီးပဲနော်၊ ဒီတိုက်မှာ နောက်နောက်က တစ္ဆေခြောက်တယ်လို့ ရှိဖူးသလား"

"မရှိဖူးပါဘူးမောင်ရယ်၊ ဦးအသက် အစိတ်-သုံးဆယ်လောက်က နေလာခဲ့တာပဲ၊ ဦး ပထမအိမ်ထောင်သည်လည်း ဒီတိုက်ပေါ်မှာပဲ ပျက်စီး သေဆုံးသွားရှာတာ၊ ၉-နှစ်ကျော် ၁၀နှစ်နီးပါးရှိခဲ့ပြီ။ မနှစ် တန်ခူးကလည်း ဦးသမီးအကြီး ၁၇-နှစ်သမီးကလေး မနှင်းဆီပျက်စီးသွားတယ်၊ ဘာသံမှမကြား ရပါဘူး"

"ဪ-ဦးနဲ့ဒေါ်အေးမယ်ဟာ ငယ်လင်, ငယ်မယားမဟုတ်ဘဲကိုး"

"မဟုတ်ဘူး၊ ဆုံးတဲ့သမီးကလေးဟာ အရင်အိမ်ထောင်သည်က ထားခဲ့တာပေါ့။ မအေးမယ်ကတော့ မဝင်းကြည်တစ်ယောက်တည်းပဲ"

"အင်း လက်စသတ်တော့ ဒီလိုကိုး၊ နို့-ဒေါ်အေးမယ်နဲ့ ဦးနဲ့ အကြောင်းပါတာက ၁၅ နှစ်ရှိပြီ။ ပထ မမယားကြီးသေဆုံးတာက ၉ နှစ် ၁၀ နှစ်ဆိုတော့ မသေခင်က အကြောင်းပါနေကြတယ်ပေါ့"

"ဟုတ်ပါတယ်မောင်"

"အကြီးက ကြည်ဖြူရဲ့လားဦးရဲ့၊ ဒေါ်အေးမယ်ကတော့ အတော် အေးပုံရတာပဲ"

"ဒါတော့ ဓမ္မတာပေါ့မောင်၊ ဘယ်မှာ ကြည်ဖြူနိုင်မလဲ၊ ဦးကလည်း မအေးမယ်ကို တခြားထားတာပါ၊ ဒါပေတဲ့သွားလေသူက ဦးအပေါ်မှာ ငယ်ပေါင်းလည်းဖြစ်ပြန်၊ ဆင်းရဲအတူ ချမ်းသာဖက်လည်း ဖြစ်ပြန်၊ စိတ်က လည်းခပ်ထန်ထန်၊ ဦးကိုတောင် သူကဩဇာပေးပြီး လွှမ်းမိုးလာခဲ့တဲ့ မိန်းမဆိုတော့၊ နေ့စဉ်နဲ့အမျှ ဆူပူနေတာပေါ့မောင်ရဲ့၊ ဒါပေတဲ့ သူ့ခမျာ အသက်မရှည်ရှာဘူး။ မအေးမယ်နဲ့အကြောင်းပါလို့ ၄-၅ နှစ်ကြာပြီး သမီး

ကလေးမဝင်းကြည် ၃ နှစ်သမီးလောက်ရှိတော့ သူစုဆောင်းထားခဲ့တဲ့ စည်းစိမ်ကိုစွန့်လွှတ်ပြီး ပျက်စီးအနိစ္စရောက်သွားရှာတယ်။ သူဆုံးသွားတော့မှ မအေးမယ်ကောင်းစားဖို့ ပျက်စီးပေးရရှာတယ်"

"ဒီလိုပေါ့ခင်ဗျာ၊ "ကံမဲ့သူစုဆောင်း-ကံကောင်းသူခံစား"တဲ့၊ ဒါနဲ့ မဖွားချစ်ဆိုတာကတော့ ဦးနဲ့ ဘာတော်ပါလိမ့်"

"အို-ဦးပြောနေတဲ့ သွားလေသူဇနီးရဲ့နာမည်ပေါ့"

ဤတွင်မှ ဒေါ်အေးမယ်ကို ရန်ငြိုးနေသော မဖွားချစ်၏မူလ ဇစ်မြစ်အကြောင်းကို ထင်ရှားစွာ သိရတော့၏။ သို့သိငြားလည်း ဆရာသမားတို့၏ ကတိသစ္စာအတိုင်း မဖွားချစ်၏အကြောင်းများကို လူနာဖြစ်သူနှင့်တကွ လူနာရှင်ဦးထွန်းဝင်းတို့ကိုမပြောဘဲ ထိန်ချန်၍သာ ထားလိုက်ရတော့၏။ ယင်းသို့ စကားပြောကြရင်းပင် အတော်ညဉ့်နက်နေပြီဖြစ်၍ ဦးထွန်းဝင်းထံမှ ကျွန်တော်သိလိုသော အကြောင်းအရာများကို ကြားရပြီဖြစ်သောကြောင့် ဤနေ့အဖို့ စကားဖြတ်ကာ နက်ဖြန် ဒေါ်အေးမယ် နေထိုင်ကောင်းလျှင်လည်း အကျိုးအကြောင်းစုံစမ်းဦးမည်ဟုကြံကာ အိပ်ရာသို့ဝင်လေ၏။

နေ့လယ်က ဝိတက်, ဝိစာရတွေကများ၊ အလုပ်တွေမအားသဖြင့် ကျွန်တော်၏မယားကလေး မခင်ယုံကိုသတိမရခဲ့သော်လည်း ယခုကဲ့သို့ လူခြေတိတ်၍ အိပ်ရာထဲသို့ရောက်သောအခါမှုကား၊ မခင်ယုံ၏ မျက်နှာကလေးကို တရေးရေးရစ်ဝဲထင်မြင်ကာ မခင်ယုံနှင့်စ၍ ခွဲခွာလာရသည်မှာ ယနေ့ပါနှင့်တစ်ရက်ရှိတော့မည်တကားဟု လက်ဖျားကလေးများ ချိုးလျက် ရေတွက်ရင်း အိပ်ပျော်ခြင်းသို့ရောက်ရလေ၏။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ ဆရာကြီးလည်း အိပ်ရာမှထနှင့်ပြီး ဘုရားစင်ရှေ့၌ ပုတီးစိပ်နေသည်နှင့် ကျွန်တော်လည်း ကပျာကယာ အိပ်ရာမှထလျက် ကိုယ်လက်သုတ်သင်ပြီး ဘုရားပုထိုး ရှိခိုး ပူဇော်ခဲ့ပြီးမှ ဆရာ့အပါးသို့ချဉ်းကပ်ကာ ပြုဖွယ်ကိစ္စများကို တီးတိုးမေးမြန်း သဖြင့် ဆရာကြီးလည်း-

မြန်မာ စာအုပ်များ



"တပည့်ရဲ့၊ သူတို့ဟာက လင်လုဖက်မို့၊ ရန်လက်စမပြေနိုင် အောင် အငြိုးကြီးနေကြတာကလား၊ ဆရာတို့ရှိလို့သာနေရတာ၊ ဆရာတို့ ပြန်သွားရင် အရင်လိုပြန်ဖြစ်ဦးမှာပဲ၊ သရဲမကဖြင့် အင်မတန်အခဲကြီးနေတယ်၊ မအေးမယ် ကတော့ သူတော်ကောင်းစိတ်ထားနဲ့ ဘုရားလူမှန်တဲ့အတိုင်း သည်းခံတဲ့ ဘက်ကချည်း နေခဲ့ရရှာတာအမှန်ပဲ၊ မယားကြီးက မတရားနည်းနဲ့ မကောင်း ကြံပြီး အသက်ရန်ရှာရအောင်၊ အောက်လမ်းဘက်က ညစ်ညမ်းတဲ့ပညာများ သင်ကြားပြီး တစ္ဆေသရဲတွေမွေး၊ အစာကျွေးပြီး မအေးမယ်ကိုအရေးရှိရင် အခြောက်အလှန့်ခိုင်းနေတာ တပည့်ရဲ့၊ "ကိုယ်မွေးတဲ့မျောက်၊ ကိုယ့်ပြန် ခြောက်" ဆိုတာလို၊ ဒါမျိုးဆိုတာ အချိန်မှန်မှန်ကျွေးနိုင်မှတဲ့၊ မကျွေးမိဘဲ မေ့လျော့နေရင်မရဘူး၊ ကိုယ့်ဆရာကိုယ်ပြန်စားတတ်တဲ့အတိုင်း၊ မတရားစိတ် ထားတဲ့မယားကြီးမှာ မယားငယ်ကိုသတ်ဖို့ တိုက်နောက်ဘေး မန်ကျည်းပင်မှာ မွေးထားတဲ့သရဲက သူ့အသည်းနုတ်စားလိုက်တာနဲ့ အစိမ်းသေသေပြီး အရင် သရဲ နေတဲ့မန်ကျည်းပင်မှာ သရဲဘဝက သဘက်မကြီးအဖြစ်ရောက်အောင် ကြီးပွားနေရှာတယ်၊ မအေးမယ် ကံကောင်းနေတုန်းတော့ မနှိပ်စက်နိုင်သေး ဘူး၊ ကံဇာတာကလေး နည်းနည်းနိမ့်တယ်ဆိုရင်ပဲ၊ အတင့်ရဲရဲပြီး အငြိုးနဲ့ နှိပ်စက်နေတာကွဲ့၊ ဆရာ့ရှေ့မို့ ဟန်ဆောင်ပြီး ငြိမ်နေရပေတဲ့၊ ဆရာတို့ လစ်နေ တဲ့အလှည့်ကျရင် အားရအောင်နှိပ်စက်ဦးမှာပဲ၊ ဆရာ့အဓိဋ္ဌာန်ကလည်း မတရားသဖြင့် ဖမ်းစားနှိပ်စက်ခံရတဲ့ဘက်ကသာ၊ လွတ်ကင်းချမ်းသာရာ ချမ်းသာကြောင်း ကယ်ဆယ်ရမှာ ဖြစ်နေတော့၊ ယခုအဖြစ်အပျက်မှာလည်း မအေးမယ်က စိတ်ကောင်း သဘောကောင်းထားသူဖြစ်လျက်၊ မယားကြီး မဖွားချစ်က မကောင်းစိတ်ထားနဲ့ တစ်ဖက်သားကို မတရားသေကြောင်း ကြံခဲ့တယ်။

သို့သော်လည်း အကြံမမြောက်ရုံမျှမက ကိုယ့်အတတ်ကိုယ်ပြန် စူးပြီး အစိမ်းသရဲကြီးဖြစ်နေခဲ့ရာမှ သေတဲ့ဘဝရောက်သည်တိုင်အောင် နောက် နောက်က မကောင်းထားတဲ့သဘော ဒေါသစိတ်တွေမပျောက်ဘဲ သဲသဲမဲမဲ

မြန်မာ စာအုပ်များ



အငြိုးထားနှိပ်စက်နေတဲ့အတွက် မအေးမယ်ဘက်က ကယ်ဆယ်ရတော့မယ်၊ ဒီတော့ ဆရာတို့ရှေ့မှာ အစိမ်းမက ဟန်ဆောင်ပြီးအဲယုံသွင်းနေပေတဲ့၊ ဆရာတို့မရှိတဲ့နောက် သူ့ရည်ရွယ်ချက် အထမြောက်အောင်လုပ်တော့မှာ အမှန်ပဲတပည့်ရဲ့၊ အရင်ပေး ထားတဲ့ ပယောဂအကာအကွယ်ဆေးလောက်နဲ့ မရရိုးအမှန်ပဲ၊ တော်ရုံ, တန်ရုံအစိမ်းသရဲတွေတော့ ဒါလောက်နဲ့နိုင်နင်းပါရဲ့၊ ခုတော့ သရဲမရဲ့ ဥပါဒါန်အစွဲက အလွန်တရာ အခဲကြီးနေတဲ့အတွက် လက်ဖွဲ့တန်ခိုးကြောင့် ပူလောင်ပြင်းထန်တဲ့ဒဏ်ကို ဇွတ်တိုးခံပြီး နှိပ်စက်နေတာကလား၊ အဲ-သည့်အတွက် မအေးမယ်နှင့် မဝင်းကြည်တို့ကို သရဲမနောက်ထပ် မနှောင့်ယှက်နိုင်အောင် အကောင်းဆုံးအကာအကွယ်များ ပြုလုပ်ကာကွယ်ပေးမှဖြစ်လိမ့်မယ်၊ သို့မဟုတ်သရဲမကိုပဲ ခြေချုပ်ထားရလိမ့်မယ်၊ ဒီနှစ်လမ်း ဆရာဖြင့် သူတစ်ထူးကို ကျပ်ကျပ်တည်းတည်းချုပ်ချယ်ထားဖို့အတွက် သဘောမကျဘူး၊ မအေးမယ်တို့ကိုသာ မနှိပ်စက်နိုင်အောင် ကာကွယ်ပေးပြီး အိမ်တွင်းအိမ်ပြင်လည်းမဝင်နိုင်အောင် အိမ်တွင်းစောင့်နတ်ကို အစောင့်အကြပ်ထားရမယ်၊ မနုဿီဟအင်းတော်ကြီးကိုလည်း ဂမုန်းပေါင်းထုံတဲ့ဆေးနဲ့ မအေးမယ်နဲ့ မဝင်းကြည်တို့ ဦးခေါင်းမှာ ယနေ့ ထိုးနှံ့ပေးရမယ်၊ အိမ်ထောင့်လေးထောင့်နဲ့ လှေကားအတက်မှာလည်း ဟောဒီ မနုဿီဟအင်းတစ်ရွက်စီ ဆွဲကပ်ထားရမယ် တပည့်ရဲ့"

ဟု ဆိုကာ၊ ဆေးအစ်ကြီးထဲမှ နမူနာအင်းတစ်ခု ထုတ်ပြလေ၏။

ကျွန်တော်လည်း ထိုအင်းကို သေချာစွာကိုယ်တွင်ကြည့်ရှုရာ အင်းပေါ်တွင်ခေါင်းတစ်လုံးကိုယ်နှစ်ခုရှိသော မနုဿီဟရုပ် ဆောင့်ဆောင့်ထိုင်လျက်၊ ၎င်းအပေါ်မှ ဂါထာတစ်ခု ရေးထားသည်ကို တွေ့ရသဖြင့်၊ ထိုအင်းပုံစံကား အခြားသောအင်းများနှင့်မတူ၊ မည်သည့် အတွက် ထူးခြားပါသနည်းဟု စေ့စေ့စပ်စပ်ကြည့်ရှုနေမိရာ၊ ဆရာကြီးလည်း ကျွန်တော်သိလို ကြောင်းရိပ်မိသည့်အလား -

မြန်မာ စာအုပ်များ




"ဒီအင်းဟာ မကောင်းဆိုးဝါး, သရဲ, သဘက်, တစ္ဆေ, မြေဖုတ် ဘီလူးမှန်သမျှကို အင်မတန်နိုင်နင်းတယ်၊ ဒီအင်းရှိရာအရပ်ကို ဘယ်လိုနာနာ ဘာဝကောင်မှ မကပ်နိုင်ဘူးကွဲ့၊ ဒီအင်းရဲ့အတ္ထုပ္ပတ္တိဟာ ဒီလိုကလား၊ ဆရာအတိုချုပ်ပြောမယ်မှတ်ထား၊ ဟိုရှေးအခါက သုဝဏ္ဏဘုမ္မိတိုင်းမှာ တစ္ဆေ, မြေဖုတ်ဘီလူးယုတ်များ ဝင်စားသဖြင့် လူတွေအမြောက် အမြားသေကြေ ပျက်စီးလွန်းမက ပျက်စီးကြတော့ မြတ်စွာဘုရားနှင့် တပည့်သားသံဃာ ရဟန္တာ တွေကြွလာပြီး တန်ခိုးအာဏာပြင်းထန်တဲ့ ပရိတ်မေတ္တာဂါထာတော်ကြီးများ ရွတ်ဖတ်တဲ့အခါ အထက်သိကြားနတ်ကောင်းများ မနေပိုင်သဖြင့်၊ ဦးခေါင်း ကား နတ်သရဖူဆောင်းသောလူ၏သဏ္ဌာန်၊ ကိုယ်ဟန်မှာ မြိုင်နက်သေလာ၊ ဟေမဝါက သားတကာတို့၏ ရာဇာကေသရာဇာခြင်္သေ့မင်း၊ ကိုယ်နှစ်ခုပမာ စုံနှစ်မြွာတွဲယှက်သဖြင့် လူတစ်ပိုင်းခြင်္သေ့တစ်ပိုင်းဖြစ်၍ "မနုသီဟ"ရယ်လို့ အမည်ရတဲ့၊ သတ္တဝါကောင်တစ်မျိုး၏သဏ္ဌာန်၊ နတ်တို့ဖန်ဆင်းပြီး သုဝဏ္ဏ ဘုမ္မိတိုင်းပြည်အတွင်း ဝင်ရောက်ကာ၊ လူတို့ကိုဖမ်းစားနေတဲ့ ဘီလူးသဘက် တို့ကို လိုက်လံခြောက်လှန့် ထွက်ပြေးစေသဖြင့် ထိုတိုင်းပြည်ရှိလူအပေါင်းမှာ အသက်အန္တရာယ်မှ လွတ်ကင်းချမ်းသာရဖူးတယ်၊ ဘီလူးသဘက်များဟာ ထိုအခါကစပြီး တန်ခိုးကြီးဂါထာနှင့်တကွ မနုသီဟများကို လွန်စွာကြောက် လန့်ကြတယ်၊ ယခုတိုင် အချို့ရှေးဘုရားစေတီများတွင် ခေါင်းတစ်လုံး ကိုယ် နှစ်ခွရှိတဲ့ မနုသီဟရုပ်ပုံများကို တွေ့မြင်ကြရသေး တယ်မဟုတ်လား၊ အဲ- ယခုအင်းတော်ကြီးနှင့်တကွ အပေါ်ကပါတဲ့ မနုသီဟရုပ်နှင့်ဂါထာများဟာ လည်း ထိုအခါက နောင်လာနောက်သားတို့ အသုံးပြုဖို့ ကျန်ရစ်ခဲ့တာကလား၊ ဒါကြောင့် ငါ့တပည့်က ဒီအင်းအတိုင်း အိမ်လေးထောင့်နဲ့ လှေကားတက် အပေါ်မှာ ဆွဲကပ်ထားဖို့ ငါးခုတိတိကူးရေးပေတော့"

ဟု ဆိုသဖြင့်၊ ကျွန်တော်လည်း ခိုင်ခန့်ထူထဲသော ဂျပ်စက္ကူပေါ်တွင် ထိုအင်းကိုရေးကူး၍ပေးရလေ၏။

မြန်မာ စာအုပ်များ





*ထိုအင်းကို အိမ်လေးထောင့်နှင့် ထွက်ပေါက်ဝင်ပေါက်များ၌ မြင့်သောနေရာကဆွဲကပ်၍သော်လည်းကောင်း၊ ကလေးသူငယ်များအတွက် ငွေပြားပေါ်တွင် ကညစ်နှင့်ရေး၍ လက်ဖွဲ့သဖွယ် ပြုလုပ်ဆွဲဆင်ပေးသော်လည်းကောင်း၊ ပုခက်တွင်းအရွယ်များအတွက် ပုခက်၏ ခေါင်းရင်းမြင့်ရာဘက်မှ ဆွဲထားခြင်းဖြင့်သော်လည်းကောင်း၊ တစ္ဆေမှင်စာမှစ၍ သရဲသဘက်မြေဖုတ်ဘီလူးတို့ မကပ်နိုင်မဝင်နိုင်ပါ၊ စာဖတ်သူများ အသုံးပြုလိုက ရနိုင်ရန် ထည့်လိုက်ပါ သည်၊ ဂါထာစုပ်ရန်မလို၊ ထိုပုံအတိုင်း ကူးယူရေးထားရုံမျှနှင့်လည်း ကိစ္စပြီးနိုင်ပါကြောင်း၊ ဂါထာအရှည်နှင့် ရုပ်ပုံကြီးကို ကြုံကြိုက်သောအခါ ရေးသားထည့်သွင်းပါဦးမည်၊*

ကျွန်တော်လည်း အထက်ပါအင်းများကို သေသပ်ကျနစွာ ကူး၍ ဆရာကြီးခိုင်းစေသည့်အတိုင်း အိမ်လေးထောင့်တို့တွင် တပ်ဆင်ချိတ်ဆွဲထားရလေ၏။ ဆရာကြီးကလည်း အခြားသောဂါထာမန္တရား၊ ဆေးဝါးလက်ဖွဲ့များအပြင် မဒေးမယ်နှင့် မဝင်းကြည်တို့ဦးခေါင်းတွင် အဆိုပါမနုဿီဟအင်းတော်ကြီးကို ဟသ်ာပြဒါးတွင် ဂမုန်းစေတီပွင့်နှင့် ထုံ၍ထိုးနှံပေးလေ၏။

မြန်မာ စာအုပ်များ



ထိုနေ့မှစ၍ ဒေါ်အေးမယ်မှာ သရဲမ၏နှိပ်စက်ညှင်းဆဲခြင်း မခံရတော့ဘဲရှိသဖြင့် နုံးချိခွေနွမ်းရာမှ တဖြည်းဖြည်းရွှင်လန်းတောင့်တင်းလာကာ၊ အစာရေစာများကိုလည်း စားသုံးခြင်းပြုလာနိုင်လေ၏။ အစိမ်းသရဲမကြီးမှာလည်း ဆရာကြီး၏အကာအကွယ်တို့ကြောင့် ဒေါ်အေးမယ်တို့အား မနှောင့်ယှက်နိုင်ဘဲရှိခဲ့ရာ၊ စိတ်ထင်တိုင်းမကြမ်းရသဖြင့် မကျေမချမ်းရှိလွန်းလှ၍လားမသိ၊ သူနေသောမန်ကျည်းပင်ကို နေဝင်ရီတရော အချိန်ကျရောက်တိုင်း၊ အကိုင်းအခက်တွေကို လေမလာဘဲ သွက်သွက်ခါ လှုပ်ရှားနေခြင်း၊ အချိန်မဲ့ညအခါများတွင်လည်း မန်ကျည်းပင်မှနေ၍-

"တောက်-ရှိုင်းလေနော်"

ဟု ကြောက်မက်ဖွယ်သောအသံနက်ကြီးဖြင့် တောက်ခေါက် ညည်းညူခြင်း-

"မကျေဘူးဟဲ့နော်"

ဟု မကြာခဏ ဟစ်အော်ခြင်း၊ နေဝင်ရိုးရီအချိန်အိမ်ပေါ်မှ အကြောင်းကိစ္စရှိ၍ သစ်ပင်အနီးအနားသို့ ဖြတ်သွားမိလျှင်လည်း၊ ကြောက်မယ်ဖွယ်အဆင်းသဏ္ဌာန်ဖြင့် ခြောက်လှန့်၍ပြခြင်း၊ တစ်ခါတစ်ရံလည်း အလွန်ကြီးမားနက်ကြုတ်သော အတ္တဘောကြီးဖြင့် သစ်ပင်ကြီး ကိုမှီ၍ထိုင်ပြီး ဖျာကြီးတမျှကြီးမားလှသော နားရွက်ကြီးကိုဆင်နားရွက်ပမာ တဖျပ်ဖျပ်ခတ်ခါနေလျက်-

ရှည်လျားသော အစွယ်ကြီးများကို တကျွတ်ကျွတ်ကြိတ်ဝါးနေပြီးလျှင် တစ်ခါတစ်ရံတွင်လည်း သစ်ပင်ကြီးနှစ်ခုကိုတစ်ဖက်စီကိုင်ကာ ဒန်းလွှဲသလိုလှုပ်ခါပြလျက်၊ တစ်ခါတစ်ရံမှာလည်း ခေါင်းမပါသောဗလာ တုံးတိကိုယ်ကြီးချည့်တွေ့ရပြီးလျှင်၊ တစ်ခါတစ်ရံတွင်လည်း အလွန်တရာ သေးငယ်စွာသောကိုယ်ကလေးနှင့် အဆမတန်ကြီးမားလှစွာသော ခေါင်းကြီးမျှသာတွေ့ရတတ်သဖြင့် အခြောက်အလှန့်ခံခဲ့ရသောသူများမှာ လိပ်ပြာစင်လုမတတ်ရှိကြရာလေ၏။

မြန်မာ စာအုပ်များ



ထိုအချိန်၌ ကျွန်တော်နှင့်ဆရာကြီးမှာ နေ့ရက်ဆိုင်းငံ့အကဲခတ်နေစဉ် ဖြစ်လေ၏။ ထို့ကြောင့်ကြာသော်၊ အခြောက်အလှန့်ခံရသူများ လည်း မခံမရပ်နိုင်ရှိကြသဖြင့် ဦးထွန်းဝင်းလည်း ထိုမန်ကျည်းပင်ကြီးကို ခုတ်လှဲပစ်လိုက်မည်ဟု အစေခံများနှင့်သွားရောက်ကာ သစ်ပင်ကို ဓားတင်လိုက်လျှင်ပင်၊ လူကိုမမြင်ရဘဲ အက်ကွဲသောအသံကြီးနှင့်-

"ဟေ့-ကိုထွန်းဝင်း၊ ဒီလိုမလုပ်နဲ့၊ ကျုပ်နေစရာမရှိဘူးတော့၊ ငါ့တိုက်ပေါ်ငါတက်ချင်လို့လည်း မတက်ရဘူး၊ ဒီသစ်ပင်တစ်ပင်ပဲ နေစရာရှိတယ်၊ ဒါကလေးတော့ လာမထိနဲ့၊ မိဖွားချစ်စိတ်သိတယ် မဟုတ်လား"

ဟု ပြောလိုက်မှ၊ ဓားမကိုကိုင်ရွယ်နေသော လူများနှင့်တကွ ဦးထွန်းဝင်းမှာ ကြက်သေကြီးသေလျက် ရှိလေ၏။

ဦးထွန်းဝင်းလည်း ထိုအခါမှပင် ဤမျှဆိုးဝါးရုန့်ရင်းသောင်းကျန်းနေသော တစ္ဆေသရဲကြီးကား အခြားမဟုတ်၊ မိမိမယားကြီးမဖွားချစ် ဖြစ်နေမှန်းသိရသဖြင့် သနားကြင်နာစွာနှင့်ပင်-

"ဩော်-လက်စသတ်တော့၊ မဖွားချစ်ပါကလား၊ မကျွတ်ရှာသေးဘဲကိုး၊ မဖွားချစ်ရေ-အမျှ-အမျှ"

ဟု ဆိုလိုက်ရာ၊ အသံကြီးလည်း ဆက်လက်ပေါ်လာကာ-

"ဘာအမျှလဲ၊ နင်ပေးတဲ့အမျှ ငါမယူဘူး၊ ငါ့ဒီဘဝက မကျွတ်ချင်သေးဘူး၊ ငါ့အဖြစ်ဆိုးရှုံးသလို ဆိုးရှုံးအောင် နင့်မယားငယ်ကို လက်စားချေပြီးမှ ငါသွားချင်ရာသွားမဟဲ့"

ဟု ပြောလိုက်သဖြင့်၊ ဦးထွန်းဝင်းလည်း ခေါင်းငိုက်စိုက်နှင့် စိတ်ပျက်စွာလှည့်၍ပြန်ခဲ့လေ၏။

ထိုနေ့မှစ၍ ဦးထွန်းဝင်းလည်း သံဃာတော်များပင့်ဖိတ်ကာ ဆွမ်းသွတ်အမျှဝေစေလျက် မယားကြီးမဖွားချစ်အတွက် ကောင်းရာ မွန်ရာရောက်၍ အစိမ်းသရဲဘဝမှ ကျွတ်လွတ်အောင် ပြုလုပ်ပါသော်လည်း သရဲမမှာ ခြောက်လှန့်မြဲအတိုင်း ခြောက်လှန့်နေရကား သစ်ပင်ကို ခုတ်လှဲပစ်ရမှာကလည်း မယားဖြစ်ဖူးသူဖြစ်သဖြင့် နေရာထိုင်ရာမရှိမည်စိုး၍၊ သနားကရုဏာ

မြန်မာ စာအုပ်များ



မကင်းသဖြင့် မခုတ်ပစ်ရဲဘဲနေစဉ်၊ ထိုသစ်ပင် အနီးသို့သွားရောက်ကာ အမျှ အတန်းများဝေ၍သာ နေရှာလေ၏။

ဒေါ်အေးမယ်မှာလည်း ထိုအကြောင်းများကို သိရသည့်အခါမှစ၍ စိတ်မကောင်းဖြစ်ကာ ဒေါ်ဖွားချစ်အတွက်ရည်မှန်းလျက် ကောင်းမှု ကုသိုလ်များပြုပြီးလျှင် နေ့စဉ်အမျှအတန်းဝေ၍နေရှာလေ၏။ ကျွန်တော်လည်း ယခုမှဖြင့်မထူးတော့ပြီဟု တစ်နေ့သောညတွင် ဒေါ်အေးမယ်အား ဒေါ်ဖွားချစ် မသေမီကအကြောင်းများကို မေးမြန်းစုံစမ်းကြည့်ရာ-

“မောင်ရယ်-အဒေါ်လည်း ခုမှသူမှန်းသိရပါတယ်၊ သူ ဒါလောက် အငြိုးကြီးသွားတယ်ဆိုတာလည်း မသိရပါဘူး၊ မှန်တာ ပြောရမှာဖြင့် အဒေါ့်မှာ၊ ဟို-ငယ်ရွယ်စဉ်တုန်းကတော့ မိမရှိ၊ ဘမရှိ၊ ဆွေမရှိ၊ မျိုးမရှိ၊ ဆင်းတောင့် ဆင်းရဲဖြစ်နေတဲ့အခါ ရွယ်တူတန်းတူ ယူရမှာကလည်းကာလက အခက်သား ကိုးမောင်ရဲ့၊ အလုပ်အကိုင်နဲ့ ယောကျ်ားများကလည်း ပစ္စည်းရှိတာကိုသာ မှန်းကြတယ်၊ ဆင်းရဲသား တန်းတူချင်းကျပြန်တော့လည်း ထမင်းတစ်လုပ် ဝအောင်ကျွေးနိုင်မယ့် ယောကျ်ားအရှားသား၊ အဒေါ်ကလည်း လုပ်ကိုင်မစား တတ်ဆိုတော့ ကိုယ်ရေးကိုယ်တာအတွက် ခပ်ကျပ်ကျပ်ဖြစ်နေတာကိုး မောင်ရဲ့-

ဒီတော့ မောင်ရဲ့ဦးနဲ့လာတွေ့၊ အသိမိတ်ဆွေဆိုသလို၊ အဒေါ့်ကို ချစ်ခင်တဲ့လူများကလည်း ယူသာယူပါအေ၊ သူ့ငွေးပဲ၊ ယောကျ်ားကောင်း၊ မောင်းမတစ်ထောင်တဲ့၊ သူကျွေးနိုင်လို့ယူတာကပဲ၊ ညည်းလည်း အင်မတန်မှ ဆင်းရဲနေတာ ယူသာယူလို့ အမြဲတိုက်တွန်းနေကြတဲ့အထဲ၊ မောင့်ဦးကလည်း အရပ်ထဲကလူကြီးတွေခေါ်ပြီး တင့်တင့်တယ်တယ်ဆိုသလို ဖွတ်လာပြီး တောင်းရမ်းယူတာနဲ့ ဘာပဲဖြစ်ဖြစ်ဆိုပြီး မျက်စိမှိတ်လိုက်ရပါတယ်၊ မဖွား ချစ်လည်း အဲဒီအခါတုန်းကမရှိဘဲကိုး၊ ရွှေစက်တော်ဘုရားပွဲ လိုက်သွားသတဲ့-

ပြန်လာတော့ ဒီအကြောင်းတွေကြားတော့၊ လင်မယားရန်ဖြစ် လိုက်ကြတာဆိုပဲမောင်ရဲ့၊ ဒါနဲ့ အဲ-ဒီကထဲက တဆူဆူ၊ တပူပူဖြစ်နေကြတာပဲ၊ မဖွားချစ်ကလည်း နဂိုကခပ်စွာစွာ၊ မောင့်ဦးအပေါ်မှာလည်း ဩဇာကြီးလာခဲ့

တာကိုး၊ ဒီနေရာတစ်ခုသာ သူဩဇာမပေးနိုင်လို့ လက်လျှော့နေရတာကလား၊ ဒါပေတဲ့ နေ့ရှိသလောက်ဟာ တကျက်ကျက် ရန်ဖြစ်နေကြတာပဲတဲ့၊ တချို့က လည်း လာလာပြောလိုက်ကြတာ မောင်ရယ်၊ အဒေါ်နဲ့ မောင့်ဦးမင်းနဲ့ ကွဲရာ, ကွဲကြောင်း၊ မကောင်းကြံတဲ့ အကြောင်းတွေ၊ အဒေါ့်ကိုသေကြောင်းကြံတာတွေ၊ မကောင်းတဲ့လက်ဝဲ လမ်းလိုက်ပြီး အစိမ်းတိုက်, စုန်းတိုက်, နတ်တိုက်စုံလို့ လုပ်နေတာပဲတဲ့-

ဟုတ်စရာလည်းရှိပါရဲ့၊ အဒေါ် ထိတ်လန့်စရာတွေတွေ့လိုက် ရတာမောင်ရယ်၊ ရတနာသုံးပါးနဲ့ စိတ်ကောင်းနှလုံးကောင်း ထားခဲ့တာ ကလေး ကယ်ပေလို့သာ မသေခဲ့တာပေါ့၊ အဒေါ့်စိတ်ကတော့ သူ့ကို မေတ္တာမတုံးပါဘူး၊ သူကတော့ မုန်းမယ်ဆိုလည်းမုန်းထိုက်ပေမှာပေါ့လေ၊ သူ့လင်ကို အဒေါ်က ယူထားမိပေတာကိုး လို့ဆိုတာ၊ အမြဲစိတ်ထဲမှာထားပြီး မေတ္တာပို့ပါတယ်-

အဲ-ဒီလို တကျည်ကျည်, တကျက်ကျက်နဲ့ပဲ (၄-၅)နှစ်လောက် ရှိတော့၊ သူ့ခမျာ ရုတ်တရက်သေသွားရှာတယ်၊ အဲ-ဒါတောင် တချို့ ကတော့ အဒေါ့်ကိုတိုက်ဖို့သူမွေးထားတဲ့ သရဲက အစာမကျွေးမိတာနဲ့ သူ့ကိုပြန်စား သွားတယ် ပြောကြသေးတယ်၊ အဒေါ့်စိတ်ကတော့ မယုံကြည်လှပါဘူး၊ ပြီးတော့လည်း သူသေတာ ကိုးနှစ်, ဆယ်နှစ်ရှိတော့မယ်၊ ဘယ်တော့မှ ခြောက်တယ်လှန့်တယ်လည်း မရှိခဲ့ပါဘူး၊ တစ်ခုတော့ရှိရဲ့၊ အဲ-ဒီအခါတုန်းက အဒေါ့်ကံဇာတာကောင်းနေတဲ့ အခိုက်အလှည့်နဲ့ ကြုံနေလို့လားတော့မသိဘူး"

"ဟုတ်ပါလိမ့်မယ်ခင်ဗျာ၊ အဒေါ့်ကံဇာတာ တက်လာလို့သာ၊ သူသေ ပေးရတာထင်ပါရဲ့၊ အဆုံးမှာတော့ ကံကောင်းသူရောက်တော့ ကံမဲ့သူပျောက်ရ သတဲ့၊ "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ တစ်ယောက်သူမှာ၊ ပျက်မြဲ သာတည်း"ဆိုသလိုပေါ့"

"ဟုတ်ပါလိမ့်မယ်၊ ရှစ်နှစ်, ကိုးနှစ် ကံဇာတာတက်နေခဲ့လို့၊ နှိပ်စက် ချင်ရက်နဲ့ စောင့်နေခဲ့ရရှာတာထင်ပါရဲ့၊ ဒါနဲ့ အဒေါ်လည်း မကြာခင် ဒီတိုက် ပေါ်ရောက်တာပါပဲ၊ မဖွားချစ်က ကျန်ရစ်ခဲ့တဲ့ သမီးကလေးလည်း (၁၀) နှစ် သမီးလောက်ရှိတယ်။ မနှစ်ကဆုံးသွားတဲ့သူငယ်မ ကလေးနှင်းဆီဆိုတာပေါ့၊

မြန်မာ စာအုပ်များ



အဒေါ်လည်း မနှင်းဆီကို သမီးအရင်းမဝင်းကြည်နဲ့မခြားပါဘူး၊ အင်မတန်ခမ်းမြောက်စား အလိုလိုက်ထားပြီး အဒေါ့် သမီးအရင်းလိုချစ်ပါတယ်၊ ကလေးမလေးကလည်း အဒေါ့်ကိုမိထွေးလို သဘောမထားရှာပါဘူး၊ အမေအရင်းများလိုပဲ ခင်ရှာပါရဲ့-

ညီမလေး မဝင်းကြည်နဲ့ဆိုတာ တည့်လိုက်တာ ခွဲလို့တောင်မရဘူး၊ မဝင်းကြည်ကလည်း ငယ်ငယ်တုန်းက ချူချာလိုက်တာ မောင်ရယ်၊ ဘယ်လိုကလေးမလေးရယ်လို့ မပြောတတ်ပါဘူး၊ တစ်စွန်းတစ်စ, ထိမိခိုက်မိ, လဲလိုက်လိမ့်ကျလိုက်၊ ည, ညများ ဆွဲဆိတ်လိုက်သလိုပဲ၊ လန့်ဖျပ်အော်လိုက်ပလားဆို၊ ဆယ်အိမ်ကြား, ဆယ့်တစ်အိမ်ကြားပဲ မောင်ရဲ့၊ ဩော်-ပြောရင်းဆိုရင်း သတိရသွားမိတယ်၊ အဲဒါလည်း မဖွားချစ်လက်ချက်တွေပဲထင်ပါရဲ့၊ အဒေါ့်ကို မလုပ်နိုင်တော့ ကလေးကိုလုပ်လိုက်တာ၊ တစ်နေ့ကလည်း ကြည့်ပါလား၊ မဝင်းကြည် အလှူသွားစရာရှိတာနဲ့ မနှင်းဆီရဲ့ လက်ဝတ်လက်စားတွေပါ ထည့်ဝတ်လာမိလို့ ထင်ပါရဲ့၊ လက်ကြီးနဲ့ ဖြန်းခနဲရိုက်လိုက်တာ၊ ခုလည်း အဒေါ်ဒီလိုဖြစ်တာ၊ အဲ-ဒီမန်ကျည်းပင်နားက လန့်လာပြီးမကြာဘူး ဒီလိုဖြစ်ရတာပဲ မောင်ရဲ့"

ဟု အေးဆေးစွာ ဇာတ်စုံခင်း၍နေစဉ် ဦးထွန်းဝင်း၏စူးရှထက်သန်စွာငယ်သံပါအောင် ဟစ်အော်လိုက်သော အသံကိုကြားရသဖြင့် တစ်အိမ်သားလုံး ထိတ်လန့်တကြားဖြစ်ကာ အသံလာရာဆီသို့လိုက်လံကြည့်ရှုရာတွင် သစ်ပင်အောက်မှညည်းညူသံကိုကြားရသဖြင့် ဓာတ်မီးများနှင့်သွားရောက်ကြည့်ရှုကြရာ ဦးထွန်းဝင်းမှာ လွန်စွာကြောက်ရွံ့လှသောမျက်နှာနှင့် မျက်လုံးကြီးများပြူးထွက်ကာ လျှာကြီးထွက်ပြီး ဇက်ကျိုးပျော့ခွေလျက်လဲနေပြီးလျှင် အသက်ယဲ့ယဲ့မျှနှင့် ညည်းညူ နေသည်ကိုတွေ့ရသောကြောင့် ဖေးမပွေ့ထူကြရာတွင် ဦးထွန်းဝင်းလည်း သွေးရူးသွေးတန်းနှင့် ပြောသကဲ့သို့ မပီမသလျှာသံလေးလေးကြီးနှင့်-

"ထွားချစ်အူနုတ်သွားတယ်၊ မအေးမယ် ငါမနေရဘူးတဲ့"

မြန်မာ စာအုပ်များ



ဟု တစ်လုံးချင်းပြောပြီး အသက်ပျောက်သွားရှာလေသတည်း။

ကျွန်တော်တို့လည်း ဦးထွန်းဝင်းအတွက် ကိစ္စမရှိတန်ဘူးထင်သဖြင့် အစောင့်အရှောက်အကာအကွယ် ပြုလုပ်မပေးမိခဲ့သောကြောင့်၊ ဤသို့ လွယ်ကူလျင်မြန်စွာ သေဆုံးရရှာသည်ကို ဝမ်းနည်းလိုက် ကြရတော့၏။ သို့နှင့် ဦးထွန်းဝင်းကို သင်္ဂြိုဟ်ပြီးသည့်နောက် ဒေါ်အေးမယ်တို့လည်း နောက်ထပ် မည်သို့ဖြစ်ရဦးမည်မသိ၊ ကြောက်ရွံ့လှ၍ ဆရာကြီးနှင့်ကျွန်တော်တို့အား ရုတ်တရက်မပြန်ပါမည့်အကြောင်းကို ရှိခိုးဦးနှိမ်အကြိမ်ကြိမ်တောင်းပန်သဖြင့် ခေတ္တရက်ဆိုင်းငံ့၍ နေရပြန်လေရာ အဆိုပါသစ်ပင်၌ကား ရှေးကထက် ထူးခြားစွာ ခြောက်လှန့်သောင်းကျန်းနေကြပြီး-

"ငါ့ပစ္စည်းတွေအကုန်မယူနဲ့-မိအေးမယ်-ငါ့ပစ္စည်းတွေအကုန် မယူနဲ့ ဟဲ့-"

ဟု အသံနက်ကြီးဖြင့် ညတိုင်းဟစ်အော်နေသောကြောင့် ဒေါ်အေး မယ်မှာ လွန်စွာကြောက်ရွံ့နေရှာပြီးလျှင်၊ ထိုတိုက်ကြီးတွင်လည်း မနေဝံ့တော့ဘဲ ထုခွဲရောင်းချ၍ ရှိပစ္စည်းများကိုလည်း တစ်ဝက်ခွဲပြီးလျှင် သွားလေသူများ အတွက်ရည်စူး၍ ကျောင်းဆောက်ခြင်း, ဘုရားတည်ခြင်း စသည်ဖြင့် ရတနာ သုံးပါးဘက်တွင် အသုံးချ၍ပစ်ပြီးလျှင် အမျှအတန်း များကိုပေးဝေကာ မိမိအဖို့ ရထိုက်သည့် ပစ္စည်းကလေးများကိုယူပြီး တစ်နေရာတွင် အိမ်ကလေးတစ်လုံး ဝယ်၍ သားအမိနှစ်ယောက် နေထိုင်လာခဲ့ကြရာ ယခုအခါတွင်ကား မဝင်းကြည်မှာ ရာဇဝတ်အုပ်ကလေးတစ်ယောက်နှင့် အကြောင်းပါသဖြင့် ရွှေဘိုမြို့တွင် အေးချမ်းစွာနေထိုင် လျက်ရှိကြလေသတည်း။

မြန်မာ စာအုပ်များ

# မှော်ဝန်းသိင်္ဂီ

## (၁၉၄၀-ခုနှစ်တွင် ရေးသားခဲ့သည်။)

'မှော်ဝန်းသိင်္ဂီ'ဟူသော ကြေးပြားဆိုင်းဘုတ်ကလေးသည် ကြီးမားခံ့ထယ်သော သံတိုင်ဝင်းတံခါးကြီး၏ဘေးရှိ အုတ်နံ့ရံတွင် အရောင်မထွက် မပြောင်လက်ဘဲ တည်ရှိလေ၏။ ယင်းသို့ ကြေးပြားဆိုင်းဘုတ်ကလေး၏ အရောင်မှိန်ဟောင်းနွမ်းနေသကဲ့သို့ပင် ခြံဝင်းအတွင်း၌ မပြုမပြင် နှစ်ရှည်လများ ပစ်စလက်ခတ်ထားခဲ့သော သစ်ပင် ပန်းပင်များမှာ ရှည်လျားရှုပ်ထွေးသော အကိုင်း အခက် အရွက် အနွယ်များဖြင့် လူသွားလမ်းကလေးမျှ မရှိအောင် အုပ်ဆိုင်း လွှမ်းမိုးထားလေ၏။

ရှေးအခါက အလှအပ စိုက်ပျိုးထားခဲ့သည်နှင့်တူသော ဒဝယ်မှိုင်း၊ ဒေါင်းဆရစ်၊ တိုက်ပန်းဖြူစသည့် နွယ်ပင်အမျိုးအစားများမှာလည်း ပြုပြင်ကိုက်ညှပ်ပေးမည့်သူ မရှိတိုင်း ခြံအတွင်းရှိ မရမ်းပင်၊ သရက်ပင်၊ စကားဝါပင် စသည့် ပင်မြင့်ကြီးများပေါ်သို့ ကျူးကျော်ဖုံးလွှမ်းကာ ရုပ်လုံးရုပ်ပြောင်ကြီးများ အလား ပတ်နွယ်ရစ်လိမ်ထားရုံမက အချို့မှာ အပင်မြင့်ဆီမှတစ်ဖန် မြေပြင်သို့ ပြန်ဆင်းရန် တွဲတိတွဲလောင်း စာဗူးတောင်းကြီးများပမာ တွဲရရွဲကျကာနေသောကြောင့် ခြံကြီးတစ်ခြံလုံးမှာ အုပ်ဆိုင်းမည်းမှောင် အလင်းရောင်မရှိ တောကြီးမျက်မည်းအတိ ဖြစ်နေလေတော့၏။

ထိုခြံအို ခြံရိုင်းကြီး၏ အလယ်ဗဟိုဌာမှကား အလွန်ဟောင်းနွမ်းလျက် ကြီးမားရှေးကျလှသော ဆင်ဝင်အုတ်ခံနှစ်ထပ်အိမ်ကြီးတစ်လုံးကိုလည်း သစ်ပင်ရိုင်းများအကြားမှ တစ်စိတ်တစ်ဒေသအားဖြင့် တွေ့မြင်နိုင်လေ၏။

ထိုအိမ်အိုနှင့် ခြံဟောင်းပိုင်ရှင်ကား ဂျာမနီပြန် ဆရာဝန်ကြီး ဦးဘခက်ဆိုသည့် အဘိုးကြီးတစ်ဦးဖြစ်လေသည်။ ဦးဘခက်မှာ ဂျာမနီပြည်မှ ဆရာဝန်ဘွဲ့ကို ယူခဲ့သူဖြစ်သည့်အားလျော်စွာ ဆေးပညာအတတ်တွင် တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်လာသူဖြစ်၍ ခပ်ငယ်ငယ် အရွယ်ကောင်းစဉ်က မန္တလေး-ရန်ကုန်စသော စည်ကားသော မြို့ကြီးတို့တွင် ကိုယ်ပိုင်ဆေးဆိုင်ကြီးဖွင့်ကာ သူနာတို့ကို လက်ခံကုသခဲ့ခြင်းဖြင့် မြို့ပေါ်တွင် အကျော်ဇေယျ နာမည်ဂုဏ်ထူးရခဲ့လေသည်။

အဘယ်ဆရာဝန်က လက်လျှော့သည်ဖြစ်စေ ဆရာဝန်ကြီး ဦးဘခက်လက်သို့ရောက်လာလျှင် မျက်ဖြူစိုက်နေသော သူနာဖြစ်လင့်ကစား အသက်ချမ်းသာရာရသည်ဟု သူနာရှင်တို့ အယူရှိကာ အထူးခေတ်ကောင်းခဲ့သလောက် ဦးဘခက်တွင် ငွေပဒေသာပင်ကြီးတွေ ပေါက်နေသကဲ့သို့ ဒီရေအလား ထားစရာမရှိအောင် စီးပွားတက်ခဲ့ပြီးမှ ဆရာဝန်ကြီး ဦးဘခက်မှာ 'မမှားသောရှေ့နေ၊ မသေသောဆေးသမား' ဆိုသော စကားအရ ဦးဘခက်၏ ချစ်လှစွာသော ဇနီးမယားမှာ သမီးငယ် ကလေးတစ်ယောက်နှင့် လင်သည် ဦးဘခက်ကို ပစ်ခွာလျက် သေမင်းရွာသို့ လိုက်ပါသွားရသောအချိန်မှစ၍ ဦးဘခက်မှာ စိတ်ပျက် လက်ပျက်ဖြစ်ကာ လောကကြီးနှင့် ထွေးလား လုံးလား မနေတော့ဘဲ မြို့ထဲရွာထဲမှ ခွာဖယ်ကြဉ်ရှောင်ကာ ပြင်ဦးလွင်နှင့် အနီးစခန်း ဘူတာအကြား မော်တော်ကားလမ်းဘေးရှိ အဆိုပါ 'မှော်ဝန်းသိင်္ဂီ'ခေါ် ခြံကြီးတွင် အဖော်မနီး ရိပ်ကြီးမိုသော တပသီရသေ့အလုပ်ပင် မဟုတ်စေကာမူ လူသူဆိတ်ကင်းရာ ထိုဌာန၊ ထိုအရပ်တွင် မိမိတတ်မြောက်ခဲ့သည့် ဆေးပညာရပ်အမျိုးမျိုးမှ ကောင်းနိုးရာရာ အညွန်းအသားများကို လက်တွေ့စုံစမ်းလျက် တစ်ဖက်တစ်လမ်းမှ ပညာစွမ်းနှင့် လမ်းစရှာ၍နေခြင်းဖြင့်သာ မိမိဘဝကို ပျော်ရွှင်သမှုပြု၍ နေရှာတော့သည်ဟု ၎င်း၏နောက်နောက်က ရင်းနှီးခဲ့သော အသိမိတ်ဆွေတို့ ပြောသံကို တစ်ဆင့်စကား ကြားရလေတော့သည်။

မြန်မာ စာအုပ်များ



ဦးဘခက် ကိုယ်တိုင်ကား အပြင်အပသို့ သွားလာခြင်းအမှုဆို၍ လုံးလုံးမပြုသလောက် နည်းပါးလေ၏။ အိမ်ကြီးတွင်မူ အပြင်က ဟောင်းနွမ်းနေသလောက် အတွင်း၌ ခိုင်ခန့်သစ်လွင်သော အခန်းကြီး နံရံကြီးများ၊ ပြတင်းပေါက် တံခါးပေါက်အထပ်ထပ်များနှင့် ခမ်းနားသော ဆေးခန်းကြီးများကို အံဝှက် တံခါးဝှက်များနှင့်တကွ စိတ်တိုင်းကျ ပြုပြင်ဆောက်လုပ်ထားလေရာ အစေခံတစ်ယောက်၊ ထမင်းချက်သမားတစ်ယောက်နှင့်သာ ထူးဆန်းသော ဆေးပညာနည်းဆန်းတစ်ခုကို စမ်းသပ်ရှာဖွေနေသောကြောင့် ဦးဘခက်၏ ရည်ရွယ်ချက်ကို မည်ကဲ့သို့ ဝေဖန်ချက်ပေးရန်ပင် ခက်ခဲလျက်ရှိလေတော့သည်။

ဦးဘခက်၏ အတွင်းကျသော လက်ရင်းလူယုံတော်ကြီးတစ်ယောက်မှာကား မန္တလေးမြို့ရှိ ဈေးကျ၍ ကြီးကျယ်ခမ်းနားသော ဦးဘခက်ပိုင်ဆေးတိုက်ကြီး၌ လက်ထောက်ဆရာဝန်ကြီး ဦးရွှေတင်ဆိုသူဖြစ်လေရာ ဦးဘခက်သည် ၎င်း၏တပည့်လည်းတပည့် လက်ထောက်ဆရာဝန်လည်းဖြစ်၍ ဆေးတိုက်ကိုယ်စားလှယ်ကြီး သစ္စာရှိသော အဆွေခင်ပွန်းလည်းမြည်၊ ညီရင်းအစ်ကိုတမျှလည်း ချစ်ကြသော ဦးရွှေတင်အား သူ၏လုပ်ငန်းအရပ်ရပ်နှင့် အကြံအစည်အမျိုးမျိုးတို့အပြင် သားရေးသမီးရေး စီးပွားရေးအစ လုံးဝ ဦးရွှေတင်ကိုသာလျှင် တာဝန်လွှဲအပ်ထားခဲ့သည်ဖြစ်ရာ ဆရာဝန် ဦးရွှေတင်မှာ အနီးစခန်းရှိ 'မော်ဝန်းသိဂီ'ခေါ် ခြံသို့ အရေးကိစ္စကြီးငယ်ရှိတိုင်း သူ၏ကားကလေးနှင့် မကြာခဏ အပြေးရောက်လာကာ ဦးဘခက် အလိုရှိသမျှ အရာရာတို့ကို သေသပ်ကျိုးနွံစွာ ဆောင်ရွက်လုပ်ကိုင်ပေးရရှာလေသည်။

ဦးဘခက်၏ သမီးပျိုကလေးဖြစ်သော 'မေနွဲ့ရီ'သည်ပင် ကျောင်းပိတ်ရက်များ၌ ပျင်းရိငြီးငွေ့စရာကောင်းလှသော ဦးဘခက်၏ မော်ဝန်းသိဂီဆီသို့ မပြန်ချင်ဘဲ ဆရာဝန်ကြီး ဦးရွှေတင်၏အိမ်တွင်သာ သူ၏သားသမီးများနှင့်အတူ ပျော်ပျော်ပါးပါးနေခဲ့သည်က များလေ၏။

ဦးရွှေတင်၏ သားအကြီးဆုံး ကောလိပ်ကျောင်းသားတစ်ဦး ဖြစ်သူ မောင်မောင်မြသည်လည်းကောင်း၊ မေနွဲ့ရီနှင့်တစ်တန်းတည်း စာသင်ဖက်ဖြစ်

မြန်မာ စာအုပ်များ



သော သမီးငယ် ထွေးထွေးတင်သည်လည်းကောင်း မေနွဲ့ရီအား အဖော်ချင်း ရင်းနှီးချစ်ခင်ကြသလောက် ၎င်းတို့ လူငယ်များမှာလည်း တစ်ယောက်နှင့် တစ်ယောက် အထူးသဖြင့် ချစ်ခင်ကြင်နာစွာ နေထိုင်လာခဲ့ကြလေသည်။

ဤသည်တို့ကား 'မှော်ဝန်းသိဂီ'ခေါ် ခြံပိုင်ရှင်ဆရာဝန်ကြီး ဦးဘခက်၏ အကြောင်းအတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖြစ်လေတော့သည်။

တစ်နေ့သ၌ မေနွဲ့ရီ၊ ထွေးထွေးတင်၊ မောင်မောင်မြတို့သည် ပူအိုက်သော ကျောင်းပိတ်ရက်အတွင်းဖြစ်၍ လေညှင်းခံရင်းဆိုသလို မောင်မောင်မြ ကိုယ်တိုင် ၎င်းပိုင်မော်တော်ကားကလေးကို မောင်းကာ ပြင်ဦးလွင်သို့ ထွက်လာခဲ့ကြလေ၏။

ရင်းနှီးချစ်ခင်သော သူငယ်ချင်းဖြစ်ရုံမက မေနွဲ့ရီနှင့် မောင်မောင်မြတို့မှာ ဖခင်နှစ်ဦးက အသိပေးကာ အချိန်ရွယ်ရောက်က လက်ထပ်ရန် ပြောဆိုထားကြပြီးဖြစ်၍ ၎င်းတို့ကလည်း ထိုကိစ္စကိုသိပြီး အချင်းချင်းသဘောကျကျေနပ်ချစ်ခင်ကြပြီးဖြစ်ကြလျက် ထွေးထွေးတင်နှင့် မေနွဲ့ရီတို့မှာလည်း သူငယ်ချင်းချစ်၊ ယောင်းမကလေးများ ဖြစ်နေကြသလောက် ယခုကဲ့သို့ လွတ်လပ်စွာသွားလာလည် ပတ်နေရသောအခါ အပျော်ကြီးပျော်၍ နေကြရှာလေ၏။ သို့နှင့် လမ်းခရီးအနီးစခန်းရှိ မှော်ဝန်းသိဂီခြံကြီးအနီးသို့ ရောက်ကြသောအခါ ထွေးထွေးတင်က စတင်ကာ . . .

"မမရီရေ လမ်းကြုံလို့ရှိမှ ရီတို့ဖေဖေကြီးဆီ ဝင်ကြဦးစို့လား"

"တင် ဝင်ချင်ဝင်လေ၊ ရီတော့ ဖေဖေကြီးဆီသွားရတာ ပျင်းစရာကောင်းလွန်းလို့ တယ်မဝင်ချင်ဘူး၊ ဖေဖေလည်း တစ်နေ့တစ်နေ့ ဆေးခန်းထဲမှာ ကုပ်ကုပ်ကုပ်ကုပ်နဲ့ ဘာတွေလုပ်နေမှန်းမသိဘူး၊ ကိုယ့်သမီးလေးတစ်ခါတလေလာလို့မှ စကားကလေး ဘာလေး ပြောဖော်မရဘူးကွဲ့၊ ကိုယ့်အခန်းထဲမှာ ကိုယ်နေနေရတာ သိပ်ပျင်းစရာကောင်းတာပဲ"

"အို ဘာဖြစ်လဲမမရီရယ်၊ လမ်းကြုံလို့ ရောက်တဲ့အခါ ခဏ ဝင်ကြည့်လိုက်တာပေါ့၊ ကဲ . . . ကိုကို ခြံထဲမောင်းပါ"

"ဘယ့်နှယ်လဲ ရီ၊ မောင်းရမှာလား"

"မောင်းလေ၊ မောင်းပါ၊ တင် ဒါလောက်ဝင်ချင်မှ ဝင်ကြတာပေါ့"

မောင်မောင်မြသည် ချစ်သူ မေနွဲ့ရီ၏ အမိန့်ကျလာမှ ခြံထဲသို့ ကားကို မောင်းခဲ့လေသည်။ ဆင်ဝင်အောက်ရှိ အမြဲပိတ်ထားသော တံခါးကြီးကို အပြင်မှနေ၍ ခေါက်ကြလေ၏၊ တံခါးခေါက်သံကြောင့် မျက်နှာတစ်ခုစာမျှ ချောင်းကြည့်ရသော အပေါက်ငယ်တစ်ခု ပွင့်လာပြီး ဦးဘခက်၏ လူယုံအစေခံကြီး ဦးသာခေါင်၏ မျက်နှာပေါ်လာ၏။

"ဩော် ရီရီတို့ပါလား၊ ဒါပေတဲ့ ဆရာကြီး ဒီနေ့ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ ဘယ်သူလာလာ၊ တံခါးဖွင့်မပေးနဲ့လို့ မှာထားပါတယ်၊ ဒါကြောင့် မဖွင့်ပါရစေနဲ့"

ဟု ပြောလေ၏။ မေနွဲ့ရီတို့သည် ထွေးထွေးတင်ဘက်သို့ လှည့်၍ မေးငေါ့ကာ . . .

"ကဲ ဒါကြောင့် မမရီ မပြောလား၊ မဝင်ကြပါစို့နဲ့လို့၊ ဖေဖေ့မှာ ဆေးစပ်တဲ့ကိစ္စတစ်ခုက ဆယ်ရာသီ အမြဲအရေးကြီးနေတာတင်ရဲ့၊ ကိုင်း ကြာပါတယ်၊ လာပါသွားကြပါစို့" '

ဟုဆို၍ သုံးယောက်သား၊ ကားပေါ်သို့ တက်ကြမည်ပြုစဉ် ခြံဝင်းထဲသို့ အခြားကားကလေးတစ်စင်း ဝင်လာသည်ကို တွေ့ရသောကြောင့် ခေတ္တ ရပ်တန့် ကြည့်နေမိကြလေ၏။

ဝင်လာသော ကားကလေးမှာ အခြားမဟုတ် မောင်မောင်မြနှင့် ထွေးထွေးတင်တို့၏ ဖခင်ဆရာဝန်ကြီးဦးရွှေတင် စီးလာသော ကားဖြစ်လေ၏။ ဦးရွှေတင်သည် မျက်မှန်ကြီးကိုတပ်ကာ ကားကလေးကို ကိုယ်တိုင်မောင်းလျက် အခြားမည်သူကိုမျှ ဂရုမစိုက်နိုင်ပဲ ဆင်ဝင်အောက်သို့ ရှောခနဲ ထိုးရပ်လိုက်ပြီး ဆယ့်နှစ်လက်မပတ်လည်ခန့်မျှရှိသော သားရေလက်ဆွဲသေတ္တာကလေးတစ်ခု ကို လက်နှစ်ဖက်နှင့် တရိုတသေ ယုယုညင်သာစွာပိုက်ကာ တံခါးရှိရာသို့ သုတ်သီးသုတ်ပျာ သွားပြီး တံခါးကိုခေါက်ရာအတွင်းမှ ဦးသာခေါင်၏ မျက်နှာ တစ်ခြမ်း ထွက်ပေါ်လာလေ၏။

ဦးသာခေါင်သည် ဦးရွှေတင်ကိုမြင်လျှင် တံခါးကို အလျင်စလို ဖွင့်ပေး၍ ဦးရွှေတင် အတွင်းသို့ဝင်မိသောအခါ တံခါးကို လေသလပ် ပင်မခံ လျှင်မြန်စွာ တံခါးကို ပြန်ပိတ်လိုက်လေ၏။

"ကြည်စမ်းတင် မမရီတို့လို သမီးအရင်းလာတာကို အတွေ့မခံနိုင် ပေတဲ့ ဆေးပညာနဲ့ပတ်သက်တဲ့ ကိစ္စဆိုတော့ ဦးသာခေါင်ကြီးက ကျကျနန ဆီးကြိုပြီး တံခါးဖွင့်ပေးရတယ်ကွဲ့၊ ဖေဖေတော့ ဒီတစ်သက် ဒါတွေနဲ့ပဲ အရိုးထုတ်တော့မှာပဲ "

ဟုဆိုကာ ပြုံးလေ၏။ မောင်မောင်မြကလည်း . . .

"ဒီလောက်အရေးတကြီး အပင်ပန်းခံပြီး ကြံစည်နေတာဟာ ဘယ်လို ထူးခြားတဲ့ ဆေးပညာတွေများ စမ်းသပ်ကြံစည်နေသလဲ မသိရဘူးလားရီရဲ့"

ဟု ဆိုလျှင် မေနွဲ့ရီက ပြုံး၍ . . .

"ရီတော့ နည်းနည်းမှ မသိရဘူး ကိုကိုမြရယ်၊ ဖေဖေ့အလုပ်ကိစ္စဟူ သမျှကို ကိုကိုမြတို့ဖေဖေသာ အသိဆုံးမို့ သိချင်ရင် ကိုကိုမြတို့ ဖေဖေကို မေးကြည့်ပါလား"

"ပြောပါလိမ့်ဗျာ စောင့်သာနေ၊ ကိုတို့ဖေဖေကသာဆိုးသေး၊ ရီတို့ ဖေဖေ လုပ်တဲ့အလုပ်ဆိုရင် ကိုတို့ဖေဖေက သူ့အသက် အသေခံပြီး ဖုံးဖိထား တော့မလောက်ပဲ"

"ကဲဒါဖြင့် အဘိုးကြီးနှစ်ယောက် သူတို့ဟာသူတို့ဆေးခန်းထဲမှာ ထောင်နေနေ, ပြားနေနေ ရီတို့အလုပ်မဟုတ်ပါဘူး လာပါသွားကြစို့"

ဟု ဆိုကာ သုံးယောက်သား ကားပေါ်တက်ပြီး ပျော်ပျော်ပါးပါး ခရီးဆက်လက် ထွက်သွားကြလေသည်။

အိမ်ကြီးတစ်ခုလုံးကား နေ့အခါပင် ဖြစ်လင့်ကစား တိတ်ဆိတ် ငြိမ်သက်လျက်ရှိလေ၏။ ဦးရွှေတင် အပေါ်ထပ်ဆေးခန်းသို့ ရောက်သော အခါ နာရီကို မကြာခဏကြည့်ပြီး စောင့်စားနေသော ဆရာဝန်ကြီး ဦးဘခက် နှင့် ၎င်းအနီးတွင် ဘောင်းဘီတိုနှင့် ကျန်းမာသန်စွမ်းပုံရသော သူငယ်ပျို တစ်ဦးနှင့် အရွယ်တူမိန်းမပျိုတစ်ယောက်ကို တွေ့ရလေ၏။

မြန်မာ စာအုပ်များ



ဦးဘခက်သည် လက်ထဲမှ နားကြပ်ကြီးကို စင်ငယ်တစ်ခုပေါ်သို့ တင်လိုက်ကာ . . .

"ဩော် . . . ကိုရွှေတင် အချိန်မီရောက်လာရဲ့ကိုး၊ ဘယ်မလဲ ဟိုဟာပါရဲ့လား"

"ပါတယ်ဆရာရဲ့၊ ဟောဒီမှာ"

ဟုဆိုကာ သေတ္တာကို ထိုးပြလေရာ ဦးဘခက်လည်း ဦးရွှေတင် အား ကျေးဇူးတင်ဝမ်းသာသော မျက်နှာထားနှင့် ပြုံးပြုံးကြီးကြည့်ကာ. .

"ဩော် အင်း နေရာကျလိုက်တာ၊ ကဲ ကဲ အတွင်းခန်းထဲကို ယူသွားနှင့်ပေတော့၊ ဒီသူငယ်ကိုလည်း စမ်းသပ်စစ်ဆေးပြီးပြီ၊ ကိုရွှေတင် ရှာလာတဲ့ သူငယ်ပဲလေ၊ တယ်နေရာကျတယ်၊ သတ္တိ,ဇွတ္တိကလည်းရှိသည်။ ကျန်းမာသန်စွမ်းတဲ့ သွေးသားနဲ့လည်း အမျှားကြီးပြည့်စုံတယ်၊ သူ့ကိုလဲ အစစပြောပြပြီးပြီ ကိုရွှေတင်ရဲ့၊ သူငယ်မကလေးအတွက်လည်း ငွေသုံးရာ၊ ကဲလေ ဒါတွေပြောပြီးပါပြီ။ လာ လာ ဟော့ သူငယ် အချိန်စေ့ပြီ ဆေးစမ်းကြစို့"

ဟုဆို၍ အတွင်းခတ်ခန်းသို့ ဝင်လိုက်သွားလေ၏။

ယောက်ျားပျိုလေး အတွင်းခတ်ခန်းသို့ ဝင်လိုက်သွားခါနီးတွင် မိန်းမပျိုအား . . .

"အသိန်းရေ ကိုလှ အခန်းထဲသွားမယ်၊ သိန်းကော ဒီကစောင့်နေမလား၊ အထဲလိုက်ခဲ့မလား"

"သိန်းတော့ ကြည့်လည်းကြည့်ချင်တယ်၊ မကြည့်လည်း မကြည့်ရဲဘူး ကိုလှရယ်၊ ဒါနဲ့ ကိုလှရယ် သိန်း ဘာပြုလို့ လဲမသိဘူး၊ စိတ်လေးလိုက်တာ မလုပ်ကြပါစို့နဲ့၊ သူတို့ငွေပြန်ပေးပြီး ပြန်ကြပါစို့လားဟင်၊ သိန်း ဒီငွေတွေလဲ မလိုချင်ပါဘူး"

"အိုကွယ် . . . သိန်းကလည်း စိုးရိမ်စရာမဟုတ်တာ စိုးရိမ်နေပြန်ပါပြီ၊ ကိုလှကို မေ့ဆေးပေးပြီး သူတို့ စမ်းသပ်ထားတဲ့ ဆေးပညာတစ်ရပ်ဟာ အထမြောက်တယ် မမြောက်ဘူးဆိုတာကို စမ်းရုံကလေး စမ်းကြည့်မှာပါ၊ ကိုလှတို့မှာ ခေတ်ကျပ်ကြီးထဲ အလုပ်အကိုင်ကလည်းမရှိတော့ ကိုယ့်မယား

မြန်မာ စာအုပ်များ



ကလေး အသိန်းကို သူများနည်းတူ ဝတ်ချင်တာ မဝတ်ရ၊ စားချင်တာ မစားရ ဖြစ်နေတာလည်း မကြည့်ရက်နိုင်လွန်းလို့ပါကွယ်၊ သုံးနာရီလောက် အစမ်း သပ်ခံရုံကလေးနဲ့ ငွေသုံးရာရနေတာ နည်းသလား၊ ငွေရှားတဲ့အခါ ဒီလောက် အချောင်ရတာရှိဦးမလား အသိန်းရာ၊ ဘာမှတွေးပြီး စိုးရိမ်မနေစမ်းပါနဲ့"

ဟု စိတ်အားထက်သန်စွာ ချော့မော့ပြောသည့်တိုင်အောင် အသိန်း မှာ ယခင်ကကျေကျေနပ်နပ် အခွင့်ပြုခဲ့ဖူးသော်လည်း ယခုကဲ့သို့ ဘီလူးတွေ့ ဒူးတွေ့ မိမိလင်ယောကျ်ားအား ဆေးဝါးဖြင့် ပြုပြင်စီရင် မည့်ဆဲဆဲရှိနေသော အခါတွင်ကား အကြောင်းမဲ့စိတ်များ မသိုးမသန့်နှင့် လေးလံလာပြီး စိုးရိမ် တကြီးကန့်ကွက်မိရှာတော့သည်။

မိမိလက်တွင် ကိုင်ထားသော ငွေစက္ကူသုံးရာကို ကြည့်လိုက်၊ လင်သားမျက်နှာကိုကြည့်လိုက်နှင့် မတော်တဆ တိမ်းချော်စောင်းပါသွားခဲ့ သည်ရှိသော ဤငွေသုံးရာကို မျှ၍ကျနိုင်မည်မဟုတ်ကြောင်းကို တွေးမိလျက် ဆေးဝါးစမ်းသပ်သည်ဆိုရာမှာလည်း ကာယကံရှင်ကိုယ်၌ကပင် (စမ်းသပ် သည်) ဟု ဆိုထားသောကြောင့် တစ်စုံတရာဘာမျှမဖြစ်ဟု တစ်ထစ်ချ အာမမခံနိုင်သော အရေးအရာမျိုးဖြစ်လေရာ၊ အသိန်းကိုယ်တိုင် နောက်ဆုံး တွေ့မြင်လိုက်သော ဆရာဝန် ဦးရွှေတင်ကြီးလက်တွင်းရှိ ဆေးသေတ္တာကလေး ကိုလည်း အကြောင်းမဲ့သက်သက်ကြီးမြင်ရုံနှင့် သေမင်းပမာ ထိတ်လန့် ကြောက်ရွံ့နေမိရှာလေ၏။

သို့ကြောင့်လည်း မောင်လှက ဖျောင်းဖျချော့မော့ပြောသည့်တိုင် အောင် ငိုလုလုမျက်နှာကလေးနှင့် . . .

"အို ကိုလှရယ် ဘာပဲဖြစ်ဖြစ် အသိန်းတော့ စိတ်လေးတယ်မလုပ်ပါ နဲ့၊ သိန်း စိုးရိမ်တယ်နော်၊ ဒီငွေတွေလည်း မယူချင်ပါနဲ့တော့၊ သိန်းမဝတ်ရ မစားရချင်နေပါစေ၊ ကိုယ့်လင်ကိုယ့်မယားမရှိလို့ ရေသောက်နေရနေရ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပျော်ပျော်ကြီးနေပါရစေလား ကိုလှရယ်"

ဟုသာ မောင်လှ၏ ပခုံးကို လှုပ်ကာလှုပ်ကာ ပူဆာမြဲပူဆာနေတော့၏။ မောင်လှကလည်း အသိန်းမိမိအတွက် အစိုးရိမ်မဖက် သင့်ရာမှာ ဖက်နေပြီး အမြင်သေးသော မိန်းကလေးတို့သဘော အတိုင်းတားမြစ်နေသည်ဟု အယူရှိကာ "ဘာမှ မဖြစ်နိုင်ကြောင်း၊ စိတ်အေးအေးသာထား ခဏထိုင်စောင့်နေဖို့အကြောင်း" လောက်ကိုသာ နားဝင်အောင်လှည့်ပတ်ပြောဆိုကာ ဆေးခန်းရှိရာသို့ ဝင်လာလျှင် တံခါးဝတွင်ပင် မိမိကို လာခေါ်သော ဆရာဝန်ကြီး ဦးဘခက်နှင့် ပက်ပင်းပါ တွေ့ရလေ၏။

"ဪ မောင်ရင်၊ လာလာ စမ်းသပ်စရာ အချိန်နီးနေပြီ"

ဟုဆိုကာ မောင်လှကို အတွင်းသို့ ခေါ်ယူလိုက်စဉ် စိုးရိမ်နေသော အသိန်းသည် မိမိလင် ဘယ်ကဲ့သို့ အစမ်းသပ်ခံရမည်ကို သိလိုသဖြင့် အတူဝင်လိုက်မည်ပြုလေရာ ဆရာဝန်ကြီး ဦးဘခက်သည် အသိန်းကို လက်နှင့်လှမ်း၍ တားဆီးလိုက်ကာ -

"အို သူငယ်မ မင်းအပြင်ကပဲ ထိုင်ပြီးစောင့်နေပါလေ၊ ဆေးခန်းထဲကို လူအပိုဝင်လို့မဖြစ်ဘူး"

ဟု ပြောလိုက်သောကြောင့် အသိန်းမှာ စိတ်ငယ်ငယ်နှင့်ပင် အပြင်တွင် ကျန်ရစ်ရှာတော့သည်။

အသိန်းသည် ဦးဘခက်၏ နောက်ဆုံးမျက်နှာထားနှင့် ရင်းပြောလိုက်သော မာဆတ်ဆတ်စကားကို များစွာသဘောမကျလှပေ၊ ထိုသို့ သဘောမကျခြင်းသည်ပင် ယခင်က စနိုးစနောင့်ဖြစ်နေခဲ့သော စိတ်များကို တိုးတက်သက်ာမကင်းဖြစ်လာစေရန် ထောက်ခံအားပေးနေသကဲ့သို့ရှိလေတော့သည်။

မောင်လှကို ဆွဲခေါ်သွားပြီးနောက် ဆေးခန်းတံခါးကြီးကို ပိတ်ကာ အတွင်းမှ ကန့်လန့်ချထားလိုက်သော အသံကိုပင်ကြားရ၍ "ဒီဆရာဝန်ကြီးဟာ ငါ့လင်ကို ဘယ်လိုများ လုပ်ပစ်မှာပါလိမ့်" ဟူသော စိုးရိမ်ပူဆွေးစိတ်မအေးမှုတို့မှာ နှလုံးသွေးထဲသို့ တိုးတက်ကာ တဒိပ်ဒိပ်ခုန်၍ လာတော့၏။

ထို့ကြောင့်

မြန်မာ စာအုပ်များ



"သူတို့ ဘာလုပ်တယ်ဆိုတာ မြင်ရအောင် ချောင်းကြည့်မယ်၊ ငါ့လင်ကို ဘယ်လိုများ ဆေးစီရင်ကြမှာတဲ့လဲ၊ ဦးရွှေတင်ဆိုတဲ့ လူကြီးယူလာတဲ့ သေတ္တာကလေးမှာလည်း ဧကန္တ ငါ့လင်ရဲ့ အသွေးအသားနဲ့ အသက်ဝိညာဉ်ကို တစ်ခုခုလုပ်ဖို့ယူလာတဲ့ ကိရိယာတန်ဆာကလေးနဲ့ တူတာပဲ၊ ငါမသက်ာဘူး၊ တစ်နည်းနည်းနဲ့မြင်ရအောင် ကြည့်မယ်"

သို့ရေရွတ်ကာ ချောင်းကြည့်ရန် အပေါက်ငယ်များကို ကြိုးစားရှာဖွေ၍ နေမိလေတော့၏။

သို့ရာတွင် အိမ်ကြီးမှာ ထူထဲခိုင်ခန့်စွာ စီမံဆောက်လုပ်ထားသောအိမ်ကြီးဖြစ်၍ အပ်ဖျားဝင်နိုင်သော အပေါက်တစ်ခုကိုတွေ့ ရှိရန်ပင်များစွာ ခဲယဉ်းလျက်ရှိလေတော့၏။

လောကမှာ မမြင်ရသောအရာကို ပိုမိုမြင်ချင်တတ်သော အလေ့ဝါသနာအတိုင်း အသိန်းမှာ မမြင်ရတာကိုပင် မနေနိုင် မထိုင်နိုင်ကြည့်ချင်မြင်ချင်လာလေ၏။ ကြည့်ချင်မြင်ချင်တိုင်း မကြည့်ရမမြင်ရသောအခါ စိုးရိမ်သော စိတ်တို့မှာလည်း ပိုမိုပြင်းထန်လာလေတော့သည်။

"ဘာလဲ . . . ဒီလူကြီးတွေဟာ မရိုးဘူး၊ ကိုလှကို တစ်ခုခုလုပ်ကြတော့မယ်၊ တကယ်ရိုးရိုးမှတ်မှတ်သာဆိုရင် ငါ့ကို မဝင်နဲ့လို့ တားမြစ်မှာမဟုတ်ဘူး။ ခုတော့ မရိုးလို့သာ ငါ့ကို မဝင်ရဘူးလို့ပြောတာပဲ၊ သူတို့ပေးတဲ့ ငွေလည်း မလိုချင်ပါဘူး"

ဟု စိတ်တွင်းမှစဉ်းစားကာ လူကိုယ်တိုင်လည်း မြင်ရနိုးနိုး ကြားရနိုးနိုးနှင့် ကြိုးစားနေရှာလေတော့၏။ သို့နှင့် အတန်ကြာသော် ကံအားလျော်စွာ အခန်းတွင်းမှ စကားပြောသံကလေး သဲ့သဲ့ကြားရ၍ နားစွင့်၍ ထောင်လိုက်မိရာ . . .

"သုံးနာရီတိတိ ဒီလို အသေအတိုင်းထားရမယ်၊ ပြီးမှ ဒီဓာတ်အားပေးတဲ့ ကိရိယာကလေးနဲ့ သူ့အသက်ဝိညာဉ်ကို ပြန်ဝင်လာအောင် လုပ်ရမယ်"

ဟူသော အသံကို ကြားရလေ၏။ 'ဟုတ်ပါပြီ . . . ဟုတ်ပါပြီ' ကိုလှကို သူတို့ သတ်ပစ်ကြတော့မှာပဲ။ အိုမဖြစ်ဘူး မဖြစ်ဘူး။ ဒီလူရှုးကြီးတွေ

မြန်မာ စာအုပ်များ



ဆေးပညာအတတ်နဲ့ ဆပ်ဆော့မှုကြောင့် စပ်ကြားက ငါ့လင် အချောင်ဝင်သေတာ မခံနိုင်ဘူး။ သူတို့ပေးတဲ့ ငွေ ၃၀၀ ဟာလည်း မဟုတ်မှလွဲရော အသက်ဖိုးလျော်ကြေးပေးတဲ့သဘောနဲ့ ပေးတဲ့ငွေဖြစ်မှာပဲ။ ဒီငွေ ၃၀၀ ဟာ ဘာလုပ်စရာလဲ။ ၃၀၀ မကဘူး၊ သုံးသိန်းရပစေ၊ ငါ့လင်အသက်နဲ့ လဲရတဲ့ငွေဆိုရင် ငါ မယူချင်တော့ဘူး။ သူတို့ဟာ ဆရာဝန်ပီပီ အသတ်အဖြတ် အခွဲအစိပ်မှာ ရက်ရက်စက်စက် လုပ်ရဲကြတဲ့လူတွေပဲ။ လူကိုမဆိုထားနဲ့ တိရစ္ဆာန်အဖြစ်နဲ့ အေးအေးချမ်းချမ်းနေတဲ့ ဖားကလေးတွေ၊ ကြွက်ကလေးတွေ၊ ငှက်ကလေးတွေရဲ့ အသက်ကိုတောင် သတ်ဖြတ်ပြီး ရင်ခွဲ၊ အူသည်းကို ထုတ်နုတ်စုံစမ်းနေကြတဲ့လူတွေ၊ ဒီတော့ ကိုလှကိုလည်း ကြာကြာပစ်ထားလို့ ဟန်ရမှာမဟုတ်ဘူး။ ခုရှုပ်မှ နောင်ရှင်းသတဲ့။ ပုလိပ်ကို အတင်းပြေးပြီး သတင်းပေးမှ ဖြစ်တော့မှာပဲ" ဟု ပိုင်းဖြတ်ကာ အိမ်ကြီးအတွင်းမှ လျင်မြန်စွာ ပြေးထွက်လာလေတော့သည်။

ခြံအပြင်သို့ရောက်၍ ပြင်ဦးလွင်သွား ကျောက်လမ်းကြီးပေါ်သို့ ရောက်လျှင် အရင်ဆုံးတွေ့ရသော ခရီးသွား မော်တော်ကား တစ်စင်းကို ဇွတ်အတင်း တောင်းပန်စီးနင်းကာ ပုလိပ်ဌာနသို့ ရောက်လာလေ၏။ ကတိုက်ကရိုက်နှင့် ပုလိပ်ဌာနသို့ရောက်လျှင် ရောက်ချင်းပင်ဆိုင်ရာ ပုလိပ်အရာရှိတို့အား . . .

"ကျွန်မယောကျ်ားကို တဆိတ် လိုက်ကယ်ပေးကြစမ်းပါရှင်၊ ကျွန်မလင်ကို ဆရာဝန်ကြီး ဦးဘခက်က ခေါ်ယူပြီး သူ့ဆေးခန်းကြီးထဲမှာ တံခါးအလုံပိတ်ထားပါတယ်။ ကျွန်မ မသက်ာဘူး။ သူတို့ပြောကြတဲ့ စကားထဲမှာလည်း ၃ နာရီလောက် အသေအတိုင်းထားမယ်လို့ ပြောသံကြားရတယ်။ တဆိတ်လိုက်ကယ်ပေးကြပါ။ ဒီအလုပ်ကို နည်းနည်းကလေးမှ ကျွန်မသဘော မတူပါဘူး"

ဟု ဆိုကာ ပုလိပ်တို့ကို မရမက တိုင်ချက်ပေး ပူဆာပြီး အရေးတကြီး ခေါ်၍လာလေ၏။

အသိန်းနှင့် ပုလိပ်များ စကားပြောကြပြီး အရေးတကြီးနှင့် မော်ဝန်းသိကိ ခြံကြီးဆီသို့ လာနေကြစဉ် အခိုက်အတန့်မှာ ဆရာဝန်ကြီး ဦးဘခက်နှင့် ဦးရွှေတင်တို့သည် ၎င်းတို့၏ ဆေးခန်းကြီးအတွင်း၌ နက်နဲသိမ်မွေ့၍ အရေးပါ အရာရောက်လှသော မိမိတို့ ရှာဖွေစမ်းသပ်ထားသည့် ဆေးနည်းကို စိတ်အား ထက်သန်စွာ အလုပ်ရှုပ်လျက် ရှိနေဆဲဖြစ်လေ၏။

မောင်လှမှာ လျှပ်စစ်ဓာတ်အိုး ဝါယာကြိုးတို့ဖြင့် ပြုပြင်ထားသော မှန်သေတ္တာရှည်ကြီးအတွင်းတွင် ပက်လက်အိပ်နေရလေ၏။ ထွက်သက် ဝင်သက်ကိုလည်း ဆရာဝန်ကြီး ဦးဘခက်ပြောသည့်အတိုင်း မနှေးမမြန် ခပ်မှန်မှန်ရှူလျက် ရှိလေ၏။ မှန်သေတ္တာရှည်ကြီး၏ ခေါင်းရင်းပိုင်းတွင်ကား ဝိုင်ယာကြိုး ကြိုးငယ်အပေါင်းနှင့် ဆက်သွယ်တပ်ဆင်ထားသော ဖန်ဘူး၊ ဖန်ပြွန်၊ ဖန်အိုး၊ ဖန်ချောင်းများ၊ အတိုင်းအထွာ အမှတ်အသားပြသည့် ခွက်များ၊ စက်အဖွင့်အပိတ် ခလုပ်အမျိုးမျိုးများနှင့် ရှုပ်ထွေးနေသည့် စင်မြင့်တစ်ခု ရှိလေ၏။

ဦးဘခက်သည် မောင်လှ၏ ထွက်သက်ဝင်သက်ကို မမှိတ်သော မျက်လုံးဖြင့် စူးစူးစိုက်စိုက်ကြည့်ရာမှ စိတ်တိုင်းကျသော အခြေအနေသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဓာတ်ခွက်ခုံကလေးနားတွင် အချက်ပေးလျှင် အသင့်ခလုပ်နှိပ်ရန် ဟန်ပြင်နေသော ဦးရွှေတင်ကိုလက်နှင့် အချက်ပေးလိုက် သည်နှင့်တစ်ပြိုင်နက် ဦးရွှေတင်သည် ခုံအစွန်းရှိ ခလုပ်တစ်ခုကို နှိပ်လိုက် လေရာ ဖန်ပြွန်၊ ဖန်ချောင်း၊ ဖန်ပြောင်း၊ ဖန်ခွက် တင်ထားသော ခုံငယ်တစ်ခု လုံးရှိ စက်ကိရိယာမှန်သမျှ တရွရွတငြိမ့်ငြိမ့် သူ့အစိတ်အပိုင်းနှင့်သူမှာ တာဝန်ရှိသမျှ ဆောင်ရွက်နေကြဘိသကဲ့သို့ ရှိကြလေ၏။

ဦးဘခက်နှင့် ဦးရွှေတင်တို့လည်း ဓာတ်ခလုပ်ကိုဖွင့်ပြီးနောက် မှန်သေတ္တာအတွင်းရှိ မောင်လှကို စိုက်ကာ အကဲခတ်နေကြ လေ၏။

မောင်လှကား ခုံပေါ်ရှိ ဖန်သီးဖန်အိုးတွေ လှုပ်ရှားလျက် ဒီကရီ မှတ်ခွက်ရှိ တဖျပ်ဖျပ်လှုပ်ရှားနေသော အိမ်မြှောင်လက်တံကလေး တဖြည်း ဖြည်း ငြိမ်မှန်းမသိ ငြိမ်လာလေ မောင်လှ၏ အသက်ရှူသံများ တစ်စတစ်စ

မြန်မာ စာအုပ်များ



ဝေးလံသွားလျက် နောက်ဆုံး၌ကား မှတ်ခွက်ရှိ အိမ်မြှောင် လက်တံကလေး လုံးဝငြိမ်သက်သွားသည်နှင့်တစ်ပြိုင်နက် မောင်လှ၏ အသက်ရှူခြင်းလည်း လုံးဝရပ်စဲသွားကာ လူသေပကတိကဲ့သို့ ဖြစ်လာသည်ကို တွေ့ရလေ၏။

ဦးဘခက်လည်း မောင်လှအား နားကြပ်နှင့် နားထောင်ရာမှ နှစ်သိမ့်ကျေနပ်သော မျက်နှာကြီးသို့ ပြောင်းလဲကာ ဦးခေါင်းကို သွက်လက်စွာညိတ်လျက် ဦးရွှေတင်ကို တစ်ချက်ကြည့်လိုက်ပြီး . . .

"သေသွားပြီ . . . အောင်ပြီ၊ အောင်ပြီ၊ အသက်ကို ထုတ်ပစ်တဲ့နည်းဟာ နောက်ကို ဒီနည်းအတိုင်း အသုံးပြုဖို့ အတည်ပြုလိုက်"

ဟုဆိုလျှင် ဦးရွှေတင်လည်း အားရကျေနပ်စွာ ဆေးဒိုင်ယာရီ စာအုပ်ကြီးကိုဖွင့်လှစ်ကာ ရေးမှတ်လေ၏။

ထို့နောက် ဦးဘခက်သည် ဦးရွှေတင်ယူလာသော သားရေသေတ္တာငယ်ကို ဖွင့်လှစ်ကာ ထိုကိစ္စတွင် အရေးအကြီးဆုံး အသုံးအဝင်ဆုံး အချုပ်အရာအခရာဖြစ်သည့် ဓာတ်ဖန်သီးလေးတစ်စုံကို ယုယညင်သာစွာ ထုတ်ယူပြီးလျှင် ခုံပေါ်ရှိ ဓာတ်ခွက်ဖန်အိုးတို့၏ အလယ်ဗဟိုတွင် သေချာစွာ တပ်ဆင်လိုက်လေ၏။ ဖန်သီးကို ခိုင်ခန့်စွာ တပ်ဆင်ပြီးနောက် ဓာတ်ခလုပ်ကိုဖွင့်၊ ပိုက်လုံးကို ဝိုင်ယာကြိုးတို့ဖြင့် မောင်လှအလောင်းရှိသော မှန်သေတ္တာကို ဆက်သွယ်တပ်ဆင်လျက် မျက်တောင်မခတ် စိုက်ကြည့်နေကြလေ၏။

လုံခြုံသော ဆေးခန်းကြီးတစ်ခုလုံးကား လျှပ်စစ်ဓာတ်သံတို့ဖြင့် ဆူညံလျက်ရှိလေ၏။ ဦးဘခက်နှင့် ဦးရွှေတင်တို့လည်း မောင်လှ၏ အသက်ပြန်ဝင် မဝင်ကို စိုက်ကာကြည့်နေရာမှ ဦးဘခက်က . . .

"ဒီမှာ ကိုရွှေတင် ဟောဒီ တင်ပရေချာမှတ်ခွက်ဟာ ဒီကိစ္စမှာ ဒုတိယအခရာပဲနော်။ အသက်ကို ထုတ်ပစ်တဲ့အခါမှာလည်း အိမ်မြှောင်ကလေးငြိမ်သွားရင် အသက်ထွက်သွားပြီဆိုတာ သိရတယ်။ အခု အသက်ကို ပြန်သွင်းတဲ့အခါမှာလည်း လူ့ရဲ့အသက်ဝင်ပြီး နှလုံးသွေးလှုပ်ရှားလာတာနဲ့ တစ်ပြိုင်နက် အိမ်မြှောင်လက်တံကလေးဟာ ပြန်ပြီးလှုပ်ရှားလာမယ်။ ဒါကြောင့် ဒီအိမ်မြှောင်ဟာ မှန်သေတ္တာထဲက လူ့ရဲ့ အသက်ကို ရှိမရှိ အမြဲ

သတိပေးနေတယ်။ ဟောဒီ ဖန်သီးနှစ်ခုဟာကတော့ ထုတ်ပြီးတဲ့အသက်ကို ပြန်ဝင်လာစေဖို့ အလုပ်လုပ်ရတဲ့ ပထမအရေးကြီးဆုံးဆိုတာ သိပြီပဲလေ။ ဒီနည်းသာ အောင်မြင်သွားမယ်ဆိုရင် ဒီကမ္ဘာကြီးမှာ ရုပ်နာမ်သင်္ခါရတို့ အနိစ္စတို့ဆိုတဲ့ တရားတွေ တစ်ခါတည်းကွယ်သွားမယ်။ ဘယ်လောက် အဖိုးတန်တဲ့ပစ္စည်းဆိုတာလည်း ဘယ်သူမှ တန်ဖိုးဖြတ်နိုင်ကြမယ် မဟုတ်ဘူး ခင်ဗျ။ ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက်ထဲ စမ်းသပ်တွေ့ရှိထားတဲ့နည်းမို့ ကျုပ်က လွဲရင် ဒီပညာကို ခင်ဗျားပဲ အသုံးချနိုင်မယ်။ ဟော . . ဟော . . အိမ်မြှောင် လက်တံ လှုပ်ခါနီးပြီထင်တယ်၊ ကြည့်စမ်းပါဦး ကိုရွှေတင်ရဲ့"

"မလှုပ်သေးပါဘူး၊ ခင်ဗျားစိတ်က ထင်နေလို့ပါ။ တစ်နာရီခွဲတိတိ ကြာမှ တင်ပရေချာမှတ်ခွက်ထဲက ထူးခြားလာရမယ် မဟုတ်လား။ အခု ဆယ့်ငါးမိနစ်တောင် မရှိသေးပါဘူး ဦးဘခက်ရဲ့"

"အေးလေ . . ဟုတ်ပေသားပဲ၊ ကျုပ်က သိပ်ပြီး စိတ်စောနေ မိတာကိုး၊ အလို . . အပြင်က လူသံတွေထင်တယ်၊ အရေးထဲ ဘယ်က ဧည့်သည်တွေများ လာပြန်ပါလိမ့်။ တံခါးမှာ ဦးသာခေါင်ကို အစောင့်ထား တယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ဦးသာခေါင် အရေးတကြီး ဘယ်သူမှမဝင်ရ အောင် စောင့်နေရက်ပါ။ လာရင်လည်း တခြားက ဧည့်သည်တော့ မဟုတ်တန်ပါဘူး။ မောင်မောင်မြတို့ မေနွဲ့ရီတို့လူစုနဲ့ တူပါတယ်။ ခုတင်က ကျွန်တော်ဝင်လာ တော့ ခြံထဲမှာ တွေ့ခဲ့ပါသေးတယ်"

"အလို နားထောင်စမ်း သူတို့တော့ ဟုတ်မယ်မထင်ဘူး။ အသံတွေက သိပ်ပြင်းတာပဲ။ ဟော . . ဟော ဆေးခန်းတံခါးကို တအားထုနေကြပြီ"

ထိုအခိုက်၌ ဆေးခန်းတံခါးကို ပြင်းထန်ဆူညံစွာ ထုလျက် အမြန် ဖွင့်ရန် ပုလိပ်အာဏာသံများကိုပင် ထပ်မံကြားရလေ၏။

"ဟော . . ကိုရွှေတင် ပုလိပ်တွေပဲ။ ဘာများလာပြီး နှောင့်ယှက် ကြသလဲမသိဘူး၊ မဖြစ်ဘူး တံခါးဖွင့်ပေးမှထင်တယ်"

"ကျုပ် သွားဖွင့်လိုက်ရမလား ဦးဘခက်"

"အို . . အို နေပါစေ၊ ကိစ္စပေါ်လာရင် ကျုပ်သာ တာဝန်ခံမယ်။ ခင်ဗျား ဟောဒီဖန်သီးကလေးတွေယူပြီး မလွယ်ပေါက်က ဆင်းပြေးပေတော့။ ဖန်သီးကလေးက သိပ်အရေးကြီးတယ်ဗျနော်။ မပျက်စီး မချို့ယွင်းပါစေနဲ့။ ကျုပ်တို့အသက်နဲ့ ရင်းနှီးပြီး လုပ်ကိုင် ကြံစည်ထား ရတဲ့ပစ္စည်းဗျ။ ကဲ . . ကဲ သွားပေတော့"

ဟု ဆိုကာ ဓာတ်ခလုပ်များကို ပိတ်လျက် တစ်ချက်တစ်ချက် လှုပ်ရှား၍ ဓာတ်အားပေးနေသော ဖန်သီးကလေးကို ကပျာကယာ ဖြုတ်ယူပြီး သေတ္တာငယ်တွင် သေချာစွာထည့်လျက် ဦးရွှေတင်လက်သို့ အပ်၍ လျှို့ဝှက် သော အတွင်းလမ်းမှ တိမ်းရှောင်ထွက်ပြေးစေပြီးလျှင် ဦးဘခက်တွင်ကား ပုလိပ် များကို တံခါးဖွင့်၍ ပေးလိုက်လေ၏။

ပုလိပ်များကို ခေါင်းဆောင်လျက် ရှေးဦးစွာ အတွင်းဘက်သို့ ပြေးဝင်လာသူကား အသိန်း ဖြစ်လေ၏။

"ကျွန်မယောကျ်ား၊ ကျွန်မယောကျ်ား ဘယ်မှာလဲ၊ ကိုလှရေ ကိုလှ ကိုလှ"

ဟု ခေါ်ပြီး ကျီးကန်းတောင်းမှောက် ဆေးခန်းတစ်လျှောက် လိုက်ရှာလေ၏။ ပုလိပ်များလည်း အချို့က ဦးဘခက်ကို ဝိုင်းထားလျက် အချို့ က မောင်လှကို ရှာဖွေကြလေ၏။ အသိန်းမှာ မှန်သေတ္တာကြီးကို သွားတွေ့၍ အဖုံးကိုဖွင့်လိုက်သောအခါအတွင်းမှာ စင်းစင်းကြီး အသက် ဝိညာဉ်ကင်းနေ သော မောင်လှ၏အလောင်းကို တွေ့ရလျှင် . . .

"အမယ်လေး . . ကိုလှကို သတ်ပစ်ပြီးကြပြီ။ ဟောဒီမှာ ဟောဒီမှာ"

ဟုဆိုကာ တစ်ခါတည်း မေ့မြော၍သွားလေ၏။ ပုလိပ်များလည်း အလောင်းနှင့်တကွ တွေ့ရှိရသော ဆရာဝန်ကြီး ဦးဘခက်ကို လက်ထိပ်ခတ် လိုက်ကြလေသတည်း။

ဦးဘခက်သည် မိမိရည်ရွယ်စူးစိုက်လျက်ရှိသော အလုပ်အကိုင်ကြီး ပျက်စီးရရုံမျှမက ဂုဏ်သရေရှိ ဆရာဝန်ကြီးတစ်ယောက်ဖြစ်သော မိမိအား လူသတ်မှုဖြင့် ပုလိပ်များ၏ ဖမ်းဆီးခြင်းကို ခံရသောအခါ ကြိတ်မနိုင် ခဲမရ အခံရ

ခက်နေရှာ၏။ မိမိကို အဖမ်းအဆီးခံရသည်ထက် တစ်ဝက်တစ်ပျက် အသက်ကို ပြန်မသွင်းရသေးသော မောင်လှအတွက် ပိုမို စိတ်ပျက်မိလေ၏။ သို့ရာတွင် ဦးဘခက်မှာကား ဘာမှမပြော တုံဏှိဘော မကျေမချမ်းကြီးသာ လူတစ်စုကို စိုက်ကာကြည့်နေရာ အသိန်းက မောင်လှအလောင်းကို ဖက်ကာ ဖက်ကာ

"ကိုလှရဲ့ ကောင်းကြသေးရဲ့လား၊ ငွေကလေးသုံးရာရတာနဲ့ ရှင့်အသက်ကို ရက်ရက်ရောရော လုပ်ပစ်ရသလား ကိုလှရဲ့။ ရှင့် အသက်နဲ့ လဲရတဲ့ငွေကို ကျွန်မ ဘယ်နေရာသွားပြီး အသုံးချရမှာလဲ ဆရာဝန်ကြီးရဲ့။ ရက်စက်ပါပေရဲ့၊ ရှင့်အသက် ရှင့်အရွယ်နဲ့မလိုက် လူတစ်ဖက်သားကို တရားမဲ့ သတ်ပစ်တာ ကောင်းသလားဟင်။ ရှင်ဟာ သိပ်ယုတ်မာတာပဲ။ သားသတ် ငါးသတ် လူတစ်ဦးရဲ့ အသက်ကိုလည်း ပုရွက်ဆိတ်လောက်မှ မမှတ်တဲ့ လူကြီးပါလား။ ကျွန်မယောက်ျားကို ဘာရန်ငြိုးရှိလို့ လှည့်စားပြီး သတ်ပစ်ရတာလဲ ရှင့်"

ဟု ငိုယိုရင်းမှ ဦးဘခက်ကို ကက်ကက်လန်အောင် ရန်တွေ့လေ၏။

ဦးဘခက်ကား စကားတစ်လုံးမှမပြော။ စိတ်တို စိတ်ပျက်သောကြောင့် တွေဝေကြည့်နေရာမှ အသိန်းက ရန်တွေ့နေပြန်သောအခါ ဒေါသထွက်လာပြီး

"ဟဲ့ကောင်မလေး ခွေးစကားမပြောနဲ့၊ နင့်လင်ကို ငါမသတ်ဘူး နင်သတ်တာ၊ နင် ပုလိပ်တွေသွားခေါ်လို့ ငါ့အလုပ်တွေလည်း အားလုံးပျက်စီး၊ မောင်လှကိုလည်း အသက်ပြန်မဆက်ပေးရတော့ဘူး။ ခွေးမလေး နင် အင်မတန်မိုက်တယ်"

ဟု ပျစ်ပျစ်နှစ်နှစ်ကြီး ပြန်ပြောလေ၏။ အသိန်းကား မခံနိုင် ကက်ကက်လန်အောင်ထပ်၍ ရန်တွေ့ပြန်လေ၏။ ပုလိပ်တို့ကား အချိန်များစွာ အကုန်ခံလိုဟန်မရှိပေ။

"ကဲ ဆရာဝန်ကြီး ခင်ဗျားကို လူသတ်မှုထင်ရှားနေတဲ့အတွက် ဖမ်းရတာပဲ၊ အလောင်းကိုလည်း ဂါတ်တဲယူရလိမ့်မယ်"

ဟု ပြောရာ ဦးဘခက်သည် မောင်လှ၏အလောင်းဘက်သို့ ဝမ်းနည်းသောမျက်နှာကြီးနှင့် တစ်ချက်လှည့်ကြည့်လိုက်ပြီး-

"နေကြပါဦး ပုလိပ်တို့ရယ်၊ ဒီအလောင်းဟာ တကယ်အပြီး သေသွားတာ မဟုတ်သေးပါဘူး။ ကျုပ် ဆေးပညာနဲ့ ပြန်ရှင်အောင် လုပ်ဖို့ရာ ခဏ သတ်ထားတာပါ။ မယုံရင် ခင်ဗျားတို့ သုံးနာရီလောက်စောင့်"

ဟုမှ စကားမဆုံးသေးမီ ပုလိပ်များမှာ ဟားတိုက်ရယ်မောကြလျက်

"အဘိုးကြီး . . ခင်ဗျား ရူးနေသလား၊ သေပြီးတဲ့ လူတစ်ယောက် အသက်ကို ခင်ဗျားလို တောရခိုနေတဲ့ ဆရာဝန်အို ချိကျိုး နားရွက်ပြတ်ကြီး မပြောထားနဲ့ မိုးပေါ်က သိကြားနဲ့ ဘုရားတောင်မှ မတတ်နိုင်ဘူး။ ကဲ . . ကဲ ဟော့အကောင်တွေ ဒီအဘိုးကြီး သွေးရူး သွေးတန်းနဲ့ ပြောနေတာ အရေးစိုက်နားထောင်မနေပါနဲ့ကွာ။ မြန်မြန်ခေါ်ခဲ့ကြပါ။ ထမင်းဆာလှပြီဟေ့"

ဟု ဆိုလျက် အလောင်းရော လူပါ ဂါတ်ဌာနသို့ ဖမ်းဆီးခေါ်ဆောင် လာခဲ့ကြလေသတည်း။

မှော်ဝန်းသိင်္ဂီခြံကြီးမှ နာမည်ကျော်ဆရာဝန်ကြီး ဦးဘခက်ကြီးအား လူသတ်မှုဖြင့် ဖမ်းဆီးပြီး ရုံးတင်တရားစွဲထားကြောင်း သတင်းစာ အစောင်စောင်တွင် ထင်ရှားပေါ်လွင်စွာ ပါလာလေရာ တွေ့မြင်ကြားသိရသော လူများမှာ အကြောင်းရင်းကို မသိရှာကြသည့်အတိုင်း . . .

"ဟင် . . ဒီအဘိုးကြီးဟာ ဘယ့်နှယ်ကြောင့် အိုကြီးအိုမှ လူများရဲ့ အသက်တစ်ချောင်းကို ရက်ရက်စက်စက် သတ်ရသလဲ"

ဟု တွေးသူကတွေး။ အချို့ကလည်း -

"အဘိုးကြီးဟာ ရန်ငြိုးတစ်ခုခုရှိလို့ ဒီလူကို သတ်တာဖြစ်မှာပဲ"

ဟူ၍လည်းကောင်း။ အချို့ကလည်း -

"ဟာ ဒီအဘိုးကြီးဟာ ဆေးရူး၊ မှော်ရူး၊ လောကဓာတ်ပညာ ရူးကြီးပါ။ ဒါကြောင့် ဆေးစမ်းတဲ့သဘောနဲ့ ဒီလူကို ငွေပေးဖြားယောင်းပြီး လုပ်ရာမှာ အလုပ်မနိုင်တာနဲ့ စပ်ကြားက လူတစ်ယောက်ရဲ့အသက်ဟာ အချောင်သက်သက်မဲ့ ဝင်သေရရှာတာပဲတဲ့"

ဟု သတင်းစာပါ အကြောင်းများကို ဖတ်ရှုရသလောက် မသိသူတွေကို တစ်ဆင့် ဖောက်သယ်ချခြင်းအားဖြင့် အတော်ပင် အုတ်အော်သောင်းတင်း ဖြစ်နေလေ၏။

မြန်မာ စာအုပ်များ



ဦးဘခက်၏သမီးကလေး မေနွဲ့ရီကား မိမိဖခင်မှာ ဂုဏ်သရေရှိ ဆရာဝန်ကြီးတစ်ယောက်ဖြစ်ပါလျက် 'သားပစ်၊ မယားပစ်ဆိုသလို' ဝါသနာကြီးလှသော ဆေးပညာအတွက်နှင့် အရှက်တကွဲ အကျိုးနည်းဖြစ်ရသည်တို့ကို မကြားရက်၊ မမြင်သာဖြစ်ကာ မျက်ရည်နှင့်မျက်ခွက် ငိုယိုနေမိရှာလေ၏။ တစ်ခါတစ်ခါလည်း ကရုဏာဒေါသဖြစ်ပြီး သူ့ဖခင်၏ ဆေးခန်းကြီးကိုပင် မီးတင်ရှို့ပစ်ချင်သလိုလိုရှိတော့၏။

ဦးရွှေတင်မှာမူကား ဦးဘခက်၏ လူသတ်မှုအတွက် အမျိုးမျိုး အဖက်ဖက်မှ ကြိုးစားဆောင်ရွက်၍ နေရလေတော့သည်။ အကောင်းဆုံး သော ဝတ်လုံကြီးများကို ငှားလျက် အမှုမှ လုံးဝလွတ်စေရန် ကြိုးစား စီစဉ်နေလေ၏။ ရုံးတင်၍ အမှုစစ်ဆေးတိုင်းလည်း အရေးတကြီး ထင်ရှားလှသော နိုင်ငံကျော် အမှုကြီးတစ်မှုဖြစ်လေရာ လာရောက်နားထောင်သော ပရိသတ်များ၊ သတင်း ထောက်များမှာ တစ်ရုံးလုံး ပြည့်ကျပ်စွာ စည်ကားလျက်ရှိလေတော့၏။

ရုံးထုံးစံအတိုင်း အမှုမှာ မကြာခဏ ရက်ချိန်းပြောင်းကာ ရက်လရှည် ကြာစွာ စစ်ဆေးလျက်ရှိလေ၏။ အာမခံမရ။ ထောင်ထဲတွင် အချုပ်အချာ ထားခြင်းခံရသော ဦးဘခက်ထံသို့ ဦးရွှေတင်သည်လည်းကောင်း၊ မေနွဲ့ရီ သည်လည်းကောင်း၊ အခြားမှ ရင်းနှီးခင်မင်သော မိတ်ဆွေအပေါင်းအသင်း များသည်လည်းကောင်း မကြာခဏလာရောက်ကာ ဦးဘခက် အားမငယ် စေရန် အမျိုးမျိုးမျှော်လင့်အားတက်ဖွယ်ရာစကားများကို ပြောဆိုအား ပေးကြလေ၏။

အိုမင်းရင့်ရော်လျက် ဂုဏ်သရေနှင့်မလိုက်အောင် 'မြင်မလျော် ဆင်တော်နှင့်ခလောက်' ဆိုသလို ကျော်မကောင်းကြားမကောင်း လူသတ်မှုနှင့် အဖမ်းခံရလျက် အချုပ်ခန်းတွင် စက်ရှင်ရုံးမှ အမိန့်ချမည့်နေ့ရက်ကို စောင့် နေရသော ဦးဘခက်အတွက် ဖြစ်ပျက်ရပုံအကြောင်းကြောင်းကို ထောက်ကာ သနား၍ နေကြရရှာတော့သည်။

အမှုကား ထင်ရှားသော အမှုကြီးဖြစ်နေပေသည်။ မသိမလိမ္မာ၍ ဒေါသအလျောက် လူတစ်ဦး၏အသက်ကို လက်လွန်သတ်ဖြတ်မိသော

အမှုမျိုးလည်းမဟုတ်၊ တတ်သိလိမ္မာသော ဆရာဝန်ကြီးတစ်ယောက်က သိလျက်နှင့် တမင်ကျူးလွန်မိသကဲ့သို့ အမှုမျိုးဖြစ်လေရာ စက်ရှင်တရားသူကြီး၏ စိတ်သဏ္ဌာန်မှာ မည်သည့်နည်းနှင့်မျှ လျှော့ပေါ့စီရင်ရန် အခွင့်အရေး မရနိုင်သကဲ့သို့ ရှိလေ၏။

ရွှေနေများ၊ ဝတ်လုံများသည်လည်းကောင်း ဦးဘခက်၏အသိမိတ်ဆွေများနှင့်တကွ သားသမီးတို့မှာ အမှုသွား ထင်ရှားလေးလံသောအဖြစ်ကို တွေးမိတိုင်း ဦးဘခက်အတွက် စိတ်လက်မဖြောင့်တကြောင့် ကြကြဖြစ်ရလေတော့၏။

ဦးဘခက်မူကား အများက စိုးရိမ်ပူဆွေးနေသလောက် ကိုယ်ရေးကို မစဉ်းစားဘဲ မသေသင့်ဘဲ သေဆုံးသွားရရှာသော မောင်လှအတွက် တသက်သက်တွေးပြီး တရေးရေး စိတ်မချမ်းမသာဖြစ်နေရှာသည့်အလျောက် တောက်တခတ်ခတ်နှင့် အချုပ်ခန်းအတွင်း စကြံလျှောက်၍သာနေလေတော့သည်။

ဘေးက တွေ့မြင်ရသူများမှာမူကား ဦးဘခက်၏ ထူးခြားသော အမူအရာကြောင့် . . .

"ဒီလူကြီးဟာ လူများအသက် သတ်တုန်းကတော့ ရက်ရက်စက်စက်သတ်ပစ်ပြီး ခု သူ အပြစ်ခံရတော့မယ်ဆိုတော့ ကြောက်တတ်လိုက်တာ၊ တောက်တခတ်ခတ်နဲ့ သွေးပျက်နေပြီ" ဟု ပြောဆို မေးငေါ့သူ မေးငေါ့လျက် ရှိလေ၏။

မေနွဲ့ရီပင်လျှင် မိမိဖခင်၏ အကြောင်းရင်းစိတ်ရင်းကို မသိသဖြင့် တစ်ရံဆံလူတစိမ်းများ ထင်မြင်သလို ထင်မြင်မိလေ၏။ ဦးရွှေတင်ကား အမှုသွား ထင်ရှားလွန်းအားကြီးသဖြင့် ဦးဘခက်အတွက် စိတ်မသက်သာတိုင်း အချုပ်ခန်းသို့ မကြာမကြာ လာရောက်ကာ နောင်ရေးအတွက် ဘယ်ကဲ့သို့ အမှာအထားရှိမည်ကို နားထောင်ရန် တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်သောနည်းတို့ဖြင့် မှာထားစေလိုကြောင်း အရိပ်အမြွက် ပြောမိလေသည်။

"ဦးဘခက် ခင်ဗျားတော့ ဒီအမှုက အပြစ်လွတ်ဖို့တော့ အင်မတန်ခဲယဉ်းနေပြီ၊ ဒီတော့ နောင်ရေးအဖို့ရာ ယခုလိုခင်ဗျား အသက်ထင်ရှားရှိနေတုန်းက မှာချင်ရာတွေ မှာခဲ့ပေါ့ဗျာ။ ကျုပ် တာဝန်ခံ ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်"ဟု ပြောင်ပြောင်ထုတ်မပြောရက်၍ သွက်ဝိုက်ကာ ပြောရှာသည့်တိုင် ဦးဘခက်ကား တစ်စုံတစ်ရာ မှာကြားခြင်းမရှိ၊ တွေတွေကြီး ငေးမောလျက်နက်နဲစွာ စဉ်းစား၍သာနေလျှင် ဦးရွှေတင်မှာ ဦးဘခက်အတွက် အတော်ကြီးစိတ်ပျက်မိလေ၏။

သို့နှင့်လည်း ယုံမှတ်ချစ်ခင်သော မိတ်ဆွေကောင်းချင်းချင်းဖြစ်သည်ကတစ်ကြောင်း၊ အလုပ်နှင့်ပတ်သက်၍ မိမိ၏ လက်ဦးဆရာကဲ့သို့ ဖြစ်သည်ကတစ်ကြောင်း၊ နောင်ရေးအတွက် ဆရာ့ခြေရာကို နင်းရတော့မည့်တာဝန်ခံတစ်ဦးဖြစ်လာရတော့မည်တို့ကြောင့် စိတ်ရှည် ရှည်သာ မညည်းမညူဦးဘခက်အား သက်သာစွာ ဖျောင်းဖျနေရရှာလေ၏။

သို့နှင့် နောက်ဆုံးတွင် အမှုစီရင်ချက်ရမည့်နေ့သို့ ရောက်ခဲ့လေ၏။ ဦးဘခက်၏ နှုတ်ပါးစပ်မှ ထုချေချက်ဆို၍ကား ရုံးတင်စဖသည့် အချိန်အခါကစ၍ စီရင်ချက်ချမည့်နေ့အထိ . . .

'မောင်လှကို တမင်သတ်ခြင်းမဟုတ်၊ မိမိစမ်းသပ်အောင်မြင်ထားသော သေသူကို အသက်ပြန်၍ရှင်စေသည့် ဆေးပညာနည်းကောင်းတစ်ခုအတွက် စမ်းသပ်ရန်အလို့ငှာ ခေတ္တသေစေရကြောင်း။

ထိုအလောင်းကို သုံးနာရီအတွင်း အသက်ပြန်ဝင်လာရန် ပြုလုပ်နေဆဲ ပုလိပ်များ လာရောက်ဖမ်းဆီးခြင်းခံရ၊ အလောင်းကိုလည်း ဆေးရုံသို့ယူ၍ရင်ခွဲသဖြင့် အားလုံးချို့ယွင်းပျက်စီးသွားရသောကြောင့် မောင်လှအသက်မှာ မဆုံးရှုံးသင့်ဘဲနှင့် ဆုံးရှုံးသွားရကြောင်း၊ မိမိဆေးပညာမှာ မောင်လှ၏အသက်နှင့် မစမ်းသပ်မီ ယုန်တစ်ကောင်၊ ကြွက်တစ်ကောင်၊ ကြောင်တစ်ကောင်နှင့်မျောက်တစ်ကောင်တို့ကို စမ်းသပ်အောင်မြင်ခဲ့ဖူးကြောင်း၊ ထို့ကြောင့် မောင်လှကို ရဲရဲကြီး စမ်းသပ်ဝံ့ခြင်းဖြစ်ကြောင်း . . .

မြန်မာ စာအုပ်များ



'ဖမ်းဆီးစဉ်အခါက ပုလိပ်များသာ သုံးနာရီမျှ ဆိုင်းငံ့မည်ဆိုပါက မောင်လှ အသက်ပြန်ရှင်လာရမည် ကေန်ဖြစ်ကြောင်း'စသည်များသာ အဖန်တလဲလဲ ထွက်ပေါ်လာသောကြောင့် ပုလိပ်ကအစ တရားသူကြီးနှင့် ဂျူရီလူကြီးများအဆုံး တရုန်းရုန်းပွဲကျစေသော ရယ်ဖွယ်ပြက်လုံး ယုံတမ်းစကားတစ်မျိုးအလား၊ တဟားဟား တသောသော ဖြစ်နေတော့၏။

ဦးဘခက်မှာ မိမိက လေးနက်စူးရှစွာ ပြောလိုက်သော စကားကို အများ ပရိသတ်တို့ ရယ်သွမ်းသွေးခြင်းခံရသောအခါ အသည်းစပ်ကို အပ်နှင့် ဆွသလို ဆတ်ဆတ်ခါမျှ နာကြည်းလှလေ၏။

လူအို လူမင်းကြီးပီပီ တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်အောင် ဒေါပွလာပြီး ဂျူရီလူကြီးများ တရားသူကြီး အစိုးရရှေ့နေ၊ တရားလိုမ အသိန်းတို့အား အံသွားကြီးများခဲကာ ဒေါသအလျှောက် ဝင်းဝင်းတောက်သော မျက်လုံးကြီးများနှင့် စားမလိုဝါးမလို ကြည့်မိလေသည်။

တပည့်ကြီး ဦးရွှေတင်တစ်ယောက်သာလျှင် ဦးဘခက်၏ အစွမ်းထက်သော ဆေးပညာ၏အကြောင်းကို သိရသဖြင့် ဦးဘခက်၏စကားများ မည်မျှလေးနက်ကြောင်း သိလေသည်။ ထို့ကြောင့် ဦးရွှေတင်မှာ ရယ်သွမ်းသွေးကြသူများကို ဦးဘခက်နည်းတူ စိတ်တွင်းမှ နာကြည်းငြိုးစူမိလေတော့၏။

သို့နှင့် ထိုနေ့အဖို့ နောက်ဆုံးစီရင်ချက်မှာ ဦးဘခက်အား သေစားသေစေရန် ကြိုးဒဏ်ပေးလိုက်သော စီရင်ချက်သည် အားလုံး၏ ယူဆထင်မြင်ချက်အတိုင်းထက် လျော့ပါးခြင်းမရှိ ထွက်ပေါ်လာခဲ့လေတော့၏။

တစ်ရုံးလုံးရှိသူများမှာ မိမိတို့ မှန်းခြေနှင့် ကိုက်၍နေသောကြောင့် များစွာထူးခြားခြင်း မရှိလှသော်လည်း သမီးဖြစ်သူမေနွဲ့ရီကား ဖခင်၏ချစ်ခြင်းဖြင့် ပြင်းပြစွာပူလောင်လျက် -

"အမယ်လေး ဖေဖေရဲ့ . . ကောင်းကြသေးရဲ့လား၊ ဖေဖေ့ ဆေးပညာ အတတ်ဆန်းလွန်းလို့ သေပန်းပွင့်ရပါပေါ့လား ဖေဖေရဲ့"

ဟု ဦးဘခက်ကို ပိုက်ဖက်ကာ အားရပါးရ ငိုကြွေးရှာလေ၏။

ဦးဘခက်ကား မိမိအတွက် မိုးကြိုးဝရဇိန်လက်နက်ကဲ့သို့ ထက်မြက်ပြင်းထန်လှသော စီရင်ချက် ထွက်လာသည့်တိုင်အောင် အထူးတလည် တုန်လှုပ်ချောက်ချားခြင်း မရှိ။ ဂျူရီလူကြီးများနှင့် တရားသူကြီးတို့ကိုသာ မျက်မှောင်ကုပ်ကြီးနှင့် စိုက်ကြည့်နေမိလေ၏။ ထို့နောက် ဦးရွှေတင်လည်း ဝမ်းနည်းစိတ်မကောင်းသော မျက်နှာနှင့် ဦးဘခက်အနီးသို့ ရောက်လာပြီး

'ဆရာကြီး ဘာမှစိတ်မငယ်နဲ့နော် ကျွန်တော်တို့ အယူခံတက်ပြီး သူတို့ကြိုးမိန့်ကြီးကို မပျက်ပျက်အောင် ဖျက်ဆီးပစ်မယ်ခင်ဗျ'

ဟု တီးတိုးပြောရာ၊ ဦးဘခက်မှာ မနှစ်သက်လှသော မျက်နှာကြီးဖြင့် ခေါင်းကြီးကို တွင်တွင်ရမ်းကာ . . .

'အို ကိုရွှေတင် . . ကျုပ်မကြိုက်ဘူး၊ ခင်ဗျားဘယ်နည်းနဲ့မှ အယူခံမဝင်ရဘူး၊ အခုပေးထားတဲ့ ကြိုးမိန့်အတိုင်းရှိပစေ။ ကျုပ်အဖို့မှာ တစ်သက်တစ်ကျွန်းကျတာထက် ကြိုးမိန့်က ပိုပြီးအဖိုးတန်တယ်'

ဦးရွှေတင်သည် ဦးဘခက်အား စိတ်မှန့်ပါသေးရဲ့လားဟု စူးစိုက်ကာ စိုးရိမ်တကြီးကြည့်မိရှာသည်။

'ကိုရွှေတင် ကျုပ်ကို ရူးနေတယ် ထင်လို့လား ကျုပ်မရူးဘူး၊ ဒီအချက်ဟာ ကျုပ်ရဲ့ အရေးကြီးဆုံး ရည်ရွယ်ချက်ပဲဗျ၊ ဒီအနားလာ ကျုပ်တိုးတိုးပြောမယ်၊ ဟိုပုလိပ်နှစ်ယောက်ကို ခဏဖယ်ထုတ်လိုက်စမ်းပါ၊ အဲလေ . . ရှိပါစေ မြန်မာမှမဟုတ်ဘဲ၊ ကုလားပဲ ကျုပ်တို့ပြောတာ နားလည်မှာမဟုတ်ပါဘူး၊ ဒါ့ထက်ကျုပ်ပြောတာ ခင်ဗျားသေသေချာချာ လုပ်ရမယ်နော်၊ ကတိကောင်းကောင်းခံစမ်းပါ'

'စိတ်ချပါဆရာကြီး၊ ကျွန်တော်ဆရာကြီးစကားကို အမြဲနားထောင်လာတဲ့ လူတစ်ယောက်ဖြစ်ကြောင်း အသိသားနဲ့'

'ဒါတော့ သိပါရဲ့လေ . . သို့ပေတဲ့ ထုံးစံရှိသလောက်မှာ ရတာကိုး၊ ဒီလို ဒီလို . . ကျုပ်ရဲ့ အသက်သွေးခဲနဲ့တူတဲ့ ဟိုဖန်သီးကလေးဟာ ကိုရွှေတင်ဆီမှာ လုံခြုံကောင်းမွန်စွာရှိရဲ့နော်'

မြန်မာ စာအုပ်များ



'ရှိပါတယ်ဗျာ ရှိပါတယ်၊ ဒါကလေးကိုတော့ အသက်နဲ့ ထပ်တူ တရိုတသေကြီး သိမ်းထားပါတယ်'

'ကောင်းပြီးလေ . . ဒါဖြင့် ကျုပ်ပြောမယ်၊ ကျုပ်ကို အယူခံမဝင်နဲ့။ သူတို့ ရက်ချိန်းတဲ့နေ့မှာ ကြိုးမိန့်နဲ့ သတ်ပါစေ၊ နောက်ပြီး ကိုရွှေတင်က ကျုပ်အလောင်းကို သင်္ဂြိုဟ်ဖို့ဆိုပြီး သေပြီးပြီးချင်း တောင်းယူနော်၊ နောက်ခြံကြီးထဲ အမြန်ယူ၊ ခြံထဲမှာ ဂူသွင်းထားဟန်လုပ်ထားပြီး၊ ကျုပ်စီမံစမ်းသပ်ထားတဲ့နည်းပဲ ကျုပ်အသက်ကို ခင်ဗျားက ပြန်သွင်းဟုတ်ကဲ့လား။ ကျုပ်များ သေရာက ပြန်ရှင်လာတယ်ဆိုရင်တော့ဗျာ တစ်နိုင်ငံလုံးကို သွက်သွက်ခါ တုန်လှုပ်သွားမှာပဲ။ ကျုပ်စကားကို နားမဝင်, အရှုံးလုပ်, ဝိုင်းရယ်ပြီး မတရားသဖြင့် သေစားသေစေလို့ အမိန့်ချလိုက်တဲ့ တရားသူကြီးနဲ့ ဂျူရီ လူကြီးတွေကိုလည်း ငါ့ဆေးပညာအကြောင်း ကောင်းကောင်းကြီး သိကြပြီလားလို့ အကြောင်း ပြလိုက်မယ်၊ အဲဒါက ခင်ဗျားမမေ့နဲ့နော်'

ဦးရွှေတင်သည် စောစောက သွေးရူးသွေးတန်း ပြောနေသည် ထင်မိသမျှ ယခုမှ ဦးဘခက်၏ နက်နဲသော အကြံဉာဏ်ကိုပွင့်လင်းစွာ သိလာသောအခါ မိမိတို့ ဆရာတပည့် အနှစ်နှစ်အလလက ရှာဖွေဆည်းပူးထားသော ဆေးပညာ၏ အစွမ်းကို သိရတော့မည်ဟု ယုံကြည်သဖြင့် အားတက်၍ လာလေ၏။ ဆရာကြီးဦးဘခက် ပြောဆို မှာထားချက်တို့ကိုလည်း ကောင်းစွာ မှတ်သားလျက်ရှိလေ၏။

အချိန်စေ့သဖြင့် ပုလိပ်အရာရှိများက လူချင်းခွဲရန် ပြောသောအခါတွင် ဦးရွှေတင်သည် ဦးဘခက်အား ဝမ်းမြောက်ရွှင်လန်းစွာ နှုတ်ဆက်နေပေ၏။ 'ကျွန်တော်တတ်နိုင်သမျှ ကြိုးစားပါမည်'ဟူ၍ နောက်ဆုံးကတိပေးပြီးလျှင် လူချင်းခွဲခဲ့လေသည်။ ကြိုးဒဏ်စီရင်ခံရသော သူ၏ ပြုံးရွှင်သောမျက်နှာကို မြင်ကြရသော အစောင့်အရှောက်များက အံ့ဩလျက် ကျန်ရစ်ခဲ့လေ၏။

ရုံးတွင် ဦးဘခက်၏ အမှုကိုလာရောက်နားထောင်ကြသော ပရိသတ်များမှာလည်း ဦးဘခက်၏ တည်ကြည်ခံ့ညားသော အမူအရာမျက်နှာထားများကို မြင်ကြရသောအခါ မည်သို့မျှ မတွေးတောတတ်အောင်ရှိကြလေ၏။

မြန်မာ စာအုပ်များ



'ဒီအဘိုးကြီး ရူးများနေပြီလား၊ လူထူးလူဆန်းကြီးပဲ၊ လူသေကို ပြန်ရှင်အောင် လုပ်တယ်ဆိုလို့ ဖြစ်နိုင်ပါ့မလား၊ မသိဘူးလေ ခေတ်ကြီးက လောကဓာတ်ထွန်းကားနေတဲ့ ခေတ်ဆိုတော့ ဖြစ်ချင်လည်းဖြစ်မှာပဲ၊ လူသေများ ပြန်ရှင်အောင် လုပ်နိုင်ရင်တော့ ဘုရားဟော တရားတွေဟာ ပစ်လိုက်ရ တော့မှာပေါ့'

စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ပြောဆိုကြလေ၏။

တချို့ကလည်း . . .

'ပုလိပ်တွေမှားတယ်၊ ဦးဘခက်ပြောသလို သုံးနာရီလောက် ဆိုင်းလိုက်ရင် ကောင်းမယ်၊ ခုတော့ ဦးဘခက်ဟာ သူ့ပညာကို သူမ စမ်းသပ်လိုက်ရတော့ သေရတာတောင် ဖြောင့်ဖြောင့်မသေရဘူးပေါ့၊ သုံးနာရီခွင့်မပေးလို့သာ ပေးရင် မောင်လှကို ရှင်အောင်လုပ်နိုင်တယ်ဆိုတာ ယုံကြည်လျက် ရှိနေသေးတယ်'

ဟူ၍ ပြောဆိုကြလေ၏။

ဦးဘခက်နှင့် ဦးရွှေတင်တို့ တီးတိုးပြောဆိုပြီး အားတက်ရွှင်လန်းသော မျက်နှာများကို မြင်ကြရသော သူတို့ကလည်း -

'ဘယ်လိုများ ကြံစည်ကြဦးမလဲ .. အတော်တော့ ထူးဆန်းတဲ့ လူတွေပဲ'

စသည်ဖြင့် အမျိုးမျိုး အဖုံဖုံပြောဆိုလျက် ရှိကြလေ၏။ 'မေနွဲ့ရီ ကလေးမှာမူ မိမိဖခင်အား ကြိုးဒဏ်ပေးလိုက်သည်' ဟူသော အမိန့်ကိုကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် သတိမေ့ကာ တက်၍သွားသဖြင့် အိမ်သို့ မော်တော်ကားနှင့် အမြန်ခေါ်ဆောင်ခဲ့ရလေ၏။

● ● ●

# သေမင်းရောင်ခြည်
## နိဒါန်း

ကျွန်တော်သည် မှော်ဆရာမှတ်တမ်းဖြင့် တစ်ဇာတ်တစ်လမ်း တည်ခင်း၍ အပျင်းလည်းပြေ စုန်းကဝေနှင့် တစ္ဆေသရဲစသော နာနာဘာဝ တို့အကြောင်းကိုလည်း အဆိုးအကောင်း၊ အကျိုးအကြောင်း ဝေဖန်စိစစ်နိုင် စေခြင်းငှာ အထက်လမ်း အောက်လမ်းပညာတို့ဖြင့် တန်ဆာဆင်၍ ကျွန်တော် ၏မှတ်တမ်းများကို ဇာက်ကွက် ဇာတ်လမ်းသဖွယ် ပြုလုပ်ရေးသားလျက် လွန်ခဲ့ သော(၁၀)နှစ်ခန့် အချိန်ကစ၍ တိုင်းပြည် စာဖတ်ပရိသတ်တို့အား မိတ်ဆက် ပေးခဲ့ရာ စာဖတ်ပရိသတ်တို့၏ တုံ့ပြန်သောစေတနာနှင့်မေတ္တာကို ကျေနပ်စွာ ခံယူရရှိခဲ့သည့်အပြင် "မှော်ဆရာမှတ်တမ်းကိုကိုလေး"ဟူသော အမည်မှာ ပရိသတ်တို့၏ စိတ်ဓာတ်နှင့် နှုတ်ပါးစပ်တွင် စွဲဝင်ချိုးကျုးလျက်ရှိနေကြောင်း သိခဲ့ရပါသည်။

ထို့နောက် ကျွန်တော်၏ပရိသတ်များအား ကျွန်တော်စိတ်တိုင်း ကျကျရေးသားမည့် ကျွန်တော်၏မှတ်တမ်းမှ သေမင်းရောင်ခြည်ခေါ် အထူး ဝတ္ထုကြီးတစ်ခုကို ထုတ်ဝေရန်ကြော်ငြာလိုက်ပြီးနောက် အကြောင်းမညီညွတ် သေး၍ ခေတ္တဆိုင်းငံ့ထားမိခဲ့ရာ -

ဆရာကိုကိုလေးခင်ဗျား။

မြန်မာ စာအုပ်များ



သို့ရာတွင် ဦးဘိုးမြစ်နှင့်တကွ ဒိမ်သူအိမ်သားအပေါင်းတို့၏ မျက်နှာမှာ သိုက်မြိုက်ခမ်းနား၍ ပျော်မွေ့သာယာဖွယ်သော နေအိမ်ကြီးနှင့် အမျှ ပျော်မွေ့ကြည်လင်ခြင်းကင်း၍ ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်နေသကဲ့သို့ ရှိနေသည်ကို တွေ့ရသည့်အပြင် ကျွန်တော့်ကိုပင် သူတို့၏ ကိုးကွယ်ရာတစ်ခု ကဲ့သို့ စိတ်အားထက်သန်စွာ အားထားနေကြရှာပါသည်။

အထူးသဖြင့် ဦးဘိုးမြစ်သည် ပိုမိုထိတ်လန့်လျက် သူ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်ပြီး မျက်လုံးကြီးများမှာလည်း ကြောက်အားနှင့် ဝိုင်း၍နေသည် ဟု ထင်ရပေ၏။

"ဆရာလေးရယ် ကျုပ်တော့ ဘာလုပ်ရမှန်း မသိအောင် ကြောက်ဇောမွှန်နေပြီ၊ ဆရာလေးအကြောင်းကို ဝတ်လုံဦးလှဘေဆီက သတင်းရတာနဲ့ တစ်ပြိုင်တည်း 'ငါတော့ကိုးကွယ်ရာရပြီတဲ့' ဆိုပြီး အရေးတကြီးပင့်ခေါ်ရတာ ပါပဲ။ ကယ်ပါဦးဆရာရယ်" ဟု မျက်နှာငယ်ကလေးနှင့် ပြောရှာသောအခါ ရုံးတစ်လုံး ဓားတစ်စင်းနှင့် စက်ရှင်မင်းကြီးတစ်ဦးက ဤမျှကြွေပျက်အောင် ကြောက်လန့်စိုးရိမ်နေရှာသောအဖြစ်ကို ကျွန်တော့်မှာ သနားကရုဏာသက်၍ပင် နေမိပါသည်။

သို့အတွက် . . .

"ဦးရယ် ဒီလောက်မကြောက်ပါနဲ့၊ နာနာဘာဝနဲ့၊ ပယောဂ အစွဲသာမှန်ပါရင် ကျွန်တော့်တာဝန်ထားပါ။ ဦးကို ရေကြည်တစ်ပေါက် မစင်စေရပါဘူး။ သို့ရာတွင် ဦးရဲ့ဖြစ်ပုံအကျိုးအကြောင်းကို ကျွန်တော်သိဖို့ လိုပါတယ်။ ပယောဂအစွဲသာဆိုရင်တော့ နှစ်ပေါင်းဘယ်လောက်ကြာကြာ မျက်နှာကို ကြည့်လိုက်ရုံနဲ့ပဲ ဘာအစွဲဆိုတာ အကဲခပ်နိုင်ပါတယ်။

အခုတော့ ဦးကို သာမန်ကြည့်ရတာဖြင့် ပယောဂအရိပ်အယောင် ဆိုလို့ တစ်စိတ်တစ်ဒေသမှ မတွေ့ရသေးတဲ့အတွက် ရုတ်တရက် ပယောဂ အစွဲရယ်လို့ မှတ်ချက်ချဖို့ ခက်နေပါသေးတယ်။ ဒီလောက်လည်း မကြောက်ပါနဲ့ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ဆိုတာလို ဦးရဲ့မျက်နှာကြည့်ရတာဖြစ်တာထက် အကြောက်လွန်နေတာက ပိုနေပြီလို့ ဆိုချင်ပါတယ်"

မြန်မာ စာအုပ်များ



ဟု ပြောမိလျှင် ဦးဘိုးမြစ်မှာ မကျေနပ်သလိုနှင့် . . .

"ဆရာလေးရယ် ကျုပ်လည်း ဒါလောက်မကြောက်တတ်ပါဘူး။ ငယ်ငယ်ထဲက အစိုးရအမှုထမ်းလာခဲ့တော့ နေ့မရှောင် ညမရှောင် မိုးရွာ နေပူ မရှောင် စိတ်ကြမ်းကိုယ်ကြမ်း နေထိုင်လာတဲ့သူပါ။ တစ္ဆေသရဲ ဆိုတာတွေကို လည်း နည်းနည်းမှ အယူမရှိခဲ့ပါဘူး။ ဒါပေမဲ့ ခုတော့ တကယ်လက်တွေ့ဖြစ် နေလို့ ဘယ်လိုကြောက်ပုံမျိုး ကြောက်မှန်းမသိပါဘူး"

"ပြီးတော့ ဒီလိုအဖြစ်မျိုးဟာ ကျုပ်တစ်ယောက်သာတွေ့ရတာ မဟုတ်ပါဘူးဆရာရဲ့ ဒီသရဲဆွဲလို့ လောလောလတ်လတ် သေသွားရှာတဲ့ လူတွေမနည်းဘူး၊ မနည်းဘူး၊ အမယ်လေး . . ပြောရင်းဆိုရင်း ကျောထဲက စိမ့်တက်လာတာပဲ" ဟုဆိုကာ အသက်လေးဆယ်ရွယ် နှုတ်ခမ်းမွှေးကောင်း ကောင်းနှင့် လူကြီးလူကောင်း အရာရှိတစ်ဦးဖြစ်သော ဦးဘိုးမြစ်သည် ကလေး ငယ်တစ်ဦးပမာ မျက်နှာကို လက်နှစ်ဖက်ဖြင့် ပိတ်ပြီး ထိတ်လန့်ကြောက်ရွံ့ရှာ သည့်အတွက် ဣန္ဒြေအပျက်ကြီးပျက်နေသည်ကို တွေ့ရပြန်လေ၏။

ထို့ကြောင့် သူ၏ စိတ်မှ သက်သာရာရစေခြင်းငှာ -

"ကဲ . . ကဲ ကျွန်တော်နှင့် တွေ့ပြီ ဦးဘာမှမကြောက်နဲ့တော့ ဦးကို ဘယ်လိုရန်သူမျိုးမှ မနှောင့်ယှက်စေရဘူး။ ဟောဒီဂုဏ်တော် ပုတီးကို ဦးလည်ပင်းမှာ ဆွဲထား၊ ဒီပုတီးဟာ အောက်တန်းစား တစ္ဆေသရဲကို မဆိုထားနဲ့ အာဋာဝကလို တန်ခိုးကြီးတဲ့ နတ်ဘီလူးများကတောင် ဖျားဖျားတုန်အောင် ကြောက်ပြီး ထွက်ပြေးရတဲ့ ပုတီးပဲဦးရဲ့" ဟု ဆိုကာ ကျွန်တော်၏ ကျေးဇူး ရှင်ဆရာကြီး ပေးအပ်လိုက်သော ဂုဏ်တော် ပုတီးကြီးကို စွပ်ပေးထားလိုက် သောအခါ ဦးဘိုးမြစ်မှာ အတော်အတန်အားတက်လာသည်ကိုတွေ့ရပါသည်။

ထိုအခိုက်မှာပင် ဝတ်လုံဦးလှဘေ ရောက်လာသောကြောင့် အကျိုး အကြောင်း မေးမြန်းရန်ရှိသည်တို့ကို ထပ်မံမေးမြန်းသောအခါ ဦးဘိုးမြစ်က

"ကဲ ဆရာလေး၊ ကျုပ်တော့ ကြောက်လွန်းလို့ ဒါတွေထပ်ပြီး မပြော ပါရစေနဲ့တော့ ဒီကိစ္စဘယ်လိုစခဲ့တယ်။ အခုကျုပ်မှာ ဘယ်လို ဘယ်လိုအဖြစ်

မျိုးနဲ့ တွေ့နေရတယ်ဆိုတာ ဟောဒီက ဦးလှဘော အစအဆုံးသိပါတယ်။ ဦးလှဘောကိုသာ မေးပါတော့ ဦးလှဘောကလည်း ကျုပ်ကိုယ်စား တဆိတ် အပင်ပန်းခံပြီး ပြောပြပါတော့နော်"

"ကောင်းပါပြီ၊ ခင်ဗျားသက်သာသလိုသာနေပါ၊ ပြောစရာရှိတာတွေ ကျွန်တော်က ဆရာလေးကို အားလုံးပြောပြပါမယ်၊ ကဲ . . ဆရာလေး အေးအေးဆေးဆေး ပြောကြရအောင် ဟိုဘက်အခန်းထဲကို ကြွခဲ့ပါတော့" ဟုဆိုကာ တစ်ဖက်ရှိ စာရေးခန်းထဲသို့ ထသွားသဖြင့် ကျွန်တော်လည်း ဦးလှဘော သွားရာသို့ လိုက်လာခဲ့လေ၏။

ကုလားထိုင်ကိုယ်စီနှင့် ထိုင်မိကြသောအခါ ကျွန်တော်ကပင် စတင်၍ "ဘယ်နှယ့်ဖြစ်ပုံလဲဦးရယ်၊ ဦးဘိုးမြစ်ဖြစ်ပုံမြင်ရတာဖြင့် အတော်ပဲ အကြောက်လွန်ကဲနေရှာတဲ့ လက္ခဏာပဲ" ဟု ပြောမိရာ . . .

ဘော ။ ။ "ကြောက်မယ်ဆိုလည်း ကြောက်စရာပဲ ဆရာ လေးရဲ့၊ အရင် လေးငါးယောက်လည်း အခု ဦးဘိုးမြစ်ဖြစ်ပုံ အတိုင်းဖြစ်ပြီး ဘာမှ မကြာဘူး၊ ဒီသရဲကြီးလက်ချက်နဲ့ မချိမဆံ့ အသက် ထွက်သွားကြရှာတာ၊ သူကိုယ်တိုင် တွေ့ဖူးနေတယ်။ ဒါကြောင့် ခုလောက် ကြောက်လန့် နေရှာတာပဲ"

ကျွန်တော် ။ ။ "အရင်လူတွေရဲ့ ဖြစ်ပုံကြားစမ်းပါရစေဦး"

ဘော ။ ။ "ဒီလိုဆိုရင် အစကပြန်ပြီးပြောမှ ဖြစ်မယ်ဆရာလေးရဲ့၊ အခု သရဲကြီးဆိုတာက တခြားလူမဟုတ်ဘူး၊ လွန်ခဲ့တဲ့ ခြောက်လ လောက်တုန်းက ဦးဘိုးမြစ်ရဲ့ရုံးမှာ လူသတ်မှုနဲ့ ရောက်လာတဲ့ တရားခံပဲ၊ အဲဒီတရားခံကို အမှုထင်ရှားတာနဲ့ သေစားသေ စေလို့ ဦးဘိုးမြစ်က စီရင်ချက်ချလိုက်လို့ ထောင်ထဲမှာ ကြိုးစင် တင်ပြီး အသတ်ခံရတယ်၊ အဲဒီတရားခံဟာ မကျွတ်ဘဲ သရဲ ဖြစ်ပြီး လက်စားချေနေတာတဲ့"

ကျွန်တော် ။ ။ "ဩော် . . သူ့ကို မတရားကြိုးပေးလိုက်လို့ အခဲမကျေတာ များလား"

မြန်မာ စာအုပ်များ



ဘော ။ ။ "ဒီလိုမဟုတ်ဘူး၊ အမှုက သိပ်ထင်ရှားတယ်။ လူကို ရက်ရက်စက်စက်သတ်တာလည်း အမှန်ပဲ။ ဒီတော့ ကြိုးမိန့်ကလွဲပြီး သူ့ကို အပြစ်ပေးစရာမရှိဘူး"

ကျွန်တော်။ ။ "ဒါဖြင့် သူကဘာဖြစ်လို့ မကျေနပ်ရတာလဲ၊ ဒီသရဲလက်ချက်နဲ့ သေရတယ်ဆိုတဲ့ လူတွေက ဘယ်လို လူစားတွေလဲဦးရဲ့"

ဘော ။ ။ "ပထမဆုံးစပြီး သရဲကြီးလက်စားချေတာဟာ တရားလိုမကလေး မသိန်း၊ နောက်ပြီးတော့ သူ့ကို လူသတ်မှုနဲ့ ဖမ်းပြီး စွဲချက်တင်တဲ့ ပုလိပ်အရာရှိသုံးယောက်၊ နောက်အစိုးရရှေ့နေ၊ ယခုသူ့ကို တရားစီရင်တဲ့ စက်ရှင်မင်းကြီး ဦးဘိုးမြစ်အလှည့်ရောက်နေပြီ"

ကျွန်တော်။ ။ "ဒါဖြင့် သူလက်ချက်နဲ့ လူငါးယောက် သေပြီးပြီဆိုပါ တော့၊ ခြောက်ပုံက ဘယ်လိုတဲ့လဲ"

ဘော ။ ။ "စခြောက်ပုံကတော့ ကြိုးစင်တင်သတ်လို့ ရှည်ထွက်နေတဲ့ သူ့လည်ပင်းကြီးဖော်ပြီး မည်းမည်းကြီး ပေါ်ပေါ်လာတာတဲ့၊ ထောင်အရာရှိတွေပြောတယ်၊ သတ်ပြီး ကြိုးစင်က ဖြုတ်ချလိုက်တော့ သူ့လည်ပင်းကြီးဟာ နဂိုထက် တစ်ဆလောက်ရှည်ပြီး အပေါ်ပိုင်း ရှုးနေသတဲ့။ အခြောက်ခံရတဲ့သူတွေဟာ သူ့ပုံကို အလောင်းက လည်ပင်းရှည်ကြီးအတိုင်း တွေ့ရတယ်တဲ့၊ ပါးစပ်ကလည်း စကားပြောသေးတယ်တဲ့၊ ငါမသေဘူး၊ နင်တို့ငါ့ကို မတရားဝိုင်းသတ်ပေတဲ့ ငါမသေဘူး၊ အခု နင်တို့ကို ငါ့အကြောင်းပြမယ်၊ ငါနေတဲ့ အိမ်ကိုလာခဲ့ကြ"လို့ သုံးလေးခါလာလာပြီး ခေါ်သတဲ့။

"အဲဒီလို အခေါ်ခံရတဲ့ သူတွေဟာ တစ်ခါတည်း ထိတ်လန့်ကြောက်ရွံ့ပြီး နောက်ဆုံး သူ့အိမ်ကြီးကို မသွားဘဲ မနေဝံ့ဘူး၊ သွားရတယ်၊ သွားပြီး လူတစ်ယောက်မှမနေတဲ့ သူ့အိမ်ပျက်ကြီးထဲရောက်တာနဲ့ တစ်ပြိုင်တည်း၊ ဘာဖြစ်တယ်မသိဘူး တစ်ကိုယ်လုံး မီးသွေးတုံးလို မည်းပြီးသေရတာပဲတဲ့။

“အခုလည်း ဦးဘိုးမြစ်ကို လာလာခြောက်ပြီးတော့ သူ့အိမ်ကို လာရမယ်လို့ ခေါ်နေသတဲ့ သွားရင်လည်း သေမှာပဲ၊ မသွားဘဲ နေလည်း သူ့လည်ပင်းရှည်ကြီးနဲ့ လာလာခြောက်ခံရတာနဲ့ပဲ အကြောက်လွန်ပြီး သေမှာပဲ”

ကျွန်တော်။ ။“ဩော် . . တစ်မျိုးပါလား၊ ဒါနဲ့ သူ့အိမ်ထဲမှာ သွားသေတာကို ဘယ်သူတွေ သိသလဲဦးရဲ့”

ဘေ ။ ။ “ဒီလို ဒီလိုဆရာလေးရဲ့၊ ပထမဆုံး တရားလိုမကလေးကို လာလာခြောက်လို့ သူငယ်မ သိပ်ကြောက်ပြီး သွေးရူး သွေးတန်းဖြစ်နေရှာတယ်၊ တစ်နေ့ ကောင်မလေး ပျောက်သွားတာနဲ့ သူ့အမျိုးများက ကေန္တ သရဲခေါ်တဲ့ဆီ လိုက်သွားပြီဆိုပြီး သူ့အိမ်ပျက်ကြီးကို လိုက်ရှာတော့ သူငယ်မရဲ့ အလောင်းတစ်ခုလုံး မီးသွေးတုံးလို မည်းပြီး သေနေတာ တွေ့ရတယ်၊ နောက်သူ့ကို ဖမ်းတဲ့ပုလိပ်တွေ ပျောက်သွားတော့လည်း အဲဒီအိမ်ကြီးထဲ တွေ့လိုတွေ့ငြား လိုက်ကြည့်တော့ ပထမမိန်းကလေးသေသလို သေနေတာ တွေ့ကြရတယ်”

ကျွန်တော်။ ။ “သူ့အိမ်က ဘယ်မှာလဲ ဦးရဲ့”

ဘေ ။ ။ “သူ့အိမ်က အနီးစခန်းက ခြံအိုကြီးထဲမှာ ရှေးကကျောင်းပျက်ကြီးများလို၊ အင်မတန် ပျက်စီးနေပြီး၊ သရဲခြောက်တယ်ဆိုပြီး ဘယ်သူမှ ခြံထဲမဝင်ဝံ့ဘူး၊ သူကြီးမိန့်နဲ့ သေပြီးကတည်းက ဘယ်သူမှ နေဖို့မပြောနဲ့ ဝင်တောင်မကြည့်ဝံ့လို့ ခြံကြီးလည်း တောဖြစ်နေပြီ။ အိမ်ကြီးကလည်း အတော်ကြီးတယ်။ အဆောင်အဆောင် အခန်းအခန်းတွေကလည်း များပါဘိသနဲ့၊ သူ မသေခင်ကလည်း ဒီအိမ်ကြီးထဲမှာ သူနဲ့ အစေခံတစ်ယောက်နဲ့ပဲ လာနေကြတယ်တဲ့”

ကျွန်တော်။ ။ “ဘာကြောင့် ဒီလိုတောကြီးထဲမှာ အိမ်ကြီးကြီး လာဆောက်ရတာလဲ၊ အိမ်ကြီးကြီးဆောက်နိုင်တာထောက်ရင် ချမ်းချမ်းသာသာ အစားထဲက ထင်ရဲ့”

မြန်မာ စာအုပ်များ



ဘော ॥ ။ "ဟုတ်တယ် ချမ်းသာပြီး ဂုဏ်ရှိတဲ့ လူကြီးတစ်ယောက် ပေါ့၊ သူလူသတ်မှုဖြစ်တော့ အသက်ငါးဆယ် ကျော်ပြီ"

ကျွန်တော်॥ ။ "အို ဒီလို လူကြီးလူကောင်း၊ ဂုဏ်သိက္ခာနဲ့ အရွယ်ကြီးမှာ ဘာပြုလို့ လူသတ်ရပါလိမ့်နော် . . . "

ဘော ॥ ။ "လူတစ်မျိုးကြီးပဲ ဆရာလေးရဲ့၊ ဦးလည်း သူ့အမှုတုန်းက သူ့ဘက်ကနေပြီး ရှေ့နေလိုက်ခဲ့ရလို့သာပေါ့၊ အစိုးရဘက်က သာ လိုက်မိရင် ဦးလည်း သရဲဘဝနဲ့ လက်စားချေခံရတဲ့ထဲ ပါနေမှာ"

ကျွန်တော်॥ ။ "အို . . ဦးက သူ့အမှုမှာ ရှေ့နေလိုက်ပေးရသေးသကိုး၊ အင်း . . တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းပဲ၊ ကဲ . . ကဲ ဆက်ပြောပါဦး"

ဘော ॥ ။ "ဒီလို ဆရာလေးရဲ့၊ သူက တခြားမဟုတ်ဘူး။ ဆရာဝန်ကြီး ဦးဘခက်တဲ့၊ ငယ်ငယ်ကတည်းက ဂျာမနီပြည်ကို ဆေး အတတ်ပညာ သွားသင်တယ်၊ အရွယ်လည်းရောက်ရော ဆေးအတတ်နဲ့ လောကဓာတ်ပညာဘက်မှာ ထူးထူးချွန်ချွန် ပေါက်ရောက်အောင် မြင်လာတယ်၊ မြန်မာပြည်ရောက်တော့ အိမ်ထောင်ကျပြီး ဆေးဆိုင်ကြီးတစ်ခုဖွင့်လို့ 'ဆရာဝန်ကြီး ဦးဘခက်'ဆိုတဲ့ နာမည်နဲ့ အတော်ထင်ရှားတာပဲ"

"ဆေးကုသတဲ့ဘက်မှာ အင်မတန် ကျွမ်းကျင်ပြီး နာမည်ရနေတယ်၊ ဘယ်ဝေဒနာဖြစ်ဖြစ် သူနဲ့တွေ့ရင် နတ်သိကြားနှင့် တွေ့ရသလို ကျန်းမာသွား တာပဲ၊ ဆေးတွေရောင်းရ လူနာတွေကုရလွန်းလို့ ရလိုက်တဲ့ငွေဆိုတာ သောက် သောက်လဲရော၊ နာမည်ကလည်း သိပ်ကောင်း၊ လူပေါင်းကလည်း အင်မတန် ဝင်ဆန့်တယ်၊ ဦးရွှေတင်ဆိုတဲ့ ဆရာဝန်တစ်ယောက်ကိုလည်း သူ့လက်အောက် က နိဿရည်းခံတပည့် လက်ထောက်ဆရာဝန်ကလေးအဖြစ်နဲ့ ငှားထား လိုက်သေးတယ်"

မြန်မာ စာအုပ်များ



"ပြီးတော့ .. ဆေးနဲ့ပတ်သက်လို့ စီးပွားရေး တွင်ကျယ်နေသလောက်၊ ရသမျှငွေတွေကို ဆေးဘက်က အမျိုးမျိုးချဲ့ထွင်နေတာပဲ၊ တော်လည်းတော်တဲ့ လူကြီးပဲ၊ သူ့မှာ သမီးကလေးတစ်ယောက်နဲ့ မိန်းမရှိတာလည်း အင်မတန် ဂရုစိုက်တယ်၊ ဒါပေတဲ့ သူ့ဆေးတိုက်အလုပ်ကို ဂရုစိုက်စိတ်ဝင်စားမိရင် သမီးနဲ့မယားကို လုံးလုံးသတိမရတော့ဘူး"

"အဲဒီလိုနဲ့ နေလိုက်တာ၊ သူ့ဇနီးသည် ဆရာဝန်ကတော်ကြီး အနိစ္စရောက်သွားတော့ ဆရာဝန်ကြီး ဦးဘခက်ဟာ အသက်လည်းကြီးလို့ စီးပွားရေးကို သိပ်ဂရုမစိုက်တော့ဘူး၊ ဆေးတိုက်ကို သူ့သမီးကလေး မေနွဲ့ရီနဲ့ သူ့လူယုံလက်ရုံးတော်ကြီးကို လွှဲအပ်ပြီး သူကတော့ လူတွေနဲ့ အလှမ်းဝေးတဲ့ အနီးစခန်းက ခြံနဲ့ အိမ်ကြီးမှာ လာနေတာပဲ"

"ဒီခြံကြီးထဲက အိမ်ကြီးကိုလည်း တစ်နေ့သူ အနားယူတဲ့အခါ တိတ်တိတ်ဆိတ်ဆိတ်လာနေဖို့ဆိုပြီး သူ့ဇနီးသည်ရှိတုန်းကတည်းက စိတ်ကူးရှိသလို တဖြည်းဖြည်းအချိန်ယူပြီး ဆောက်လုပ်လာတဲ့ အိမ်ကြီးပေါ့၊ အဲဒီအိမ်ကြီးမှာနေတော့လည်း သူ့အတွက် ဦးသာခေါင်ဆိုတဲ့ လူယုံအစေခံအဘိုးကြီးတစ်ယောက်သာ ခေါ်ထားတယ်။ ဆေးဆိုင်မှာ သူ့ ကိုယ်စားထားခဲ့တဲ့ ဆရာဝန်ဦးရွှေတင်တော့ဖြင့် တစ်လတစ်ခေါက်လောက် သူ့ခြံကြီးထဲသွားရောက်ပြီး သူလိုတဲ့ပစ္စည်းကလေးများ အစားအသောက်ကလေးများ ပို့လေ့ရှိသတဲ့။

အဲဒီ-ဦးရွှေတင်ဆိုတဲ့ သူ့လက်ထောက် ဆရာဝန်ကြီးအကြောင်းလည်း ပြောရဦးမယ်၊ ဦးရွှေတင်ဟာ ဆရာဝန်ကြီး ဦးဘခက်ရဲ့ တပည့်လက်ထောက် ဆရာဝန်သာဆိုတယ်၊ သူတို့ချင်းညီအစ်ကို အရင်းလို အင်မတန်ခင်မင်ကြတယ်၊ ယုံကြည်တယ်၊ ဦးရွှေတင်ကလည်း ဦးဘခက်ကို ဆရာသမားအဖြစ်နဲ့ အင်မတန်ကြည်ညိုတယ်။ သစ္စာရှိတယ်၊ လူကြီးချင်း ခင်မင်ရုံမကဘူး သားချင်း၊ သမီးချင်းလည်း သိပ်ခင်ကြတယ်။

ဆရာဝန်ကြီး ဦးဘခက်မှာ မေနွဲ့ရီဆိုတဲ့ သမီးလေးတစ်ယောက်တည်းရှိတယ်၊ လက်ထောက်ဆရာဝန် ဦးရွှေတင်မှာ မောင်မောင်မြဆိုတဲ့

မြန်မာ စာအုပ်များ



သားကြီးတစ်ယောက်နဲ့ ထွေးထွေးတင်ဆိုတဲ့ သမီးကလေးတစ်ယောက် ရှိတယ်။ သူတို့သုံးယောက်စလုံး ဆေးကျောင်းပို့ပြီး ဆရာဝန်အတတ်သင်ပေးထားတဲ့အတွက် သုံးယောက်လုံး ပြင်ဦးလွင်က သူတို့ပိုင်ဆေးတိုက်ကြီးမှာ လက်ထောက်ဆရာဝန် ဆရာမတွေအဖြစ်နဲ့ စည်းစည်း လုံးလုံး လုပ်ကိုင်ပြီး လူနာတွေကိုပါ လက်ခံပြုစုနေကြတယ်။

"သူတို့အပေါ်မှာ ဦးရွှေတင်က အကြီးအကဲဖြစ်နဲ့ အုပ်ချုပ်လို့ပေါ့လေ။ နို့ပြီးတော့ ဒေါက်တာမောင်မောင်မြနဲ့ ဆရာဝန်မကလေး မေနွဲ့ရီကိုလည်း အဖေနှစ်ဦးက လက်ဆက်ပေးဖို့ ရည်စူးထားကြတယ်။ လူငယ်နှစ်ယောက်ကလည်း အချင်းချင်းမေတ္တာရှိနေကြတယ်။ ဒီတော့ သူတို့အပေါ်မှာ အုပ်ချုပ်တဲ့ ဦးရွှေတင်မှာလည်း အတွင်းရေးရော အပြင်ရေးရော အေးချမ်းလို့ပေါ့"

"ဦးဘခက်ကြီးဟာ သူ့ရဲ့ လုပ်ငန်းအရပ်ရပ်နဲ့ သားရေးသမီးရေး စီးပွားရေးကအစ၊ ဦးရွှေတင်ကို လုံးဝတာဝန်လွှဲအပ်ခဲ့ပြီး ခြံကြီးထဲမှာ အဖော်မနှိုး တစ်ကိုယ်တည်းလာနေခြင်းဟာလည်း တခြားအကြောင်းမဟုတ်ဘူး၊ အဘိုးကြီးက လောကဓာတ်ပညာကို ထူးထူးချွန်ချွန် လိုက်စားလာခဲ့တဲ့ အလျောက်၊ ဦးဘခက်ဆိုတဲ့အတိုင်း ခက်ခဲနက်နဲတဲ့ လောကဓာတ် ပညာတစ်ခုကိုလာပြီး စမ်းသပ်နေတာတဲ့"

"သူ့အိမ်ကြီးထဲမှာ နေ့တကုပ်ကုပ် ညတကုပ်ကုပ် ဓာတ်ခွဲ ဓာတ်စမ်းနေတာနဲ့ ထမင်းစားဖို့တောင် သူ့တပည့်ဦးသာခေါင်က အတော်ခေါ်ယူရတယ်။ အိမ်ကြီးမှာ အဆောင်ဆောင် အခန်းခန်းတွေ များပြား ကျယ်ဝန်းသလောက် သူ့အဖို့ အိပ်ရာနေရာကောင်းတစ်ခုမှာ မရှိဘူး၊ ခိုင်လုံထူထဲတဲ့ အခန်းဆောင်မှန်သမျှ ဆေးဘူး၊ ဖန်ပြွန်၊ ဓာတ်ခွဲကိရိယာ တန်ဆာပလာတွေနဲ့ ပြည့်နေတာပဲ"

"သူဆေးစမ်းဖို့ မွေးထားတဲ့ ယုန်ကလေးတွေ၊ ပူးကလေးတွေ၊ မျောက်ကလေးတွေကိုလည်း လှောင်အိမ်ခန်းကလေးတွေနဲ့ ကျွေးမွေးထားတယ်၊ တော်တော်အကြံကြီးတဲ့လူကြီးပဲ"

"ပြီးတော့ ဓာတ်အားပေးဖို့ ဒိုင်နမိုတွေ၊ အင်ဂျင်စက်တွေဆိုတာလည်း သူတို့စံအိမ်ကြီးထဲမှာ အပြီးအစီး စီမံထားတယ်၊ သူ့ တပည့် ဦးသာခေါင်ကြီးဟာ သူ့ဒိုင်နမိုအတွက် အင်ဂျင်စက်မောင်းပေးရတဲ့ စက်ဆရာပေါ့"

ကျွန်တော် ။ ။ "သြော် . . ဒါဖြင့် သူ့ဟာက အသက်ကြီးလို့ အနားယူတာမှ မဟုတ်ဘဲ၊ သူတတ်မြောက်ထားတဲ့ လောကဓာတ်ပညာ, ဆေးပညာတွေကို အခြေခံထားပြီး ထူးချွန် တဲ့နည်းသစ်၊ လမ်းသစ်တွေ တီထွင်နေတယ်ဆိုတော့ အတော်ချီးမွမ်းစရာ ကောင်းတာပေါ့။ ကျွန်တော်တို့ မြန်မာထဲက ဒီလိုထူးချွန်တဲ့ ပုဂ္ဂိုလ်မျိုးဟာ မရှိသလောက် ရှားနေတယ်ဦးရဲ့"

ဘော ။ ။ "ကောင်းတော့ ကောင်းပါရဲ့ ဆရာလေး၊ ဒါပေတဲ့ လောကဓာတ်ပညာတွေ လိုက်စားအားကြီးတဲ့လူဟာ စိတ်ဖွဲ့သန်အားကြီးတော့ အရူးတစ်ပိုင်း ဖြစ်သွားသလိုပဲ၊ အစိန္တိတံ မကြံအပ် မကြံရာဆိုတာမျိုးမို့ တစ်နေ့မှာ ကိုယ့်အလုပ်အကိုင် အထမမြောက်ဘဲနဲ့ ဆင်းရဲခံရင်း သေကြရတာများတော့ စိတ်ပျက်စရာကြီးပေါ့"

ကျွန်တော်။ ။ "အဲဒီလို စိတ်ပျက်စရာတွေ တွေးပြီးမလုပ်ကိုင် မကြံစည်၊ မကြိုးစားဘဲနေခဲ့ရင် ယခုကျွန်တော်တို့တွေ တွေ့မြင်နေရတဲ့ ဓာတ်မီးရောင်တွေ၊ ဓာတ်အားနဲ့ သွားလာလှုပ်ရှားနေတဲ့ အရာဝတ္ထုတွေ၊ ဒိဗ္ဗသောတ၊ ဒိဗ္ဗစက္ခုစတဲ့ ဝိုင်ယာလက်၊ ရေဒီယို, တယ်လီဗီးရှင်းစတဲ့ဟာတွေ ဘယ်မှာပေါ်လာပါတော့မလဲ။ လူတကာဝိုင်းပြီး လက်ညှိုးထိုး မေးငေါ့ အရူးလုပ်ခံပြီး ဇွဲသန်သန်နဲ့ ကြိုးစားကြံစည်လုပ်ကိုင်ခဲ့ကြတဲ့ လောကဓာတ်ဆရာကြီးတွေရဲ့ ကျေးဇူးကြောင့်သာ မြေလျှိုးမိုးပျံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပင်လယ်သမုဒ္ဒရာကြီး ခြားနေတဲ့ကြားက အသံလွှင့်၊ ရုပ်လွှင့်၊ ရုပ်ဖမ်း၊ သံဖမ်းအတတ်တွေ ထွန်းကားလာတယ် မဟုတ်လားဦးရဲ့"

မြန်မာ စာအုပ်များ



ဘော ။ ။"ဆရာလေးပြောတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ဦးဘခက်ရဲ့ အကြံကတော့ တကယ်မဖြစ်နိုင်တဲ့ အကြံကြီးတဲ့ ဆရာလေးရယ်။ ဒိပြင်နည်းလမ်းတွေ ကြံစည်တာတော့ ဦးတို့အထင် မသေးပါဘူး၊ သူ့ဟာက မဖြစ်နိုင်လွန်းလို့"

ကျွန်တော်။ ။"ဘာကို ကြံစည်လို့လဲ ဦးရဲ့"

ဘော ။ ။"လူတွေကို မသေရဘူးတဲ့၊ သေတဲ့လူရဲ့ အသက်ကို ပြန်ရှင်အောင် လုပ်နိုင်တဲ့ 'နည်း'တဲ့ ဒီနည်းသာဖြစ်ရင် လင်သေလို့၊ မယားသေလို့၊ အဖေအမေသေလို့ ရှိုက်ကြီးတငင်ငင် ရင်ထုငိုနေတဲ့ မသာအိမ်တွေကိုသွားပြီး မသာတစ်လောင်းငါးဆယ်တစ်ရာနဲ့ စျေးပေါပေါယူပြီး လူသေတွေ ပြန်ရှင်အောင် လုပ်ဖို့ထင်ပါရဲ့။ တော်တော်အကြံကြီးတာကလား၊ သင်္ချိုင်္ဂရာဇ်ရုံကြီးကိုလည်း တားဆီးမလို့ထင်ပါရဲ့၊ ဒါမှမဟုတ်လည်း ရှေ့တုန်းက ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတွေလို သူတို့ရဲ့ ဆေးတောင်ဝှေးနဲ့တို့ရင် သေသူ ပြန်ရှင်ရတယ်ဆိုတာ အားကျလို့ မှတ်တယ်"

ကျွန်တော်။ ။"အို . . ."

ဦးဘဘော ။ ။"ကဲလေ ဒါတွေကတော့ ဦးဘခက်ရဲ့အကြောင်း ဆရာလေးသိအောင် အခြေခံသဘောနဲ့ ပြောတာကိုး အဖြစ်အပျက်အစကတော့ ဒီလိုကလား"

"ဦးဘခက်ဟာ ခုနကပြောသလို လူသူမနီးတဲ့ ခြံကြီးထဲမှာ သူကြံစည်ထားတဲ့အလုပ်ကို တကုပ်ကုပ်ကြိုးစားနေတယ်၊ 'မပြီးခင် ဗမာမမြင်စေနဲ့' ဆိုတာလို သူ့အလုပ်မှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ခြံထဲကို ဘယ်သူမှ မလာရဘူး၊ ကုန်ကုန်ပြောမယ် သူ့သမီးကလေး မေနွဲ့ရီ တစ်ခါတစ်ရံလာတာတောင် မကြိုက်ဘူး၊ သူ့လူယုံတော်ကြီး ဦးသာခေါင်ဟာ အိမ်တံခါးကို အတွင်းက သော့ခတ်ပြီး အထူးစောင့်ကြပ်နေရတယ်၊ ဦးရွှေတင်မှတစ်ပါး ဘယ်သူ့ကိုမှ တံခါးလွယ်လွယ် ဖွင့်မပေးဘူး"

"ဒီအကြောင်းတွေကို ဦးက ခရေစေ့တွင်းကျ သိနေတာ အခြားကြောင့် မဟုတ်ဘူး၊ ဦးဘခက်အမှုကို လိုက်ပေးနေရတဲ့ ရှေ့နေတစ်ယောက်မို့ သိတန်သလောက် သိအောင်မေးမြန်းထားလို့ ဦးရွှေတင်ဆီက တစ်ဆင့်ကြားရတဲ့ သတင်းတွေပေါ့။ ဒါတောင် ဦးရွှေတင်ဟာ သူ့ဆရာ ဦးဘခက်အပေါ်မှာ အင်မတန် သစ္စာရှိတဲ့လူကြီးပဲ"

"အဲဒါနဲ့ ဒီအမှုကြီးစပြီးဖြစ်တဲ့နေ့ကို ပြောရတော့မယ်၊ အဲဒီနေ့က လက်ထောက်ဆရာဝန်ဦးရွှေတင်ဟာ ဦးဘခက်မှာတဲ့ ဆေးသေတ္တာကလေးကို တရိုတသေယူပြီး၊ သူ့ဖို့ဒ်ကားကလေးနဲ့ ခြံကြီးထဲ ရောက်လာတယ်"

"အဲဒီ ဆေးသေတ္တာကလေးဟာ ဦးဘခက် အနေ့နေ့အရက်ရက် ကြိုးစားမှုကြောင့် အောင်မြင်ထားတဲ့ ဆေးဓာတ်ဖန်လုံးကလေးတွေ သိမ်းထည့်ထားတယ်။ အဲဒါကို ဦးရွှေတင်က ဓာတ်အားပေးပြီး လုံခြုံစွာသိမ်းထားရတယ်၊ အခြားအသိုင်းအဝိုင်းကိစ္စကို သူတစ်ယောက်တည်း အိမ်ကြီးထဲမှာ စီစဉ်နေမယ်၊ အောင်မြင်လှတဲ့အချိန်ရောက်မှ ဒီဆေးသေတ္တာကို ယာပို့ရမယ်လို့မှာထားသတဲ့။

"အဲဒီနေ့ကတော့ 'မောင်ရွှေတင် ငါ့ဆေးသေတ္တာကိုယူခဲ့တော့ အားလုံးနေရာတကျ စီစဉ်ပြီးပြီ'ဆိုတာနဲ့ ဆေးသေတ္တာလာပို့ရတယ်။ ဟိုရောက်တော့ ဦးရွှေတင်ကို ဦးဘခက်ကြီးကိုယ်တိုင် အတွင်းတံခါးဖွင့်ပြီး ကြိုဆိုနေတယ်။ ပါလာတဲ့ ဆေးသေတ္တာကလေးကိုလည်း အမြတ်တနိုးဆီးယူတယ်၊ သူ့မျက်နှာဟာလည်း အကြံအောင်နေတဲ့ လက္ခဏာ အင်မတန် ရွှင်လန်းနေတာကို တွေ့ရတယ်တဲ့"

"ပြီးတော့လည်း 'မောင်ရွှေတင်ရေ . . . ငါတော့ အင်မတန်ထူးဆန်းတဲ့ အောင်မြင်မှုကြီးကို ရတော့မယ်၊ ကမ္ဘာကြီးကို လက်ခမောင်းခတ်ပြနိုင်တော့မယ်၊ ဟောဟို လှောင်အိမ်ထဲက မျောက်ကလေးဟာ ငါ့ဆေးနဲ့ သေအောင်သတ်ပြီး တစ်ခါအသက်ပြန်သွင်းထားတာ ကြည့်စမ်း ဘာမှမထူးခြားဘူး၊ အရင်ကလိုပဲ ဖျတ်ဖျတ်လတ်လတ် ခုန်ပေါက်မြူးတူးနေတယ်"လို့ ပြောတယ်။

မြန်မာ စာအုပ်များ



"ဦးရွှေတင်လည်း မျောက်ကလေးကို ကြည့်လိုက်တော့ အရင် မြင်နေကျအတိုင်း မြင်ရသတဲ့၊ ဦးဘခက်ကလည်း အားရဝမ်းသာနဲ့ ဆက် လက်ပြီး 'အရင်'ပူးကလေးတွေ စမ်းသပ်တုန်းကတော့ နေရာမကျသေးလို့ ထင်ရဲ့ ခဏခဏသေသွားရရှာကြတယ်။ ဒီမျောက်ကလေးကို စမ်းတော့မှ လမ်းမှန်တွေ့ပြီး တစ်ခါတည်း အောင်မြင်သွားတယ်၊ သို့သော် အသက်ပြန်ရှင် ပေတဲ့ သူ့ဦးနှောက်ဟာ ဘယ်လိုနေသလဲမသိရဘူး၊ လူလိုစကားပြောနိုင်တာ မဟုတ်တော့လည်း အကဲခတ်ဖို့ ခဲယဉ်းတယ်။ ဒီတော့ တကယ့်လူကို စမ်းသပ် ဖို့ပဲလိုတော့တယ်။ ဒါကြောင့် ဒီနေ့လူတစ်ဦးကို စမ်းသပ်ရလိမ့်မယ်လို့ စိတ်အားထက်သန်စွာ ပြောသတဲ့"

"ဦးရွှေတင်က စမ်းသပ်ခံဖို့ လူရှာရန်အတွက် ဘယ်လိုစီစဉ်ထား ပါသလဲလို့ မေးတော့၊ ဦးဘခက်က ရယ်မောပြီး"

"အမယ်လေး ဒီအလုပ်အောင်မြင်တော့မယ်ဆိုကတည်းက ရှာဖွေ ထားပြီးပြီ၊ ထက်ထက်မြက်မြက်အရွယ် သွေးသားသန့်စင်ပြီး ကျန်းမာတဲ့ လူငယ်တစ်ယောက် ဟောဒီဆေးခန်းထဲမှာ ရောက်နေပြီ၊ အလွန်ဆုံး ငါးနာရီ လောက် အစမ်းသပ်ခံရရုံကလေးနဲ့ ငွေသုံးရာရမယ်ဆိုတော့ သူတို့ကလည်း ကျေကျေနပ်နပ် အစမ်းသပ်ခံတာပေါ့"

"ကောင်လေးက ကျန်းမာသလောက် သတ္တိလည်းကောင်းတယ်။ သူ့မယားလည်းပါလာတယ်။ သူ့မယားကိုတော့ ဘာလုပ်ရမယ်လို့ အကုန်ဖွင့် မပြောဘူးထင်ပါရဲ့၊ ဟုတ်တယ်လေ . . . မပြောတာဘဲ ကောင်းတယ်။ မိန်းမ ဆိုတာ သွေးအကြောင်သားကိုး၊ ကောင်လေးကတော့ သူ့ရှေ့တွင် မျောက် ကလေးတစ်ကောင်ကို ထပ်ပြီးစမ်းသပ်ပြလိုက်တဲ့အတွက် ပိုပြီး အားတက် စိတ်ပါရဲရင့်လာတာပဲ၊ ကဲ-ကဲလာလာ၊ ဟောဟိုမှာ သူတို့လင်မယား"လို့ ပြောပြီး ဦးရွှေတင်ကို အခန်းတစ်ခုထဲ ခေါ်သွားသတဲ့"

"ဦးရွှေတင် အခန်းထဲရောက်လျှင်ပဲ အသက်အစိတ်လောက်ရှိတဲ့ သန်သန်မြန်မြန် လူငယ်တစ်ယောက်နဲ့ အသက်နှစ်ဆယ်လောက်ရှိ သနား ကမား မိန်းကလေးတစ်ယောက်ကို တွေ့ရသတဲ့၊ သူငယ်ပျိုက စိတ်အားထက်

သန်နေတဲ့ အမှုအရာတွေ့ရပေတဲ့ မိန်းကလေးမျက်နှာ မှာတော့ စိုးရိမ်တဲ့ အရိပ်လက္ခဏာကလေး ပေါ်နေတာတွေ့ရတယ်တဲ့၊ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ငွေစက္ကူတွေ ကြည့်လိုက်၊ သူ့လင်ရဲ့ မျက်နှာကို ကြည့်လိုက်နဲ့ မချိနိုင်မချနိုင် သလို သူ့လင်ကို တိုးတိုးတိုးတိုးပြောနေတာနဲ့ ဘာများပြောသလဲလို့ သိရအောင် ဦးရွှေတင်က အမှတ်တမဲ့ နားစွင့်ထောင်မိတဲ့အခါ . . .”

“ကိုလှရယ် အသိန်းတော့ စိုးရိမ်တယ်၊ ဒီငွေတွေလည်းမလိုချင်ဘူး၊ မလုပ်ပါနဲ့ သူ့ငွေပြန်ပေးပြီး ပြန်ကြပါစို့ရဲ့၊ အိမ်ကြီးကြည့်ရတာလည်း ကြောက် စရာကြီး၊ အသိန်းစိတ်ထဲမှာ အလိုလိုနေရင်း မသိုးမသန့်ကြီး ဖြစ်လာတယ်၊ ဒီငွေတွေ သိန်းမလိုချင်ဘူး၊ ပြန်ကြပါစို့လို့ ပြောတော့သူငယ်က . .”

“ငွေသုံးရာဆိုတာ မနည်းဘူးသိန်းရ၊ ကိုလှမှာလည်း အလုပ်အကိုင် မရှိသေးတော့၊ သိန်းလည်း ဝတ်ရမဲ့ စားရမဲ့ ဖြစ်နေတယ်၊ ငါးနာရီလောက် အစမ်းသပ်ခံရရုံကလေးနဲ့ ငွေသုံးရာတောင်ရတာလည်း ကြည့်ဦး၊ ပြီးတော့ စမ်းသပ်တယ်ဆိုတာလည်း ဘာမှကြောက်စရာ စိုးရိမ်စရာမရှိဘူး။

“ဒါပေတဲ့ သိန်းစိတ်မချဘူး၊ မတော်တဆ တိမ်းပါးယိမ်းပါးရှိရင် ဒီငွေတွေ သိမ်းမျိုလို့ ကျနိုင်ပါ့မလား၊ မစားရ ရေသောက်နေမယ်၊ ဒါပြန်ပေး လိုက်ပါကိုလှရယ်”

“အို သိန်းကလည်း မဖြစ်နိုင်တာ တွေးမပူပါနဲ့ ခဏလေးပါ၊ အထဲမှာ ဆိုရင် သုံးနာရီလောက်ကြာမယ်။ အသိန်းစိတ်မချဘဲ နေမှာစိုးလို့ အတူခေါ် လာတာ၊ အသိန်းစိတ်မချရင် စမ်းသပ်တဲ့အခါ ကိုလှအနားမှာ ထိုင်ကြည့်နေ ပေါ့။ မေ့ဆေးပေးသလို ခဏလေးအိပ်နေမှာပါသိန်းရဲ့ မကြောက်ပါနဲ့၊ သတ္တိ ကောင်းကောင်းထားစမ်းပါ”လို့ သူတို့လင်မယား စကားအပြန်အလှန်ပြောနေ တာ ကြားရတယ်တဲ့။

“နောက် ဦးရွှေတင်ကလည်း ဦးဘခက်ဆေးခန်းထဲ ဝင်လိုက်သွား တော့ ကိရိယာတန်ဆာတွေအားလုံး တပ်ဆင်ပြီးနေပြီ၊ ကိုသာခေါင်ကြီးလည်း အောက်ထပ်မြေတိုက်ထဲက ဒိုင်နမိုကို ခုတ်မောင်းပေးနေတဲ့အတွက် အလုံပိတ် ထားတဲ့ ဓာတ်ခွဲခန်းထဲမှာ ဓာတ်မီးရောင်တွေ လင်းထိန်နေတာ တွေ့ရသတဲ့”

မြန်မာ စာအုပ်များ



"ဆေးခန်းထဲက ဖန်ဘူး ဖန်ပြွန်နဲ့၊ စက်ခွက်၊ ဓာတ်ခွက်တပ်ဆင်ထားတာတွေ လုပ်နည်းကိုင်နည်း ခလုပ်ဖွင့်တဲ့ နည်းတွေလည်း ဟိုအရင်ကတည်းက ဦးဘခက်ကြီးကိုယ်တိုင် ဦးရွှေတင်ကို လက်ထပ်ပြသထားတဲ့အတွက် ဦးရွှေတင်မှာ ကိုယ်တိုင်မလုပ်ဖူးတာ တစ်မယ်ရယ်၊ အားလုံးနားလည်နေသတဲ့"

"ဒါနဲ့ တိုတိုပြောရင် အခန်းထဲမှာ ပြင်ဆင်ရန်ရှိသမျှ ပြင်ဆင်ပြီးတော့ အပြင်မှာရှိတဲ့ မောင်လှကို ခေါင်းညိတ်ပြီး လှမ်းခေါ်တယ်၊ ဒီတော့ မောင်လှနဲ့ အသိန်းထလာကြတယ်။ မောင်လှကိုသာ အခန်းထဲဝင်စေပြီး အသိန်းဝင်မယ်လုပ်တော့ 'အို သူငယ်မ၊ မင်းအပြင်ကပဲ ထိုင်ပြီးစောင့်နေပါ။ ဆေးအခန်းထဲကို လူအပိုဝင်လို့ မဖြစ်နိုင်ဘူး'လို့ ဦးဘခက်က လေးနက်တဲ့ မျက်နှာထားကြီးနဲ့ ပြောပြီးတားမြစ်လိုက်တော့ အသိန်းမှာ မျက်နှာငယ်ကလေးနှင့် ကျန်ရစ်ရှာတယ်"

"အခန်းတံခါးကြီး ဗြုန်းခနဲ ပိတ်သွားပြန်တော့ သူ့ခမျာသာပြီး စိုးရိမ်ထိတ်လန့်သွားတာပဲ၊ ဦးဘခက်လည်း အတွင်းခန်းထဲကို ခေါ်လာတဲ့ မောင်လှကို စားပွဲပေါ်တင်၊ နားကြပ်နဲ့ စမ်းသပ်လို့ ယနေ့အဖို့ ကျန်းမာတယ်၊ သွေးတိုးမှန်တယ်ဆိုတာတွေလည်း သိရော အလုပ်ကိုပဲ စတာပဲ၊ ဦးရွှေတင်ကလည်း သူ့ရဲ့ အကူလက်ထောက်ဆရာဝန်ပီပီ တောက်တိုမယ်ရတွေ လုပ်ကိုင်ကူညီပေးရသတဲ့"

ခဏကြာတော့ သတ္တိကောင်းကောင်းနဲ့ အစမ်းသပ်ခံရမယ့် မောင်လှမှာ လျှပ်စစ်ဓာတ်အိုး ဝိုင်ယာကြိုးတွေနှင့် ပြုပြင်ထားတဲ့ မှန်သေတ္တာရှည်ကြီးအတွင်းမှာ ပက်လက်အိပ်နေရတယ်။ ထွက်သက် ဝင်သက်ကိုလည်း ဆရာဝန်ကြီး ဦးဘခက်ပြောတဲ့အတိုင်း မနှေးမမြန် ခပ်မှန်မှန်ရှူနေရတယ်။ အဲဒီမှန်သေတ္တာကြီးရဲ့ ခေါင်းရင်းခြေရင်း ပတ်လည်မှာတော့ ဝိုင်ယာကြိုး၊ ဓာတ်ကြိုးအကြီးအငယ် အရွယ်အလတ်တွေနဲ့ တပ်ဆင်ထားတဲ့ ဖန်ဘူး, ဖန်ပြွန်, ဖန်အိုး, ဖန်ချောင်းများ၊ ဒီဂရီ အတိုင်းအထွာ အမှတ်အသားပြတဲ့ တင်ပရေချာခွက်များ၊ အဖွင့်အပိတ် ဓာတ်ခလုတ်များနှင့် ပြည့်ကျပ်နေတဲ့ စင်မြင့်တွေ စားပွဲခုံတွေဝိုင်းရံနေတာပဲတဲ့။

ဦးဘခက်ဟာ စိတ်အားထက်သန်နေတဲ့ မျက်နှာထားနဲ့ မျက်တောင်ခတ်ဖို့ကိုမှ သတိမရနိုင်တော့ဘဲ စူးစိုက်နက်နဲတဲ့ မျက်နှာထားမျက်လုံးကြီးနှင့် မောင်လှရဲ့ ထွက်သက်ဝင်သက်ရှူရှိုက်ပုံကို စောင့်ကြည့်နေသတဲ့၊ ဒီအခိုက် ဦးရွှေတင်က ဘာလုပ်နေရသလဲဆိုရင် စမ်းသပ်ခံရတဲ့လူရဲ့ အသက်ရှူပုံ အခြေအနေကို စိတ်တိုင်းကျတဲ့အခါ ဦးဘခက် အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ခလုပ်နှိပ်ဖို့ရာ ဓာတ်ခလုပ်တွေ တပ်ဆင်ထားတဲ့ ခုံနံရံတစ်ခုနားမှာ ရပ်စောင့်နေရတယ်ဆိုပဲ။

ဒါနဲ့ . . ဦးဘခက်လည်း မောင်လှကို စိုက်ကြည့်ရတာ သူ့စိတ်တိုင်းကျအခြေအနေကို တွေ့ရတာနဲ့တစ်ပြိုင်နက် မျက်စိနဲ့ လှမ်းပြီး အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ဦးရွှေတင်က နှီးစက်ခလုပ်ကလေး လှည့်လိုက်ရတယ်။

ဒီခလုပ်ငယ်က လှည့်လိုက်တာနဲ့ တစ်ပြိုင်တည်း အရင်က မလှုပ်မယှက်ငြိမ်သက်နေတဲ့ ဖန်ဘူးဖန်ပြွန်ထဲမှာရှိတဲ့ စိမ်းစိမ်း ရွှေရွှေ ဝါဝါနီနီ ဖြူဖြူမည်းမည်း အရောင်အမျိုးမျိုးနဲ့ ဆေးရည်တွေဟာ သူ့အခန်း သူ့အကန့်ထဲမှာ ဆူပွက်လှုပ်ရှားလာကြတယ်၊ တစ်ခုနဲ့တစ်ခု ဆက်သွယ်ထားတဲ့ ဖန်ပြွန်, ဖန်ချောင်းတွေထဲမှာလည်း ပြေးလွှားကူးပြောင်းနေတဲ့ ဆေးရည်တွေတစ်မျိုး၊ မြွေနဂါးလို ရှူးရှူးရှားရှားမြည်နေတဲ့ နေရာကမြည်လို့ ခုံတွေ နံရံတွေမှာရှိတဲ့ စက်ကိရိယာနဲ့ ဓာတ်ခွက်ဓာတ်အိုးတွေဆိုတာ တညိတ်ညိတ်နဲ့ သူ့အစိတ်အပိုင်းနဲ့သူ သွက်သွက်ခါအောင်လည် တရွရွ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး ကိုယ့်တာဝန်နဲ့ကိုယ် ဆောင်ရွက်နေတဲ့ သက်ရှိသတ္တဝါတွေလို ဖြစ်နေကြသတဲ့။

နောက် . . ဦးဘခက်က ဦးရွှေတင်ကို အနားခေါ်ပြီး အတူတကွ မောင်လှရဲ့ အရိပ်အကဲကို ကြည့်နေစေတယ်။ ဝိုင်ယာတွေနဲ့ ဆက်ထားတဲ့ မှန်သေတ္တာထဲက မောင်လှဟာ အသက်မှန်မှန်ရှူပြီး အိပ်ပျော်နေသလို တွေ့ရတယ်၊ မောင်လှရဲ့ ခေါင်းရင်းမှာတော့ ဒီဂရီ ခွက်ကလေးတစ်ခုရှိတယ်၊ အဲဒီ မှတ်ခွက်ထဲမှာ အိမ်မြှောင်လက်တံ ကလေးတစ်ခုဟာ အငြိမ်မနေဘဲ တဖျပ်ဖျပ် လှုပ်ရှားနေတယ်။

မြန်မာ စာအုပ်များ



နောက်လက်တံကလေးဟာ တဖြည်းဖြည်း ငြိမ်မှန်းမသိ ငြိမ်လာလေ .. မောင်လှရဲ့ အသက်ရှူသံများ တစ်စတစ်စ ဝေးလံသွားတာကို တွေ့ရတယ်၊ နောက်ဆုံး အိမ်မြှောင်လက်တံကလေး လုံးလုံးငြိမ်သက်သွားတာနဲ့ တစ်ပြိုင်တည်း မောင်လှဟာလည်း အသက်ရှူလုံးဝ ရပ်စဲသွားပြီး လူသေပကတိလို ဖြစ်သွားတာပဲတဲ့ ဆရာလေးရဲ့ . . .

နောက် . . ဦးဘခက်က မောင်လှကို နားကြပ်နှင့်ကပ် နားထောင်ပြီး နှစ်သက်ကျေနပ်သွားဟန်နှင့် ခေါင်းတညိတ်ညိတ် ဖြစ်သွားရာက ဦးရွှေတင်ကို လှည့်ကြည့်ပြီး -

" သေသွားပြီ-အောင်ပြီ-အောင်ပြီ အသက်ကို ထုတ်ပစ်တဲ့ နည်းဟာ နောက်ကို ဒီနည်းအတိုင်း အသုံးပြုဖို့ အတည်ပြုလိုက်တော့"လို့ ဆိုတာနဲ့ ဦးရွှေတင်လည်း သူ့ဆေးဒိုင်ယာရီထဲမှာ ရေးမှတ်ထားရတယ်။

ပြီးတော့မှ ဦးဘခက်ဟာ ဦးရွှေတင်ယူလာတဲ့ သားရေသေတ္တာကလေးထဲက ဓာတ်အားသွင်းပြီး တရိုတသေသိမ်းထားတဲ့ ခုကိစ္စမှာ အရေးကြီးဆုံး အသုံးဝင်ဆုံး အချုပ်အခြာအခရာဖြစ်တဲ့ ဓာတ်ဖန်သီးကလေးတစ်စုံကို ယုယညင်သာစွာထုတ်ယူပြီး ခုံပေါ်မှာရှိတဲ့ ဓာတ်စက်ဓာတ်အိုးတွေရဲ့ အလယ်ဗဟိုချက်တည့်တည့်နေရာမှာ သေသေချာချာ တပ်ဆင်လိုက်တယ်တဲ့။

ပြီးတော့ ဖန်သီးနဲ့ ဆက်နေတဲ့ ဝိုင်ယာတွေကို မောင်လှအလောင်းထားတဲ့ မှန်သေတ္တာနဲ့ ဆက်သွယ်တပ်ဆင်တယ်၊ ပြီးတော့ ဦးဘခက်ဟာ မောင်လှအလောင်းကို အသက်မရှူဘဲ စူးစိုက်ကြည့်နေပြန်တယ်၊ လုံခြုံတဲ့ ဆေးခန်းကြီးတစ်ခုလုံးဟာလည်း လျှပ်စစ်ဓာတ် သံတို့နဲ့ ချိုးချိုးချွတ်ချွတ် ဆူညံနေတာပဲတဲ့ ဦးဘခက်နဲ့ ဦးရွှေတင်တို့မှာတော့ မောင်လှအသက်ပြန်ဝင်လာမည့်အချိန်ကို အာရုံစူးစိုက်စောင့်ကြည့်နေကြတယ်၊ ဒီလိုစောင့်ကြည့်နေရတဲ့အတွက် ဦးဘခက်က-

ဒီမှာ . . မောင်ရွှေတင် ဟောဒီ အိမ်မြှောင်လက်တံနဲ့ တင်ပရေချာဓာတ်ခွက်ဟာ ဒီကိစ္စမှာ ဒုတိယအခရာပဲနော်၊ အသက်ကို ထုတ်ပစ်တဲ့အခါမှာလည်း ဒီအိမ်မြှောင်ကလေး လုံးလုံးငြိမ်သွားရင် လုံးလုံး အသက်ထွက်

မြန်မာ စာအုပ်များ



သွားပြီဆိုတာ သိရတယ်၊ အခုလို အသက်ပြန်သွင်းတဲ့ နေရာမှာလည်း လူမှာ အသက်ဝင်ပြီး နှလုံးသွေး လှုပ်ရှားလာတာနဲ့ တစ်ပြိုင်နက် အိမ်မြှောင်လက်တံကလေးဟာ တရွရွလှုပ်ရှားလာမယ်၊ လူအသက်ပြန်ဝင်ပြီး ထွက်သက်ဝင်သက် ဒင်ပြည့်ရှူတာနဲ့ တစ်ခါတည်း အိမ်မြှောင်ကလေးဟာ တိုင်ကပ်နာရီ ချိန်သီးလို အကွက်မှန်မှန် လှုပ်ရှားနေလိမ့်မယ်၊ ဒါကြောင့် ဒီအိမ်မြှောင်လက်တံနဲ့ တင်ပရေချာတတ်ခွက် ဟာ သေတ္တာထဲက စမ်းသပ်တဲ့ လူရဲ့ အသက်ရှိ မရှိကို အမြဲသတိပေးနေတယ်။

ဟောဒီအရေးတကြီး သိမ်းဆည်းထားတဲ့ ဖန်သီးတစ်စုံကတော့ လူကိုယ်ထဲက ထုတ်ပြီးရထားတဲ့ အသက်ကိုပြန်ဝင်လာစေဖို့ အလုပ်လုပ် ရတဲ့ ပထမအရေးအကြီးဆုံးဆိုတာ မောင်ရွှေတင် သိပြီးပဲလေ။

ဒီနည်းသာ ချောချောမောမော အောင်မြင်သွားရင်တော့ ကမ္ဘာကြီးမှာ သင်္ခါရတို့ အနိစ္စတို့ အနတ္တတို့ဆိုတဲ့ တရားတွေတစ်ခါတည်း ကွယ်ပ သွားမယ်၊ လူတွေရဲ့အသက်ကို ကမ္ဘာတည်အောင် ဆက်ဆက်ပေး သွားနိုင်မဲ့ အတတ်ဖြစ်လေတော့ ဒီအတတ်ဟာ ဘယ်သူမှ တန်ဖိုးဖြတ်နိုင်ကြမှာမဟုတ်ဘူး၊ မောင်ရွှေတင်နဲ့ငါနဲ့ နှစ်ယောက်ထဲ စမ်းသပ်တွေ့ရှိထားတဲ့ နည်းဖြစ်လေတော့ ငါကလွဲရင် ငါ့တပည့်ကြီးမောင်ရွှေတင်သာ ဒီပညာကို ဆက်ခံအသုံးပြုခွင့်ရမယ်မဟုတ်လား၊ မောင်ရွှေတင်ကမှ တစ်ဆင့် မင်းသား၊ မင်းမြေးတွေကို ဆက်ပြီး ပေးပေတော့၊ 'ဟော . . . ဟော ကြည့်စမ်း၊ အိမ်မြှောင်လက်တံကလေး လှုပ်ခါနိုးနေပြီထင်တယ်'လို့ လက်ကြီးတကားကားနဲ့ အားရပါးရကြီးပြောလေတော့ ဦးရွှေတင်ကတောင် 'မလှုပ်သေးပါဘူးဆရာကြီးရဲ့၊ စိတ်ကထင်နေလို့ပါ။ တစ်နာရီခွဲတိတိရှိမှ တင်ပရေချာ မှတ်ခွက်က ထူးခြားလာရမယ်လို့ ဆရာကြီးပြောထားတာပဲ၊ အခု ဆယ့်ငါးမိနစ်တောင်မရှိသေးဘူး'လို့ ပြောလိုက်တော့မှ . . .

"အေးလေ .. ဟုတ်သားပဲ၊ ငါက သိပ်စိတ်စောနေမိသကိုး"လို့ ပြန်ပြောသတဲ့။

မြန်မာ စာအုပ်များ



"အဲဒီအချိန် အပြင်မှာဘာဖြစ်နေသလဲဆိုရင် လင့်အတွက် စိတ်လက်မဖြောင့်နိုင်အောင်ရှိနေတဲ့ အသိန်းဟာ အစိုးရိမ်ကြီးပြီး မျောက်မီးခဲကိုင်မိသလိုဖြစ်နေရှာတယ်။ စိုးရိမ်တယ်ထားဦး၊ သူ့မျက်စိအောက်မှာ ဘာလုပ်တယ်ဆိုတာသိရရင် နည်းနည်းခံသာဦးမယ်၊ ခုတော့ ဦးဘခက်က ဖျောင်းဖျောင်းဖျဖျလည်းမဟုတ် ငုံးတိတိကြီးပြောပြီး အပြင်မှာ ချန်ထားခဲ့တဲ့အတွက် သူ့ရဲ့ စိုးရိမ်မှုကို ပိုပြီးလေးနက်သွားစေသလို ဖြစ်နေတယ်။ ဒီတော့ မမြင်ရလေ စိုးရိမ်လေ၊ စိုးရိမ်လေ ကြည့်ချင်လေ၊ ကြည့်ချင်တာ မကြည့်ရတဲ့အတွက် ပိုပြီး သက်ာမကင်းဖြစ်လာပြီး 'သူတို့ ဟာ ငါ့လင်ကို တစ်ခုခုမကောင်းကြံနေကြပြီ၊ ဒါကြောင့်သာ ငါ့ကို အမြင်မခံရဲတာဖြစ်မှာပဲ၊ မမြင်စေချင်တာကို မြင်အောင်ချောင်းကြည့်မယ်'ဆိုပြီး မရမကချောင်းကြည့်ဖို့ နေရာလိုက်ရှာသတဲ့။

အိမ်ကြီးကလည်း အပြင်က မပြုမပြင် ပျက်စီးယိုယွင်းနေပြီ ထင်ရသလောက် အတွင်းခန်းတွေမှာ ထူထဲခိုင်ခန့်အောင် စီမံဆောက်လုပ်ထားခြင်းဖြစ်လေတော့ အပ်ဖျားကလေးတစ်ခု ဝင်နိုင်လောက်တဲ့ အပေါက်ငယ်တစ်ခုကို တွေ့ဖို့ အင်မတန်ခဲယဉ်းနေတဲ့အတွက် အသိန်းမှာ ကြည့်ချင်မြင်ချင်တဲ့ဆန္ဒက ပိုပြီး နှိုးဆွနေတယ်။

ဒါနဲ့ . . နောက်ဆုံး ကံအားလျော်စွာ ကြေးအံဖုံးကလေးနဲ့ သော့ပေါက်ကလေးတစ်ခုကို တွေ့ရလို့ အံဖုံးကလေးကိုမပြီး အတွင်းကိုချောင်းကြည့်လိုက်တဲ့အခါ မှန်သေတ္တာထဲမှာ စင်းစင်းကြီးဖြစ်နေတဲ့ မောင်လှကို မြင်ရပြီး အပေါက်ကို နားနဲ့ကပ်နားထောင်တော့လည်းအထဲက ဦးဘခက်ရဲ့ အသံကြီးနဲ့ 'အောင်ပြီ . . အောင်ပြီ၊ သေသွားပြီ' ဆိုတာရယ်၊ 'ဒီအသေကို တစ်နာရီခွဲလောက် ဒီလိုပဲကြည့်နေရမယ်'ဆိုတဲ့ အသံရယ်၊ သူ့နားထဲ ကြားလိုက်တော့တစ်ခါတည်းထူပူပြီး 'ဟုတ်ပါပြီ၊ ကိုလှကို သူတို့သတ်ပစ်ကြပါပြီ၊ ကြာကြာပစ်ထားလို့ မဖြစ်ဘူး၊ ဒီလူရှူးကြီး ဆပ်ဆော့မှုကြောင့် ကြားထဲက ငါ့လင်အသေခံရတာပဲ၊ ကိုလှ ကိုလှ . . ရှင့်အသက်နဲ့ လဲပြီး ရှာပေးတဲ့ ငွေသုံးရာကို မလိုချင်ပါဘူး၊ ရှင့်ကို သတ်တဲ့ဆရာဝန်ကြီးကို ပုလိပ်လက်အပ်ရမှကျေနပ်နိုင်မယ်' ဆိုပြီး အရေးတကြီး အိမ်ထဲက ထွက်ပြေးဖို့ အပေါက်ရှာတော့ အဝင်တံခါးမကြီးမှာလည်း သော့ခတ်ထားတာ တွေ့ရတယ်။

ဒီအခါတုန်းက တံခါးစောင့် ဦးသာခေါင်လည်း အင်ဂျင်ခန်းထဲမှာ စက်ဆရာလုပ်နေရလို့ အသိန်းဟာ အလွယ်တကူ တံခါးကို သော့နဲ့ ဖွင့်ထွက်လာနိုင်တယ်။

နောက် ပြင်ဦးလွင်ကားလမ်းပေါ်ရောက်တော့ အဆင်သင့်မောင်းလာတဲ့ ခရီးသွားကားတစ်စီးကို အရေးတကြီးလက်ပြတောင်းပန်စီးသွားတယ်။ အနီးဆုံးဖြစ်တဲ့ အနီးစခန်းဘူတာရုံနဲ့ ဌာနကိုတိုင်၊ အဲဒီဌာနကတစ်ဆင့် ပြင်ဦးလွင်ဌာနာကြီးကို တယ်လီဖုန်းနဲ့ အကြောင်း ကြားတယ်။

အစတော့ ပုလိပ်တွေကတောင် အသိန်းပြောတာ မယုံကြသေးဘူး။ နောက် အသိန်းရဲ့ ပျာယာဆံခတ်ဖြစ်နေတဲ့ အမူအရာနဲ့ သူပြောတဲ့ 'ကယ်ကြပါဦးရှင်၊ ကျွန်မလင်ကို ငွေသုံးရာပေးပြီး ဆေးစမ်းတာနဲ့ သေနေပါပြီ၊ ဒီလူကြီးမျိုးတွေဟာ ဆရာဝန်ပီပီ အသတ်အဖြတ် အခွဲအစိပ်မှာ ရက်ရက်စက်စက်လုပ်ဝံ့တဲ့လူတွေပါပဲ၊ တိရစ္ဆာန်ဘဝ အေးအေးချမ်းချမ်း နေရှာကြတဲ့ ဖားကလေးတွေ၊ ကြက်ကလေး၊ ငှက်ကလေးတွေကိုလည်း လောလောလတ်လတ်သတ်ရင်ခွဲ အူအသည်းထုတ်နုတ်ပြီး သူတို့ ဆေးပညာအတွက် အသုံးပြု စုံစမ်းနေကြတဲ့ လူသတ်သမားကြီးတွေပါ။ ဒီတော့ ကျွန်မလင်ကို ကြာကြာပစ်ထားရင် အူအသည်းခွဲယူခံရတော့မှာပဲ၊ တဆိတ်မြန်မြန် လိုက်ပြီးဖမ်းပေးကြပါ"လို့ ပျာပျာသလဲပူဆာတော့မှ ဟုတ်စရာရှိရဲ့ဆိုပြီး ပုလိပ်အရာရှိတွေ အရေးတကြီး အသိန်းခေါ်ရာကို လိုက်လာကြတယ်တဲ့။

အဲဒါနဲ့ ခြံကြီးထဲရောက်ကြတော့ အသိန်းခေါ်ဆောင်လာတဲ့ ပုလိပ်အရာရှိတွေဟာ တံခါးကိုထုရိုက်ပြီး အဖွင့်ခိုင်းတာ တော်တော်နဲ့ မဖွင့်ဘူး။ နောက် အပူတပြင်း အာဏာနဲ့ဆူကြ၊ တံခါးထုကြတော့မှ ဦးဘခက်ကိုယ်တိုင်တံခါး ဖွင့်ပေးတယ်။ အဲဒီတုန်းက ပုလိပ်တွေရဲ့ အပြောဖြင့် ဦးဘခက်ရဲ့မျက်နှာကြီးဟာ ဘီလူးသဘက်ကြီးလို ကြမ်းတမ်းခက်ထန်ပြီး သူ့အလုပ်ကြီးကိုလာနှောင့်ယှက် လေခြင်းဆိုတဲ့အနေနဲ့ သိပ်ဒေါသဖြစ်နေပုံရတယ်ဆိုပဲ။

ပုလိပ်တွေကလည်း သူ့ကို ဂုဏ်သရေရှိ ဆရာဝန်ကြီးရယ်လို့ ငဲ့ညှာမနေနိုင်ကြဘူး။ ဝတ္တုရားရှိသလောက် မှန်သေတ္တာထဲမှာ မောင်လှအလောင်း

မြန်မာ စာအုပ်များ



ကြီးကို ထင်ထင်ရှားရှားတွေ့ရတော့ ဦးဘခက်ကို လက်ထိပ်ခတ်ပြီး ဖမ်းလိုက်ကြတယ်။

နောက်ပြီး မောင်လှအလောင်းကို ယူမယ်လို့ လုပ်ကြတော့ 'ဟေ့ . . ဟေ့ . . ပုလိပ်တွေ အရမ်းမကိုင်နဲ့၊ ဒီလူဟာ တစ်ခါတည်းသေသေးတာ မဟုတ်ဘူး၊ ခဏစမ်းသပ်ထားတာ၊ သုံးနာရီလောက်စောင့်နေရင် သူ့အသက်ဝင်အောင် ငါလုပ်ပေးမယ်၊ နေကြဦး' လို့ အရေးတကြီး အော်ပြီးပြောသတဲ့။

ဒါပေတဲ့ သူ့စကားဟာ မဖြစ်နိုင်တဲ့စကားဆိုပြီး ပုလိပ်တွေက အရေးမယူရုံမက ရယ်မော ပြောင်လှောင်နေကြသေးတယ်။ အသိန်းကလည်း သူ့လင်ရဲ့အလောင်းကို ဖက်ဖက်ပြီး 'ကိုလှရဲ့ ကောင်းကြသေးရဲ့လား' ဘာလားနဲ့ပေါ့လေ။ မိန်းမပီပီ တီတီတာတာတွေ ပြောပြီးငိုတာပဲ။ အဲဒီလို အသိန်းက အလောင်းဖက်ပြီး ငိုတော့လည်း ဦးဘခက်က အရေးတကြီးနဲ့ လှမ်းထပြီး 'ဟဲ့ ဟဲ့ ကောင်မလေး၊ အလောင်းကို မကိုင်နဲ့၊ မကိုင်နဲ့၊ ကိုင်ရင် အနေအထားတွေ ပျက်ပြီး အသက်ပြန်သွင်းလို့မရဘဲ နေတော့မယ်'လို့ တားဆီးတယ်။

အဲဒါကို အသိန်းက မခံမရပ်နိုင်အောင်ဖြစ်ပြီး 'ကိုင်တယ်ဟဲ့၊ ကိုင်တယ်ဟဲ့၊ ငါ့လင်အလောင်းကို ငါကိုင်တာ ဘာဖြစ်သလဲ လူသတ်ကောင်ကြီးရဲ့။ ငါ့လင်ကို နင်လိမ်ပြီး သတ်ပစ်တာ ကောင်းသေးရဲ့လား' လို့ ပြောပြောဆိုဆို ရန်တွေ့ပြီး ငိုတာပဲတဲ့။

ဆရာဝန်ကြီး ဦးဘခက်မှာလည်း မျက်နှာကြီး ညိုမည်းပြီး အသိန်းကို စားတော့မလို ဝါးတော့မလိုကြည့်ပြီး 'ခွေးမကလေး နင့်လင်ကို နင်သတ်တာ၊ ငါမသတ်ဘူး၊ နင်သတ်တာမှအစစ်၊ ခွေးမလေး နင် အင်မတန်မိုက်တယ်၊ နင့်ကြောင့် နင့်ကြောင့် အားလုံးအကြံအစည်တွေ ပျက်ကုန်ပြီ'လို့ပြောပြီး မောင်လှအလောင်းကို ပုလိပ်တွေက တစ်လှည့်၊ အသိန်းကတစ်လှည့် ထိကြကိုင်ကြတဲ့အတွက် အောင်မြင်လုဆဲဆဲဖြစ်တဲ့ သူ့အကြံအစည်လည်း ပျက်ရတယ်။ မောင်လှလည်း သက်သက်မဲ့ သေရလေခြင်းဆိုပြီး ဝမ်းနည်းပက်လက်စိတ်ပျက်သွားတာပဲတဲ့။

မြန်မာ စာအုပ်များ



ပါးစပ်ကလည်း တဖျစ်တောက်တောက်နဲ့ 'ခဏဆိုင်းကြပါ၊ မောင်လှ အသက်ကို သူပြန်ဆက်ပေးပါ့မယ်'ဆိုတာ တစ်ပြောတည်း ပြောနေတာပဲတဲ့။ ဒါပေမဲ့ ပုလိပ်အရာရှိကြီးက ဟားတိုက်ရယ်မောပြီး 'အဘိုးကြီး . . ခင်ဗျား ရူးနေသလား၊ သေအောင်သတ်ပြီးတဲ့ လူတစ်ယောက်အသက်ကို ခင်ဗျားလို တောရခိုနေတဲ့ ဆရာဝန်အို ချိုကျိုး နားရွက်ပြတ်ကြီး မပြောထားနဲ့၊ မိုးပေါ်က သိကြားနဲ့ ဘုရားတောင်မှ မတတ်နိုင်ဘူး။ ကဲ . . ဟော့ကောင်တွေ အဘိုးကြီး လူသတ်ပြီးမှ သွေးရူး သွေးတန်းပြောနေတာကို အရေးစိုက်ပြီး နားထောင်မနေ နဲ့ကွာ၊ မြန်မြန် ခေါ်ခဲ့ကြပါ။ ထမင်းဆာလှပြီဟေ့'လို့ ပြောပြီး ဦးဘခက်ကို အလောင်း နှင့်တကွ ကားပေါ်တင်ယူလာကြပြီး လူသတ်မှုဖွင့်လိုက်တာပါပဲ

**ကျွန်တော်** ။ ။ "ဩော် . . တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ် အပျက်ကလေးပါလား ဦးရဲ့။ နို့ဒါထက် အခန်းထဲမှာ အတူတူ ရှိတဲ့ ဦးရွှေတင်ကိုတော့ ပုလိပ်တွေက မတွေ့ကြဘူးလား"

ဘော ။ ။ 'အဲဒါကိုလည်း မပြောရသေးဘူး၊ ဒီအကြောင်းလည်း လူသိ အပ်တာမဟုတ်ဘူး။ ဦးကိုတောင် ဦးဘခက်အဖို့ ဦးရွှေတင် ကိုယ်တိုင် ငှားတဲ့ရှေ့နေမို့ သူကိုယ်တိုင် ဖွင့်ပြောတာ။ ဦးကလဲ ဘယ်သူ့ကိုမှ ပြောခွင့်မရှိပေဘူး။ သို့သော်လည်း ဆရာလေးရဲ့ သမာဓိကိုယုံကြည်တဲ့အတွက် သိသင့်သိထိုက်တဲ့ပုဂ္ဂိုလ်လည်း ဖြစ်နေလို့ ပြောရတော့မယ်။

"ပုလိပ်တွေ ဆေးခန်းတံခါးကို အပြင်ကနေ ထုသံကြားရင်ပဲ ဦးဘခက် ဟာ အနှောင့်အယှက်တစ်ခုခု ဖြစ်ပေါ်လာပြီဆိုတာသိရလို့ သော့ပေါက်ကနေ ချောင်းကြည့်တော့ တစ်ဖက်အခန်းထဲမှာ ပုလိပ်တွေကို တွေ့ရတာနဲ့တစ်ပြိုင် တည်း ကပျာကယာပြန်လာ ဓာတ်ခလုပ်ကိုပိတ်ပြီး ဓာတ်အားပေးနေတဲ့ ဆေးဖန်သီးကလေးကို ပြန်ချွတ်၊ မူလက ဆေးသေတ္တာကလေးထဲ ပြန်ထည့် ဦးရွှေတင်ရဲ့ လက်ထဲအပ်ပြီး-

' ကဲ မောင်ရွှေတင်၊ ဟိုကောင်မမိုက်ကလေး လက်ချက်ထင်တယ်၊ ပုလိပ်တွေလာနှောင့်ယှက်နေပြီ။ ဉပဒေနဲ့ ငြိစွန်းတဲ့ကိစ္စပေါ်လာရင် ငါတစ်ယောက်

တည်းသာ ဝန်ခံမယ်။ မင်း ဟောဒီ ဖန်သီးသေတ္တာကိုယူပြီး မလွယ်ပေါက်က ဆင်းပြေးပေတော့။ ဒီဖန်သီးကလေးက သိပ်အရေးကြီးတယ်နော်၊ ဒီဟာ ကလေး မပျက်စီးမကျိုးပဲ့ပါစေနဲ့။ ငါ့အသက်နဲ့ရင်းပြီး ကြံစည်လုပ်ကိုင်ထားရတဲ့ ပစ္စည်းကွဲ့။ ဒီတော့ မင်းအသက်နဲ့ထပ်တူ ဒါကလေးကို စောင့်ရှောက်ပေတော့' ဆိုပြီး ဦးရွှေတင်ကို အိမ်ကြီးရဲ့ လျှို့ဝှက်အတွင်းလမ်း မလွယ်ပေါက် တံခါးက လျှို့ဝှက်ထွက်ပြေးစေတယ်။ အောက်ထပ် အင်ဂျင်မောင်းနေတဲ့ အစေခံ ဦးသာခေါင်ကိုလည်း ဦးရွှေတင်နဲ့နည်းတူ အထိမ်းအမှတ်နဲ့ အချက်ပေးလို့ အင်ဂျင်စက်ရပ်ခိုင်း ပြီး ပုန်းအောင်းနေစေသတဲ့။

ဒါနဲ့ လာဖမ်းတဲ့ ပုလိပ်တွေဟာ ဦးဘခက်နဲ့ မောင်လှအလောင်းမှ တစ်ပါး ဘယ်သူ့ကိုမှ မတွေ့ရတာပေါ့။ နို့ပြီးတော့ ဦးဘခက်ဟာ သူ့တပည့် လက်သားတွေကို ညှာတာတဲ့လူကြီးဖြစ်တဲ့အတိုင်း သူကိုယ်တိုင်သာ ဘာမဆို တာဝန်ခံတယ်။ ပုလိပ်တွေကလည်း ဆင်ကောင်ကြီး တွေ့နေမှ ဆင်ခြေရာရှာ လို့ အပိုပဲဆိုပြီး ဘာမှ အကျယ်အပွား မလိုက်တော့ဘဲကိုး . . .

**ကျွန်တော်** ။ ။ ဒီလို ကိုယ့်တပည့်ငယ်သားအပေါ် ငဲ့ညှာတတ်မှလဲ လူကြီး ပီသတာပဲကိုးဦးရဲ့။

ဘော ။ ။ "အဲဒီတုန်းကလေ ဆရာဝန်ကြီး ဦးဘခက် လူသတ်မှုဖြစ် တယ်ဆိုတဲ့အကြောင်း၊ ဘယ်ပုံဘယ်နည်းဖြစ်တယ်ဆိုတဲ့ အကြောင်း သတင်းစာတွေထဲမှာ ဟိုးဟိုးကျော်အောင်ပါတာ ပေါ့။ သတင်းထောက်တွေဆိုတာ အမှုစစ်တဲ့ နေ့တိုင်း ဦးဘခက်အနားမှာရော ယောကျ်ားအဆုံးခံရတဲ့ အသိန်းအနား မှာရော၊ မေးကြစမ်းကြနဲ့ ဝိုင်းနေကြတာပဲ။ အမှုစစ်တာကို နားထောင်ရအောင်လာကြ တဲ့လူတွေဆိုတာလည်း သောက် သောက်လဲလို့ ဒီအကြောင်းတွေ ဆရာလေးသတင်းစာထဲမှာ မတွေ့မိဘူးထင်တယ်"

**ကျွန်တော်** ။ ။ အဲဒီအချိန်တုန်းက ကျွန်တော်နဲ့ ဆရာကြီး ခန္တီးနယ်စပ်မှာ အတော်ကြာသွားနေကြရတယ်ခင်ဗျ။ ဒါကြောင့် သတင်းစာ တွေဘာတွေနဲ့ အတော်တစ်ဆက်ပြတ်နေတယ်။

မြန်မာ စာအုပ်များ



ဘော ။ ။ အင်း . . ဟုတ်ပေလိမ့်မယ်။ အဲဒီလို သတင်းစာတွေမှာ ဟိုးလေးတကြော်ကြော်ဖြစ်နေတော့ လူတွေကလည်း အမျိုးမျိုး ပြောနေကြတာပေါ့လေ။ တချို့ကလည်း 'ဒီအဘိုးကြီးဟာ ဘယ့်နှယ်ကြောင့် အိုကြီးအိုမှ ဘုရား တရားနဲ့ မနေဘဲနဲ့ ဘာပြု လို့ လူများအသက်တစ်ချောင်းကို ရက်ရက်စက်စက်သတ်ရ သလဲ၊ တယ်ဆိုးတဲ့ အဘိုးကြီးပဲ' လို့ ပြောသူကပြော၊ တချို့က လည်း 'အဘိုးကြီးဟာ မောင်လှကို ရန်ငြိုးတစ်ခုရှိလို့ သတ်ပစ် တာဖြစ်မှာပေါ့'လို့ ထင်သူကထင်။ တချို့လည်း 'ဒီအဘိုးကြီး ဟာ ဆေးရှူး မှော်ရှူး လောကဓာတ်ပညာအရူးကြီးပါ။ ဒါကြောင့် ဆေးစမ်းတဲ့သဘောနဲ့ မောင်လှကို ငွေပေးဖြားယောင်းပြီး လုပ်ကြည့်ရာမှာ သူ့အလုပ် သူမနိုင်တာနဲ့ စပ်ကြားက လူတစ် ယောက်ရဲ့အသက်သေရတာပဲ'လို့ ပြောကြတယ်။

တချို့ကလည်း 'ပုလိပ်တွေမိုက်တယ်၊ သူပြောတဲ့အတိုင်း အသက် ပြန်ရှင်လာအောင် စောင့်ဖို့ကောင်းသေးတယ်။ မစောင့်ဘဲ အလောင်းကို ဆေးရုံ ပို့လိုက်တဲ့အတွက် အသေကြာလို့ တစ်ခါတည်း ပြန်မလည်လာတာ ထင်တယ်' လို့ ပြောတယ်။

တချို့ကလည်း 'သေမှပဲ အသက်ကို ပြန်ရှင်အောင်လုပ်လို့ရတယ်လို့ ဘယ်ကမ္ဘာမှာ ကြားဖူးသလဲ။ ဒီအဘိုးကြီး သက်သက်ရူးလို့လုပ်နေတာ'လို့ ပြောကြတယ်။ အမျိုးမျိုးပေါ့လေ။ လူ့ပါးစပ်ကလေးဟာ လက်သုံးလုံးလောက် ကျယ်ပေတဲ့ ဒီပါးစပ်ထဲက ထွက်လာတဲ့ စကားတွေကတော့ စကြဝဠာကြီး ကျယ်သလောက် ပြည့်သွားနိုင်တယ်။

"ဦးရွှေတင်မှာလည်း သူ့ဆရာအတွက် ပူလို့ပေါ့လေ။ သူ့သမီးက လေး မေနွဲ့ရီဆိုတာမှာလည်း အလူးအလဲဖြစ်နေရှာတယ်။ သူ့အဖေဂုဏ် သရေရှိ ဆရာဝန်ကြီးတစ်ယောက်ဖြစ်ပါလျက် သားပစ်၊ မယားပစ်၊ ဝါသနာ ကြီးလှတဲ့ သူ့ဆေးပညာအတွက်နဲ့ ခုလို အိုအိုမင်းမင်းအရွယ်ကျမှ အရှက်တကွဲ

မြန်မာ စာအုပ်များ



အကျိုးနည်းဖြစ်ရတာကို မကြားရက် မမြင်ရက်၊ မျက်ရည်စက်လက်ဖြစ်နေရှာတော့ သူ့အဖေကို ဖြိုဟ်ဇွဲ့တဲ့ ဆေးခန်းကြီးကို မီးရှို့ပစ်ပါတော့မယ်လို့ တကဲကဲ ဦးရွှေတင်က အတော်ဆွဲထားရတယ်။

အဲဒီအချိန်တုန်းက ဦးရွှေတင်ဟာ အပင်ပန်းဆုံးပေါ့။ မန္တလေးက ဆေးတိုက်အုပ်ရ၊ ခြံကြီးထဲက အိမ်မှာရှိတဲ့ ဦးသာခေါင်ကို လာကြည့်ရ၊ မေနွဲ့ရီကို အားပေးချော့မော့ရ၊ ဦးဘခက်အမှုအတွက် သက်သာရာရအောင် အမျိုးမျိုး အဘက်ဘက်က ဆောင်ရွက်ရ၊ အမှုလိုက်ဖို့ ဝတ်လုံရှာရ၊ ထောင်ထဲသွားပြီး သူ့ဆရာကြီးနဲ့တွေ့ရနဲ့ ချာချာလည်နေရှာတာပဲ။

ဦးဘခက်ရဲ့ဖြစ်ပုံကလည်း အတော်အသည်းနာစရာကောင်းတယ်။ အိုကြီးအိုမှ လူသတ်မှုနဲ့ အချုပ်အနှောင်ခံနေရတယ်၊ ဦးလည်း တတ်နိုင်သမျှ သက်သာရာရအောင် ကြိုးစားပြီး လျှောက်လဲတာပါပဲ။ ဒါပေမဲ့ အမှုက အင်မတန် ထင်ရှားနေတော့ လွတ်ဖို့ခဲယဉ်းတယ်၊ ပြီးတော့ ဒီအမှုဟာ ဒေါသအလျောက် မိုက်မိုက်မဲမဲနဲ့ မတော်တဆ မှားယွင်းပြီးဖြစ်ရတာ မဟုတ်ဘူး။ တကယ့်ကို တတ်သိလိမ္မာတဲ့ သက်ကြီးရွယ်ကြီး ရှေ့နောက် ဆင်ခြင်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးက ကျူးလွန်တဲ့ ရာဇဝတ်မှုဖြစ်လေတော့ ပိုပြီးလေးနက်သွားတာပေါ့

ဦးလည်း ဦးရွှေတင်နဲ့အတူ အမှုအတွက် စကားပြောဖို့ အချုပ်ခန်းကို မကြာခဏလိုက်သွားခဲ့ဖူးပါတယ်။ အဘိုးကြီးဟာ နှုတ်ခမ်းမွေးတွေ၊ ခေါင်းမွေးတွေ ဖြူတောင်နေရှာတယ်။ ပါးရေတွေကလည်း အလိပ်လိပ်တွန့်လို့၊ ဒါပေတဲ့ သူ့မျက်လုံးဟာ အရွယ်နဲ့မလိုက်အောင် ထက်မြက်စူးရှတဲ့ မျက်လုံးကြီးပဲ။ သူ့ကိုကြည့်ရတာ သူ့အမှုအတွက် ဘာတစ်ခုမှ စိုးရိမ်ကြောင့်ကြရှိတဲ့ လက္ခဏာ မတွေ့ရဘူး။ သူ့စိတ်ထဲမှာ မောင်လှ သေတာကို မချိမဆံ့ခံလိုက်ရတယ်ဆိုပြီး တဖျစ်တောက်တောက် မြည်တမ်းနေတာပဲ။ 'ခွေးကောင်မလေး မိုက်တယ်၊ ပုလိပ်တွေမိုက်တယ်၊ ဒင်းတို့ မလိမ်မာလို့ မောင်လှဟာ မသေသင့်ဘဲနဲ့ သေရတယ်'နဲ့ လက်သီးဆုပ်လိုက် အံသွားကြီးကြိတ်လိုက်နဲ့ အချုပ်ထောင်ထဲမှာ ဂဏှာမငြိမ်အောင် စကြံလျှောက်နေတာကို တွေ့ရတယ်။ အချုပ်ထောင်

အစောင့်တွေကတော့ 'ဒီအဘိုးကြီး ရူးနေပြီ'လို့ အတပ်စွဲကြတာပဲ။ 'ဟုတ်လည်း ဟုတ်တယ်။ သူစွဲလမ်းနေတဲ့ အလုပ်တစ်ခု အထမမြောက်ခင် ပျက်စီးသွားတာ တစ်ကြောင်း၊ ကြီးတောင့်ကြီးမားအရွယ်ရောက်မှ လူသတ်မှုနဲ့ ကျော်မကောင်း ကြားမကောင်းဖြစ်ရတဲ့အတွက် အရှက်ရသွားတာတစ်ကြောင်းကြောင့် စိတ်က ယောင်ချောက်ချားဖြစ်နေတာတော့ အမှန်ပဲဆရာလေးရဲ့၊ ဘာကြောင့်လဲဆို တော့ သူ့ကို ဘာမေးမေး မကြားသလို ဘာမှ ပြန်မပြောဘူး။ နေရာကို 'တွေ့ပြီး စူးစိုက်ကြည့်ပြီး 'ခွေးမကလေး မိုက်တယ်၊ ခွေးပုလိပ်တွေ မိုက်တယ်' ဆိုတဲ့ ကမ္ဗည္ဘန်းကို စီးဖြန်းနေတာပဲ သနားစရာလည်းကောင်းရဲ့။ မေးစမ်းမရလို့ ဒေါသထွက်စရာလည်းကောင်းရဲ့၊ သူ့တပည့် ဦးရွှေတင်ဆိုတာမှာတော့ ဦးဘခက် အတွက် အားမရရှာလွန်းလို့ 'ကျုပ်တော့ .. ကျွမ်းသာထိုးလိုက်ချင်တာပဲ ဝတ်လုံတော်ရမင်းရယ်'လို့ ငိုသံပါကြီးနဲ့ ညည်းရှာတယ်။

ဒါပေမဲ့ နောက်ဆုံး သူ့အမှုကို စက်ရှင်ဦးဘိုးမြစ်ရှေ့ရောက်လို့ သူ့အစစ်ခံချက်အလှည့်ကျတော့ ဦးတို့ရှေ့နေတွေ အံ့အားသင့်လောက်အောင် ပဲ သူကိုယ်တိုင် ချေပပြောဆိုလိုက်တာ ဒေါ်ရောမောရောလည်ပင်း ကြောကြီး တွေများ ထောင်လို့ပဲ။ သို့သော် သူပြောတာတွေက တရားဝင်တဲ့ စကားတွေ မဟုတ်ဘူး။ မောင်လှအသက်ကို သူစမ်းသပ်ထားတာပါ၊ ပုလိပ်တွေနဲ့ ဟိုကောင်မကလေးသာ မနှောင့်ယှက်ဘူးဆိုရင် မောင်လှဟာ အသက်ပြန်ရှင် ရမယ်၊ သူ့မှာ 'လူသေကိုပြန်ပြီး ရှင်အောင်လုပ်နိုင်တဲ့နည်း' ရှိတယ်လို့ ဖွဲသန် သန်နဲ့ ခိုင်ခိုင်မာမာကြီး ပြောနေတယ်။ တရားသူကြီးကလည်း မဖြစ်နိုင်တဲ့ ဦးဘခက်ရဲ့ အစစ်ခံချက်ကို နားမဝင်နိုင်အောင်ရှိတော့တယ်။

အဲဒီလို တရားသူကြီးက နားမဝင်မှန်းသိလေ ဦးဘခက်မှာ အခံရ ခက်လေ၊ တစ်ခါ အစိုးရရှေ့နေက အပြစ်လေးသည်ထက်လေးအောင် ဖိဖိစီးစီး ချောက်တွန်းလေ .. ဦးဘခက်မှာ ဆတ်ဆတ်တုန် အောင်ဖြစ်လာပြီး သူ့ဆင်ခြေကို တွင်တွင်တွန်းပြောလေပဲ။

သူဟာ မောင်လှကို တမင်သေစေလိုလို့ သတ်ခြင်းမဟုတ်ပါဘူးတဲ့။ သူစမ်းသပ်အောင်မြင်ထားလို့ လူသေကို အသက်ပြန် ရှင်စေတတ်တဲ့ လောက

မြန်မာ စာအုပ်များ



ဓာတ်ပညာနည်းကောင်းတစ်ခုကို စမ်းသပ်ဖို့ ခေတ္တသေစေရကြောင်း။ ဒီအလောင်းကို သုံးနာရီအတွင်း အသက်ပြန်ဝင်လာရန် ပြုလုပ်နေဆဲ ပုလိပ်များ လာရောက်ဖမ်းဆီးခြင်းခံရပြီး အလောင်းကိုလည်း ဆေးရုံယူ ရင်ခွဲလိုက်ရတဲ့အတွက် အားလုံးချို့ယွင်းပျက်စီးသွားလို့ မောင်လှအသက်မှာ မဆုံးရှုံးသင့်ဘဲ သေဆုံးသွားရရှာတယ်။ မောင်လှကို မစမ်းသပ်ခင် သူစီမံကြံဆောင်ထားတဲ့ နည်းနဲ့ယုန်တစ်ကောင်၊ ကြွက်တစ်ကောင်၊ မျောက်တစ်ကောင် အောင်မြင်ဖူးတယ်တဲ့။

ဒါကြောင့်လည်း မောင်လှရဲ့အသက်ကို ရဲရဲကြီး စမ်းသပ်ဝံ့ခြင်းဖြစ်တယ်။ သူ့ကို ဖမ်းစဉ်အခါက အကယ်၍ ပုလိပ်များသာ နှစ်နာရီလောက်ဆိုင်းငံ့နေမယ်ဆိုရင် မောင်လှရဲ့အသက်ဟာ ပြန်ရှင်လာရမှာ အမှန်ပဲ။ ဒါကြောင့် သူသတ်တာမဟုတ်၊ ပုလိပ်များရဲ့ ပယောဂကြောင့် သေရတာယ်လို့ ထပ်လဲလဲပြောနေတယ်။ သို့သော် သူ့စကား ဘယ်သူမှ မယုံစားနိုင်ဘူး၊ သူပြောတိုင်း ပြောတိုင်း နားထောင်နေကြတဲ့ ပရိသတ်များနဲ့တကွ ပုလိပ်အရာရှိတွေ၊ သက်သေတွေ၊ ရှေ့နေတွေ၊ ဂျူရီလူကြီးတွေဟာ တရှုန်းရှုန်းနဲ့ ပွဲကျတဲ့အတွက် တရားသူကြီး ဦးဘိုးမြစ်ကိုယ်တိုင်လည်း မပြုံးမိအောင် မနည်းကြီးဣန္ဒြေဆောင်နေရတယ်တဲ့။

“ဦးဘခက်မှာလည်း သူက လေးလေးနက်နက်ပြောလိုက်တဲ့ စကားတွေကို တရားသူကြီး၊ ဂျူရီလူကြီးအစ အားလုံးသော ပရိသတ်များက ရယ်သွမ်းသွေးခြင်းခံရတဲ့အခါ ‘အသည်းကို အပ်နဲ့ဆွသလို ဆတ်ဆတ်ခါ အခံရခက်ဒေါသထွက်လွန်းလို့ လူအိုလူမင်းကြီးပီပီ တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်ပြီး ဂျူရီလူကြီးတွေ၊ တရားသူကြီးတွေ၊ အစိုးရရှေ့နေ၊ တရားလိုမသိန်း၊ သူ့ကိုဖမ်းတဲ့ ပုလိပ်တွေကို အံသွားကြိုးခဲပြီး ဒေါသအလျှောက် ဝင်းဝင်းတောက်နေတဲ့ဒေါသမျက်လုံးကြီးနဲ့ စားတော့မလို ဝါးတော့မသလို ကြည့်နေတယ်။

လောကဓာတ်ပညာ လိုက်စားတဲ့လူဆိုတာ အရှုးလိုပဲ။ သူတို့လေးလေးနက်နက် အယူသန်နေသလို အများက မယုံကြည်နိုင်တာကို မကြိုက်ဘူး။ ဇွတ်အယုံခိုင်းချင်တယ်။ တစ်ဖက်က မယုံလေ ဒေါသကြီးလေပဲ။

ကိုရွှေတင်ကသာ သူ့ဆရာကြီးဟာ ဒီစကားတွေကို လေးလေးနက်နက် အူအသည်းထဲက တိုက်ရိုက်သွယ်ယူပြောချနေတယ်ဆိုတာသိတယ်။ အဲဒီလို သိတဲ့အတွက် ကိုယ်မယုံချင်မှနေရော ပြောတဲ့သူ ဝမ်းသာသွားအောင် သရော်ပြောင်ပြီး ပြုံးနေကြတဲ့လူတွေကို ဝန်တိုငြူစူနေပုံရတယ် . . .

ဒါနဲ့ တိုတိုပြောရရင် နောက်ဆုံးပိတ် စီရင်ချက်မှာ ဦးဘခက်အား သေစားသေစေဆိုတဲ့ အမိန့်စီရင်ချက်ကို ဦးဘိုးမြစ်ကိုယ်တိုင် ဖတ်ပြောလိုက်တာနဲ့ တစ်ပြိုင်နက် မေနွဲ့ရီတို့မှာ ဖခင်ကြီးကိုဖက်ပြီး ငိုချရှာတော့တာပဲ။ ဦးရွှေတင်တို့ သားအဖတစ်တွေမှာလည်း မျက်နှာတွေ ညှိုးမည်းသွားကြတာတွေ့မြင်လိုက်ရတယ်။ အဲဒီလိုအများတစ်တွေ မျက်ရည်မစဲအောင် ဖြစ်နေကြပေတဲ့ ဦးဘခက်မှာတော့ အထူးတထွေ မျက်နှာမပျက်ဘူး၊ သူနဲ့ ဆန့်ကျင်ဘက်ကလူတွေကိုပဲ မျက်မှောင်ကုပ်ကြီးနဲ့ စိုက်ကြည့်နေတယ်။

နောက် ဦးလည်း သူ့အတွက် လျှောက်လဲပေးရတဲ့ ရှေ့နေပီပီ သူ့အနားကိုသွားပြီး အားပေးစကားပြောတဲ့အခါ ဦးရွှေတင်ကလည်း 'ဆရာကြီး ဘာမှမပူပါနဲ့၊ ကျွန်တော်တို့ ဆရာကြီးအတွက် ဟိုက်ကုတ်ကို အယူခံတက်မယ်၊ ကြိုးမိန့်နဲ့ မသေရဘူး'လို့ ပြောလိုက်တာနဲ့ တစ်ပြိုင်တည်း မျက်လုံးပြူးကြီးနဲ့ ဦးရွှေဘင်ကို ဆတ်ခနဲလှည့်ကြည့်တဲ့ပြီး . . .

အို . . မောင်ရွှေတင် ငါမကြိုက်ဘူး၊ မင်းဘယ်နည်းနဲ့မှ အယူခံမဝင်ရဘူး၊ အခုပေးထားတဲ့ ကြိုးမိန့်အတိုင်းရှိပစေ။ 'ဟေ့ . . မောင်ရွှေတင်ရ ငါ့အဖို့မှာ တစ်သက်တစ်ကျွန်းဒဏ်ပေးထားတာထက် ကြိုးမိန့်က အဖိုးမဖြတ်နိုင်အောင် ပိုပြီး အဖိုးတန်နေတယ်။ ဒီတော့ ဘယ်နည်းနဲ့မှ အယူမခံလေနဲ့နော်'လို့ ခါးခါးသီးသီးပြောလိုက်တဲ့အတွက် ဦးနဲ့ ဦးရွှေတင်တို့မှာ ဦးဘခက်ကြီးဖြင့် သွက်သွက်လည် ရူးသွားရှာပါပြီရယ်'လို့ စူးစူးစိုက်စိုက် သနားကရုဏာ မျက်လုံးကြီးနှင့် ကြည့်နေမိကြတယ် . . .

အဲဒီလိုကြည့်တာကို သူက ရိပ်မိသွားပြီး 'အို . . မောင်ရွှေတင် မင်း ငါ့ကို ရူးနေတယ်ထင်လို့လား၊ ငါမရူးဘူး မောင်ရွှေတင်ရဲ့၊ ဒီအချက်ဟာ ငါ့အတွက် အရေးအကြီးဆုံးရည်ရွယ်ချက်ကြီး ပြည့်စုံမဲ့ အချက်ကြီးပဲ၊

ကဲ ကဲ မင်းဒီအနားလာ၊ငါတိုးတိုးပြောပြမယ်၊ ဟိုက ဝတ်လုံတော်ရမင်း တဆိတ် ကျေးဇူးပြုပြီး ဖယ်နေစမ်းပါလို့ဆိုတာနဲ့ ဦးလည်း သူထင်တာတွေ ပြောပါစေ တော့လေလို့ အလိုက်သိစွာ ခပ်ဝေးဝေးရှောင်နေလိုက်တယ်။

ဦးဘခက်ကြီးလည်း သူ့တပည့် ဦးရွှေတင်ကို တိုးတိုးတိုးတိုးနဲ့ တစ်ခုခုကို အရေးတကြီးမှာကြားပြောဆိုနေတာတွေ့ရပြီး နားထောင်နေတဲ့ ဦးရွှေတင်ရဲ့မျက်နှာကြီးဟာလည်း နည်းနည်းနည်း စိတ်ဝင်စား ထက်သန် သလို ဖြစ်လာတာတွေ့မြင်ရတယ်။

ဦး မှတ်မိသလောက်ဖြင့် ဒီလို တိုးတိုးပြောပြီးတဲ့အချိန်ကစပြီး ဦးရွှေတင်ရဲ့ မျက်နှာဟာ သူ့ဆရာကြီး ဦးဘခက် ကြိုးမိန့်စီရင်ချက်ချ စအချိန် နာရီလောက်က ပူပင်သောကနှင့် ညှိုးညှိုးနွမ်းနွမ်းဖြစ်နေတဲ့ မျက်နှာမျိုး မဟုတ် တော့ဘဲ ခုလို ကြိုးမိန့်အပေးခံရတာကိုပဲ ကျေနပ်ဝမ်းသာသွားသလိုလို ထင်လိုက်မိတယ်။ ဒီလိုထင်မိတာကို ပိုမိုထောက်ခံပေးနေတဲ့အကြောင်း တစ်ခု ကလည်း ဦးရွှေတင်ဟာ ဦးဘခက်အတွက် ဟိုက်ကုတ်ကို အယူခံတက်ပေးမယ် ဆိုတဲ့စကားကို နောက်ထပ်စပ်လို့တောင် မပြောတော့ဘူး။

"တစ်နည်းတွေးကြည့်ပြန်တော့လည်း ဦးရွှေတင်ဟာ ဦးဘခက်ရဲ့ စကားဆိုရင် သေဆိုသေ၊ ရှင်ဆိုရှင် မြေဝယ်မကျနားထောင်တဲ့ တပည့် ကောင်းတစ်ယောက်မို့ ဩဇာတည်သွားတယ်လို့ စဉ်းစားစရာပဲ။

ဒါနဲ့ နောက်ဆုံးတော့ ဦးဘခက်ဟာ ထောင်ထဲမှာ ကြိုးစင်တင်ပြီး အသတ်ခံရရှာတာပဲ။ ဦးလည်း အမှုကိစ္စပြီးစီးပြီးတဲ့အတွက် သူတို့နဲ့ အဆက် အသွယ် အတွေ့အကြုံ ပြတ်သွားတာပဲ။ လွန်ခဲ့တဲ့ လေးလလောက်ကမှ ဦးဘခက်ဟာ 'အယူလွဲပြီး သရဲကြီးဖြစ်နေတယ်'လို့ ကြားရတယ်။ သရဲဖြစ် တယ်ဆိုတာ ဟုတ်စရာရှိပါတယ်။ ဘာပြုလို့လဲဆိုတော့ ဒီလူကြီးဟာ လောက ဓာတ်ပညာကို လိုက်စားတဲ့ လူကြီးပီပီ အယူသည်းပြီး သေခါနီး မကျေမချမ်း ကြီး ဒေါသထွက် သေရှာတော့ အယူလွဲပြီး သရဲမဖြစ်ဘဲ ဘာနေတော့မလဲ။ ရှေးရှေးတုန်းက အယူတိမ်းပြီး အစိမ်းဖြစ်ကြတယ်ဆိုတာလည်း ဒါမျိုးနေမှာပဲ ဆရာလေးရဲ့"

ထို့နောက် ဦးလှဘေက ဆက်လက်၍ သူသိရသော အဖြစ်အပျက်များကို ပြောပြန်သည်မှာ 'ဦးဘခက်သေဆုံးပြီး၍ လေးငါးလလောက် လွန်မြောက်တဲ့အခါ အသိန်းဟာ လင်ယောကျ်ားရှာဖွေပေးခဲ့တဲ့ ငွေကလေးသုံးရာကို အရင်းတည်ပြီး ဈေးထဲမှာ ဆိုင်ကလေးတစ်ခုဖွင့်နေတယ်။ တစ်နေ့တော့ ညနေ အသိန်းဈေးကအပြန် လမ်းမှာ မလှမ်းမကမ်းမှ ရင်ဆိုင်လာနေတဲ့ ရှမ်းအဘိုးကြီးတစ်ယောက်ကို တွေ့ရသတဲ့၊ အဘိုးကြီးမှာ မြက်ခမောက်ဆောင်းလျက် ပခုံးမှာ သက္ကလပ်ခြုံစောင်ကြီးကို မျက်နှာတစ်ပိုင်းမြုပ်သည်အထိ သိုင်းခြုံထားတာကို တွေ့ရသော်လည်း အသိန်းနှင့် မျက်နှာချင်းဆိုင် အနီးဆုံးနေရာသို့ ရောက်တဲ့အခါ အဘိုးကြီးမဟုတ်တော့ဘဲ ကျောကုန်းကြီးကို အဝတ်နက်ကြီးခြုံ၍ အဆမတန် ရှည်ထွက်နေတဲ့ လည်ပင်းကြီးကိုကိုင်းပြီး ပြူးဝိုင်းပြထွက်နေတဲ့ မျက်လုံးကြီးနှင့် စိုက်ကြည့်နေတဲ့ ဦးဘခက်အလောင်းကြီးကိုတွေ့ရတော့ အသိန်းမှာ 'အမယ်လေး . . ' လို့ ယောင်အော်လိုက်မိပြီး သွေးရူးသွေးတန်းနှင့် အိမ်အရောက် ပြေးလာခဲ့တယ်။ ထိုနေ့မှစ၍ ကြောက်ဖျား၊ လန့်ဖျား၊ အပျင်းဖျားတာ ခုနစ်ရက်လောက်ရှိမှ သက်သာတယ်။ အဖျားရောဂါသက်သာသည်ဆိုရငြားလည်း ကြောက်ရွံ့တဲ့အရှိန်မပြေနိုင်ဘဲ . .

"ဦးဘခက် . . ဦးဘခက်၊ သရဲကြီး . . သရဲကြီး ကြိုးဆွဲချခံရလို့ ရှည်ထွက်နေတဲ့ လည်ပင်းကြီးအတိုင်း ကျွန်မကို လာခြောက်တယ်"

လို့ ရေရွတ်မြည်တမ်းနေတယ်။

ညည့်အချိန်များမှာမူကား "ဟော ဦးဘခက် အလောင်းကြီးက ကျွန်မကိုလာခေါ်နေတယ်၊ သူမသေဘူးတဲ့၊ သူ့အိမ်လာရမယ်တဲ့၊ အမယ်လေး ကြောက်ပါပြီ လာခဲ့ပါမယ်၊ မခြောက်ပါနဲ့ ကိုလှ ကျွန်မကြောင့်သေတာ မဟုတ်ပါဘူး၊ အို . . ကျွန်မ မသတ်ရပါကလား။ လာမယ်၊ လာခဲ့မယ် ဒီလည်ပင်းရှည်ကြီးကို ကြောက်လွန်းလို့ မကြည့်ပါရစေနဲ့" လို့ ကယောင်ချောက်ချား ဟစ်အော်နေတဲ့အတွက် အိမ်သူ အိမ်သားတွေဟာ အသိန်းကြောက်မှာစိုးလို့ အမျိုးမျိုးချော့မော့ စောင့်ရှောက်နေကြတယ်။ ညညလည်း လူလဲနဲ့ မိုးအလင်းစောင့်ကြတယ်။

မြန်မာ စာအုပ်များ



ဒါပေမဲ့ မိုးအလင်း ထိုင်စောင့်နေမယ်ဆိုတဲ့ လူတွေဟာ ဘာဖြစ်လို့လဲမသိဘူး၊ အတုံးအရုံး အိပ်ပျော်ကုန်ကြတယ်။ အဲဒီလို အစောင့်တွေလည်းအိပ်ရော အသိန်းနဲ့ သရဲဦးဘခက်နဲ့လည်းတွေ့ရော သရဲက စိမ်ပြေနပြေခြောက်အားရလို့ အသိန်းက အသံကုန် ဟစ်အော်တော့မှပဲ စောင့်တဲ့လူတွေနိုးကြတယ်။ တစ်ခါတော့ စောင့်တဲ့လူတွေ အိပ်လိုက်တာ မနက်(၇)နာရီလောက်ရှိမှ နိုးကြလို့ ကပျာကယာနဲ့ အသိန်းကို ကြည့်ကြတော့မရှိဘူး၊ ဟိုဟိုဒီဒီ လိုက်ရှာလဲမတွေ့နဲ့ အသိန်းပျောက်ခြင်း မလှပျောက်သွားပါရော၊ ဒါနဲ့နောက်ဆုံးမျှော်လင့်ချက်ကုန်လို့ ဟိုတုန်းက လာပါမယ်၊ လာပါမယ်လို့ အသိန်းအော်ဖူးတဲ့စကားအတိုင်း အနီးစခန်းက ဦးဘခက်ရဲ့ ခြံကြီးထဲပုလိပ်တွေဘာတွေခေါ် အရဲစွန့်ပြီး လိုက်ကြည့်ကြတော့ အိမ်ကြီးအဝင်ဝ အတွင်းခန်းထဲမှာ မီးသွေးတုံးလို တစ်ကိုယ်လုံး မည်းပြီးသေနေတဲ့ အသိန်းရဲ့ အလောင်းကို တွေ့ရတယ်။

ဦးလည်း ထူးဆန်းတဲ့အတွက် သတင်းကြားနဲ့ လိုက်ကြည့်ပါတယ်။ ဦးဘခက် သေပြီးကတည်းက ဒီခြံနဲ့ အိမ်ကြီးကို ဘယ်သူမှ မသွားဝံ့ကြဘူး၊ အစောင့်အဘိုးကြီး ဦးသာခေါင်လည်း မနေဝံ့လို့ မန္တလေးဆေးဆိုင်ကို ပြောင်းပြေးတယ်၊ သူ့သမီး မေနွဲ့ရီကလည်း စိတ်နာလို့လာဖို့ နေနေသာသာ ဒီအိမ်ကြီးကို မီးရှို့ပစ်ချင်တယ်။ ဦးရွှေတင်က သူ့ဆရာ ခြေရာ လက်ရာကို မပျက်ပါစေနဲ့တားထားတဲ့အတွက် မီးမရှို့ဖြစ်တာ။

အိမ်ကြီးဟာ ဦးဘခက်နေတုန်းကမှ လူအရောက်အပေါက်နည်းပြီးကြောက်စရာကောင်းနေသေးတာ၊ ယခုလို အိမ်ရှင် ဦးဘခက် စက်တိုင်တက်ပြီးသေရတယ်၊ သရဲဖြစ်နေတယ်၊ တစ်ခါတစ်ခါ နေဝင်ရီသရောအချိန်နွားကျောင်းသားတွေ၊ ခရီးသွားတွေ ဒီခြံကြီးနားက ဖြတ်သွားမိရင် ခြံကြီးထဲကမည်းမည်း မည်းမည်းနဲ့ သရဲဦးဘခက် ခြောက်လှန့်ပြတာနဲ့ သေပြေးရှင်ပြေးလာခဲ့ကြဖူးတယ်ဆိုတော့ အစောင့်အနေမရှိပေတဲ့ အိမ်ကြီးထဲကို နေ့နေ့ညညဘယ်သူမှ မဝင်ဝံ့ကြဘူး။ သရဲကြမ်းတယ်ဆိုတဲ့သတင်းဟာ သိပ်ကြီးနေတာပဲ။ ဒီအိမ်ထဲကို ဝင်ဝံ့တာတော့ ဦးရွှေတင်တစ်ယောက်ပဲ။ ဒါလည်း တစ်လ

မြန်မာ စာအုပ်များ



နှစ်လလောက်မှ တစ်ခါတစ်ခေါက် လာပြုကြည့်ရင်း သူလိုချင်တဲ့ ဆေးဘူး ဖန်ဘူးတွေ ယူပြန် သွားတာပဲ . . .

အဲဒီတုန်းက ဦး ရောက်သွားတော့ ဟုတ်လည်းဟုတ်ပါတယ်၊ အိမ်ကြီးက အိမ်အိုကြီးမို့ အလိုလိုနေရင်းမှ ကြောက်စရာကောင်းရတဲ့အထဲ လူမနေဘဲ ပစ်ထားတော့ ဖြစ်ချင်တိုင်းဖြစ်နေတာပေါ့။ အခန်းတိုင်းမှာ ဖုန်တွေ၊ မြူတွေ၊ ပင့်ကူအိမ်တွေ ရစရာမရှိဘူး။ ခြံကြီးကလည်း တောဖြစ်နေလေတော့ အိမ်ထဲက ပင့်ကူအိမ်ကြီးတွေဟာ တစ်ဖျာရာ၊ တစ်ပန်းရာရှိတဲ့ ဧရာမ တောပင့်ကူအိမ်ကြီးပဲ။ ပင့်ကူကြီးတစ်ကောင် တစ်ကောင်ဆိုလည်း ပန်းကန်ပြားကလေးလောက်ရှိတယ်။ အရင်သူမွေးထားတယ်ဆိုတဲ့ ပူးကလေးတွေ၊ ယုန်ကလေးတွေ၊ မျောက်ကလေးတွေဟာလည်း လွတ်လွတ်လပ်လပ်ဖြစ်ပြီး ခြံကြီးထဲမှာ တောရိုင်းတိရစ္ဆာန်ကလေးတွေလို ဘေးမဲ့ဖြစ်နေတယ်။

"အိမ်ခေါင်မိုး မျက်နှာကြက်ထောင့်တွေမှာလဲ လင်းနို့တွေ၊ လင်းဝက်တွေ၊ အိမ်ထောင်သားမွေး တိုင်းပြည်တည်နေကြတဲ့အတွက် ဖုန်တွေလက်လေးသစ်လောက် တက်နေတဲ့ ကြမ်းပေါ်မှာ လင်းနို့ချေးတွေ တောင်ပို့ကန်သင်းဖြစ်နေတာပဲ။ နံလိုက်တဲ့ အနံ့တွေလည်း ဟောင်လို့၊ လင်းနို့ချေးနံ့၊ တခြားငှက်ချေးနံ့ရော။ တစ်ကောင်နဲ့တစ်ကောင် ရန်ဖြစ်ကိုက်ခဲပြီး သေနေကြတဲ့ တိရစ္ဆာန်ကောင်သေတွေရဲ့ အပုပ်နံ့ရော၊ သောသောလှိုင်နေတာပဲ။

ဒီလောက် ကြောက်စရာကောင်းတဲ့ အိမ်ကြီးထဲကို အသိန်းဘယ်အချိန်က ဘယ်လိုနည်းနဲ့ရောက်ပြီး သေနေတယ်ဆိုတာ တွေးလို့မရဘူး။ ပုလိပ်တွေကလည်း ဘယ်သူ့လက်ချက်နဲ့ သေရတယ်ဆိုတဲ့ သဲလွန်စကို လိုက်ကြပါသေးရဲ့၊ သို့ပေတဲ့ ဘယ်ကမှ အစမပေါ်ဘူး။ ဒီတော့ သရဲခြောက်လို့ ကယောင်ချောက်ချားနဲ့ သွေးပျက်ပြီး ပြေးရာမှာ ဒီခြံနဲ့ အိမ်ကြီးထဲရောက်တော့ ကြောက်သထက်ကြောက်ပြီး အကြောက်လွန်လို့ သေရတယ်လို့ အယူရှိကြတယ်။

နောက် သေတဲ့လူတွေတော့ ဦးကိုယ်တိုင် လိုက်မကြည့်မိဘူး။ တစ်ဆင့်ပြောတာ ကြားရတာဖြင့် အသိန်း သေပြီးတဲ့နောက် ဦးဘခက်ကို

မြန်မာ စာအုပ်များ



လာဖမ်းတဲ့ ပုလိပ်အရာရှိ ဦးဆင့် သေရတယ်။ မသေခင် အသိန်းလိုပဲ အခြောက်ခံရပြီး ကယောင်ကတမ်း အော်နေတဲ့ စကားထဲမှာ 'လာပါမယ် . . လာပါမယ်' ဆိုတဲ့ စကားရယ်၊ 'မောင်လှကို ကျွန်တော် မသတ်ပါဘူး၊ သေနေတာတွေ့လို့ ဝတ္တရားအတိုင်း ယူလာရတာပါ။ ဦးဘခက်ကို ကြောက်လှပါတယ်၊ ဒီလည်ပင်းရှည်ကြီးကို မကြည့်ဝံ့ပါဘူး'ဆိုတဲ့ စကားတွေရယ်ပါတယ်တဲ့။

နောက် သူလည်း အသိန်းလိုပဲ အစောင့်အရှောက်တွေ အိပ်ပျော်နေတုန်း ပျောက်သွားလို့ လိုက်ရှာတော့ ဦးဘခက်ရဲ့ ခြံထဲက အိမ်အိုကြီးထဲမှာ မီးသွေးတုံးလိုမည်းပြီး သေနေတာတွေ့ရတယ်။

နောက် နှစ်ယောက်ဆက်ပြီး သေတာကတော့ ဟိုတုန်းက ဦးဆင့်နှင့်အတူပါလာပြီး ဦးဘခက်ကို လက်ထိပ်ခတ် ဖမ်းလိုက်တဲ့ ပုလိပ်အမှုထမ်းနှစ်ယောက်ပါပဲ။ အဲဒီ အမှုထမ်းနှစ်ယောက်ရက် မကြာခင် ဆက်ကာဆက်ကာ သေဆုံးပြီးကဲ့နောက် ဦးဘခက်ကို ချောက်တွန်းရတဲ့ အစိုးရရှေ့နေ ကုလားလူမျိုး 'ဘီဂျော်ဂျီ'ဆိုတဲ့လူပဲ။ သူ့ခမျာလည်း ဦးဘခက်ကို မုန်းလို့ရယ်တော့ ဘယ်ဟုတ်မလဲ။ အလုပ်ဝတ္တရားအတိုင်း အစိုးရရှေ့နေဆိုတော့ တရားခံကို အပြစ်ပေးနိုင်အောင် ဆွဲချရတာပေါ့။ သူ့ကိုလည်း အသိန်းလိုပဲ ပထမဦးဆုံး ခြောက်ပြတယ်တဲ့။ ကုလားလဲ မပီကလာ ပီကလာနဲ့ ဦးဘခက် တရဲတရဲ လာတယ်၊ ငါ ကြောက်တယ်၊ နင့်ကို ငါမကြည့်ချင်ဘူး၊ တွား တွားနဲ့ အော်နေတာပဲတဲ့။

နို့ပြီးတော့ 'နင်ပြောတာ ငါမယုံဘူး၊ တခြားလူတွေလည်း မယုံဘူး၊ ဒါကြောင့် ရယ်တယ်၊ ရယ်တာကို နင်စိတ်ဆိုးတာ ဘာ ကောင်းတလဲ'လို့ မြန်မာလိုပြောပြောပြီး ငိုတာပါပဲတဲ့။ ဒါနဲ့ သူခမျာလည်း အရင်လူတွေသွားတဲ့ လမ်းကို တန်းတန်းမတ်မတ်လိုက်ရှာတဲ့သဘောနဲ့ ဦးဘခက်ရဲ့ ခြံကြီးထဲမှာ သွားသေရရှာတာပဲ။

အဲ . . အခုတော့ ဆရာလေးသိတဲ့အတိုင်း ဟိုတုန်းက စီရင်ချက်ချတဲ့ စက်ရှင်မင်းကြီး ဦးဘိုးမြစ်ရဲ့အလှည့်ရောက်လာပြီ။ ဒါတွေကို ဦးဘိုးမြစ်ကိုယ်တိုင် အကြားအမြင်ဖြစ်နေတော့ သူ့ခမျာ သိပ်ကြောက်နေရှာတယ်။

ကြောက်လည်း ကြောက်သင့်ပါတယ်။ ဘယ်လိုပဲ အစောင့်အရှောက်တွေ ဝန်းရံနေနေ ဒီအထဲက ဦးဘခက်ရဲ့ ခြံကြီးထဲကို သွားသေဖြစ်အောင် သေရတယ်ဆိုတာ သိနေတာကိုး။ အိမ်သူအိမ်သားတွေဆိုတာလည်း နည်းနည်းလေးမှ အလစ်မပေးဝံ့ဘူး ဆရာလေးရဲ့ . . .

**ကျွန်တော်** ။ ။ ဘယ်နေ့က စတွေ့သလဲဦးရဲ့

**ဘော** ။ ။ တစ်နေ့ညနေစောင်းကလေး သူ့အိမ်ရှေ့က လမ်းပေါ်မှာ ဦးဘိုးမြစ်တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေတုန်း ကုန်းကုန်း ကုန်းကုန်းနဲ့ အဘိုးကြီးတစ်ယောက် အဝေးကလာနေတာ တွေ့ရတယ်။

အနားလည်းရောက်ရော သူ့ကိုယ်ကို ဘယ်လိုအတတ်ပညာနဲ့ ပြောင်းလိုက်သလဲ မသိဘူး၊ ဦးဘိုးမြစ်ကိုယ်တိုင် ကြိုးမိန့်ပေးလို့ အသတ်ခံရတဲ့ ဦးဘခက်ရဲ့ အလောင်းကောင်ကြီးဟာ ပုဇွန်မျက်စိလို ပြူးထွက်နေတဲ့ မျက်လုံးကြီးနဲ့ အထက်ရှည်တက်နေတဲ့ လည်ပင်းကြီးကို စင်းပြီး အံသွားကြီးကိုက်ကြည့်နေတာတွေ့ရတဲ့အတွက် ဦးဘိုးမြစ်မှာ မှင်သက်မိသလို ကြောင်ကြောင်ကြီး ငေးကြည့် နေမိတယ်တဲ့။

ဒီလိုနေတုန်း အမွေးကြမ်းကြီးတွေ ထောင်ထနေတဲ့ လက်ကြီးနှစ်ဖက်မြှောက်ပြီး ကောက်ကောက်ကွေးကွေးကြီးလုပ်ရင်း 'ဟင်း . . ဟင်း . . ဟင်း'ဆိုတဲ့ အသံနက်ကြီးနဲ့ 'နင်ဟာ ငါပြောတဲ့စကားကို နားမထောင်ဘဲ ငါ့ကို အရမ်းမဲ့ကြိုးပေးသတ်ပစ်တဲ့ အကောင်မဟုတ်လား၊ အခု နင့်ကို လက်စားချေမလို့လာတာ' လို့ ဂလိုင်သံကြီးပါအောင် ပြောရင်း၊ သူ့လက်မည်းကြီးနဲ့ ဦးဘိုးမြစ်ရဲ့လည်ပင်းကို ညှစ်မယ်လုပ်တာနဲ့ ဦးဘိုးမြစ်လည်း ကြောက်လွန်းလို့ သေငယ်ဇောနဲ့ မြောနေသလိုနေရင်းက ရုတ်ခနဲ သတိရပြီး ငယ်သံပါအောင် အော်ပြီးအိမ်ပေါ်ပြေးတက်လာခဲ့ရတယ်။

နောက် ၅ ရက်လောက် ကြောက်ဖျား လန့်ဖျားဖျားရင်း၊ 'ဦးဘခက် ဦးဘခက် ကျုပ်ခင်ဗျားကို မတရားသတ်တာမဟုတ်ပါဘူး၊ ခင်ဗျားအမှုထင်ရှားလွန်းလို့ အလုပ်ဝတ္တရားအတိုင်း ဆောင်ရွက်ရတာပါ' လို့ ကယောင်ကတမ်း

မြန်မာ စာအုပ်များ



ပြောနေတာပဲ။ တစ်ခါတစ်ခါလည်း 'ကျုပ်ကို မခေါ်ပါနဲ့ ဦးဘခက်ရဲ့၊ ကျုပ် မလာဝံ့ဘူး၊ ခင်ဗျားကျုပ်ကို သတ်မလို့ခေါ်နေတာပါ၊ မလာချင်ဘူး၊ မခေါ်နဲ့ မခေါ်နဲ့'လို့ ခါးခါးသီးသီးငြင်းနေတာကို တွေ့ရတယ်။

ဦးနဲ့ ဦးဘိုးမြစ်နဲ့ဆိုတာ ငယ်သူငယ်ချင်းပါ ဆရာလေးရဲ့၊ သူက အစိုးရဘက် လုပ်တဲ့အတွက် စက်ရှင်မင်းကြီးအထိ အရာရှိဖြစ်နေတယ်၊ ဦးကတော့ လွတ်လွတ်လပ်လပ် နေချင်တဲ့လူဖြစ်လေတော့ လခစားဘက် မဝင်ဘဲ၊ အေးအေးချမ်းချမ်း ရှေ့နေလိုက်စားနေတာကလား၊ ရှေ့နေနဲ့ တရားသူကြီးဆိုတာကလည်း အမြဲတွေ့ကြုံနေရတာတစ်ကြောင်း၊ သူငယ်ချင်း ဖြစ်နေတာတစ်ကြောင်းကြောင့် သူ့အတွက်စိုးရိမ်နေမိတယ်၊ ဆရာလေးရယ်။

သရဲကလည်း အတော့်ကိုရဲနေတယ်၊ ဦးကလည်း ဆရာလေးရဲ့ သတင်းကို ကြားဖူးလေတော့ အရေးထဲမှာ ဘွားခနဲ သတိရတဲ့အတွက် ချက်ချင်းပင့်ခေါ်ဖို့ သူတို့ကို သတိပေးရတာပဲ။ အရင့်အရင် လူတွေကတော့ သရဲခြောက်လို့ ကြောက်တာလောက်ပဲရှိတယ်၊ ပယောဂဆရာ ကောင်းကောင်း နဲ့ အကာအကွယ်လုပ်ဖို့ သတိမရကြဘူး၊ လုပ်ပြန်ပါလည်းတော်စွာ၊ လျော်စွာ ဆရာယောင်၊ သမားယောင်တွေနဲ့ လုပ်ခဲ့ကြတော့ အကြောင်းမထူးဘူးပေါ့။ 'သတိတမံ ဉာဏ်မြေကတုတ်၊ ပညာစွန်းချွန်းကဲ့သို့အုပ်ရမယ်'ဆိုတဲ့ စကားလို သူ့နေရာနဲ့သူ သတိမဝင်ကြတဲ့အတွက် အသက်ပါသွားရှာကြရတယ်။

ပယောဂအစွဲတို့ နာနာဘာဝအစွဲတို့ဆိုတာမျိုးဟာ တော်စွာ လျော်စွာ အစွဲကို တော်စွာ လျော်စွာ ဆရာမျိုးနဲ့နိုင်ပေတဲ့ တကယ်ကြမ်းတဲ့ အစွဲကျတော့ တကယ်စွမ်းတဲ့ အထက်လမ်းဆရာမျိုးနဲ့ ကာကွယ်မှ အနိုင်ရကြတာမျိုး၊ တချို့ အိမ်တွေမှာ ပုဏ္ဏက အတိုက်အခံရတယ်၊ ငိုသံကြား အင်း' မြှုပ်ခံရတယ်၊ ဆရာကောင်းနဲ့ မတွေ့ရတော့ အိမ်ပစ်အိုးပစ် ထွက်ပြေးကြရတယ် ဆရာလေး ရဲ့၊ အခုတော့ ဦးဘိုးမြစ်ရဲ့ ကုသိုလ်ကံက သေဖို့ရန် မဖန်သေးတော့ နတ်၊ မိစ္ဆာ၊ တစ္ဆေ၊သရဲတို့ကို အမြဲနိုင်နင်းခဲ့တဲ့ ဆရာကောင်း ဆရာမြတ်နဲ့ တပ်အပ် ရင်ဆိုင်တွေ့ရပေတော့တာပဲ ဆရာလေး။

မြန်မာ စာအုပ်များ



ဒီတော့ အစိမ်းသေသရဲကြီး ဦးဘခက်ရဲ့ အစွဲကို ဆရာလေးပဲကြည့်ပြီး ကာကွယ်ပေးပါ၊ သူ့ခမျာ ကြောက်ရွာလွန်းလို့ ဘယ်လောက် တုန်လှုပ်နေတယ်ဆိုတာ ဆရာလေးမျက်မြင်ပါပဲ၊ ယခုအချိန်ကစပြီး ဆရာလေးလက်ကို အပ်လိုက်ပါပြီ၊ တတ်နိုင်သလောက် ကာကွယ်ပါတော့ ဆရာလေးရယ်'

**ကျွန်တော်**။ ။ ကျွန်တော်ပြောပါပြီကောဦးရဲ့ ပယောဂသာ မှန်ပါရင် ဦးဘိုးမြစ်ကို ရေကြည်တစ်ပေါက် မစင်စေရပါဘူးလို့ အာမခံပါတယ်၊ အခု ကျွန်တော် အပရိကအကဲခတ်တာဖြင့် ဦးဘိုးမြစ်မှာ ပယောဂအစွဲနဲ့ ပတ်သက်တဲ့ အရိပ်လက္ခဏာ မတွေ့ရသေးပါဘူး။

ဘော ။ ။ သေသေချာချာ စုံစမ်းပါဦး ဆရာလေးရယ်၊ ပယောဂ မဟုတ်ဘူးဆိုပေတဲ့ သရဲလှန့်နေတာတော့ အင်မတန် ထင်ရှားနေပါတယ်။ အရင့်အရင်လည်း ဒီသရဲကြောင့် လူငါးယောက် စင်းစင်းလဲ သေခဲ့ရဖူးလေတော့ သရဲကြမ်းနေတာ အမှန်ပါပဲ

**ကျွန်တော်**။ ။ ကောင်းပါပြီ၊ အမှန်အကန်သိရအောင် ကျွန်တော်တို့ အထက်လမ်းဆရာများရဲ့ ထုံးစံအတိုင်း သမာဓိဝင်စားပြီး ဒိဗ္ဗစက္ခုအင်းနဲ့ စီးကြည့်ပါဦးမယ်၊ ရတနာသုံးပါး၊ အထက်ဆရာကြီးများအတွက် ပန်း၊ ဖယောင်းတိုင်နဲ့၊ ကန်တော့ပွဲ ကလေးများသာ စီမံခိုင်းပါတော့ . . .

ဟု ပြောလိုက်သောကြောင့် နာရီများမကြာမီအတွင်း ကျယ်ဝန်းသော အိမ်ဦးဘုရားခန်းအတွင်း၌ ကန်တော့ပွဲခုနစ်ပွဲ၊ ပန်း၊ ဖယောင်း၊ အမွှေးတိုင်များ အပြည့်အစုံ ရောက်လာလေ၏။

ကျွန်တော်လည်း ကန်တော့ပွဲများအနီးတွင် ပိတ်ဖြူခင်းလျက် ဂုဏ်တော်ပုတီးဆွဲထားသော ကာယကံရှင် ဦးဘိုးမြစ်အား ပိတ်ဖြူတစ်ဖက်စွန်းတွင် ထိုင်စေပြီးနောက်၊ သရဏဂုံသုံးပါးနှင့် ပဥ္စသီလများကို ကျနစွာ ခံယူစေပါသည်။

မြန်မာ စာအုပ်များ



ကျွန်တော်ကိုယ်တိုင်လည်း ထုံးစံအတိုင်း သရဏဂုံသုံးပါးနှင့် ငါးပါး သီလများကိုခံယူပြီး အထက်နတ်ကြီးများကို ဂါထာနှင့်နှိုး၍ အထက်ဆရာ ကြီးများနှင့်တကွ ကျွန်တော်၏ ကျေးဇူးရှင်ဆရာကြီးကို ကန်တော့တိုင်တည်ပြီး လျှင် လွန်ခဲ့သော ဆယ်နှစ်ခန့်ကစ၍ ရေးသားခဲ့သည့် ကျွန်တော်၏ မှတ်တမ်း တိုင်းတွင် ဇာတ်လိုက်ကြီးတစ်ဦးကဲ့သို့ ထူးထူးချွန်ချွန်ပါဝင်ခဲ့ရသော ကျွန်တော် ၏ လက်သုံးလက်ရုံးကြီးတစ်ဆူဖြစ်သည့် ဒိဗ္ဗစက္ခု အင်းတော်ကြီးကို ဂါထာ ကျူး၍ တန်ခိုးသွင်းပြီး၊ ထုံးစံအတိုင်း ဦးဘိုးမြစ်အား ထိုအင်းဖြင့် ကြည့်ရပေ တော့၏။

သူတို့အဆိုအားဖြင့် ဆရာဝန်ကြီး ဦးဘခက် အယူတိမ်း၍ အစိမ်း သရဲဖြစ်နေသည်။ ထိုသရဲကြီးက လူ့ဘဝက အမျက်မပြေသူများကို လိုက်လံ ခြောက်လှန့် သတ်ဖြတ်နေခဲ့ရာမှ ယခု ဦးဘိုးမြစ်၏ အလှည့်သို့ ကျရောက် နေပြီဟု ဆိုကြ၍ ကာယကံရှင် ဦးဘိုးမြစ် ကိုယ်တိုင်ကလည်း သရဲဦးဘခက်ကို တပ်တပ်အပ်အပ်တွေ့ပြီး အကြောက်ကြီး ကြောက်ရွံ့နေကြောင်း မျက်မြင်သိရှိ ရသည့်တိုင်အောင် ယခုကဲ့သို့ အင်းတော်ကြီးစီး၍ ကြည့်သောအခါ တစ္ဆေသရဲ စသော နာနာဘာဝ အစွဲဟူ၍ အရိပ်အယောင်မျှ မဝဲလာသောကြောင့် ကျွန်တော့်မှာ မဝေခွဲနိုင်ဘဲ များစွာစဉ်းစားရခက်ခဲနေပါတော့သည်။

ပယောဂ အစွဲသာမှန်ပါက သာမန်အောက်တန်းစားမျှဖြင့်သော ယခုလို အစိမ်းသရဲအစွဲမျိုးမဆိုထားဘိ ၃၇ မင်းအပါအဝင် နတ်ကြမ်း များ၏ အစွဲသော်မှ ပုန်းလျှိုးကွယ်ဖျောက်မနေသာ၊ ဒိဗ္ဗစက္ခု အင်းတော်ကြီးအောက် တွင် ပြားပြားဝပ်ရောက်လာကာ အကောင်အထည်ဖော်ပြရမြဲဖြစ်ပါလျက် မည်သည့်အတွက် ရုပ်လုံးပေါ် မမြင်ရလေသနည်း၊ ငါ၏ အကျင့်သီလသော် လည်း ဖောက်ပြန့်ချို့ယွင်း၍ပေလော၊ သို့တည်းမဟုတ် အင်းတော်ကြီး၏ တန်ခိုးအာနိသင်များပင်ကွယ်ပသွား၍ ပေလောဟု အမျိုးမျိုးတွေးတောကာ စိတ်မချမ်းမသာ ဖြစ်နေပါတော့သည်။

တစ်ဖန်တုံလည်း စိတ်ထဲက မကျေနပ်လေလေ၊ အစွဲကောင်ကို မမြင်ရ, မနေနိုင်လေရှိလာလျက်၊ သုံးနေကျ အင်းတော်ကြီးတင် မျှမက

အကျပ်အတည်းရှိမှ အသုံးပြုရမြဲဖြစ်သော တန်ခိုးပြင်းလှသည့် ဣစ္ဆာသယ ဆေးကြိမ်လုံးကိုပင်ထုတ်၍ သုံးမိပြန်မိပါတော့သည်။

အခါတိုင်းဆိုလျှင် ဆေးကြိမ်လုံးနှင့် သုံ ချက်ပြည့်အောင် မရိုက်ရမီ၊ အစွဲကောင်သည် ပူလောင်သော ဝေဒနာကို ခံစားရလျက် လူးလိမ့် ရောက်လာစမြဲ ဖြစ်စေကာမူ၊ ယခုအခါ လုံးဝရောက်လာခြင်း မရှိတော့ချေ။

ယင်းသို့ဖြစ်ရကား ကျွန်တော်သည် များစွာအစဉ်းစားရခက်လျက်ရှိ၏။ ဆိုခဲ့ရသည့်အတိုင်း ကိုယ်၏ အကျင့်သိက္ခာများ ဖောက်ပြန်ချို့ယွင်းလေသလားဟု သက်ာယန့်မကင်းသော စိတ်ထားဖြင့် ဆင်ခြင် သုံးသပ်ကြရာတွင်လည်း ကိုယ့်အကြောင်းကိုယ်သာလျှင် ကောင်းကောင်းသိသူဖြစ်၍ ဤဘက်မှ တစ်စုံတစ်ရာ ချို့ယွင်းဖူးသေးသည်မရှိပါ၊ ကျေးဇူးရှင်ဆရာကြီး၏ နိဿရည်းခံတပည့် ဦးကြီးဖြစ်ခဲ့သည့်နေ့မှစ၍ ယနေ့အချိန်သို့အထိ၊ သိက္ခာသမာဓိတံတိုင်းကြီးဖြင့် ကျွန်တော်၏ ကိုယ်ကိုလုံခြုံစွာ ရံဝိုင်းထားခဲ့ပါသည်။

ထို့ကြောင့် ကိုယ်ကျင့်တရားအားဖြင့်လည်းကောင်း၊ ဒိဗ္ဗစက္ခု အင်းတော်ကြီး တန်ခိုးပျက်ပြယ်ခြင်းကြောင့်လည်းကောင်း မဟုတ်နိုင်ဘဲ၊ အစိမ်းသရဲတို့၏ အစွဲမမှန်သောကြောင့်သာ မထင်မြင်လာသည်ဟု ယူဆမိပါ၏။

ထို့ကြောင့် ဦးဘိုးမြစ်၏ ဖြစ်ရပုံမှာ မည်သည့်စုန်း၊ နတ်၊ တစ္ဆေစသော ပယောဂအစွဲမျှ မတွေ့ရကြောင်း၊ သွေးသားနှင့် ယှဉ်၍ စိတ်ချောက်ချားခြင်းသာလျှင် ဖြစ်မည်ထင်ကြောင်း ပြောမည်ကြံမိရာက ကာယကံရှင်များနှင့်တကွ ဦးလှဘေကပါ အစိမ်းသရဲ ပယောဂအစွဲဟု ခိုင်ခိုင်မြဲမြဲ စွဲမှတ်ယူဆထားကြသောကြောင့် ဟုတ်သည်အတိုင်းပြော၍ ယုံကြမည်မဟုတ်သဖြင့် အပူတပြင်း စိုးရိမ်ထိတ် လန့်နေသော ကာယကံရှင်များအား တစ်နည်းတစ်လမ်းနှင့် စိတ်အေးချမ်းအောင်ကြံဆောင် ဖျောင်းဖျထားမှသာလျှင် ခမျာများတွင် သောကအေးမည်ဟု စဉ်းစားမိပါသည်။

အထက်လမ်း အောက်လမ်းပညာတို့ဖြင့် ဟိတ်ဟန်ဆောင်ကာ အသက်မွေးဝမ်းကြောင်း ရှာသူတို့အဖို့မူကား၊ ယခုကဲ့သို့ အဖိုးတန်လူနာတည်းသော သိုက်ကောင်းကြီးတစ်ခုကို တိုးမိပါလျှင် မည်သည့်စုန်း၊ မည့်သည့်

မြန်မာ စာအုပ်များ



နတ်တို့က မည်သို့ဖမ်းစားထားသည်ဟု တဆိတ်ကို တစ်အိတ်လုပ်ကာ နေ့ရက်ရှည်ကြာစွာ စားလမ်းဖွင့်လျက်၊ အမျိုးမျိုးအဘက်ဘက်က ငွေညှစ်ယူကြမည်ဖြစ်သော်လည်း ကျွန်တော့်မှာ ဆရာကြီး၏ ကျင့်စဉ်အတိုင်း ဒုက္ခသည်ကို ကုသိုလ်ဖြင့် ကယ်ဆယ်ရမည့်ဝတ္တရားသာ ရှိနေသူဖြစ်ကြောင်း မှန်ရာကိုသာ ပြောလိုသည့်အတိုင်း . . .

'ကိုင်း ကျွန်တော်တော့ အမျိုးမျိုးစုံစမ်းလို့ပြီးပါပြီ၊ ဦးဘိုးမြစ်ရဲ့ ဝေဒနာဟာ ပယောဂနှင့် လုံးဝကင်းစင်နေတဲ့အတွက် စိတ်ရောဂါ သက်သက်သာ ဖြစ်ပါတယ်၊ သို့သော် ကျွန်တော်လာမိတဲ့လက်စနဲ့ ဦးဘိုးမြစ် ယခုလိုဖြစ်ရတာ ဘယ်နည်းဘယ်ပုံ အခြေတည်လာတဲ့အတွက် ဘက်ဘက်ကလှည့်ပြီး ကုသယူရမယ်ဆိုတာ စုံစမ်းပေးပါဦးမယ်' ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ဦးလှဘေမှာ ကျွန်တော့်ကို အံ့သြစွာကြည့်လိုက်ပြီး -

"ဟာ ဆရာလေး၊ သရဲမှ တကယ့်သရဲကြမ်းကြီးနဲ့ ရင်ဆိုင်တွေ့နေရတာ၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ထင်ကြီးထင်ရှားနေတာကပဲ၊ သူ့အရင်လည်း ဒီသရဲကြောင့် လူငါးယောက်တိတိပွဲချင်းပြီး သေခဲ့ပြီ၊ ဒီတစ်ခါ ဆရာလေးလွဲပြီထင်တယ်၊ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဟုတ်နိုင်ဘူး"

"ကျွန်တော်ကလည်း ဒီဟာ ဘယ်နည်းနဲ့မှ ပယောဂမယုဉ်ဘူး၊ သွေးရိုးသားရိုး အကြောက်လွန်ပြီး နှလုံးသည်းခြေ ထိခိုက်နေတဲ့ ဝေဒနာလို့ အတပ်ဆိုပါတယ်။ ဟောဒီကျွန်တော့်အင်းတော်ကြီးဟာ ပယောဂ အစွဲသာဆိုရင် စကြဝဠာအပြင်ဘက်ထွက်ပုန်းနေတဲ့ အစွဲဖြစ်ပါစေ၊ ကွင်းကွင်းကွက်ကွက် မြင်ရပါတယ်၊ ဟောဒီ . . ဆေးကြိမ်လုံးဟာလည်း အစွဲကောင်ကိုတောင် ကျွမ်းထိုးမှောက်ခုန်ကျလာရတဲ့ အစွမ်းရှိပါတယ်"

ဟု ပြောလိုက်လျှင် ဦးလှဘေလည်း စိတ်ပျက်လက်ပျက် ခေါင်းကိုကုပ်ကာ . . .

"ခက်တာပဲ ဆရာလေးရာ ကာယကံရှင်ကလည်း သရဲနဲ့ သေသေချာချာ တွေ့ရပါတယ်၊ ပြီးတော့ သရဲကိုယ်တိုင် ခဏခဏလည်း လာ,လာ

မြန်မာ စာအုပ်များ



ခေါ်နေတယ်၊ ဆရာလေးကလည်း ဘယ်နည်းနဲ့မှ သရဲမဟုတ်ဘူး ငြင်းနေတော့ ခက်တာပဲ၊ နို့ဘယ်လိုလုပ်ရမလဲ ဆရာ၊ ဒီအတိုင်းသာဆိုရင် အရင်လူတွေလို ရက်မကြာခင် ကိုဘိုးမြစ် သေရှာတော့မှာပဲ"

"ပယောဂဆိုရင် ကျွန်တော်က တာဝန်ခံပြီး စောင့်ရှောက်နိုင်ပါတယ်။ ခုအရှုပ်အရှင်းက ဘာမှန်းမသိရတော့ ကျွန်တော်လည်း တာဝန်မခံရပေဘူး။ သို့ပေတဲ့ လာလို့ရှိမှတော့ ပိုးစိုးပက်စက်မဖြစ်စေရပါဘူး။ အသက်ဥဏ်စောင့်ဆိုတာလို ကျွန်တော်က တတ်နိုင်သလောက် စောင့်ရှောက်ပေးပါ့မယ်"

"အရင်လူတွေလို စောင့်ရှောက်ကြနေတဲ့အထဲက အလစ်ထွက်ပြေးသွားမှာ စိုးရိမ်ရတယ် ဆရာလေးရဲ့"

"ထွက်မပြေးနိုင်အောင် ညညကျရင် တံခါးတွေကို အားလုံးသော့ခတ်၊ အိမ်အောက်မှာလည်း အစောင့်တွေ တစ်ထပ်ထား၊ အိမ်ဝင်း အပြင်ကလည်း ပုလိပ်တွေခေါ်ပြီး အစောင့်ခိုင်းပါစေ"

"အင်း ပုလိပ်ခေါ်ပြီး အစောင့်ခိုင်းဖို့ ဆိုတာတော့ နည်းနည်းအပြောရခက်မနေဘူးလား ဆရာလေးရဲ့"

"ဘယ်လို အပြောရခက်မှာလဲ"

"ဩော် . . သရဲခြောက်လို့ ပုလိပ်တိုင်တာနဲ့ ပုလိပ်တွေလာစောင့်ရတယ်ဆိုတာကို သူတို့ပုလိပ်ဒိုင်ယာရီမှာပြရင် အထက်လူကြီးတွေက ဘာပြောမလဲ၊ ဥပဒေမှာလည်း ပုလိပ်ဆိုတာ ရာဇဝတ်မှုကိုသာ ကာကွယ်ပေးဖို့ထားတာ၊ သရဲတစ္ဆေခြောက်တာကို ကာကွယ်ပေးထားတာ မဟုတ်လေတော့"

"ဦးကလည်း ခက်နေပြီ။ ဒီကိစ္စကို တစ္ဆေသရဲခြောက်နေတဲ့ ကိစ္စလို့ ဦးကိုယ်တိုင်က အယူအစွဲသန်နေတာကိုး၊ ဦးဘိုးမြစ်ကို မုန်းနေတဲ့ လူတစ်ဦးတစ်ယောက်က စိတ်ညို့အတတ်နဲ့ဖြစ်စေ၊ သူ့စိတ်ကို တစ်နည်းနည်းနဲ့ ကြောက်လန့်အောင်လှန့်ပြီးမှ သူလိုရာခေါ်ပြီး သတ်ပစ်မယ်တဲ့၊ ဒီလိုလည်း ရှိပါသေးတယ်၊ ပြီးတော့ ဦးဘိုးမြစ်ကိုယ်တိုင်ကလည်း အရာရှိကြီးတစ်ဦး

မြန်မာ စာအုပ်များ



တစ်ယောက်ဖြစ်နေတော့ သူ့ကို ရန်သူတစ်ဦးက မကောင်းကြံနေတဲ့အကြောင်း နှင့် ပုလိပ်အကူအညီတောင်းရင် လာစောင့်မှာပါပဲ" ဟု ပြောသည်တွင်မှ ဦးလှဘေလည်း . . .

"အင်းလေ ဟုတ်ပါရဲ့၊ ဒါဖြင့် ဆရာလေးရှိနေတုန်းအခါဦးလည်း ညတိုင်းညတိုင်း လာအိပ်မယ်၊ ပုလိပ်အကူအညီလည်း ယူထားရတာပေါ့၊ အိမ်သူအိမ်သားတွေလည်း တံခါးမှန်သမျှ သော့ခတ်ထားဖို့ ပြောရမယ်" ဟု ဆိုကာ ဦးဘိုးမြစ်ကိုလည်း တစ္ဆေသရဲ၏ အစွဲမဟုတ်ကြောင်း၊ အိမ်ကို လုံခြုံအောင်ပိတ်ဆို့ စောင့်ရှောက်ထားမည်ဖြစ်ကြောင်း အားပေးစကားပြော ကြရပါသည်။

ဦးဘိုးမြစ်မှာ ကျွန်တော်ပြောစကားကိုကြား၍ ကြောက်စိတ် လျော့ပါး သွားသည်ဆိုရငြားလည်း ကလေးငယ်ပမာ မျက်နှာသေကလေးနှင့် -

"ကျုပ်တော့ ဒီအကောင်ကြီး မျက်နှာကို မြင်မြင်ပြီး လိပ်ပြာစင်တော့ မလို ကြောက်နေတာပဲ၊ ပြီးတော့ တံခါးပိတ်ထားရုံနဲ့ မဝင်နိုင်ဘူးလို့ မထင်နိုင် ဘူး၊ ခါတိုင်းလည်း တံခါးတွေအတွင်းက ဂလန့်ထိုးပြီး ပိတ်ထားတာပဲ၊ သူဘယ် လိုနည်းနဲ့ ဝင်လာမှန်းမသိဘူး၊ နာနာဘာဝဆိုတာ ကမ္ဗဇိဒ္ဓိတန်ခိုးနဲ့ မြေလျှိုး မိုးပျံနိုင်တော့ အိမ်နံရံကာထားရုံလောက်ဆို မဖြစ်လောက်ပေဘူး"ဟု ပြောသော ကြောင့် ကျွန်တော်က ရယ်မောလိုက်ရကာ . . .

"ကျွန်တော်တံခါးတွေပိတ်ပြီး အတွင်းကသော့ခတ်ထားဖို့ ပြောတာက အပြင်ကသရဲတစ္ဆေဝင်လာမှာစိုးလို့ မဟုတ်ဘူး၊ ဦးစိတ် ဦးအစိုးမရဘဲ အကြောက်လွန်ကဲပြီး ထွက်ပြေးသွားမှာစိုးလို့ ပြောရတာပါ" ဟု ဆိုသည်တွင် ဝိဝါဒမကွဲသလို ကြည့်နေကြသော ဦးလှဘေနှင့်တကွ အိမ်သူအိမ်သားများမှာ ကျွန်တော်၏ အပြောကို သဘောပေါက် သွားကြဟန်တူပါသည်။

ဦးလှဘေမှာမူကား ကြာလေကြာလေ အစဉ်းစားရခက်လာသလို "ဆရာလေးရဲ့ ဆရာလေးပြောတာကို မယုံလို့မဟုတ်ဘူးနော် ခုဟာက တော် တော်အစဉ်းစားရခက်သွားတာပဲ၊ သရဲမဟုတ်လို့ ဦးဘခက်ဟာ လူအဖြစ်နဲ့

မြန်မာ စာအုပ်များ



ထောင်ထဲက တိတ်တိတ်ထွက်ပြေးပြီးလိုက်ပြီး လက်စားချေနေတယ်ဆို ရအောင်လည်း မဖြစ်နိုင်ဘူး၊ ကြိုးစင်မှာ သေသေချာချာ တင်ပြီးသတ်လိုက် ကြတာပဲ ဆရာလေးရဲ့"

"ဒါထက် ကျွန်တော်တို့ သေသေချာချာသိရအောင် ထောင်ထဲသွားပြီး စုံစမ်းရင် မကောင်းပေဘူးလားဦးရဲ့၊ အချိန်လည်းရှိပါသေးတယ်"

"ဆရာလေးသွားရင်လိုက်ပို့ပါမယ်၊ ထောင်မှူးနဲ့ ထောင်ဆရာဝန် လည်း ဦးနဲ့ မိတ်ဆွေတွေပဲ၊ စုံစမ်းဖို့ မခဲယဉ်းပါဘူး"

ထို့နောက် ကျွန်တော်နှင့် ဝတ်လုံဦးလှဘေသည် ဦးဘခက် အကြောင်းစုံစမ်းရန် ထောင်သို့သွားကြပါသည်။ ထောင်မှူးနှင့် ထောင် ဆရာဝန်သာမက ဦးဘခက်ကို ကြိုးစင်က ကိုယ်တိုင်ဖြုတ်ချခဲ့ရသူ ထောင် နှစ်ကြီးသမား ငတေကြီးဆိုသူ အကျဉ်းသားကိုပါ တွေ့ရပါသည်။ ၎င်းတို့ ပြောကြသည်မှာလည်း ယုံမှားစရာမရှိပါပေ။

ဦးဘခက်ကို အရှင်လတ်လတ် ထုံးစံအတိုင်း သရဏဂုံတင် ပေးပြီး ဆရာဝန်နှင့် သွေးစမ်းကာကြိုးစင်ပေါ်သို့ တက်စေပါသည်။ မျက်နှာကို အိတ်စွပ်၍ အကျဉ်းသမားငတေကြီးက ကြိုးဖြုတ်ချလိုက်ပြီးနောက် ထောင် ဆရာဝန်က အလောင်းကိုဖွင့်၍ စမ်းသပ်သောအခါ သေဆုံးနေကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းတင်ကြောင်း၊ ကြိုးအစ်သောအရှိန်ကြောင့် ဦးဘခက်၏ အလောင်းကြီးမှာလည်းပင်းကြီး အဆမတန်ရှည်ထွက်နေပြီး၊ မျက်လုံးကြီးနှစ်ခုမှာလည်း ပုဇွန်မျက်စိကဲ့သို့ မျက်ခွံ၏အပြင်ဘက်သို့ ပြူးနေ ကြောင်း၊ မျက်နှာနှင့် ပါးစပ်ကြီးမှာလည်း ဖြူဖြူဖွေးနေသော နှုတ်ခမ်းမွေး၊ မျက်ခုံးမွေးများအကြားမှာ များစွာအရုပ်ဆိုးနေသည်ကို တွေ့ရကြောင်းများ ပြောပြကြပါသည်။

တစ်ဖန်အလောင်းကို မည်သို့မြှုပ်ကြောင်း မေးမြန်းသောအခါ အလောင်းကိုထောင်က မမြှုပ်ရကြောင်း၊ ဦးဘခက်မှာ ဂုဏ်သရေရှိ ဆရာဝန် တစ်ဦးဖြစ်သောကြောင့် သူ၏သားသမီးများကအလောင်းကို သင်္ဂြိုဟ်ခွင့် တောင်း၍ ယူသွားကြသည်ဟု သိရလေ၏။

မြန်မာ စာအုပ်များ



တစ်ဖန် ထောင်သားများအား မည်သူအလောင်းကို လာယူပါသနည်းဟု မေးမြန်းကြရာ သူ၏တပည့်ဖြစ်သူ ဆရာဝန် ဦးရွှေတင် လာယူကြောင်း၊ အလောင်းလာယူသော ဦးရွှေတင်မှာ ဦးဘခက် ကြိုးစင်မတက်ရမီ လာရောက်စောင့်ဆိုင်းနေကြောင်း၊ သေပြီးသောအခါ အလောင်းကို အေးအေးဆေးဆေးပင် လော်လီကားတစ်စီးနှင့် တင်ယူသွားကြောင်း။

အထူးအံ့သြစရာကောင်းသော အကြောင်းအရာတစ်ခုမှာ အသတ်ခံရဆဲဆဲဖြစ်သော ဦးဘခက်သည်လည်းကောင်း၊ ဦးရွှေတင်သည်လည်းကောင်း အနည်းငယ်မျှ တုန်လှုပ်ချောက်ချားခြင်းမရှိ၊ တည်ငြိမ်သော သမာဓိနှင့် အသေခံလူကလည်း ပူပင်ညှိုးနွမ်းသော မျက်နှာထားမရှိကြောင်း သိရပြီးလျှင် အလောင်းကို မည်သည့်သင်္ချိုင်းတွင် မည်ကဲ့သို့ သင်္ဂြိုဟ်သည်ကို မေးမြန်းရာ သူ၏ခြံကြီးအတွင်း မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ဂူသွင်းထားကြောင်း စသည်တို့ကို ကြားရသောအခါ ကျွန်တော့်ထက် ဝတ်လုံဦးလှဘေမှာသာ၍ အံ့သြနေပုံပေ၏။

"တော်တော် ထူးဆန်းတဲ့ လူစုပါလားဆရာရဲ့၊ ဘယ်လိုသတ္တိကောင်းတဲ့ လူဆိုးလူမိုက်ဖြစ်ပစေကြိုးမိန့်နဲ့ သေရတော့မဲ့ဆဲဆဲဆိုရင် နည်းနည်းတော့ တုန်လှုပ်သေးတာတဲ့။ ပြီးတော့ ဦးရွှေတင်ကလည်း အမှုစစ်ဆေးနေတုန်းက ပူပူပင်ပင် ပျာယာခတ်နေဖူးတဲ့ အလိုထောက်ရင် အလောင်းကောက်တဲ့အခါ ဝမ်းနည်းပူဆွေးစရာကောင်းတယ်။ အခုကြားတာဖြင့် အံ့တစ်ပါးပါပဲနော်"

"ကဲလေ . . အခုလို နည်းနည်းထူးတဲ့ အလိုထောက်ရင် နောက်လည်း ထူးတာကလေးများ ဆက်ပြီးတွေ့ကောင်းပါသေးရဲ့။ ဒီတော့ လိုက်လက်စနဲ့ ဦးဘခက်ရဲ့ခြံကြီးဆီကို သွားကြည့်စမ်းစို့လား"

"ဟော ကြောက်စရာကောင်းပါဘိနဲ့၊ ဆရာလေးရယ်၊ ဦးတော့ အသိန်းဆိုတဲ့ ကလေးမကလေးကိစ္စတုန်းက လိုက်သွားမိတာတောင် အခုထက်ထိ မျက်စိထဲမြင်နေသေးတယ်"

"မကြောက်ပါနဲ့ဦးရယ်၊ ကျွန်တော်တစ်ယောက်လုံး ပါသေးတာပဲ၊ သရဲကိုနိုင်တဲ့ လက်နက်ကောင်းတွေပါပါတယ်"

"အပြန် မိုးချုပ်နေဦးမယ်"

"ကားနဲ့ပဲ အသွားအပြန်အလွန်ဆုံး နှစ်နာရီကြာတော့မပေါ့ဦးရဲ့၊ ခုမှ သုံးနာရီရှိပါသေးတယ်"

ဦးလှဘေလည်း ကျွန်တော်မရမက ခေါ်သောကြောင့် စိတ်မပါတပါ နှင့်ပင်လိုက်ပါရန် သဘောတူလိုက်ပါတော့သည်။ ထို့ကြောင့် ကျွန်တော် တို့ လည်း ဂါတ်သို့ဝင်၍ ဦးဘိုးမြစ်အိမ်အတွက် ညအခါ ပုလိပ်အစောင့် အရှောက်အနည်းငယ်လွှတ်ရန် မှာထားခဲ့ပြီး အနီးစခန်းရှိ ဦးဘခက်ခြံအို ကြီးဆီသို့လာခဲ့ကြပါ၏။

ခြံကြီးမှာ မည်မျှတောရိုင်းဖြစ်နေလျက်၊ အိမ်ကြီးမှာလည်း မည်မျှ ပျက်စီး အိုမင်း၍ ကြောက်မက်ဖွယ်ကောင်းနေသည်တို့ကို အထူးရေးသားရန် မလိုတော့ပါ။ အတူလိုက်ပါလာသော ဦးလှဘေမှာမူ ဒူးများတုန်လာမလောက် ကြောက်ရွံ့နေပုံရသောကြောင့် အိမ်ကြီးရှိ အခန်းခန်းအဆောင်ဆောင်ရှိသမျှ ကို အနှံ့အပြားမကြည့်တော့ဘဲ စေ့ထားသောတံခါးကို အသာတွန်း၍ အဝင်ဝ အခန်းကြီးတစ်ခုကိုသာကြည့်ကာ ပြန်ထွက်လာခဲ့ရ၏။ သို့ရာတွင် အိမ်ကြီး၏ ခေါင်းရင်းဘက်ရှိ သစ်ချိုပင်ကြီးနှစ်ပင်အကြားတွင် ထုံးဖြူဖွေးဖွေးနှင့် ဂူကလေး ကို လှမ်း၍မြင်ရပေ၏။

"ဟိုဟာ ဦးဘခက်ရဲ့ ဂူပဲထင်တယ်၊ လာလာ ကျွန်တော်တို့ အနား သွားကြည့်ရအောင်" ဟုဆိုကာ ဦးလှဘေကို လက်တွဲ၍ ခေါ်လာခဲ့ပါသည်။ ဂူကလေးမှာ သေသပ်ခိုင်ခန့်သော အုတ်၊ ကျောက်၊ အင်္ဂတေတို့နှင့် တည်လုပ် ထားပြီးလျှင် ဂူနံရံကိုကပ်ထားသော ကျောက်ဖြူပြားတစ်ခုပေါ်၌မူကား ဦးဘခက်၏ ဂုဏ်ထားနှင့် ကွယ်လွန်အနိစ္စရောက်သော နေ့စွဲရက်စွဲများ ရေးသားထွင်းထုထားသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း အလောင်းကို မီးသင်္ဂြိုဟ်ပြီးမှ အရိုးကို ဂူသွင်းထား သည်ဆိုသော ကျောက်ဂူကလေးကို စေ့စေ့စပ်စပ်ကြည့်ပြီးတွေ့, တွေကြီး စဉ်းစားနေမိပါသည်။ ဂူကလေး၏ သေသပ်ပုံ၊ လက်စလက်န စေ့စပ်ပုံများမှာ လည်း အတော်ပင် ချီးမွမ်းစရာကောင်းပါပေသည်။

မြန်မာ စာအုပ်များ



တစ်ဖန်ဂူကလေးကိုလည်းကောင်း၊ ဟောင်းနွမ်းအိုမင်းနေသော အိမ်ကြီးဆီသို့လည်းကောင်း၊ နာနာဘာဝတို့၏ အရိပ်လက္ခဏာများကို ကျွန်တော်တတ်စွမ်းသမျှ စုံစမ်းကြည့်ရှုပါသော်လည်း တစ်စွန်းတစ်စမျှ မပေါ်ပေါက်ခဲ့ပါ။

မဝေခွဲနိုင်အောင် ထူးဆန်းနေသည့် အကြောင်းများမှာလည်း ဦးဘခက်စက်တိုင်တွင် ကြိုးမိန့်ကျ၍ အသက်သေဆုံးရသည်မှာ အခိုင်အမာဖြစ်ကြောင်း ကြားသိခဲ့ရသည်။ အလောင်းကို ဦးရွှေတင်ကိုယ်တိုင် မီးသင်္ဂြိုဟ်၍ အုတ်ဂူသွင်းထားသည်မှာလည်း ကျွန်တော်၏ ရှေ့တွင် အထင်အရှားတွေ့မြင်နေရသည်။

ဦးဘခက်သည် အယူလွဲ၍ သရဲဖြစ်ကာ လူ့ဘဝ၏ မကျေမချမ်းဖြစ်ခဲ့သမျှသော လူများကို ခြောက်လှန့်လက်စားချေနေသည်မှာလည်းလေး၊ ငါးယောက် ဆက်ကာဆက်ကာခံရသည်။ ကျွန်တော် အစွမ်းကုန် အင်းအိုင်လက်ဖွဲ့ဆေးကြိမ်တို့ဖြင့် စုံစမ်း၍လည်းမရသောကြောင့် ဦးဘခက်ဘယ်နည်းနှင့်မျှ တစ္ဆေသရဲမဖြစ်ဟု ကျွန်တော်အခိုင်အမာဆိုဝံ့ပါ၏။ ဦးဘခက်မသေဘဲ သရဲတစ္ဆေ ယောင်ဆောင်နေသည်ဟု ဆိုရအောင်လည်း သေရုံတွင်မျှမက အလောင်းကိုပင် အုတ်ဂူသွင်းပြီးထားသည်ကို ရှေ့ရှေ့တည့်တည့်တွင် တွေ့မြင်နေရလျက်ရှိပေသည်။

အကယ်၍ သေပြီးမှ တစ်နည်းနည်းကြောင့်လည်းကောင်း၊ အလောင်းကို ဖုတ်ဝင်၍သော်လည်းကောင်း၊ ဦးဘိုးမြစ်စသော သူများထံသို့ လာရောက်၍ ခြောက်လှန့်နေသည်ဟု တွေးရန်ရှိပြန်သေးသော်လည်း ဦးဘခက်အလောင်းမှာ ရိုးရိုးမြေမြှုပ်ခြင်း မဟုတ်သေး၊ မီးရှို့သင်္ဂြိုဟ်ပြီးမှ အရိုးပြာကို ဂူသွင်းနှံ့ထားခြင်းဖြစ်သောကြောင့် ပြာကျနေသော ဘဝရောက်မှ အလောင်းထ၍ မလာနိုင်တတ်ရာ။ သုဓမ္မစာရီမင်းသမီး ဖြတ်ထုံးတွင် မောင်ဒဂုန်ပလက်မှ အရိုးပြာထုပ်ကို ဝိဇ္ဇာမိုရ်တစ်ဦးက လက်ကမြင်းပြီး ဆေးတောင်ဝှေးနှင့် အသက်သွင်းပေးလိုက်သဖြင့် လူနှစ်ယောက်ပြိုင် အသက်ရှင်လာကြသည်ဆိုသော ရှေးစကားဟောင်းတစ်ရပ်ကို ကြားဖူးစေကာမူ ယခုခေတ်အခါတွင် ဦးဘခက်၏ အရိုးပြာ

ကိုမူ မည်သည့်ဝိဇ္ဇာဓိုရ်မှလာ၍ လက်ကမြင်းထမည်မဟုတ်ရကား ဦးဘခက်၏ ကြောက်မက်ဖွယ်ကောင်းသော အလောင်းကြီးနှင့် ရင်ဆိုင်တွေ့ရ၍ သေဆုံးကြရသော လူငါးဦးအကြောင်းကို ဘယ်ကဲ့သို့မျှ စဉ်းစား၍ မရနိုင်တော့သည့်အပြင် ယခုလောလောဆယ်တွင်လည်း သူ၏ လက်ချက်ကြောင့် အသက်ထွက်ရလုဆဲဆဲ ကြောက်လန့်တုန်လှုပ်နေရှာသော ဦးဘိုးမြစ်ကိုတွေ့ရပြန်သောကြောင့် ဦးဘခက်၏ ရန်စနက်ဟူ၍ကား ရှောင်ရှားငြင်းဆိုခြင်း မပြုနိုင်အောင်ရှိနေပြန်တော့၏။

ထိုအခိုက်မှာပင် ကြောက်ရွံ့ထိတ်လန့်စွာ ငြိမ်သက်နေသော ဦးလှဘေက "ကဲ ဆရာလေးပြန်ကြပါစို့၊ ကြာရင် မှောင်လာတော့မယ်" ဟု 'လော'နေပြန်သောကြောင့် ကျွန်တော်လည်း ဦးလှဘေ၏ အလို လိုက်ကာ စိတ်အိုက်အိုက်နှင့်ပင် ပြန်လာခဲ့ရပါတော့၏။

ထိုနေ့ညအဖို့ကား ကျွန်တော့်မှာ စကားများစွာ မပြောနိုင်တော့ပါ။ မကျေချမ်းလှသော အချက်အလက်တို့ကို နက်နက်နဲနဲ တွေးတော၍သာ မျက်လုံးများ 'ကြောင်' နေပါတော့၏။

သို့ မျက်လုံးကြောင်၍ နေသည်ပင်လျှင် တစ်နည်းအားဖြင့် ဦးဘိုးမြစ်အား ညဘက်စောင့်ရှောက်ရေးတွင် အသုံးဝင်လျက် ရှိနေပြန်ပါ၏။ ဦးလှဘေနှင့်တကွ အိမ်သူအိမ်သားများမှာလည်း အိမ်တံခါးများ လုံခြုံစွာပိတ်ဆို့လျက် တံခါးပေါက်မှန်သမျှ အာမခံသော့ခလောက် ကောင်းများနှင့်ခတ်ပြီး သော့ကိုမူ မင်းကြီးကတော် ဒေါ်မမ၏ ဘော်လီအိတ်ထောင်ထဲတွင် အရေးတကြီး သိမ်းဆည်းထားကြောင်း သိရပါသည်။

အိမ်အောက်ထပ်ရှိ ဧည့်ခန်းကြီးမှာလည်း မီးများထိန်ထိန်လင်းအောင် ထွန်းထားလျက်၊ စောင့်ရှောက်ရန် ရောက်လာကြသော အိမ်နီး နားချင်း ကာလသားကလေးများသည် မိုးအလင်း တဝါးဝါးနှင့် ပိုကာဆွဲနေကြသောကြောင့် အပေါ်ထပ်က လူတွေမှာ အလိုလိုနေရင်း အိပ်ချင်ပြေပုံရပါ၏။

အိမ်ဝင်းခြံအတွင်းမှာလည်း အထူးငှားရမ်းထားသော ညအစောင့် ဒရဝမ်များလည်း အိမ်၏ပတ်လည်တွင် ချောင်းတဟန့်ဟန့်နှင့် စောင့်ရှောက်

မြန်မာ စာအုပ်များ



လျက်ရှိပြီးလျှင် ဝင်းခြံအပြင်ဘက်တွင်ကား အထူးဝတ္တရားနှင့် လာရောက်စောင့်ရှောက်နေကြသော ပုလိပ်အမှုထမ်းလေး ငါးယောက် ဘွတ်ဖိနပ်ကြီးများ တဂေါက်ဂေါက်နှင့် လမ်းလျှောက်နေသော အသံကိုကြားရလေ၏။

ဦးဘိုးမြစ်ကား ထိုမျှများပြားလှသော အစောင့်အရှောက်တို့ကြောင့် အတော်ပင် စိတ်အားတက်နေသဖြင့် သူ၏ အိပ်ရာတွင် စိတ်ချ လက်ချ နှစ်ခြိုက်စွာ အိပ်ပျော်နေရှာသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း ယခုအဖြစ်အပျက်ကို အနည်းနည်း အဖုံဖုံအတွေး ပေါင်းစုံတို့ဖြင့် အဘက်ဘက်မှ လှည့်၍တွေးခဲ့ရာ၊ တွေးရင်း တွေးရင်းသာလျှင် ဘဲဥအစရှာမရသလို ချာချာလည်၍ နေပါတော့သည်။

*စင်စစ်အားဖြင့် ကျွန်တော်၏ တာဝန်ဝတ္တရားမှာ သူနာအဖို့ ပယောဂ* အစွဲရှိ မရှိကြည့်၍ရှိခဲ့လျှင် ပျောက်ကင်းအောင် ပြုလုပ်ပေး၍မရှိလျှင် အေးအေးပြန်လာရုံသာ ဖြစ်ပါငြားလည်း ယခုအခါ ပြန်သွားလျှင် ကျွန်တော်နှင့် တကွ ဆရာကြီးအား ကာယကံရှင်များ၊ အထင်အမြင်သေး ကြမည်ဖြစ်ပါသည်။ ကျွန်တော့်အဖို့ အထင်အမြင်သေး၍သော်ကား အပန်းမကြီးလှပါ။ ကျွန်တော်၏ ဆရာကြီးဂုဏ်သရေပါ ထိခိုက်နစ်နာမည်ကို အထူးစိုးရိမ်နေမိခြင်းကြောင့် အပြန်ရခက်နေ ပြန်ပါသည်။

ဦးဘိုးမြစ်တွင် ပယောဂအစိမ်းသရဲ အစွဲမဟုတ်၍ မဟုတ်ဟုဆိုကာ ပြန်လာခဲ့ပြီးမှ ယခင်လူများကဲ့သို့ ပယောဂလိုလိုသရဲဟု စွပ်စွဲထားကြသော ဦးဘခက်၏ စနက်လိုလိုနှင့် သေဆုံးသွားပါက 'ဆရာလေးဟာမနိုင်လို့ ပယောဂမဟုတ်ဘူးဆိုပြီး ပြန်ပြေးတယ်' ဟူသော အပြောမျိုးတွင် ပြောနေရစ်ကြမည်မှာ မလွဲနိုင်အောင် သေချာ၍နေပါသည်။

ဓားစာခံသွားရသော ကာယကံရှင်များ၏ ဖြစ်ပုံမှာလည်း အစိမ်းသရဲ ပယောဂ မဟုတ်ဘူးငြင်း၍ မည်သူမျှယုံကြည်ကြမည် မဟုတ်သောကြောင့် ကျွန်တော်က နောက်ဆုတ်သွားရန် လားလားမျှမတော်သင့်ဟု ချင့်ချိန်မိပါသည်။

မြန်မာ စာအုပ်များ



သို့ကြောင့် ထိုကိစ္စများမှာ သရဲတစ္ဆေပယောဂ မဟုတ်လျှင် မည်သူ၏ လက်ချက်ကြောင့် မည်သို့ဖြစ်ရသည်ကို အများသက်ဝင်အောင် ရှင်းရှင်း လင်းလင်းပြနိုင်မှသာ ကျွန်တော်တို့အဖို့ အထက်လမ်းဆရာတည်းဟူသော ဂုဏ်ကို မထိခိုက်အောင် စောင့်ရှောက်ရာကျပေလိမ့်မည်ဟု စဉ်းစားမိသော အခါ ထိုအိမ်မှာ စတည်းချလျက် ဦးဘခက်၏ သရဲပြဿနာကို ရှင်းလင်းတော့ အံ့ဟု သန္နိဋ္ဌာန်ချ လိုက်ရပါတော့သည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် အထက်လမ်းဆရာမျှသာ မဟုတ် တော့ဘဲ စုံထောက်ပေါက်စဖြစ်မှန်းမသိ ဖြစ်လာရပြန်ပါ၏။ ကျွန်တော်၏ အစီအမံအတိုင်း ညဉ့်အချိန်များတွင် ဦးဘိုးမြစ်၏ အိမ် တံခါးပေါက်မှန်သမျှ သော့ခတ်ပိတ်ဆို့ထားခြင်း၊ အိမ်ပေါ် အိမ်အောက်ညဉ့်လုံးပေါက် အစောင့် အရှောက်တွေထားခြင်း၊ ခြံတွင်းခြံပြင်လည်း ဒရဝမ်နှင့် ပုလိပ်များ စောင့်ရှောက် စေခြင်းကြောင့် ဦးဘိုးမြစ်မှာ လေးငါးရက်လုံးလုံး သရဲဦးဘခက်ရဲ့ အနှောင့် အယှက်မခံရဘဲ သက်သာရာရခဲ့သောကြောင့် ကာယကံရှင် ဦးဘိုးမြစ်နှင့်တကွ အိမ်သူအိမ်သားတို့မှာ ကျွန်တော့်အား များစွာကျေးဇူးတင်လျက်ရှိ၍ ကျွန်တော် ကလည်း ဤနည်းအတိုင်းဆိုလျှင် လူတစ်ဦးတစ်ယောက်၏ လက်ချက်သာ ဖြစ်ရမည်။ ဤအိမ်တွင် အစောင့်အထပ်ထပ် ရံဝိုင်းလျက်ရှိသောကြောင့်သာ အိမ်တွင်းသို့ ဝင်ရန်ခဲယဉ်း၍ လာရောက်နှောင့်ယှက်ခြင်းမပြုနိုင်ဟု အတပ်သိ ရပေသည်။

အကယ်၍ နာနာဘာဝသာမှန်လျှင် သံတံတိုင်း ဆယ်ထပ်ဝိုင်းထား စေကာမူ သူတို့၏ ကမ္ဘဇိဒ္ဓိတန်ခိုးနှင့် အလွယ်တကူဝင်ရောက်နိုင်ပါမည်။ ကျွန်တော်၏ အထင်ကားမှန်သည်ထက်မှန်လာသဖြင့် ရှေးကထက် စိတ်ဝင် စားလာမိပါ၏။

ထို့ကြောင့်လည်း စုံထောက်လက်သစ်ဖြစ်နေသော ကျွန်တော်မှာ တစ်ခါတစ်ရံ ခြံကြီးသို့တစ်ယောက်တည်း အမှတ်မထင်သွားရောက်၍ အိမ်ကြီး ၏ အခြေအနေကို စုံစမ်းမိပါ၏။

မြန်မာ စာအုပ်များ



သို့ရာတွင် အိမ်ကြီးမှာ အပြင်ကျသော အခန်းတစ်ခန်းမျှသာ တံခါးဖွင့်လျက် အခြားသော အတွင်းဆေးခန်းများမှာမူကား တံခါးကို သော့ခလောက်ကြီးများ ခတ်ထားလျက် ဘုံဆောင်သဖွယ် အသွယ်သွယ်သော အထပ်ခိုးကလေးများရှိ အခန်းမြှောင် အခန်းကျဉ်းကလေးများမှာလည်း အသေပိတ်ဆို့ထားသည်သာ အများအားဖြင့် တွေ့ရသောကြောင့် အိမ်ကြီး၏ အတွင်းခန်းများ၏ အကြောင်းကိုမူကား အကဲမခတ်နိုင်ရှိပါတော့၏။

ထို့ကြောင့် စုံစမ်းလက်စအတိုင်း ရှမ်းကပြားတစ်ဦးသဏ္ဍာန်နှင့် ရုပ်ဖျက်ကာ မန္တလေးသို့ အမှတ်တမဲ့ဆင်းသက်၍ ဦးရွှေတင်နှင့် ဦးဘခက်၏သမီးတို့ကို တစ်နည်းနည်းဖြင့် အကြောင်းရှာကာ သွားရောက်စုံစမ်းမိပြန်ပါသည်။

ကျွန်တော်ရောက်သွားသောအချိန်၌ ဆရာဝန် ဦးရွှေတင်၏ ဆေးတိုက်မှာ ခပ်ခြောက်ခြောက်ပင် မြင်တွေ့ရပါသည်။ အခြားသူများ အပြောအားဖြင့် ဆေးတိုက်မှာ ဦးဘခက်အမှုဖြစ်ပြီးမှ အတော်လူလာ နည်းသွားသည်ဟု သိရပါသည်။

ဦးဘခက် တည်ထောင်ခဲ့သည့် ကိုယ်ပိုင်ဆေးတိုက်ကြီးမှာ သုံးထပ်ကိုးခန်းတိုက်ကြီးဖြစ်၍ အောက်ဆုံးအထပ်တွင် ဆေးများရောင်းရာ ဆေးများပေးရာ အပြင်လူနာများ စမ်းသပ်ရာဌာနဖြစ်၍ ဒုတိယအထပ်တွင် အတွင်းလူနာများကို လက်ခံပြုစုလျက် ဆရာဝန် ဒေါက်တာမောင်မောင်မြ၊ ဆရာဝန်မမေနွဲ့ရီ၊ ထွေးထွေးတင်တို့နှင့် အခြားသူနာပြုနာ့စ်မများကို ဆရာဝန်ကြီးဦးရွှေတင်ကိုယ်တိုင် အုပ်ချုပ်နေကြောင်း အပေါ်ဆုံးထပ်တွင် မေနွဲ့ရီနှင့်ဦးရွှေတင်တို့မိသားတစ်စု နေထိုင်ကြကြောင်း။

ဒေါက်တာမောင်မောင်မြနှင့် ဆရာဝန်မလေး မေနွဲ့ရီတို့မှာ လူငယ်ချင်းလည်း မေတ္တာမျှ၊ လူကြီးချင်းလည်း ကျေနပ်စွာ ရည်မှန်းထားခဲ့ကြသည့်အလျောက် ဦးဘခက်မသေမီ ခြောက်လလောက်ကပင် လက်ထပ်ထိမ်းမြားပေးခဲ့ပြီဖြစ်သောကြောင့် ကျွန်တော်ရောက်သွားအချိန်၌ မေနွဲ့ရီ၌ တစ်လသားမျှသာရှိသေးသော သားဦးယောက်ျားကလေးတစ်ယောက် ဖွားမြင်

ထားပြီဖြစ်၍ မေနွဲ့ရီမှာ ကလေးငယ်လှသေးသည်က တစ်ကြောင်း၊ မျက်နှာမြင်ပြီးစ သွေးနုချိန်ဖြစ်သည်က တစ်ကြောင်းတို့ကြောင့် ဆေးတိုက်ကို ဂရုတစိုက်ကြည့်ရှုခြင်း အလုပ်များမှ ခေတ္တအနားယူထားသည်နှင့် တိုက်အပေါ် ဆုံးအထပ်မှ လူနာများနှင့် ဆေးတိုက်ကို ဆင်း၍ပင် မကြည့်နိုင်သေးကြောင်းတို့ကိုသိရပါ၏။

ထို့ကြောင့် ကျွန်တော်လည်း ဆရာဝန်ဦးရွှေတင်နှင့်သာ လူမမာတစ်ဦးကို ဆေးတိုက်တွင် လာရောက်ကုသလိုကြောင်းနှင့် ရမယ်ရှာ၍ စကားပြော မိတ်ဆက်ရပါသည်။ ဦးရွှေတင်မှာ ကျွန်တော့်အား ရှမ်းတိုင်းရင်းသားကျောက်မဲမြို့မှ လက်ဖက်ခြောက်ပွဲစား လူနာရှင်တစ်ဦးဟူသော အမှတ်ဖြင့် ဖော်ရွေစွာ လက်ခံစကားပြောနေရာ ကျွန်တော်ကလည်း ကွယ်လွန်သူဦးဘခက်အကြောင်း စကားစပ်မိလာအောင် သွယ်ဝိုက်ဆွဲယူလာခဲ့ပါသည်။

ကျွန်တော်ငယ်စဉ်က မိဘများနှင့်အတူ ဆရာဝန်ကြီး ဦးဘခက်၏ဆေးတိုက်သို့ ရောက်ဖူးကြောင်း၊ ဆရာဝန်ကြီး ဦးဘခက်မှာ အလွန်ကြည်ညိုစရာကောင်းသော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း၊ ကံမကောင်းအကြောင်းမသင့်၍ မဟုတ်မဟတ် ယုတ်ပတ်စွပ်စွဲခံရကာ ကြိုးမိန့်နှင့် အသတ်ခံရသည်ထင်ကြောင်းများ ဆွယ်တရားဟောလာခဲ့ပြီးမှ ယခုအခါ ဆရာဝန်ကြီး ဦးဘခက်သည် အယူလွဲ၍ သရဲကြီးဖြစ်ကာ လူ့ဘဝက စိတ်နာခဲ့သူများကို ခြောက်လှန့်လက်စားချေနေကြောင်း၊ သရဲ ဦးဘခက် လက်ချက်ဖြင့် လူလေးငါးယောက်မျှသေဆုံးကြရပြီဖြစ်ကြောင်း၊ ယခုအခါ စက်ရှင်မင်းကြီး ဦးဘိုးမြစ်ကိုပင် လက်စားချေရန် စတင်ခြောက် လှန့်နေပြီဖြစ်ကြောင်းများကို ခြောက်ပုံခြောက်နည်းနှင့်တကွ သတင်းကြားလာရသူတစ်ဦးအနေဖြင့် သေချာဂန ပြောပြလေရာ ဦးရွှေတင်မှာ ရုတ်တရက် အံ့အားသင့်သလို နားထောင်နေပါသည်။

ထို့နောက် မယုံသင်္ကာမျက်နှာနှင့် ကျွန်တော်ပြောသော သတင်းစကားများ အမှန်ဟုတ်မဟုတ် စစ်တမ်းထုတ်ပြန်ပါတော့သည်။ သူတို့မှာ ဦးဘခက်အလောင်းကို မီးသင်္ဂြိုဟ်ပြီးသည်ကစ၍ စိတ်မကောင်းလှသောကြောင့် ဦးဘခက်အကြောင်းနှင့်ပတ်သက်သမျှ တစ်စုံတစ်ရာ မေးမြန်းပြောဆိုခြင်းမပြုခဲ့ကြကြောင်း၊ ယခု သတင်းကြားရသည့်အတွက်လည်းများစွာ စိတ်မကောင်း

မြန်မာ စာအုပ်များ



ဖြစ်ရကြောင်း၊ ဤမကောင်းသတင်းကို မေနွဲ့ရီ သိလျှင် သွေးနုသားနုအခါ၌ စိတ်ကို အထူးထိခိုက်သွားမည်စိုး၍ မသိစေချင်ကြောင်းများ မျက်နှာမသာယာနှင့် နှုတ်ပိတ်လိုက်ပါသေးသည်။

ကျွန်တော်၏ စိတ်ထင်အားဖြင့် ထိုအကြောင်းကို ကျွန်တော်ပြောပြီးသည့်အဆုံးတွင် ဦးရွှေတင်၏မျက်နှာ၌ စိုးရိမ်သောက မအေးသော အရိပ်အယောင်ကလေးများ မှေးယှက်ရစ်သန်းနေသည်ဟု ရိပ်မိပါတော့၏။

ထို့ကြောင့်လည်း ဦးရွှေတင်တို့နှင့်တွေ့ရန် ကျွန်တော်သွားခဲ့ရခြင်းအတွက် လိုအပ်သော အချက်အလက်များ လုံလုံလောက်လောက် မရရှိခဲ့ဘဲနှင့် ဦးဘိုးမြစ်အိမ်သို့ ပြန်ခဲ့ရပါတော့သည်။ ကျွန်တော်၏ အစီအမံအားဖြင့် ကျွန်တော် မန္တလေးသို့ဆင်းသွားသော နေ့များတွင်လည်း ဦးဘိုးမြစ်မှာ ကြောက်လန့်တုန်လှုပ်စွာ ကယောင်ချောက်ချား မြည်တမ်းပြောဆိုနေခြင်းများမရှိ၊ ငြိမ်သက်တိတ်ဆိတ်စွာ အစားမှန်၊ အအိပ်မှန်ဖြစ်လာကြောင်း တွေ့ရပါသည်။

ဦးလှဘေမှတစ်ပါး လူနာရှင်များမှာမူကား ကျွန်တော်၏ အထက်လမ်းပညာ အစွမ်းကြောင့်သာ သရဲ၏ အနှောင့်အယှက်မခံရသည်ဟု အထင်ရောက်ပြီး ကျေးဇူးတင်နေကြပေသည်။

ကျွန်တော်ကလည်း ကျွန်တော်၏ စုံထောက်အလုပ်စခန်း မကုန်သေးသည်နှင့် သူတို့၏ ထင်မြင်ချက်ကို ဖွင့်ထုတ်ငြင်းဆိုခြင်း မပြုသေးဘဲ တုံ့ဏှိဘာဝေ ဆိတ်ဆိတ်သာနေလိုက်ရပါသေး၏။

သို့ရာတွင် နောက်တစ်နေ့၌ ထူးခြားသော သတင်းဆိုးကြီးတစ်ခု ထပ်မံကြားသိရပြန်ပါသည်။ ထိုသတင်းမှာ ဦးဘခက်လူသတ်မှု စီရင်ချက်ချခါနီးအချိန်က စက်ရှင်ရုံးသို့ ရောက်လာကြဖူးသော ဂျူရီလူကြီးများအနက်မှ ခေါင်းဆောင်ကဲ့သို့ဖြစ်နေသူ ဦးဘတူခေါ် လူကြီးလူကောင်း တစ်ဦးအား သရဲဦးဘခက် တစ်ညတည်းနှင့် အပြီးအစီး ခြောက်လှန့် သတ်ဖြတ်သွားသည့် သတင်းပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည် တအံ့တသြနှင့်ဦးဘတူ သေပုံကို နှီးနှောစုံစမ်းကြည့်သောအခါ ညနေ နေဝင်ရီသရောအချိန်တွင် သရဲဦးဘခက်ခြောက်ပြ၍

လန့်ခဲ့ရကြောင်း၊ ညဥ့်ယံတွင်မူကား ယခင်သေဆုံးသွားရရှာသူများနည်းတူ "ဟော . . ဟော ဦးဘခက် . . ဦးဘခက် ကျုပ်ကို လာခေါ်သလား၊ ကျုပ်ခင်ဗျားကိုသတ်တာ မဟုတ်ပါဘူး၊ ကျုပ်ကို လက်စားမချေပါနဲ့၊ ခင်ဗျားရဲ့ခြံထဲကိုလည်း မလာပါရစေနဲ့"ဟု ငိုယိုကာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် မျက်နှာကိုလက်နှစ်ဖက်နှင့်ပိတ်ကာ မကြာခဏ ကယောင်ချောက်ချားပြောနေသေးကြောင်း၊ ညဥ့်သန်းခေါင်ကျော် တစ်အိမ်သားလုံး အိပ်ငွေ့မှိုင်းမိသလို အိပ်ပျော်နေကြစဥ်မည်သို့မည်ပုံ လာရောက်ဖမ်းစားသွားသည်မသိ ဦးဘတူမှာ သူ၏အိပ်ရာထဲ၌ပင် လူတစ်ကိုယ်လုံး မီးသွေးတုံးကဲ့သို့ ညိုညိုမည်းမည်းဖြစ်ကာသေဆုံး နေရှာပြီကို တွေ့ရကြောင်း ကြားသိရပါသည်။

ထို့ကြောင့် ကျွန်တော်လည်း သရဲဦးဘခက် လက်ချက်နှင့် သေဆုံးရသူတစ်ဦးကို တွေ့မြင်ရန် ကြုံကြိုက်လာသည့်အလျောက် စုံထောက်ချက်သဲလွန်စ ရမလားဟု သွားရောက်ကြည့်ရှုမိရာ မီးသွေးခဲတုံးလို ညိုမည်းနေသောဦးဘတူ၏ အလောင်းမှာ ပယောဂယှဥ်သည့် အစွမ်းအစဆို၍ ဆံပင်တစ်ခြည်မျှင်မျှမတွေ့ရဘဲ လျှပ်စစ်ဓာတ်လိုက်၍ ညိုမည်းသေဆုံးသူတစ်ဦး၏အလောင်းကဲ့သို့သာ တွေ့မြင်ခဲ့ရပါတော့သည်။

စင်စစ်အားဖြင့် ဦးဘိုးမြစ်ကို ငြိုးနေဆဲဖြစ်၍ သေခြင်းသေရလျှင်ဦးဘိုးမြစ်သာ အလျှင်သေရမည်ဖြစ်ပါလျက် ဦးဘိုးမြစ်ကို တိုးလို့ တန်းလန်းထားခဲ့ပြီး ဂျူရီလူကြီး ဦးဘတူကို တစ်ပင်ကျော်သွားရောက် လက်စားချေလိုက်သည်မှာ ဦးဘိုးမြစ်အိမ်တွင် အစောင့်အရှောက်တွေ မလစ်သဖြင့်အဝင်ရကျပ်သောကြောင့်သာ သူ၏ အစီအစဥ်ကို ခုန်လိုက်ခြင်းဖြစ်သည်ဟု ကျွန်တော်နှင့်တကွ အားလုံးပင် အတပ်သိကြရပါသည်။

ဦးဘိုးမြစ်နှင့် မင်းကြီးကတော် ဒေါ်မမတို့မှာမူကား ကျွန်တော်၏လုံ့လဝီရိယရှိမှု၊ အစောင့်အရှောက်လုံလောက်အောင် စီစဥ်ပေးမှုများကြောင့်သာ ဦးဘိုးမြစ် အသက်မသေရပေသည်ဟု ကျွန်တော့်အား ကျေးဇူးတင်၍မဆုံးအောင်ရှိကြပြီးလျှင် အစောင့်အနေကောင်း၍သာ အန္တရာယ်မရှိသည်ဟု သိရှိကြသည့်အတိုင်း ဝီရိယလုံ့လနှင့်အသက်ကို လဲလှယ်ရမည့်

မြန်မာ စာအုပ်များ



အရေးဖြစ်နေသောကြောင့်လည်း အစောင့်အကျပ်များကို ရှေးကထက် ပိုမိုထားခဲ့ကြပြန်လေ၏။

ယင်းသို့ အစောင့်အရှောက် နိုင်နင်းမှုများကြောင့်လည်း အန္တရာယ်မရှိသကဲ့သို့ အေးချမ်းနေခိုက်တွင် အခြားနေရာဌာနတစ်ခု၌ အပူတိုက်ကြမ်းနေသော သရဲဘခက်အကြောင်းကို ကြားသိရပြန်တော့သည်။

ဂျူရီလူကြီး ဦးဘတူ သေဆုံးပြီးသည့်နောက် သုံးရက်မြောက်သောနေ့တွင် အခြားဂျူရီလူကြီးတစ်ယောက်ဖြစ်သူ ဦးထွန်းရင်ဆိုသည့် လူကြီးတစ်ယောက် ရုတ်တရက်သေဆုံးသွားရပြန်သော သတင်းဖြစ်ပေ၏။ ဦးဘတူသေဆုံးသကဲ့သို့ပင် ဦးထွန်းရင်မှာလည်း သေရပုံလျှင်မြန်လှပေသည်။ ယခင်ဦးဘခက်၏ လက်ချက်ဖြင့် သေဆုံးရသူများမှာ တစ်ကိုယ်လျှင် အနည်းဆုံးတစ်သီတင်းခန့်မျှ ခြောက်လှန့်နေပြီးမှ သူ၏ခြံကြီးထဲသို့ ခေါ်ယူသတ်ဖြတ်ပစ်လေ့ရှိရာ ယခုနောက်ဆုံးနှစ်ဦးအဖို့မှာမူကား အချိန်ဖြုန်း၍ ခြောက်လှန့်ခြင်းမျှ မပြုတော့ဘဲ ရုတ်တရက်ဆွဲ၍ သတ်ပစ်သည်မှာ သရဲဦးဘခက်တွင် အကြောင်းတစ်ခုခု ရှိတန်ရာသည်။

ထိတ်လန့်အောင် ခြောက်လှန့်နေခြင်းအားဖြင့် နို့တစ်ပေးထားသည်နှင့်တူသဖြင့် ကာယကံရှင်များက စက်ရှင်မင်းကြီး ဦးဘိုးမြစ်ကဲ့သို့ အစောင့်အနေ လုံခြုံစွာထားခဲ့လျှင် အဝင်ရခက်ချိမ့်မည်ဟု ဆိုင်းမဆင့်ဘွဲ့မခံ၊ အလျှင်အမြန် လက်စားချေခြင်း ဖြစ်တန်ရာသည်ဟုလည်း ကျွန်တော်နှင့်တကွအားလုံးပင် တွေးမိကြပါ၏။

လှံဖျား ပုစဉ်းနား ကျိုးကန်းကချေးပါဆိုသလို ဦးဘခက်၏အမှုတွင် ဂျူရီလူကြီးများဖြစ်ခဲ့ဖူးသော ဂျူရီလူကြီးများအနက် ဦးဘတူနှင့် ဦးထွန်းရင်တို့သရဲကြီးလက်ချက်နှင့် ဖြုန်းခနဲ သေဆုံးသွားကြရှာသည့်နောက် ကျန်ရှိသေးသော ဂျူရီလူကြီးအဖွဲ့ဝင်ဖြစ်သည့် လူကြီးလူကောင်းများမှာ မိမိတို့ဘက်သို့ ခြေဦးလှည့်၍ ခရီးဆက်လာတော့မည်ဟု အသက်ထားစရာမရှိအောင် ကြောက်ရွံ့နေရှာကြသည်ဟု ကြားသိရပေ၏။

မြန်မာ စာအုပ်များ



ကြောက်ရွံ့သော စိတ်ထားကြောင့်လည်း အစားပျက်အအိပ်ပျက်နှင့် ငယ်ထိပ်သွေးရောက်ကာ ဦးဘိုးမြစ်နည်းတူ အစောင့်အနေများနှင့် လုံခြုံသော အခန်းတစ်ခုတွင် အလုံထောင်အကျဉ်းသားပမာ ကျပ်တည်းစွာ ပုန်းအောင်း နေကြရှာပေ၏။

သို့သော် ထိုဂျူရီလူကြီးအဖွဲ့ဝင်များမှာ ဥစ္စာပစ္စည်းခိုင်လုံသူလည်း ရှိ၍ မရှိမရှား ရရစားစားနေထိုင်သူများလည်း ရှိကြသည်ဖြစ်ရာ ၎င်းတို့ ကိုယ်တိုင် အလုပ်အကိုင်သွားလာလုပ်ကိုင်ရခြင်း၊ အရောင်းအဝယ်ဌာနကို သွားရောက်ကြည့်ရှုရခြင်းစသော အလုပ်ဝတ္တရားများနှင့် ကိုယ်စီကိုယ်ငှရှိကြ၍ ယခုကဲ့သို့ သရဲဦးဘခက်၏ရန်ကြောင့် အိမ်ထဲမှ အိမ်ပြင်မထွက်ဝံ့၊ အသား အရေကိုပင် လေသလပ်မခံဝံ့သကဲ့သို့သော အခြေအနေမျိုးသို့ ဆိုက်ရောက် လာခဲ့သည်တွင် ထိုပုဂ္ဂိုလ်တို့ကို မှီခို အားပြုနေထိုင်ရေးနှင့် အစောင့်အရှောက် လုံလုံလောက်လောက်ထားပေးနိုင်ရန်အတွက် လက်တွေ့အခက်အခဲကြီးနှင့် ကြုံကြိုက်နေရရှာ ပြန်တော့၏။

သို့နှင့် နောက်ဆုံးတွင် ၎င်းတို့၏ သားမယားများသည် ကြံရာမရ သဖြင့် ကျွန်တော်၏ထံသို့ အကူအညီတောင်းရန် ရောက်လာကြပြန်ပါ၏။

ထိုအခါတွင်ကား လူများလေလေ ကြိုက်လေလေရှိနေသော ဦးဘိုး မြစ်နှင့် မင်းကတော် ဒေါ်မမတို့မှာ ရန်လက်စမအေးသေးသော ဂျူရီလူကြီး အဖွဲ့ဝင်များကို ၎င်း၏ သားမယားများနှင့်အတူလာရောက် ခိုကိုးနေထိုင်ရန် ပြောကြားလေ၏။

ကျွန်တော်ကလည်း အစောင့်အရှောက်မတတ်နိုင်သူများက အစောင့် အရှောက်လုံလောက်ပြီဖြစ်သော ဦးဘိုးမြစ်ထံသို့လာရောက် စုပေါင်းနေရန် သဘောတူအကြံပေးလိုက်ရပေ၏။ ထို့ကြောင့် ပစ္စည်းဥစ္စာကုံလုံသူ ဂျူရီလူကြီး တစ်ယောက်မှအပ ကျန်သော ဂျူရီလူကြီးအဖွဲ့ဝင်များအား နေ့လယ်ကြောင် တောင် ကျွန်တော်ကိုယ်တိုင် အစောင့်အရှောက်ကျပ်တည်းစွာနှင့် ပြောင်းရွှေ့ သယ်ယူပေးခဲ့ရပါသည်။ ထိုအခါမှစ၍ ဦးဘိုးမြစ် အိမ်ကလူများအဖို့ အတော် အတန် စိတ်အေးသွားရပြန်ပါ၏။

မြန်မာ စာအုပ်များ



ထိုသို့ရှိနေစဉ် စိုးရိမ်မကင်းဖွယ် အကြောင်းတစ်ခုပေါ်ပေါက်လာပြန်ပါသည်။ အိမ်တွင်းအိမ်ပြင် စောင့်ရှောက်သူများသည် သုံးလေးရက်မျှ ညစဉ်လိုလိုဆက်၍ ညဥ့်နက်လျှင် စိမ်းရွှေရွှေအနံ့တစ်မျိုးကို ရှူရှိုက်လိုက်ရပြီးနောက် တစ်ယောက်ကိုတစ်ယောက်မှီကာ အိပ်ငိုက်လာကြောင်း၊ တစ်ခါတစ်ခါလည်း ငုတ်တုတ်ထိုင်လျက်က သတိအလျဉ်းမရဘဲ၊ အိပ်မောကြီးကျသွားတတ်ကြောင်း၊ ထိုစိမ်းရွှေရွှေအနံ့မှာ တစ်ခါတစ်ခါလည်း အိမ်အောက်ထပ်က ပိုကာသမားများ နှာခေါင်းသို့ပင် ထိုးဝင်လာပြီး ဖဲချပ်တွေကိုင်ရင်း တငိုက်ငိုက်နှင့် အိပ်ငိုက်နေကြောင်း သိရှိရကား တစ်အိမ်သားလုံးမှာ အသက်ထားစရာမရအောင် ကြောက်ရွံ့လာပြန်လေ၏။

စိမ်းရွှေရွှေအနံ့ကြောင့် အိမ်တွင်းအိမ်ပြင်ရှိ လူတွေငိုက်မျဉ်းအိပ်ပျော်သွားကြသော်လည်း ကံအားလျော်စွာဆိုသလို တံခါးပေါက် ကြီးငယ်ဟူသရွေ့ကို ခိုင်ခန့်စွာ သော့ခတ်ထားပြီး၊ သော့တွဲကြီးကိုလည်း ဒေါ်မမ၏ဘော်လီအိတ်ထဲတွင် သိပ်သည်းကျစ်လျစ်စွာထားခြင်းဖြင့် အပြင်ကရန်သူလည်း မဝင်နိုင်၊ အတွင်းကလည်း ထွက်မသွားနိုင် ရှိနေကြလေသည်။

သို့သော် စိမ်းရွှေရွှေအနံ့ဆိုးကြီး ဝင်လာခြင်းအတွက် မျက်ကလဲဆန်ပျာနှင့် ကြောက်ရွံ့ခြင်းကြီးစွာ ဖြစ်နေကြပါတော့၏။

ကျွန်တော်လည်း ထူးဆန်းသော ထိုအနံ့ဆိုးကို မည်သည့်အရပ်ကမည်သူ၏ လက်ချက်နှင့် ထွက်ပေါ်လာရသည်ဟု သိရှိရန်မည်ကဲ့သို့ စုံစမ်းရမည်ဟု အကြံယူနေရပေ၏။

ကျွန်တော်၏ စိတ်ထဲတွင်ကား နာနာဘာဝ ပယောဂမဟုတ် သည်ကိုအသေအချာ သိရပြီးဖြစ်သောကြောင့် ထူးခြားသောအနံ့ကြီးမှာလည်းတစ်နည်းအားဖြင့် လူတစ်စုံတစ်ယောက်က အိပ်ပျော်စေ တတ်သော အခိုးအငွေ့များပေးခြင်းသာ ဖြစ်ရမည်ဟု တွေးမိပါသည်။

ထို့ကြောင့် အိပ်မွေ့ဆေးစသောအရာများ ပြုလုပ်ရန်မှာ ဆရာဝန်များသာလျှင် ကျွမ်းကျင်လိမ္မာကြသည့်အတိုင်း ကျွန်တော်သည် ဦးဘခက်၏

မြန်မာ စာအုပ်များ



ဘယဆေးများနှင့် ပြည့်နှက်နေသော ခြံအိုနှင့် အိမ်ပျက်ကြီးကို ရှေးဦးစွာ သက်ာမကင်း ဖြစ်လာမိပါသည်။ ဦးဘခက်မှာ သရဲလည်းမဖြစ်၊ သေဆုံးပြီး အရိုးပင်ပြာကျနေသူဖြစ်၍ ဤကဲ့သို့ အိပ်မွေ့ ဆေးမျိုးဖြင့် လျှို့ဝှက်နက်နဲစွာ ကြံစည်လက်စား ချေနိုင်ရန်မှာ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အသက်ပေါင်း ဆယ်ယောက်နီးပါး လက်စားချေခဲ့သည်မှာ ဦးဘခက်၏ ကိုယ်စားတစ်ဦး တစ်ယောက်က ပြုလုပ်နေသည်သာ ဖြစ်မည်ဟု တွေးမိပါ၏။

သို့ဖြစ်၍ လူလူချင်းရန်မူခံနေသည်လား၊ အမှောင့်ပယောဂ အစွဲ လေလားဟု ယခုတိုင် ပြတ်ပြတ်သားသား ဝိဝါဒမကွဲပြားနိုင်သေးသော ကာယကံရှင်များကို အမှန်အတိုင်း အသိမပေးသေးဘဲ ကျွန်တော်၏ စုံထောက်ခန်းကိုသာ တစ်ဖက်တစ်လမ်းမှ ဇာတ်လမ်းစ၍နေခဲ့ရသည့်အား လျော်စွာ ခြံအိုကြီးဆီသို့လည်းကောင်း၊ 'မန္တလေးမြို့တော် မယ်ဒီကယ်ဟောလ်' ခေါ် ဦးရွှေတင်၏ ဆေးဆိုင်ကြီးသို့ လည်းကောင်း မပြတ်မပြတ်အမှတ်မထင် သွားရောက်အကဲခတ်လေ့ရှိခဲ့ပါ၏။

သို့နှင့် တစ်နေ့သောအခါ အနီးစခန်းရှိ ခြံအိုကြီးအနီး၊ တောစပ် ကလေးတွင် ကျွန်တော်စီးလာသော ကားကလေးကို ခပ်ဝေးဝေးချုံကွယ်တစ်ခု တွင် ဝှက်ထားခဲ့ပြီး ခြံကြီးအတွင်းဝင်၍ အိမ်ကြီး၏ ပတ်ဝန်းကျင်တွင် တစ်စုံ တစ်ခုတွေ့လိုတွေ့ငြား လိုက်လံကြည့်ရှုနေစဉ်၊ အိမ်ကြီး၏ နောက်ဘေးပိုင်းရှိ မြက်ရိုင်းပင်ကြီးနှစ်ခုကြားတွင် ဘဲဥပုံ ငါးသေတ္တာအခွံတစ်ခုကျနေသည်ကို တွေ့ရသောကြောင့် ကျွန်တော်သည် အတော်ကလေး အံ့အားသင့်သွားခဲ့ပါသည်။

လွန်ခဲ့သော နှစ်ရက်ခန့်ကပင် ၎င်းမြက်ပင်များအနီးသို့ ကျွန်တော် ရောက်ခဲ့ဖူးသေးရာ တစ်စုံတစ်ရာ မတွေ့ရဘဲ၊ ယခု ထူးထူးခြားခြားတွေ့သော ကြောင့် အံ့သြစွာ ကောက်ယူကြည့်ရှုရာ ဖောက်စားပြီးစ ဆီအကပ်အသပ် များနှင့် လောလောလတ်လတ်လွှင့်ပစ်ထားသည်ကို သိရပြန်သောကြောင့် ဤအိမ်ကြီးပေါ်၌ လူတစ်ဦးတစ်ယောက် လျှို့ဝှက်စွာ နေထိုင်ကြောင်း သိရပါသည်။

မြန်မာ စာအုပ်များ



သို့အတွက် အိမ်ကြီးပေါ်သို့တက်၍ ထိုလူကို လက်ရဖမ်းဆီးရန် ကြံလိုက်ပြီးမှ ရုတ်တရက်ပြန်၍ စဉ်းစားလိုက်သောအခါ အပေါ်ထပ် အခန်းများမှာ သော့ခတ်၍ အလုံပိတ်ထားသည်တစ်ကြောင်း၊ အိမ်ကြီးတွင် လျှို့ဝှက်သော အဝင်အထွက်သွားလမ်းလာ လမ်းများရှိပုံရ၍၊ ထိုလမ်းများကို လည်း မသိရသည့်အပြင် ကျွန်တော့်မှာသာ အထက်လမ်းနှင့် စွမ်းသူဖြစ်၍ လူသူချင်း ရန်တုံ့ရန်မူ လုပ်ရမည့်အတွက် လက်နက်ကောင်းမပါရကား အိမ်တွင်း၌ မည်သူမည်ဝါ အဝင်အထွက်ရှိ၍ မည်သူမည်သို့ လုပ်ကိုင်ကြံစည် နေသည် သိရရုံလောက်သာ ချောင်းမြောင်း ကြည့်ရှုထားခြင်းက တစ်နေ့တွင် အကြံပိုင်ပိုင်နှင့် လက်ဆုပ်လက်ကိုင် ဖမ်းမိနိုင်ပေမည်ဟု အကြံပေါ်လာသော ကြောင့် အိမ်ကြီးနှင့်တကွ၊ ခြံကြီးတစ်ခုလုံးကိုစီး၍ မြင်နိုင်မည်ဖြစ်သော အကိုင်းအခက်ဝေဆာသည့် သစ်ပင်တစ်ခုပေါ်သို့ ဖြည်းညင်းစွာတက်ပြီး အချိန်အတန်ကြာ စောင့်ကြည့်နေမိပါသည်။

သို့သော် အိမ်ကြီးပေါ်မှ လှုပ်ရှားသွားလာသော လူရိပ်လူယောင်ဆို၍ လုံးဝမတွေ့ရဘဲ ရှိပါ၏။ လက်ဆတ်သော ငါးသေတ္တာခွံတွေ့ရသည်ကို အကြောင်းပြု၍ အိမ်ကြီးပေါ်တွင် လျှို့ဝှက်စွာ လူတစ်ဦးတစ်ယောက်လာနေ ကြောင်းကား ထင်ရှားနေပေပြီ၊ သို့ရာတွင် ဤလူသည် မည်သူမည်ဝါဖြစ်၍ မည်သည့် အကြံအစည်နှင့် ဤကဲ့သို့ လျှို့ဝှက်နေထိုင်သည်ကို သိရှိရန်အရေး ကြီးပါသည်။

ယင်းသို့ လျှို့ဝှက်စွာနေခြင်းကို ထောက်သဖြင့်လည်း ထိုသူတွင် မရိုးမဖြောင့်သော အကြံအစည်ရှိနေသည်ဟု တပ်အပ်စဉ်းစားမိပါသည်။

ဤသူသည် မည်သူနည်း၊ ဦးရွှေတင်ပင် ဖြစ်လေသလား ဦးဘခက် သေပြီးနောက် သရဲခြောက်သော ထိုအိမ်ကြီးတွင် အိမ်စောင့်အဘိုးကြီး ဦးသာခေါင်ပင် မနေဝံ့၍ အပြင်လူတစ်ဦးတစ်ယောက်မျှ နေဝံ့မည်မဟုတ်၊ ဦးရွှေတင် တစ်ခါတရံ ခေတ္တလာတတ်ကြောင်း သိရသည်ဖြစ်ရာ ထိုအိမ်ထဲ၌ လျှို့ဝှက်စွာနေသူမှာ ဦးရွှေတင်များဖြစ်နေမည်လား၊ ဦးရွှေတင်သည် သူ၏ ဆရာ အခဲမကျေသောသူတွေကို သရဲယောင်ဆောင်၍ ခြောက်လှန့်နေလေ မလားဟု တွေးမိပြီး ဦးရွှေတင်ကြီးကိုပင် သင်္ကာမကင်းဖြစ်လာမိပါသည်။

မြန်မာ စာအုပ်များ



သို့ဖြစ်လျှင် 'ဒီလူကြီးဟာ လူတွေကို ဘာကြောင့် ဤမျှရက်စက်စွာ လှီ့ဝှက်သတ်ဖြတ်နေရသနည်း' ဦးရွှေတင်၏ ရုပ်လက္ခဏာမှာ သူတော်ကောင်း နှလုံးနှင့် ရောဂါသည်များကို ကလေးသူငယ်ကလေးများအား ယုယအလို လိုက်သကဲ့သို့ ချိုချိုသာသာ ချော့မော့ ပြောဆိုတတ်သည်။ ကရုဏာ၊ မေတ္တာ၊ စေတနာရှေ့ထား၍ သနားကြင်နာစွာလည်း ပြုစုတတ်သည်ကို ကျွန်တော် ကိုယ်တိုင် ဝေဒနာသည် ဟန်ဆောင်၍ မကြာခဏ သွားရောက်ဆက်သွယ်ဖူး သောကြောင့် မျက်မြင်ထင်ရှား တွေ့ခဲ့ရပေသည်။

ထို့ကြောင့် ဦးရွှေတင်မှာ မည်သည့်နည်းနှင့်မျှ ဤကဲ့သို့ ဆိုးဝါး ရက်စက်အကြံတွင်းနက်လိမ့်မည်ဟု မထင်နိုင်အောင်ရှိနေပါသည်။

ထို့ပြင်လည်း ဦးရွှေတင်သည် တစ်ခါတရံ ဤခြံသို့လာသောအခါ လည်း အထင်အရှားလာတတ်သည်ဟု သိရခြင်း၊ သူ့အိမ်ကဲ့သို့ ဖြစ်နေသော ကြောင့် အကယ်၍သာ အမြဲလာရောက်နေထိုင်သည့်တိုင် အောင် မည်သူကမှ ကန့်ကွက်မည်မဟုတ်၍ လှီ့ဝှက်စွာ ပုန်းအောင်းနေရန် နည်းလမ်းမရှိ ပြောင် ပြောင်ပင်နေလျက် လုပ်လိုသောအလုပ်ကို လုပ်နေနိုင်ပါသည်။ ထို့ကြောင့် ဖြစ်ပေါ်မိခဲ့သော ကျွန်တော်၏ ဝိစိကိစ္ဆာတရားများ လွင့်ပါးပျောက်ပျက်သွား ပြန်ပါ၏။

ယင်းသို့ သစ်ပင်ပေါ်တွင် သို့လောသို့လောနှင့် တွေးတောယုံမှား ဖြစ်နေမိစဉ် ရုတ်တရက် သစ်ရွက်ခြောက်များကို ချိုးချိုးချွတ် ချွတ်နင်းလာ သော ခြေသံတစ်သံကို ကြားရသောကြောင့် အသံလာရာဆီသို့ ကြည့်လိုက် မိရာ ကျွန်တော်တစ်ခါမျှ မမြင်ဖူးသောအသက် ၄၀ ကျော် ခန့်ရှိ ရှမ်းအဘိုး ကြီးတစ်ယောက်ကို တွေ့ရပါသည်။

၎င်းရှမ်းအဘိုးကြီး၏ ရုပ်လက္ခဏာမှာ ဆင်းရဲသော တောင်သူ လယ်လုပ်များနှင့် အသက်မွေးရသူကဲ့သို့ ဝါးဖတ်ခမောက်ဆောင်း၍ ယော်ပျက်နေသော အင်္ကျီနက်အစုတ်ကြီးကိုဝတ်ကာ ရှမ်းဘောင်းဘီ အနက် အပွကြီးကိုလည်း ဒူးအထက်သို့ ရောက်သည်တိုင်အောင် ခါးကြားတွင် ညှပ်တင်ထားလျက် လက်လုပ်ခုံဖိနပ်အထူကြီးကိုစီးထားပြီး ပလိုင်းငယ်နှစ်ခုကို

မြန်မာ စာအုပ်များ



ထမ်းပိုးတပ်၍ ထမ်းယူကာ လက်မှ ဝါးရင်းတုတ်ကြီးတစ်ခုနှင့် သစ်ပင်ပေါင်းပင်များကို လမ်းဖယ်ရှင်းရင်း သစ်ပင်အနီးမှ ဖြတ်သွားသည်ကို တွေ့မြင်ရပါသည်။

သို့သော်လည်း အသက်ပြင်းပြင်းမရှူဝံ့အောင် စိုက်ကြည့်နေရာ၊ အဘိုးကြီးထမ်းယူသော ပလိုင်းနှစ်လုံးပေါ်တွင် အဝတ်စုတ်တို့ဖြင့် ဖုံးအုပ်ထား၍အတွင်း၌ ဘာပါသည်ဟု မသိနိုင်အောင်ရှိနေစဉ် သူတိုးသွားသော လမ်းဘေးရှိ ဆူးခက်အချို့သည် အုပ်ထားသော အဝတ်စတစ်ခုနှင့် ငြိသွားသဖြင့် အတွင်းမှာထည့်ယူလာသော ပစ္စည်းများတစ်စွန်းတစ်စ ပေါ်ထွက်လာရာ ကျွန်တော်သည် များစွာအံ့သြသွားမိပါသည်။

ရှမ်းကြီးသည် ဆူးခက်နှင့်ငြိနေသော အဝတ်စကို ဆွဲဖြုတ်၍ ပြန်ဖုံးလိုက်သော်လည်း ပလိုင်းထဲမှ ဂိုလ်ဒင်းပတ်မုန့်သေတ္တာ၊ ငါးသေတ္တာ၊ အိုဗာတင်းဘူး၊ နို့ဆီ၊ ထောပတ်စသော အစားအသောက်ပစ္စည်းများကို မြင်လိုက်ပြီးဖြစ်သော ကျွန်တော့်အဖို့မှုကား တောင်သူယာလုပ် ဆင်းရဲသားရှမ်းကြီး တစ်ယောက်နှင့် ဤပစ္စည်းများ လမိုင်းမကပ်မှုကို အမျိုးမျိုးတွေးတောနေပါသည်။

ထို့နောက် အဘိုးကြီးသည် အုတ်ဂူကလေးနှင့် ပေငါးဆယ်ခန့်အကွာတွင်ရှိသော နဘူးချုံကြီးအတွင်းသို့ တိုးဝင်သွားသည်ကို တွေ့မြင်ရလေ၏။

ချုံကြီးမှာလည်း အကိုင်းအနွယ်တွေရှုပ်၍ အရွက်အခက်တွေ ပြည့်ကျပ်အုပ်ဆိုင်းနေသော်လည်း ကံအားလျော်စွာ ထိုအချိန်မှာ ညနေ ၄ နာရီခန့်ဖြစ်၍ အနောက်ဘက်မှ ထိုးနေသော နေရောင်ခြည်ကြောင့် ချုံကြီးအတွင်း အဘိုးကြီး လှုပ်လှုပ်ရှားရှားပြုသမျှ အရိပ်ကိုကောင်းစွာရလေ၏။

အဘိုးကြီးသည် သူ၏ ထမ်းပိုးကိုချကာ မြေပြင်သို့ ခါးကုန်း၍ တစ်စုံတရာနှိုက်ယူနေသည်ကို တွေ့ရပြီးနောက် ပြန်၍ ခါးဆန့်လိုက်သောအခါ အဖုံးကဲ့သို့သော သံပြားကြီးတစ်ခုမြောက်ပါလာပြီး ပလိုင်း နှစ်ခုကိုအတွင်းသို့ချကာ လူကိုယ်တိုင်လည်း မြေတွင်းသို့ ဆင်းသက်သွားလျက် အဖုံးတံခါးကို ပြန်ပိတ်သွားကြောင်း တွေ့မြင်ရပါ၏။

ထို့ကြောင့် ဂုဏ်အဘိုးကြီးမှာ အိမ်တွင်း၌ ပုန်းအောင်းနေသူနှင့် ဆက်သွယ်၍ အစားအစာရိက္ခာများ သယ်ယူပေးပို့နေကြောင်း၊ အိမ်ကြီးမှာ အပေါ်ထပ်နှင့် အတွင်းတံခါးအချို့ ပိတ်ထားသော်လည်း လျှို့ဝှက်သော ဥမင်လိုဏ်ခေါင်းလမ်းဖြင့် အတွင်းသို့ ဝင်နိုင်သည်ကို သိရပေ၏။ ထို့ကြောင့် ကျွန်တော်သည် သစ်ပင်ပေါ်မှ ကပျာကယာဆင်းပြီး ချုံကြီးအတွင်းသို့ ဝင်ရောက်ကြည့်ရှုသောအခါ ယခင်သံအဖုံးတံခါးဝှက်မှာ အထင်အရှားမတွေ့ရဘဲ သံပြားကြီးပေါ်တွင် ရေညှိနှင့် မြက်ပင်ကလေးများ ပေါက်ရောက်လျက်ရှိ၍ ထိုနေရာ၌ အံဖုံးတံခါးရှိသည်ကို မည်သူမျှ ရုတ်တရက်သိမြင်နိုင်မည်မဟုတ်။

ကျွန်တော်လည်း ထိုအံဖုံးတံခါးကိုဖွင့်၍ အိမ်တွင်းသို့အရောက် လိုက်ကြည့်ပြီး ပုန်းအောင်းနေသူကို လက်ပူးလက်ကြပ် မိအောင် ဖမ်းမည်ဟု ကြံမိပြီး အဖုံးကို မ,တင်တော့မည့်ဆဲဆဲတွင် စဉ်းစားဉာဏ်ကလေးတစ်ခု ဝင်၍လာပြန်ပါသည်။

'ငါအထဲဝင်လိုက်သွားလို့ ပုန်းနေသူကို တွေ့ပါပြီတဲ့ ဘယ်ကဲ့သို့ အပြစ်ပြ၍ ဖမ်းရမလဲ၊ လက်ပူးလက်ကြပ် အပြစ်ပြ၍ ဖမ်းသည်ထားဦး အကြည်အသာ အဖမ်းခံမည်လား'

မည်သည့်နည်းနှင့်မျှမခံ၊ အကြံအစည်မအောင်မိ အရေးပျက်ရန်သာရှိသည်ဟု စဉ်းစားမိသောကြောင့် ခြေလှမ်းကိုအသာ ရုပ်သိမ်းခဲ့ရပါသည်။ အတွင်းမှာ လူတစ်ဦးနေသည်ကား အမှန်ဖြစ်သောကြောင့် ထိုလူမှာ အိမ်ကြီး၏ လျှို့ဝှက်သောလမ်းများကို အသုံးပြုနေခြင်းအတွက် ဤလူသည် ဦးရွှေတင်သော်လည်းကောင်း ထိုသို့မဟုတ်၊ ဦးရွှေတင်တို့နှင့် ဆက်သွယ်သော လူတစ်ယောက်ယောက်သော်လည်းကောင်း ဖြစ်ရမည်။

သရဲတစ္ဆေယောင်ဆောင်၍ လူ၏ အသက်ပေါင်းများစွာကို ရက်စက်စွာသတ်သော ဤလူဆိုးကို အမြန်ပေါ်ပေါက်အောင် စုံထောက်တော့မည်ဟု စိတ်ပိုင်းဖြတ်ကာ အိမ်တွင်းကလူ ဦးရွှေတင် ဟုတ်မဟုတ် အတပ်သိရအောင် ခြံပြင်သို့ အမြန်ပြန်ထွက်လာပြီး ကားကလေးနှင့်ပင် မန္တလေးသို့ ဆင်းလာခဲ့ပါ၏။

မြန်မာ စာအုပ်များ



လာနေကျ ရှမ်းတိုင်းရင်းသား လက်ဖက်ခြောက်ပွဲစားအသွင်ဖြင့် ရွှေမြို့တော်ဆေးတိုက်ကြီးသို့ ဝင်မိလျှင် ဝင်မိချင်းပင် ကျွန်တော်၏ အထင်နှင့် ပါစင်အောင် မှားနေသည်ကို တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာဝန်ဦးရွှေတင်မှာ ဖော်ရွေချိုသာစွာနှင့် ကျွန်တော့်ကို ဆီးကြို နှုတ်ဆက်ပြီးလျှင် "အော် ပွဲစားလေး နေကောင်းသွားပလား၊ တစ်နေ့ကပေးတဲ့ဆေးနဲ့ ပွဲစားလေး လူမမာနဲ့ တည့်သွားပြီထင်တယ်" ဟု ပြောလျှင် . . .

"ဟုတ်ကဲ့ဆိုပါတော့ဗျာ၊ ကျွန်တော့်လူမမာက သူ့ရောဂါကို ဘာမှန်း မသိတော့ ဆေးကို အထင်နဲ့ မှန်းပြီး ပေးနေရတာ နည်းနည်းနေသာထိုင်သာ ရှိပါပြီ။ ဒါထက် အခုလာခဲ့တာကတော့ ကျွန်တော့် ကိုယ်တိုင်အတွက်ပါပဲ"ဟု မှုသားမဖြစ်အောင် ဝိနည်းလွတ် ပြောလိုက်ရလေ၏။

ရင်းပြင် ကျွန်တော်၏အကြံမှာ အိမ်တွင်းအောင်းနေသူ ဦးရွှေတင် မဟုတ်လျှင် ဦးရွှေတင်နှင့် နီးစပ်သူတစ်ဦးဦး ဖြစ်လေမလားဟု အကဲခပ်လို သဖြင့် သူ၏ဆေးတိုက်တွင် နှစ်ရက်သုံးရက်မျှ နေနိုင်ရန်တစ်မျိုးတစ်မည် ကြံရခြင်း ဖြစ်ပါသည်။

ဤဆေးတိုက်တွင် ကျွန်တော်နေသည့် တစ်ရက်နှစ်ရက်အတွင်း လည်း ဦးဘိုးမြစ်နှင့် ဦးလှဘေတို့အား စိတ်ချစေရန် မန္တလေးရောက်လျှင် ရောက်ချင်းဆေးတိုက်သို့ မသွားမိ သံကြီးရုံးသို့ ဝင်၍အကြောင်းကြားခဲ့ပြီးလျှင် ဦးဘိုးမြစ်တို့အတွက်လည်း စိတ်မငယ် စေရန် ထွက်မလာမီကပင် နာနာဘာဝ တစ္ဆေသရဲစုန်းနတ်ရဲတို့ ဝင်ရောက်နှောင့်ယှက်ခြင်း မပြုနိုင်စေခြင်းငှာ အိမ်တွင်း အိမ်ပြင်ပတ်ဝန်းကျင်တို့တွင် ပရိတ်ချည်, ပရိတ်သဲ, ပရိတ်ပန်းတွေနှင့် ရံဝိုင်း ပေးထားပြီး အိမ်နှင့်ခြံအဝင်အထွက် တံခါးတို့မှာလည်း မနုဿီဟ အင်းတော် ကြီးများနှင့် ခံတပ်ကြီးသဖွယ် ကာကွယ်ပေးထားခဲ့ခြင်းများကြောင့် ကျွန်တော် မရှိသည့်အချိန်အတွင်း တစ်နေရာမှ ပယောဂအနှောင့်အယှက်များပေါ်ပေါက် လာသည့်တိုင်အောင် စိုးရိမ်ရန်မရှိတော့သဖြင့် ဆေးတိုက်တွင် စိတ်ချလက်ချ နှစ်ရက် သုံးရက်မျှ နေရန်စိတ်ကူးရခြင်း ဖြစ်ပါသည်။

မြန်မာ စာအုပ်များ



ဦးရွှေတင်မှာ ကျွန်တော်ပြောလိုက်သော စကားကို ကြားရလျှင်ပင်

"ဟင် ပွဲစားလေးအတွက် ဟုတ်လား၊ ပွဲစားလေး ဘာရောဂါရှိလို့လဲ" ဟု စိုးရိမ်စွာ မေးရှာပါသည်။

ကျွန်တော်ကလည်း မုသားမဖြစ်စေခြင်းငှာ "သြော် ထူးထူးထွေထွေတော့ မဖြစ်ပါဘူး ဆရာကြီးရယ်၊ တစ်ခါတလေ အတွေးလွန်ပြီး အိပ်မပျော်နိုင်အောင် ဖြစ်နေတတ်ပါတယ်။ အဲဒီအခါကျရင် လူမှာလည်း မအီမသာကြီးဖြစ်နေရော၊ အဲဒါကြောင့် ကျွန်တော်လည်း ဆရာကြီးကို တစ်နေ့ပြမယ်၊ တစ်နေ့ပြမယ်နဲ့မအားလို့ မရောက်လာနိုင်ဘူး၊ ဒီတစ်ခေါက်တော့ အကြောင်းကိစ္စကလေးနဲ့ လာရပေတဲ့ နှစ်ရက်သုံးရက်တန်သည်ဆိုသလို ဒီဆေးတိုက်ကြီးမှာနေပြီး ဆရာရဲ့ အစမ်းသပ်ခံ ဆေးဝါးစားတန်လည်း စားရအောင်လို့ လာခဲ့ပါတယ်၊ ကျွန်တော့်ကို လက်ခံရတဲ့အတွက် အခန်းခ, စမ်းသပ်ခ ဆေးဖိုးဝါးခ ကျသလောက် ပေးပါမယ်ဆရာကြီး"ဟု ပြောလိုက်သောအခါ . . .

"အို . . နေပါ . . နေရာတွေလည်း ခုတလော အတော်ပဲချောင်ပါတယ်။ နို့ပွဲစားလေးရောဂါက ဘာရောဂါလို့ ထင်သလဲ တခြားဆရာဝန်တွေကရော ဘယ်လိုပြောဖူးသလဲ"

"ဘယ်သူ့မှလည်း မပြဖူးသေးပါဘူး ဆရာကြီးရယ်၊ တစ်ခါ တစ်ခါ အိပ်မပျော်ရင် မအီမသာဖြစ်တာပါပဲ ဆရာကြီး၊ ဘာရောဂါ အခြေခံရှိသလဲဆိုတာ စမ်းသပ်ကြည့်ရှုမှ သိရတော့မှာပေါ့"ဟု ပြောလိုက်သောကြောင့် ထိုနေ့မှစပြီး ဆရာဝန် ဦးရွှေတင်၏ လူနာစာရင်းတွင် ကျွန်တော်၏ နာမည်ထည့်သွင်းလိုက်ပါတော့၏။

ကျွန်တော့်အတွက် ပေးထားသော နေရာမှာ အလယ်ထပ်လူနာခန်းများတွင် ယောကျ်ားလူနာများအဖို့ ပိုင်းခြားထားသော နေရာရှိအခန်းတစ်ခန်းဖြစ်ပါသည်။

ကံအားလျော်စွာ လူနာများပါးရှားနေသည့် အခိုက်အတန့်ဖြစ်သဖြင့် ကျွန်တော်၏အဖို့ အနေရချောင်ချိလျက်ရှိသည့်အပြင် ကျွန်တော် ဆေးရုံတက်ရသည်မှာလည်း တုံးလုံးပက်လက်လဲနေသော လူနာမျိုးမဟုတ် ကျန်းကျန်း

မြန်မာ စာအုပ်များ



မာမာနှင့် အစမ်းအသပ်ခံရရှာသော တက်ရောက်နေသော လူနာတစ်ဦးဖြစ်လေရာ အား,အားရှိတိုင်း ဆေးတိုက်ဆေးခန်းများသို့ ဝင်ထွက်သွားလာ ကြည့်ရှုနေပြီးလျှင် ဆေးတိုက်တွင် လုပ်ကိုင်သော သူနာပြုများ၊ ကွန်ပေါင်ဒါများ၊ ဆရာဝန်ဆရာမများနှင့်လည်း အလွမ်းသင့် စကားပြောဆိုနေထိုင်ခြင်းဖြင့် ဆေးတိုက်ကြီးရှိ လူနာများနှင့် အတော်ပင် ပနံစားလျက်ရှိပါ၏။

ဦးရွှေတင်လည်း နောက်နေ့ကစ၍ ကြည့်ရှုရာ၊ စိတ်အလုပ်ကိုလုပ်အားကြီးသဖြင့် ဦးနှောက်သို့ အားပေးသော အာရုံကြောများ၊ အင်အားနည်းနေသည်ကို တွေ့ရသည်မှအပ ရောဂါအထွေအထူးမရှိကြောင်း ပြောဆိုကာ တစ်ခါတစ်ခါ ဦးနှောက်ကို အနားပေးရန်နှင့် ကျွန်တော်စားရန်ဆေးများစပ်၍ ပေးထားပါသည်။

ကျွန်တော်လည်း အလိုက်သင့်ပင် ဆက်လက်နေထိုင်ခဲ့ရာ၊ ဆေးတိုက်ရှိ လူနာများကို ကြည့်ရှုရသော ဦးရွှေတင်၏သား မောင်မောင်မြနှင့် သူ၏ညီမဆရာဝန်မ ထွေးထွေးတင်ကိုလည်း တွေ့ဆုံသိကျွမ်းရပါ၏။

ဒေါက်တာမောင်မောင်မြမှာ မျက်နှာခပ်တည်တည် နေတတ်သော်လည်း လူနာများအပေါ်တွင် ယုယကြင်နာစွာ ပြောဆိုဆက်ဆံတတ်ပါသည်။

ထွေးထွေးတင်မှာလည်း စိတ်သဘောကောင်းသော မိန်းကလေးတစ်ဦးဖြစ်ကြောင်း သူ၏ ချိုသာရွှင်ပျသော မျက်နှာကလေးက သက်သေခံလျက် ရှိနေပေ၏။

ဦးဘခက်၏ သမီး ဒေါက်တာ မောင်မောင်မြ၏ဇနီး ဆရာဝန်မလေး မေနွဲ့ရီဆိုသူကိုမူကား မျက်နှာမြင်ပြီးစ၊ အနားယူနေဆဲဖြစ်သည်တစ်ကြောင်း၊ သူ၏ သားကလေး နေမကောင်းသည်ကတစ်ကြောင်းကြောင့် ဆေးခန်းထဲသို့ တစ်ကြိမ်သာ ဆင်းလာသည်ကို တွေ့လိုက်ရဖူးပါသည်။

သို့ရာတွင် မေနွဲ့ရီ၏ မျက်နှာလည်း ကလေးနေမကောင်း၍ စိုးရိမ်ကြောင့်ကြနေသော အရိပ်အယောင်ကလေးများ မျက်နှာတွင် ရစ်သန်းနေသည်မှတစ်ပါး စိတ်ကောင်းသဘောကောင်းရှိသူကလေးဖြစ်ကြောင်း အကဲခတ်နိုင်ပါတော့သည်။

မြန်မာ စာအုပ်များ



သို့နှင့် ဆေးတိုက်ရှိ ဦးရွှေတင်၊ မောင်မောင်မြ၊ ထွေးထွေးတင်နှင့် မေနွဲ့ရိစသူတို့မှာ အနီးစခန်းရှိ ခြံနှင့် အိမ်ပျက်ကြီးအတွင်းမှာ လျှို့ဝှက်၍ လူများ၏ အသက်ကို ရက်စက်စွာ သတ်ဖြတ်နေသော သူယုတ်မာကြီးနှင့် မည်သို့သော နည်းဖြင့် အဆက်အသွယ် ဖြစ်နိုင်ပါမည်နည်းဟု တွေးကာ စိတ်စေတနာကောင်းနှင့် နေထိုင်ရှာကြသော သားအဖတစ်စုအပေါ်တွင် မကောင်းထင်ပြစ်မှားမိသော ကျွန်တော်၏ စိတ်ကိုပင် ပြန်လည်အပြစ်တင်ရပါတော့သည်။

ထို့ပြင် အစေခံများအား သူတို့အိမ်သားထဲ၌ ဦးသာခေါင်ဆိုသော အဘိုးကြီးတစ်ယောက်ရှိ မရှိကို အမှတ်တမဲ့ စုံစမ်းမိရာရှိကြောင်း၊ ဦးသာခေါင်မှာ ဦးဘခက်သေဆုံးပြီးနောက် သရဲခြောက်သော ခြံကြီးတွင် မနေဝံ့တော့သဖြင့် ဦးရွှေတင်ထံတွင် လာရောက်နေထိုင်ကြောင်း။

သို့ရာတွင် အဘိုးကြီးမှာ အသက်ကြီးသဖြင့် ပင်ပင်ပန်းပန်းအလုပ် မလုပ်နိုင်၍ ဦးရွှေတင်က သူ၏ဆရာကြီး ဦးဘခက်၏ လက်သုံးဖြစ်သည့်အားလျော်စွာ အငြိမ်းစားနေရန် အခွင့်ပြုထားသောကြောင့် ဦးသာခေါင်မှာ ဘုရားသွားကျောင်းတက်အလုပ်နှင့်သာ ခပ်အေးအေး နေရကြောင်း။

ယခုလည်း ရွှေကြက်ယက်တောရသို့ ဥပုသ်စောင့် ထွက်သွားသည်မှာ နှစ်ရက်လောက်ရှိပြီဖြစ်ကြောင်းတို့ကို ကျွန်တော်ရောက်ပြီး နောက်တစ်ရက်မှာပင် ကြားသိရပြီး ဖြစ်နေပါသည်။

ထို့ကြောင့်လည်း ကျွန်တော်လာခဲ့သည်မှာ အလဟဿဖြစ်ရလေပြီ။ ဤအိမ်သားတို့မှာ သူတော်ကောင်းများသာ ဖြစ်ကြသည်။ ကျွန်တော်အလိုရှိသော လူတစ်ယောက်ကို တွေ့ရတော့မည်မဟုတ်ဟု စိပ်ရှုပ်ရှုပ်နှင့် နောက်တစ်နေ့မနက် ဆေးတိုက်ကြီး၏ ရှေ့မျက်နှာစာတွင် စကြံလျှောက်နေစဉ် ပိတ်ဖြူလုံချည်၊ ပိတ်ပဝါလောဘက်တင်၍လည်ပင်းမှာ စိပ်ပုတီးဆွဲ၍ ဆေးတိုက်ထဲဝင်လာသော အဘိုးကြီးတစ်ယောက်ကို မြင်ရသောအခါ ကျွန်တော်၏ သွေးသားများ ရပ်ဆိုင်းသွားသကဲ့သို့ မှတ်ထင်လိုက်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ဝင်လာသော စိပ်ပုတီးနှင့် ဥပါသကာကြီး၏ မျက်နှာကြီးမှာ ခြံအိုကြီး

မြန်မာ စာအုပ်များ



အတွင်းသို့ ပလိုင်းနှစ်ခုထမ်း၍ လျှို့ဝှက်သောလမ်းမှ အိမ်ကြီးအတွင်း ရိက္ခာပို့ဝင်သွားသူ ရှမ်းအဘိုးကြီး၏မျက်နှာနှင့် ရွှေးမရအောင်တူနေသောကြောင့် ဖြစ်ပါသည်။

ထိုခဏ၌ပင် ဆေးခန်းထဲမှ ထွက်လာသော ဦးရွှေတင်က ဆီးကြိုကာ "အလို ဦးသာခေါင် ဥပုသ်စောင့်ရာက ပြန်လာပြီလား"ဟု မေးသံကို ကြားရသောအခါမူကား ကျွန်တော်သည် အလွန့်အလွန်အံ့ဩ၍ သွားပါတော့သည်။

ဦးသာခေါင်ကား ဘုရားဒကာယောင်ဆောင်၍ ဓားပြတိုက်သူနှင့် မခြားနားတော့ပေ။ အသက်ပေါင်းများစွာကို သတ်ခဲ့သူ လူဆိုးကြီးတစ်ယောက်နှင့် ဆက်သွယ်အားပေးနေသူဖြစ်သောကြောင့် ဘီလူးသဘက်ကဲ့သို့ စက်ဆုပ်ရွံရှာဖွယ် ကောင်းလှတော့သည်။

ထို့ပြင် သရဲဦးဘခက်ယောင်ဆောင်၍ ပုန်းအောင်းဆိုးသွမ်းပြီး ရာဇဝတ်မှုကြီးကို ဆက်ခါဆက်ခါ ကျူးလွန်နေသူ လူဆိုးကြီးကို မိလိုလျှင် ဦးသာခေါင်ကို ဖမ်း၍ စစ်ဆေးက သိရတော့မည်ဟုလည်း ဝမ်းမြောက်ခြင်းကြီးမက ဝမ်းမြောက်၍ သွားမိပါ၏။

ဤလူဆိုးကြီးသာမိပါလျှင် သေဆုံးရသူများနှင့်တကွ စက်ရှင်မင်းကြီး ဦးဘိုးမြစ်တို့ကို ငြိုးနေသော သရဲဦးဘခက်၏ ပြဿနာမှာ မှန်ရာကန်ရာအတိုင်း ရှင်းပြတ်သွားရတော့မည်ဟု စိတ်အားတက်၍ သွားပါ၏။

ထို့နောက် ဦးသာခေါင်က ဥပါသကာသံပါပါနှင့် "ဟုတ်ကဲ့ဆရာပြန်လာပါပြီ။ သာဓုသာ ခေါ်ပါတော့၊ သုံးရက်လုံးလုံး သက်သတ်လွတ်စားပြီး ဆယ်ပါးသီလစောင့်, ကမ္မဋ္ဌာန်းလည်း ညတိုင်းဝင်ခဲ့ပါတယ်။ အမျှ အမျှ အမျှ ယူပါဆရာ"ဟုဆို၍ ဦးရွှေတင်ကလည်း "သာဓုဗျာ သာဓု သာဓု"ဟု ပြန်ပြောလိုက်သောကြောင့် ဦးသာခေါင်မှာ စိုက်စိုက် စိုက်စိုက်နှင့် တိုက်အပေါ် ထပ်သို့ တက်သွားပါတော့သည်။

ဦးရွှေတင်တို့ကား ဦးသာခေါင်၏ သူတော်ယောင်ဆောင်၍ သီတင်းသုံးနေသောအဖြစ်ကို မသိရှာ၍ ပေလော၊ သိလျက်နှင့် သူတို့ချင်း တစ်နည်းနည်းနှင့်အဆက်ရှိ၍ပေလောဟု ထိုအချိန်ပိုင်းကလေးအတွင်း၌ ခွဲခြားသိနားလည်ရန် ကျွန်တော် မစွမ်းဆောင်နိုင်သေးပေ။

ထို့ကြောင့် ကျွန်တော်သည် ဦးသာခေါင်၏ အနေအထိုင် အပြုအမူတို့ကို မျက်လုံးနှင့်နား အလကားမထားဘဲ အမြဲစောင့်ကြပ်ကြည့်ခဲ့ရာ တစ်ခဏကြာသော် ဦးသာခေါင်သည် တိုက်ပေါ်မှ ပြန်ဆင်းလာပြီး ဦးရွှေတင်၏ ပရိုက်ဗိတ်အလုပ်ခန်းထဲသို့ လစ်ခနဲဝင်သွားသည်ကို တွေ့မြင်ရသောကြောင့် ကျွန်တော်လည်း အလယ်ထပ်မှ ကပျာကယာ ဆင်းလိုက်လာပြီး အလုပ်ခန်းအနီးရှိ ဆောင်တော်ကူး လမ်းကြားကလေးတွင် အမှတ်မထင် လမ်းလျှောက်ရင်း အကဲခတ်နေမိရာ၊ ဦးသာခေါင်သည် ဦးရွှေတင်အား အရေးကြီးသော သတင်းစကားတစ်ရပ်ကို ပြောဆိုနေသကဲ့သို့ တီးတိုးကပ်ပြောနေပြီးလျှင် ဦးရွှေတင်ကလည်း ဦးသာခေါင်ပြောသော စကားများ စိတ်အားထက်သန်စွာ နားထောင်နေသည်ကို တွေ့မြင်ရပါသည်။

၎င်းတို့ပြောသောစကားမှာ တီးတိုးနှစ်ကိုယ်ကြားဖြစ်နေသည် တစ်ကြောင်း၊ ကျွန်တော်ကလည်း မလှမ်းမကမ်းဖြစ်နေသည်က တစ်ကြောင်းတို့ကြောင့် 'ဘာအကြောင်း'ဟု မသိရသော်လည်း လူမကြားအောင် လျှို့ဝှက်သောကိစ္စတစ်ခုခုအတွက် ဆွေးနွေးနေကြကြောင်းကား ၎င်းတို့၏ လေးနက်သော မျက်လုံးများကို ထောက်ချင့်ခြင်းအားဖြင့် သိနိုင်ပါသည်။

ထိုခဏမှာပင် မောင်မောင်မြနှင့် ထွေးထွေးတင်တို့ ဦးရွှေတင် အခန်းထဲ ဝင်လာကြပြီးနောက် လေးယောက်ထိုင်၍ ခေါင်းချင်းဆိုင်ကာ တီးတိုးပြောကြပြန်ပါသည်။

ဤတွင်မှလည်း အစက အထင်ကြီးခဲ့မိသော အိမ်သားများအား စိတ်ပျက်၍ သွားမိပါ၏။ ကျွန်တော်ကား ကြာကြာမအောင့်နိုင်တော့ဘဲ သူတို့အထဲသို့ တိုးနိုင်အောင် တိုးလိုက်ချင်သဖြင့် ကျွန်တော့်မှာ ဆေးရုံတက်လာသော လူမမာဆိုသော်လည်း တည်းခိုနေထိုင်သည့် ဧည့်သည်တစ်ပိုင်းဖြစ်နေသောကြောင့် အခွင့်အရေးပိုနေသူဖြစ်သည့်အတိုင်း လမ်းလျှောက်ရင်းမှ သူတို့အခန်းသို့ လှမ်းမြင်ရပုံ မျိုးနှင့် .....

"အလို . . ဆရာတို့သားအဖတွေ ဘာများအရေးတကြီး တိုင်ပင်နေကြသလဲ"ဟု စကားရောဖွဲ့ရောလုပ်၍ အလိုက်မသိသော ဧည့်သည်တစ်ဦးပမာ

မြန်မာ စာအုပ်များ



မေးမေးဝင်ဝင် ဖွတ်ဝင်သွားသည်တွင် အားလုံးပင် မျက်နှာကွက်ခြေ တစ်မျိုးပြင် လိုက်ကြကာ ဦးရွှေတင်ကစ၍ . . .

"သြော် . . ပွဲစားကလေးလား၊ လာပါ . . လာပါ"ဟုဆို၍ မောင်မောင်မြကလည်း နေရာထိုင်ခင်း ဖယ်၍ပေးပါသည်။

"ကျွန်တော်လည်း စကားပြောဖော်မရှိလို့ ပျင်းပျင်းရှိတာနဲ့ ဆရာတို့ စုစုရှိရာ ဝင်လာခဲ့တာပါပဲ။ ဒါပေမဲ့ ကျွန်တော်ဝင်လာတဲ့အတွက် ဆရာတို့မှာ ဆွေးနွေးတိုင်ပင်နေတာ အနှောင့်အယှက်များ ဖြစ်နေမလား" ဟု အလိုက်သိ တတ်သည့်သဘောနှင့် ပြောလိုက်သောအခါ ဦးရွှေတင်က . . .

"အို . . ကိစ္စမရှိပါဘူး။ ဆရာတို့ တိုင်ပင်တာလည်း လူမသိရမဲ့ ကိစ္စမဟုတ်ပါဘူး။ ဆရာ့မြေးကလေး၊ ဟောဒီက ဒေါက်တာမောင်မောင်မြရဲ့ ကလေး၊ အပေါ်ထပ်မှာ အတော်ပဲ မကျန်းမမာဖြစ်နေတယ်။ ဒီအတွက် စိုးရိမ်ကြလို့ ခေါင်းချင်းရိုက်နေတာပဲ၊ ကလေးအမေ မေနွဲ့ရီလဲ ကလေးရောဂါ အခြေအနေစိုးရိမ်ရတာကို မသိစေချင်တဲ့အတွက် ဒီမှာလာပြီး တိုင်ပင်နေကြ တာပါ။ သူ့ခမျာ သူ့ကိုယ်တိုင်က ဆရာမတစ်ဦး ဖြစ်နေပေတဲ့ ကိုယ့်ရင်သွေး အတွက်ဆိုတော့ ထိပ်သွေးရောက်ပြီးဘာမှ မလုပ်တတ်အောင် မွန်တက်နေရှာ တယ်။ ဆရာတို့လည်း ဆရာဝန်တွေမို့ တတ်အားသလောက်ပြုစုကြတာပဲ၊ ကလေးကလည်း လသားကလေးဆိုတော့ ကုရတာလည်း တယ်မလွယ်လှဘူး" ဟု ပြောသဖြင့် ကျွန်တော်က . . .

"သြော် . . ဟုတ်ကဲ့လားဆရာ" ဟု ရောနှောညာလိုက်ရပါသော် လည်း သူတို့တိုင်ပင်ကြသော စကားမှာကလေးအတွက် မေနွဲ့ရီမကြားစေ ချင်၍ တိုးတိုးပြောနေကြသည်ထားဦး၊ ပြောပုံဆိုပုံမျက်နှာ အမူအရာတို့မှာ ထိုထက်နက်နဲ၍ အရေးတကြီး လျှို့ဝှက်ထားရသည့် အရိပ်အယောင်ရှိနေပါ သည်။ ထို့နောက် ဦးရွှေတင်က ဆက်လက်ကာ-

"ကလေးတော့ မျှော်လင့်စရာမရှိတာအမှန်ပဲ" ဟု ပြောလျှင် မောင်မောင်မြက "ကလေးထက် ရီရီက ခက်နေပါတယ် ဖေဖေရဲ့၊ သူ့ကလေး ကို အရိပ်ကြည့်နေရာက ကလေးတစ်ခုခုဖြစ်သွားရင် သူ့မှာ စိတ်ကိုအများကြီး

ထိခိုက်သွားမယ်။ နဂိုကလည်း သူ့ခမျာတယ်ပြီး စိတ်ကောင်းခဲ့တာမဟုတ်တော့" ဟု ပြောစဉ် ဦးရွှေတင်က ဆက်၍ . . .

"အေးလေ အရီက သူ့အဖေအတွက်လည်း စိတ်မကောင်း အခံကလေးရှိနေတယ်၊ ဩော် ဒါထက် ဟောဒီက ပွဲစားကလေး ပြောဖူးတယ်၊ ဆရာလည်း မကျွတ်ရှာဘူးတဲ့၊ သရဲဖြစ်ပြီး သူ့ရန်သူတွေလိုက်ပြီး ဂလဲ့စားချေနေသတဲ့" ဟု ပြောလိုက်လျှင် မောင်မောင်မြ၊ ထွေးထွေးတင်နှင့် ဦးသာခေါင်တို့သည် ကျွန်တော်၏ဘက်သို့ ရုတ်တရက်လှည့်ကြည့်ပါသည်။ မောင်မောင်မြကမူ -

"အို ဟုတ်ကဲ့လား ပွဲစားကလေး၊ ဘယ်ကကြားသလဲ၊ ကိုယ်တိုင်ကောမြင်ခဲ့ရသလား" ဟုမေးသောအခါ

"ပြောနေကြတာတော့စုံလို့ပဲ ဒေါက်တာရယ်၊ ကျုပ်တော့ ဆရာဝန်ကြီး ဦးဘခက်ကို မမြင်ဘူး၊ မကြားခဲ့ပါဘူး။ သူများပြောကြတာသိရတာပါပဲ၊ နို့ပြီးတော့ လူတွေကိုခြောက်လှန့်ပြီး သတ်အားကြီးလို့ တချို့ကလည်း သရဲတောင်မထင်ဘူးတဲ့၊ အိမ်ကြီးကို ပုလိပ်တွေနဲ့ တက်ရှာချင်ကြတယ်၊ ပုလိပ်ကလည်း သရဲဆိုပြီး အရေးမယူခဲ့ကြဘူး။ ဒါပေမယ့် အခုပြောင်းလာတဲ့ ရာဇဝတ်ပုလိပ်ဝန်ထောက် မောင်ညာဏ်ရင်ကတော့ လူကလည်းထက်တုန်း မြက်တုန်း အရွယ်ကလေးမို့ တစ်နေ့နေ့အိမ်ကြီးကို တက်ပြီးရှာမယ်လို့ကြိမ်းဝါးနေသတဲ့၊ ဒါလည်း ကျွန်တော်တို့ပွဲရုံမှာ လူများတွေပြောကြတာကြားခဲ့ရတာပါပဲ" ဟု အရေးမကြီးသလို ပြောလိုက်ပြီး၊ အမှတ်မဲ့ သူတို့အကဲကို ကြည့်လိုက်ရာ၊ လေးဦးသားပင် မျက်နှာများ မသိမသာပျက်သွားကြသည်ကို တွေ့ရပေ၏။

သို့ရာတွင် ဦးရွှေတင်က ဟန်ဆောင်လိုက်သည့်အနေဖြင့် "ရှာပစေလေ၊ ပုလိပ်မသက်ာဘူးထင်လည်း ထင်စရာပဲ၊ ဒါပေတဲ့ တစ္ဆေသရဲဆိုတာ မြင်နိုင်တာမျိုးမှမဟုတ်ဘဲ၊ ရှာလည်းရှာ,ရှာနေမှာပေါ့"ဟု ပြောလိုက်ပါသည်။

ထို့နောက် သူ၏ မြေးငယ်ကလေးအတွက် စိုးရိမ်ကြောင်းများ စကားဆက်လက်ပြောနေပြန်ရာ ကျွန်တော်ကလည်းကလေးအတွက် ကူညီလုပ်ကိုင်ပေးရန်သော်လည်းကောင်း၊ ညဥ့်အိပ်ညဥ့်နေ စောင့်ရှောက်ရန်ရှိကလည်း ကူညီလိုကြောင်း ပြောရပါသည်။

ထိုသို့ ပြောရခြင်းမှာလည်း သူတို့နေထိုင်ရာ အပေါ်ဆုံးထပ်သို့ တိုးနိုင်အောင် ကြံရခြင်းဖြစ်ပါသည်။ ဦးရွှေတင်နှင့်တကွ တစ်အိမ်သားလုံးမှာ ကျွန်တော့်အား လူရေမလည်တလည် ရှမ်းကပြားတစ်ဦးဟု အထင်ရှိနေသည် တစ်ကြောင်း သူတို့၏ အတွင်းရေးများနှင့် တစ်စုံတစ်ရာ မပတ်သက်သူ အရိုင်း သက်သက်ဟု အထင်ရှိသည့်အတိုင်း လွတ်လပ်စွာ နေထိုင်ခွင့်ရနေပါသည်။

သို့နှင့် ထိုနေရာမှာ လူစုခွဲ၍ ညဥ့်ဦးယံအချိန်လောက်တွင် ကျွန်တော် အိပ်သော ခုတင်ပေါ်တွင် သတင်းစာတစ်စောင်ကို ဖက်လျက်ရရှိနေခိုက် ကျွန်တော်၏ အနီးသို့ ဆရာဝန်မ ထွေးထွေးတင် ရောက်လာပါသည်။ သူ၏ လက်တွင် ဆေးပုလင်းနှင့် ဝိုင်ကလပ် ကလေးကိုင်လျက်-

"ပွဲစားလေး .. ညနေဆေး မသောက်ရသေးဘူးထင်တယ်" ဟု ပြောကာ ဆေးတစ်ခွက်တိုက်လာသည်နှင့် ကျွန်တော်လည်း ထိုင်၍ ဆေး သောက်လိုက်ရပါသည်။ သို့သော် ထွေးထွေးတင်သည် ရုတ်တရက် လှည့်ပြန် မသွားသေးဘဲ ကျွန်တော့်အား စကားပြောလိုသော အမူအရာနှင့် အနီးတွင် ရပ်ကာနေပါတော့သည်။

ထို့ကြောင့် ကျွန်တော်ကပင် . . .

"ဩော် . . ဆရာမ ဘာပြောမလို့ပါလဲ"

ဟု မေးမိရာ၊ ထွေးထွေးတင်က

"အို . . တခြားတော့မဟုတ်ပါဘူး ပွဲစားလေး၊ ပြင်ဦးလွင်က ဝန်ထောက် ကိုညဏ်ရင်နဲ့ သိသလားလို့ မေးချင်လို့ပါ"ဟု ပြောပါသည်။

ဤသို့ မောင်ညဏ်ရင်၏အမည်ကို ပြောလိုက်သော ထွေးထွေးတင် ၏မျက်လုံးမှာ လေးနက်သည့်အဓိပ္ပာယ် ပေါ်ပေါက်နေပါသည်။

ကျွန်တော်လည်း စက်ရှင်မင်းကြီး ဦးဘိုးမြစ်ကိစ္စပတ်သက်မှ ရာဇဝတ် ဝန်ထောက် မောင်ညဏ်ရင်နှင့် သိကျွမ်းရသူဖြစ်စေကာမူ သူတို့၏အတွင်းကိစ္စ ကို သိတန်သလောက် သိရစေခြင်းငှာ မောင်ညဏ်ရင်နှင့် များစွာ ခင်မင်ရင်းနှီး လေဟန်ပြု၍ အဖြေပေးလိုက်ရပါသည်။

မြန်မာ စာအုပ်များ



ကျွန်တော် ။ ။ ဆရာမကော မောင်ညဏ်ရင်နဲ့ သိသလား။

ထွေး ။ ။ သိရုံဘယ်ကမလဲရှင်၊ ကျွန်မတို့ ကျောင်းနေတုန်းကိုက ခင်မင်လာကြတဲ့ သူငယ်ချင်းတွေပဲ၊ ကျွန်မက ဆေးကျောင်းရောက် သူက ဆပ်ကျောင်း(ပုလိပ်အတတ်သင်ကျောင်း) ရောက်တာနဲ့ လူချင်းကွဲသွားကြတာကလား။

ကျွန်တော် ။ ။ ဩော် . . ဟုတ်ကဲ့လား၊ ဒါနဲ့ ဆရာမ အကြောင်းကို ညဏ်ရင် တစ်ခါမှ စကားစပ်မပြောဘူး၊ အဲလေ . . ကျွန်တော်ကလည်း ဒီဆေးတိုက်အကြောင်း စကားမစပ်မိဘဲဟာကိုး။

ထွေး ။ ။ ဒါလည်း တစ်ကြောင်းဖြစ်ပါလိမ့်မယ်။ တစ်ကြောင်းကတော့ ခုလိုကျွန်မနာမည်ကို စကားစပ်မပြောတာဟာ သူ ကျွန်မကို စိတ်ဆိုးနေလို့။

ကျွန်တော် ။ ။ ဩော် . . ဘယ့်နှယ့်ကြောင့်တုံးဗျာ။

ထွေး ။ ။ ကျွန်မ နောက်တော့ ပြောပါ့မယ်၊ ပွဲစားလေးကို ကျွန်မက အရင်မေးစရာရှိပါသေးတယ်၊ ဒါမေးပြီးတော့ ပြောပြတာပေါ့။

ကျွန်တော် ။ ။ မေးပါဗျာ . . . မေးပါ။

ထွေး ။ ။ ပွဲစားလေး ဘယ်တော့လောက်ပြန်မလဲ။

ကျွန်တော် ။ ။ နှစ်ရက်လောက်ရှိရင် ပြန်မှာပဲ။

ထွေး ။ ။ ကိုညဏ်ရင်နဲ့ တွေ့ဦးမှာပေါ့နော်။

ကျွန်တော် ။ ။ ဟုတ်ကဲ့၊ တွေ့ပါလိမ့်မယ်။

ထွေး ။ ။ သူ့အတွက် စိုးရိမ်စရာတစ်ခုရှိလို့ သတိပေးလိုက်ချင်ပါတယ်။ အဲဒါကို ပွဲစားကလေးက တိုးတိုးတိတ်တိတ် လျှို့ဝှက်ပြီး သတိပေးလိုက်ပါ။ ခုလို ကျွန်မမှာတာကိုလည်း ပွဲစားကလေးနဲ့ ကိုညဏ်ရင်မှတစ်ပါး တခြားလူတွေမသိထားနဲ့ ကျွန်မ ဖေဖေ နဲ့ ကိုကိုမြတို့ကိုတောင် အသိမပေးပါနဲ့။

ကျွန်တော် ။ ။ ကောင်းပါပြီဗျာ၊ မှာချင်တာသာမှာပါ။

မြန်မာ စာအုပ်များ



ထွေး ။ ။ ကျွန်မတော့ ပွဲစားကလေးကိုကြည့်ရတာ ရိုးတယ်၊ သစ္စာကတိတည်တယ်လို့ ယုံကြည်ပြီး ပြောရမှာနော်။ ကျွန်မနဲ့ ကိုညဏ်ရင်နဲ့ဟာ ပြောရစေတော့ ငယ်ငယ်ထဲက တစ်ဦးနဲ့တစ်ဦး မေတ္တာရှိပြီးလက်ထပ်ဖို့ ကတိပေးထားတဲ့လူများဖြစ်ပါတယ်။ ခုတော့ သူ့မှာလည်း အလုပ်အကိုင်နဲ့ ကျွန်မမှာလည်း အလုပ်အကိုင်နဲ့ အချိန်အရွယ်လည်းရောက်နေတော့ သူက ကတိအတိုင်း လက်ထပ်ဖို့ ပြောပါတယ်။

ကျွန်မကလည်း ကတိအတိုင်း လက်ထပ်ချင်ပါတယ်။ ဒါပေမဲ့ ဖေဖေနဲ့ ကိုကိုမြတို့က ဆရာဝန်မအဖြစ်နဲ့ အလုပ်ကြာကြာလုပ်ပြီးမှ အိမ်ထောင်ပြုစေချင်တယ်။ သူတို့သဘောက နေနိုင်ရင် တစ်သက်လုံးတောင်မှ အိမ်ထောင်မပြုဘဲ နေစေချင်သေးတယ်။ ဒီတော့ ကျွန်မကလဲ ဖေဖေနဲ့ အစ်ကိုရဲ့အလိုလည်း နည်းနည်းပါးပါးလိုက်ပါရစေဦး၊ ဆေးတိုက်မှာလည်း စည်းစည်းလုံးလုံး ကူညီလုပ်ကိုင်နေတာ တယ်မကြာသေးတော့ နောက်သုံးနှစ်လောက် ဆိုင်းပါဦးလို့ ပြောထားရတယ်။ ဒါကို ကိုညဏ်ရင်က မကျေနပ်ဘူး။ တစ်နှစ်လောက်လုပ်ပေးရင် တော်ရောပေါ့တဲ့ရှင်။

ကျွန်မမှာလည်း အဖေနဲ့အစ်ကိုက ဆရာဝန်အတတ်ကို ငွေကုန်ကြေးကျခံပြီး သင်ပေးထားရရှာတာ၊ ဒီပညာနဲ့ သူတို့ကို ပြန်မကူညီဘဲ ဆေးကျောင်းကထွက်လို့ တစ်နှစ်လောက်နဲ့ အိမ်ထောင်ပြုသွားမယ်ဆိုရင် ကျွန်မ မတရားရာကျနေမှာပဲ။ ပြီးတော့ အိမ်ထောင်ပြုခြင်းပြုရင် ကိုကိုနဲ့ မမရီတို့လို ဆရာဝန်နဲ့ ဆရာဝန်မချင်းချင်းဆိုလည်း ဥမကွဲသိုက်မပျက်နေရလေသေးရဲ့၊ ခုတော့ ကိုညဏ်ရင်ရဲ့အလုပ်က တစ်မြို့ပြီးတစ်မြို့ပြောင်းရွှေ့နေရတဲ့ အစိုးရအလုပ်ဆိုတော့ သူနဲ့လက်ထပ်ပြီးတာနဲ့ တစ်ပြိုင်ထဲ သျှောင်နောက် ဆံထုံးပါဆိုတာလို ပါသွားရတော့မှာပဲ။

တစ်ခါ ကိုညဏ်ရင်ရဲ့ဘက်ကနေပြီး တွေးပြန်တော့လည်းလိုချင်သူသမီးရှင်တွေ ဝိုင်းဝိုင်းလည်နေတဲ့ အရာရှိတစ်ဦးဟာ မေတ္တာနဲ့ သစ္စာမပျက်တစ်နှစ်ကျော်ကျော် စောင့်နေရှာပါလျက် မိန်းမက နေ့ရက်ဆွဲနေတာကို မကျေနပ်နိုင်ရှာဘူးပေါ့။

မြန်မာ စာအုပ်များ



ကျွန်မမှာလည်း တိုတိုပြောရမှာဖြင့် ဆူးကြားမှာသီးရတဲ့ ဘူးသီးကလေးလို ဟိုဘက်မလှုပ်နိုင်၊ ဒီဘက်မလှုပ်နိုင်နဲ့ လက်မှိုင်ချနေရပါတော့တယ်။ ဒီလိုနေရပါမလားလို့ ကိုညာဏ်ရင်ကလည်း စိတ်ဆိုးတယ်၊ စိတ်ဆိုးရုံမက သူချစ်သလို ကျွန်မက မချစ်ဘူးဆိုပြီး စိတ်နာနေရှာတယ်

**ကျွန်တော်** ။ ။ ဩော် . . ဒီလိုဆိုတော့ ဆရာမမှာ စပ်ကြားကစိတ်များ နေရတယ်ဆိုပါတော့။ မောင်ညာဏ်ရင်ဘက်က တွေးရင်လည်း မှန်တာပဲ၊ ဆရာမအဖေနဲ့ အစ်ကိုများဘက်က တွေးရင်လည်း မှန်တာပဲ၊ ဆရာမဘက်ကနေတွေးရင်လဲ မှန်တာပဲ။ ဒါဖြင့် ကျုပ်က ဒီကိစ္စနဲ့ပတ်သက်ပြီး မောင်ညာဏ်ရင်ကို ပြေရာပြေကြောင်းပြောပေးရမှာလား။

**ထွေး** ။ ။ ဒါကြီးလည်း မဟုတ်သေးဘူးရှင့်။ သူဟာ ကျွန်မကို စိတ်ဆိုး စိတ်နာပြီး နေတာမှန်သော်လည်း ကျွန်မမှာ မလွှဲသာလို့ လက်မထပ်နိုင်သေးပေတဲ့ သူ့ကိုချစ်ခင်ပါတယ်။ သူက စိတ်ဆိုးနေလေ၊ ကျွန်မက ချစ်လေပါပဲ။ အခုနေ သူ့အတွက် ကောင်းစေချင်လို့ ကျွန်မက တစ်ခုခုမလုပ်ဖို့ပြောရင် ကျွန်မကို အရွဲ့တိုက်ချင်တာနဲ့ မလုပ်ပါနဲ့ဆိုတဲ့အလုပ်ကို ဇွတ်တိုးပြီး တော့ လုပ်ပါလိမ့်မယ်

ဒီတော့ ကျွန်မက တိုက်ရိုက်စာရေးပြီး သတိပေးရတာထက် ပွဲစားလေးက ကိုယ့်သဘောနဲ့ကိုယ်ပြောသလို သူလုပ်တော့မယ့် ဆဲဆဲဖြစ်တဲ့ အလုပ်တစ်ခုကို မလုပ်ဖြစ်အောင် တားဆီးပေးချင်ပါတယ်။ သူဟာ အသက်အန္တရာယ်နဲ့နီးတဲ့အလုပ်တစ်ခုကို လုပ်မလို့ ကြံစည်နေတာကို ကျွန်မ သိရပါတယ်။ အဲဒါ မလုပ်ဖြစ်အောင် ပွဲစားလေးအရေးတကြီးကူညီဖို့ပါပဲ

**ကျွန်တော်** ။ ။ သူ ဘာလုပ်မှာမို့ ကျုပ်က ဘာကို ကူညီရမှာလဲ၊ ဆရာမကို မရလို့ သူ့ကိုယ်သူများ သတ်သေမယ်ထင်လို့လား။

**ထွေး** ။ ။ အို . . ဒီလိုလည်းမဟုတ်ပါဘူး၊ စောစောက ပွဲစားလေး ပြောတဲ့ စကားထဲမှာ ကိုညာဏ်ရင်က အနီးစခန်း အိမ်ကြီးကို

မြန်မာ စာအုပ်များ



ပုလိပ်တွေနဲ့သွားပြီးရှာမလို့လို့ ပြောတယ်မဟုတ်လား။ အဲ . . ဒါကို မသွားဖြစ်အောင် တဆိတ်လောက် တားဆီးပေးဖို့ပါ။ ကျွန်မ ပြောရင်တော့ စိတ်ချဉ်ချဉ်နဲ့ တမင်အရွဲ့ တိုက်ပြီးသွားမှာပဲ။

ကျွန်တော် ။ ။ အလို . . ဒီအိမ်ကြီးသွားတော့ ဘာများအန္တရာယ်ဖြစ်မှာမို့လဲ၊ သရဲခြောက်ခံရမှာစိုးလို့လား၊ ဆရာမလူက ပုလိပ်အရာရှိကြီး တစ်ယောက်ပီပီ သတ္တိကောင်းပါတယ်။

ထွေး ။ ။ အန္တရာယ်ရှိပါသော်ကောရှင်၊ သူဘယ်လောက်သတ္တိကောင်း ကောင်း သေမှာတော့ မုချပဲ။ သရဲတစ္ဆေလောက်တော့ ကျွန်မ လည်း မမှုလောက်ပါဘူး

ကျွန်တော် ။ ။ ဟင် . . သရဲမရှိရင် ဘာရှိသလဲ ဆရာမရဲ့။ ဒီသရဲကြီးသတ် လို့ပဲ လူတွေဟာ ကြောက်လန့်ပြီး တစ်ကိုယ်လုံး အညိုအမည်း ဖြစ်သေရတယ်လို့ ကြားဖူးပါကော။

ထွေး ။ ။ ဟုတ်တယ် . . ကြောက်သလား၊ လန့်သလားတော့ မပြော တတ်ဘူး၊ မိုးကြိုးစက်ကွင်းမိသလို တစ်ကိုယ်လုံးညိုမည်းပြီး သေရမှာတော့ အမှန်ပဲ။

ကျွန်တော် ။ ။ ဟင် . . ဆရာမက ဘာကြောင့် အတပ်သိနေရတာလဲ ပြော စမ်းပါဦး။ ဒါလောက်ကြောက်စရာ ကောင်းနေရင်လည်း ဟိုမောင်ညဏ်ရင် မိုက်မိုက်ကန်းကန်းနဲ့မသွားခင် သွားတား ဦးမှပဲ။

ထွေး ။ ။ ဟုတ်တယ် ပွဲစားလေးရယ်၊ တဆိတ်မြန်မြန်တားပေးပါ။

ကျွန်တော် ။ ။ တားတာကတော့ ဟုတ်ပါရဲ့ဗျာ။ သူ့ကို မသွားဖို့ရာအကြောင်း လုံလုံလောက်လောက်မပြနိုင်ရင် နေမှာမဟုတ်ဘူး။ ဒီကောင်က တဇောက်ကန်းကြီး ဆရာမရဲ့။ ဒီတော့ သူဆင်ခြင်လောက်တဲ့ အကျိုးအကြောင်းကို သိထားစေမှ။

ကျွန်တော်၏ စုံထောက်ခန်းသည် ပြီးဆုံးရန် စခန်းမဝေးတော့ပြီဟု မျှော်လင့်မိသည့်အခါတိုင်း ချစ်သူအတွက် စိတ်ဝိဘက် မအေးရှာသူ ထွေးထွေး တင်အား အငိုက်ရိုက်၍ မေးရပါတော့၏။

မြန်မာ စာအုပ်များ



ထွေးထွေးတင်လည်း ပြောရကောင်းမလား၊ မပြောရကောင်းမလား ဟု စဉ်းစားကာ ကိုယ့်စိတ်ကို ကိုယ်မနိုင်ရှာသလို ငေးနေရာမှ . .

"ပြောရမှာ ခက်တယ်ပွဲစားလေးရယ်၊ တတ်နိုင်ရင်တော့ မသွားဖြစ် အောင်သာ ကြိုးစားပေးပါ"

**ကျွန်တော်** ။ ။ဩော် . . ကျွန်တော့်အတွက် စိတ်ချပါ၊ ဆောင်ရွက်ပေးပါမယ်၊ ဒါပေမဲ့ ညဏ်ရင်ဆိုတဲ့အကောင်က တဲ့တဲ့ပြောမှ ရိပ်မိတဲ့လူစား ဆရာမရဲ့ သချိုင်းကုန်းမှာ သရဲကြမ်းတယ်ဆိုတဲ့ ညောင်ပင်ကို ညသန်းခေါင်ကျော်မှာ လောင်းကြေး စားကြေးနဲ့သွားပြီး သံရိုက် တဲ့လူ၊ ဒီတော့ . . .

**ထွေး** ။ ။ ကဲလေ . . ဒါဖြင့် ကျွန်မနည်းနည်းပြောပြမယ်၊ ဒီအိမ်ကြီး ထဲမှာ ဘဘကြီး ဦးဘခက်ရှိစဉ်တုန်းက ဆေးအမျိုးမျိုး၊ ဓာတ်ခွဲ ကိရိယာ အမျိုးမျိုးတွေရှိတယ်ဆိုတာသိလို့ တောထဲက လူဆိုး ကြီးတစ်ယောက် တိတ်တဆိတ်အိမ်ထဲ ဝင်ပြီးနေတယ်၊ အဲဒီလူ ကြီးဟာ ဘဘဦးဘခက် စီမံထားတဲ့ လျှပ်စစ်ရောင်ခြည်သုံးနည်း ကို သိသွားတယ်။

**ကျွန်တော်**။ ။ ဘယ့်နှယ် လျှပ်စစ်ရောင်ခြည် . . ဟုတ်လား။

**ထွေး** ။ ။ ဟုတ်ပါတယ် . . လျှပ်စစ်ဓာတ်တစ်မျိုးပေါ့။ အဲဒီရောင် ခြည်ကို နောက်တစ်ခါ ဓာတ်မီးအားပေးပြီး အလိုရှိတဲ့ သတ္တဝါ ကို ထိုးလိုက်လျှင် မီးရောင်အလင်းကျတဲ့နေရာမှာ လျှပ်စစ် ဓာတ်မိပြီး တစ်ခါတည်း ညှိုမည်းလဲသေသွားတာပဲ။ အဲဒါကို အသုံးပြုချင်တော့ ဘဘကြီးဦးဘခက် သရဲဖြစ်နေတဲ့အနေနဲ့ ဒီလူကြီးက လိုက်ပြီးခြောက်လှန့်၊ လူတွေကို အိမ်ကြီးဆီခေါ်လာ၊ သူပုန်း နေတဲ့နေရာကနေပြီး ခုနကပြောတဲ့ လျှပ်စစ်ဓာတ်မိပြီး သေစေတတ်တဲ့ သေမင်းရောင်ခြည်နဲ့ ထိုးသတ်လိုက်တာပဲ။ ကျွန်မတို့လည်း သူ့ကို ဒီအိမ်ကြီးက နှင်မချဝံ့ဘူး။ သွားပြီး နှင်ချလိုက်ရင် သူက ပြန်ပြီး သေမင်းရောင်ခြည်နဲ့ ကျွန်မတို့ကို လူ့ပြည်က နှင်ချလိုက်လိမ့်မယ်။

မြန်မာ စာအုပ်များ



ကျွန်တော်သည် ထွေးထွေးတင်စကားကို ကြားရလျှင် ကြက်သီးများ ထမလောက်ဖြစ်သွားမိပါသည်။ လောကဓာတ်ဆရာတွေ၊ ဆရာဝန်တွေသည် သူတို့ စမ်းသပ်အောင်မြင်သည့်နည်းကို စေတနာနှင့် ကောင်းစွာအသုံးချပါက လူတွေမှာ များစွာအကျိုးခံစားရ၏။ တစ်ခါတရံဆိုးဝါးသော အစီအမံဖြင့် ရက်စက်စွာကြံပါကလည်း သူတို့၏'နည်း'ကို အမှီပြုကာ သတ္တဝါတွေအမြောက် အမြား သေဆုံးရပေသည်ဟု စဉ်းစားမိပါသည်။ အနောက်နိုင်ငံမှာ ႁင် လောကဓာတ်ဆရာတွေ အတတ်ဆန်းမှုကြောင့် အရာရာ အသုံးဝင်လှ ၁ာ လျှပ်စစ်ဓာတ်တွေ ပေါ်လာရ၊ လူတွေအမျိုးမျိုး အကျိုးခံစားရသည်။

ထိုဆရာများကြောင့်လည်း ဓာတ်ငွေ့ဗုံးတွေ၊ မီးလောင်ဗုံးတွေ ပေါ်လာပြီး မြို့ကြီးတွေနှင့်တကွ လူသတ္တဝါတွေ အတုန်းအရုံး ပျက်ပြုန်း သေဆုံးခဲ့ကြရပေသည်။

ကောင်းကျိုးပေးသလောက် ဆိုးကျိုးကိုလည်း ဝင်းဝင်းတောက် အောင် ပေးပါတော့သည်။

ထွေးထွေးတင်စကားမှာ ဖော်သလိုလိုနှင့်ဖုံး၊ ဖုံးသလိုလိုနှင့် ဖော်လျက် ရှိသောကြောင့်တစ်ကြောင်း၊ ထိုအိမ်ကြီးသို့ ဦးသာခေါင် စားနပ်ရိက္ခာအပို့ဝင် သည်ကို မြင်ခဲ့ရတစ်ကြောင်း၊ လူဆိုးအရိုင်း သက်သက် ဤမျှခက်ခဲနက်နဲသော လောကဓာတ် လျှပ်စစ်သေမင်းရောင် ခြည်ကိုတွေ့ရှိသည်တိုင်အောင် ဤသို့ ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်မည်မထင်။

ဦးရွှေတင်တို့နှင့် ရင်းနှီးသူသော်လည်းကောင်း၊ ဦးသာခေါင်ကြီး ကိုယ်တိုင်သော်လည်းကောင်းဖြစ်ရမည်ဟု တွေးမိပြန်ပါသည်။

ဦးသာခေါင်မှာ အမြင်အားဖြင့် ရိုးအကြီးဖြစ်သော်လည်း ဦးဘခက် ၏ လက်ရင်းတပည့်ကြီးဖြစ်သောကြောင့် ဦးဘခက်၏ခြေရာကို ခံနိုင်မည်ဆိုက ဖြစ်နိုင်ပေမည်။ သူ့ဆရာ၏ ရန်သူတွေကိုလည်း သူသာလျှင် လက်စားချေ နေခြင်း ဖြစ်ပေလိမ့်မည်ဟု နောက်ထပ်ဆင်ခြင်မိပါသည်။

"ဩော် . . ဒီလိုဆိုတော့လည်း ကြောက်စရာကြီးပဲနော်။ ဒါနဲ့များ လူတွေကလည်း ဦးဘခက်ကြီး သရဲဖြစ်နေတယ် ထင်နေကြသေးတယ်။ ဦးသာ

ခေါင်ကြီးလည်း သရဲခြောက်လို့ ခြံထဲမနေဝံ့ ဘူးတဲ့"ဟု ခနဲ့တဲ့တဲ့လုပ်လိုက်လျှင် ထွေးထွေးတင်မှာ မျက်နှာကလေး တစ်ချက်ပျက်၍သွားပြီးမှ ကပျာကယာ ကြွေပြန်ဆည်လိုက်ကာ . . .

"ဟုတ်ပါတယ် . . ဦးသာခေါင်ကိုလည်း ခြံထဲမှာ မနေဝံ့အောင် သရဲယောင်ဆောင် ခြောက်လွှတ်လိုက်တာပါ"

"ဒါဖြင့် ဦးသာခေါင်ကြီးဟာ ထွက်လာကတည်းက ခြံထဲကို တစ်ခါမှ မသွားဝံ့ရှာဘူးပေါ့"

"ဟုတ်ပါတယ်၊ တစ်ခါမှ မသွားဝံ့တော့ပါဘူး"

"လိမ်တယ် . . လိမ်တယ် . . ထွေးထွေးတင် ကျုပ်ကိုလိမ်တယ်"

ဟု ကျွန်တော်၏စိတ်ထဲမှာ ကြိတ်၍ ပြောလိုက်မိပါသည်။

"ဩော် . . ဒါနဲ့ စောစောက ဦးသာခေါင် ကားကလေးနဲ့ ထွက်သွားတာ မြင်လိုက်ပါတယ်"ဟု ထပ်တွန့်တက်လိုက်သောအခါ မူကားထွေးထွေးတင်က အဖြေမပေးတတ်သောကလေးလို ခဏခေတ္တ ငေးနေပြီးမှ . . .

"ဟုတ်လား . . ဖေဖေများခိုင်းလိုက်သလား၊ ဒါမှမဟုတ် တောက သူ့တူမများလာလို့ သွားတွေ့သလားမပြောတတ်ပါဘူး" ဟု ရုတ်တရက် ကြံရာမရ ဆွဲပြောလိုက်သော ထစ်ထစ်ငေါ့ငေါ့ အဖြေကလေးကို ရလိုက်ပါသည်။

ထို့နောက် ထွေးထွေးတင်သည် မောင်ဉာဏ်ရင် အိမ်ကြီးဆီသို့ မသွားဖြစ်အောင် တားမြစ်ပေးဖို့ အတန်တန်မှာထားပြောဆိုနေစဉ် ဦးရွှေတင် လာသောကြောင့် စကားဖြတ်ကာ ဆေးပုလင်းကိုယူပြီး ထွက်သွားလေ၏။

အထက်လမ်းဆရာဘဝမှ စုံထောက်ဖြစ်မှန်းမသိဖြစ်နေရသော ကျွန်တော်သည် ဦးရွှေတင်တို့ အိမ်သူအိမ်သားများအပေါ်မှ သဲလွန်စတွေ အမျိုးမျိုးရလျက်ရှိသောကြောင့် စိတ်အားထက်သန်၍လာကာ ယနေ့ ညအဖို့ အပေါ်ထပ်သို့တက်၍ အချက်ကျကျ ဇွတ်တိုးစုံစမ်းရန် စိတ်ကူးထားသည့် အတိုင်း များမကြာမီ ဒေါက်တာမောင်မောင်မြနှင့်အတူ လိုက်သွားပြီး သူတို့ အခန်းထဲတွင်ရှိသောကလေး၏ ပုခက်ခုတင်ဘေးတွင် အဆင်သင့်ရှိသော

မြန်မာ စာအုပ်များ



ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်ကာ ကလေး၏ အခြေအနေမေးမြန်းမိပါသည်။

ကလေးငယ်မှာ သူငယ်နာတက်နေသောကြောင့် အသံကျယ်လောင်စွာနှင့်ပင် မညည်းနိုင်၊ မငိုနိုင်ရှာဘဲ 'အဲ့ခနဲ . . အဲ့ခနဲ' အသံတိမ် ကလေးနှင့် တစ်ချက်တလေညည်းကာ အသက်ကလေး ဖုတ်လှိုက် ဖုတ်လှိုက်ရှူနေရှာပါသည်။

ကလေး၏မိခင်ဖြစ်သူ မနွဲ့ရီမှာကား နီရဲအောင်ငိုထားသော မျက်လုံးကလေးနှင့် ပုခက်ခုတင်၏ဘေးနားတွင် ထိုင်နေပါသည်။

ဒေါက်တာ မောင်မောင်မြမှာလည်း ဇနီးသည် စိတ်ဆင်းရဲနေရှာသည့်အတွက်လည်းကောင်း၊ သူ၏ရင်တွင်း သားဦးကလေးအတွက်လည်းကောင်း စိတ်လက်မကောင်းသော လက္ခဏာနှင့် မျက်နှာမသာမယာရှိနေပါသည်။

တစ်ခါတစ်ခါလည်း မနွဲ့ရီကို ယုယကြင်နာစွာ ပခုံးကိုပွေ့၍ 'ရီရီ . . ရီ့စိတ်ကို သိပ်ပြီးအပင်ပန်းမခံပါနဲ့ ရီရယ်၊ ရီတို့ ကိုကိုတို့လည်း ကိုယ်တတ်သိနားလည်ထားသလောက်နဲ့ လိုလေသေးမရှိ အစွမ်းကုန် ကြိုးစားကုကြတာပဲ၊ သူ့ကုသိုလ်ကံအတိုင်းပေါ့၊ သွေးနုသားနုနဲ့ ဒီလောက် အအိပ်ပျက် အစားပျက်နဲ့ စိတ်ဆင်းရဲပြီး မနေပါနဲ့ကွယ်"

ဟု ချော့မော့ဖျောင်းဖျစေကာမူ မနွဲ့ရီမှာ ဤသို့ဖျောင်းဖျလေ . . ပို၍ ဝမ်းနည်းပြီး မျက်ရည်တွေနှင့် တရှုပ်ရှုပ်ဖြစ်နေရာမှ

"ရီလည်း သိပါတယ်၊ ကိုကိုရယ်၊ နားလည်ပါတယ်၊ သည့်ပြင်လူနာတွေအပေါ်မှာ ဆရာဝန်စိတ်ထားနိုင်ပေတဲ့ ကိုယ့်ရင်သွေး အရေးဆိုတော့ ဘယ်လိုတင်းလို့မှမရဘူး၊ နောက်နောက်က ခိုင်ခဲ့တဲ့စိတ်တွေဟာတစ်ခုမှ ရှာမရတော့ဘူး ကိုကိုရဲ့"

ဟု ပြောကာ ရောဂါတက်၍ အသက်ဖုတ်လှိုက်ရှူနေသော သားကလေးကိုကြည့်ပြီး တဆွေးတည်းဆွေး၍ နေရှာပါတော့သည်။

မြန်မာ စာအုပ်များ



သို့နှင့် ကျွန်တော်ကလည်း ပရိယာယ်နှင့် လူနာမေးလာရသူပိပိ ခပ်တည်တည်နှင့်ပင် "ဟုတ်ပါတယ် ဆရာမရယ်၊ သားသမီးဆိုတော့ စိတ်ပူမယ်ဆိုလည်း ပူစရာပဲ၊ ဒါပေမဲ့ ကိုယ်တိုင်ကိုလည်း နည်းနည်း သတိထားပြီး အအိပ်အစားမှန်အောင်လုပ်ပါဦး။ ကျွန်တော် ဒီညထိုင်စောင့်နေတုန်း ဆရာမ တရေးတမောပျော်အောင် အိပ်ပေါ့"

ဟု ဆိုလျှင် မောင်မောင်မြကပါ ဝင်ရောက်ထောက်ခံသည့်အနေနှင့်

"ဟုတ်သားပဲရီ၊ ရီအားနည်းလှပြီ အိုဗာတင်း တစ်ခွက်သောက်ပြီး ခဏအိပ်လိုက်ဦးနော်၊ ကိုကို ပွဲစားလေးနဲ့ ကလေးနားမှာ ထိုင်စောင့်နေမယ်" ဟုဆို၍ အစေခံတစ်ယောက်ကို အိုဗာတင်းတစ်ခွက်ယူစေပြီး သူ၏ဇနီးကို ချော့မော့တိုက်ကာ အနီးရှိနှစ်ယောက်အိပ်ခုတင်ပေါ်တွင် တရေးတမော အိပ်စေပါသည်။

ထွေးထွေးတင်နှင့် ဦးရွှေတင်တို့လည်း အခန်းထဲသို့ ထွက်ချည်ဝင်ချည်နှင့် ရက်ကန်းရှယ်သလို လာရောက်ကြပြီးလျှင် ကလေးကိုတစ်လှည့်၊ မေနွဲ့ရီကိုတစ်လှည့် ကြည့်ရှုယုယလျက်ရှိနေကြပါ၏။

သို့နှင့်ပင် အချိန်ကား တစ်စတစ်စ ညဥ့်နက်လာပါသည်။ စောစောက အခန်းထဲတွင် လူများသလောက် ကျွန်တော်နှင့် မောင်မောင်မြ၊ မေနွဲ့ရီတို့သာ ကျန်ရစ်ကြပါသည်။

မေနွဲ့ရီမှာ ကလေး၏ဇောကြောင့် စိတ်ချလက်ချအိပ်၍ မရရှာ၊ အိပ်ပျက်နေသော အရှိန်နှင့်ပင် ကြက်အိပ်ကြက်နိုးဖြစ်နေသည်ကို တွေ့ရပြီးလျှင် မောင်မောင်မြမှာမူကား ငိုက်မျဉ်းစပြုနေသည်ကို တွေ့မြင်ရပါသည်။

ကျွန်တော်ကား အကြံသမားဖြစ်သည့်အားလျော်စွာ မအိပ်ချင်ဘဲ မျက်စိကြောင်၍ နေပါသည်။ ထို့ပြင် ကျွန်တော်၏ စိတ်တွင်လည်း အကြောင်းမသိ ယနေ့ညအဖို့ တစ်ခုခုထူးခြားရမည်ဟု အစွဲသန်နေပါသည်။

ထိုအစွဲသန်မှုကို ထုထည်ကြီးမားအောင် ထောက်ခံအားပေးလျက်ရှိသော အကြောင်းများမှာလည်း ညဦးက ဦးသာခေါင်ကြီး ကားတစ်စီးနှင့် ရေကြီးသုတ်ပျာထွက်သွားခြင်း၊ မသွားမီ ဦးရွှေတင်၏ အလုပ်ခန်းထဲ၌လေးဦးသား ခေါင်းချင်းရိုက်နေကြခြင်းများကို တွေ့မြင်ရခြင်းကြောင့်ဖြစ်ပါသည်။

မြန်မာ စာအုပ်များ



ထိုအတွင်း အိပ်ချင်နေသော မောင်မောင်မြက ကိုယ်ချင်းစာသဘောနှင့် "ပွဲစားလေး အားနာစရာကြီး၊ အိပ်ချင်သွားအိပ်ပါတော့ဗျာ" ဟု ပြောလိုက်သည့်တိုင်အောင် ကျွန်တော်က မအိပ်ချင်ကြောင်း၊ ဒေါက်တာသာလျှင် အိပ်လိုက အားရှိသွားအောင် တရေးမှေးလိုက်ပါဟု ပြန်၍ ငဲ့ညှာလိုက်ခြင်းဖြင့် မောင်မောင်မြမှာ တစ်ခဏကြာသော် သူထိုင်နေသော ပက်လက်ကုလားထိုင်ပေါ်မှာပင် မှေးခနဲပျော်သွားသည်ကို တွေ့မြင်ရပေ၏။

ထို့ကြောင့် နာရီပြန်နှစ်ချက်လောက်ရှိသောအခါ သုံးထပ်တိုက်ကြီးတစ်တိုက်လုံးပင် တစ်ချက်ချက်မြည်သော တိုင်ကပ်နာရီ ချိန်သီးလှုပ်သံမှတစ်ပါး ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေပေတော့၏။

ယင်းကဲ့သို့ အကာလညအခါ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေဆဲ၌ တိုက်ရှေ့ကျောက်လမ်းဆီမှ ကားတစ်စီး ထိုးရပ်လိုက်သော အသံကို ရုတ်တရက်ကြားလိုက်သဖြင့် ကျွန်တော်သည် ဦးသာခေါင်ကြီးများ ပြန်လာလေသလားဟု ထင်မှတ်မိ၏။

သို့ရာတွင် ကားစက်သံမှာ မြည်မြဲမြည်နေသောကြောင့် ကားကိုရပ်ပြီး စက်နှိုးထားသည်ဟု သိရပါသည်။ သို့ရာတွင် ဤတိုက်ကြီး၏ မျက်စောင်းထိုးတိုက်တစ်တိုက်မှာ ပရိုက်ဗိတ်တက္ကစီသုံးလေးစီး ထောင်စားသူများနေသောကြောင့် ကျွန်တော်လည်း ထိုကားသံကို အထွေအထူးမတွေးမိဘဲရှိခဲ့ပေ၏။

သို့နှင့် တစ်ခဏကြာသောအခါမူကား ကလေးပုခက်၏ ခေါင်းရင်းဘက်ရှိ မှန်ပြတင်းအထက်တွင် လေဝင်ပေါက်ထားသော သံဆန်ခါ အနီး၌ လင်းနို့တစ်ကောင်သည် တဖျပ်ဖျပ် အတောင်ခတ်၍ တိုးနေသည်ကို တွေ့မြင်ရပြီး ၎င်းနှင့် တစ်ချိန်တည်းလိုလိုပင် ပလိုရှိဖောင်းအနံ့နှင့် ခပ်ဆင်ဆင်တူသော အနံ့တစ်မျိုး ကျွန်တော်၏ နှာခေါင်းထဲသို့ တိုးဝင်လာသောကြောင့် ရုတ်တရက်သော်အံ့ အားသင့်သွားမိပါ၏။

သို့ရာတွင် အောက်ထပ်များမှာ ဆေးပုလင်းများထားသော အခန်းတွေရှိသဖြင့် အနံ့အသက်ပေါ်မည်ဆိုက ပေါ်လာနိုင်သည်ဟုတွေးလိုက်မိပါသည်။

သို့နှင့် ထိုအနံ့ကြောင့်ပင် ကျွန်တော်၏ မျက်စိများသည် ငိုက်မျဉ်းလေးလံသလိုလိုရှိ၍ အတော်ဂရုစိုက်ကာ အိပ်မငိုက်အောင် ကြိုးစားနေရပါသည်။ မောင်မောင်မြမှာမူကား အိပ်ပျော်မြဲပျော်လျက် မေန္တရီမှာလည်း စိတ်ဇောသန်သည့် အထဲမှာပင် မှေးခနဲ၊ မှေးခနဲ ဖြစ်သွားဟန်တူပါ၏။ ထိုခဏ၌ မှန်ပြတင်းတွင် မည်းမည်း အရိပ်ကြီးတစ်ခု ဖြတ်ကူးသွားသည်ကို မြင်ရပြန်ပါ၏။

ကျွန်တော်လည်း ဤတွင်မှ ထူးခြားစပြုတော့မည်ဟု အကဲခတ်မိရုံမက စောစောကဝင်လာသော ကလိုရိုဖောင်းအနံ့မှာလည်း လူတွေကို အိပ်စေလို၍ ပေးသောအနံ့ဖြစ်ကြောင်း ရိပ်မိလာသဖြင့် အကြောင်းကို သိရစေခြင်းငှာ ကျွန်တော်သည် မျက်လုံးကိုမှိတ်၍ အိပ်ချင်ပြုလျက် ပြတင်းပေါက်ဘက်သို့ ချောင်းကြည့်နေပါသည်။

ထိုခဏမှာပင် ယခင်ဖြစ်သွားသော မည်းမည်းအရိပ်ကြီးသည် မှန်ပြတင်းနှင့် တည့်တည့်နေရာတွင် လာ၍ရပ်နေသည်ကို မှေးထားသော မျက်လုံးအတွင်းမှ ရေးရေးမြင်ရပြန်ပါသည်။

ထို့နောက် ရပ်နေသော အရိပ်ကြီးသည် မဟာတဟာစေ့ထားသော မှန်ပြတင်းကို ဖြည်းညင်းစွာဖွင့်လျက် အခန်းထဲသို့ ပေါ့ပါးစွာခုန်ချလိုက်သည်တွင်မှ ထိုအရိပ်ကြီးမှာ အဝတ်နက်ခြုံထားသော လူကြီးတစ်ယောက်ဖြစ်နေကြောင်း သိရပြီးလျှင် ထိုလူကြီး၏ မျက်နှာမှာလည်း အထူးပင် စက်ဆုတ်ရွံ့ရှာ ကြောက်စရာကောင်းလှပါသည်။

ဝက်ဖြူ၏ အမွေးကဲ့သို့ ခပ်ကျဲကျဲထောင်နေသော ဆံပင်မွေး၊ နှုတ်ခမ်းမွေး၊ မျက်ခုံးမွေးများမှာ ဖောင်းမို့ ပြူးကျယ်သော မျက်ခွံ၏ အပြင်ဘက်သို့ ပုဇွန်မျက်လုံးပမာ ပြူးထွက်နေသော မျက်လုံး၊ ဖုထွက်နေသော နှာခေါင်း၊ အဆမတန်ထူအမ်းပြဲကျယ်နေသော ပါးစပ်နှင့် အကြည့်ရဆိုးလှသော မျက်နှာကြီးမှာ လိပ်ခေါင်းပမာ ရှည်ထွက်နေသော လည်ပင်း၏အထက်တွင် ကြောက်မက်ဖွယ်ရာ တည်ရှိနေပြီး ကျောပေါ်တွင်လည်း ဘုကြီးတစ်လုံးကို တင်ထားဘိသကဲ့သို့ အဆင်မပြေအောင် ကျောကြီးကုန်းနေပါသည်။

မြန်မာ စာအုပ်များ



ကျွန်တော်သည် အမျိုးမျိုးသော နာနာဘာဝ တစ္ဆေသရဲတို့၏ အဆင်ဆိုး၊ အသွင်ဆိုးများကို တွေ့လာခဲ့ရသူဖြစ်၍ မျက်စိအာရုံဆိုး အကျည်းတန်များကို ရိုးနေသူဖြစ်စေကာမူ ဤလူကြီးကိုမြင်ရသောအခါ မကြောက်သည့်တိုင်အောင် စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်သွားမိပါသည်။

သို့နှင့် လူမည်းကြီးသည် ပုခက်တွင်းက ကလေးကို ဆတ်ခနဲ ပွေ့ယူလိုက်သည်နှင့် တစ်ပြိုင်တည်း ကလေးကလည်း 'အဲခနဲ' အသံကုန် အော်သောအခါ ကျွန်တော်လည်း 'ဟေး' ဟု တစ်ချက်အော်ပြီး ဟန့်လိုက်မိပါသည်။

ထိုခဏမှာပင် မေနွဲ့ရီနှင့် မောင်မောင်မြတို့ အိပ်ရာမှ လူးလဲထကြပြီး၊ လူမည်းကြီးကို မြင်သည်နှင့် တစ်ပြိုင်နက် မေနွဲ့ရီမှာ "အမယ်လေး သရဲကြီး" ဟု လန့်အော်ပြီး မေ့လဲသွားပါတော့သည်။

မောင်မောင်မြမှာ လူမည်းကြီးလက်မှ ကလေးကို လိုက်မလုနိုင်အားဘဲ မယားကိုသာ အရေးတကြီးယုယပွေ့ထူရသည်နှင့် ကျွန်တော်ကသာလျှင် "ဆရာကြီး . . ဆရာကြီး၊ မြန်မြန်လာပါ၊ လူမည်းကြီး ကလေးခိုးသွားပြီ၊ လိုက်ပါ . . လိုက်ပါ" ဟု အော်ရင်း လိုက်လုစေကာမူ လူမည်းကြီးမှာ ကလေးကိုပွေ့လျက် ပြတင်းပေါက်မှ ကျော်တက်လျက် ဝရန်တာအစွန်းဘက်သို့ ပြေးသွားလျက် အောက်သို့ လျှောဆင်းသွားသည်ကိုသာ တွေ့ရပါတော့သည်။

ကျွန်တော် ဝရန်တာစွန်းသို့ ရောက်သောအခါမှ နောက်က လိုက်လာသော ဦးရွှေတင်တို့ လူစုကို မြင်ရပါသည်။

ဖြစ်သမျှ အကျိုးအကြောင်း ကျွန်တော်က ပြောပြနေစဉ်မှာပင် ယခင်စက်နှိုးထားသော ကားသံမှာ ဝူးခနဲထိုးထွက်သွားသံကြား လိုက်ရသောကြောင့် လူမည်းကြီးမှာ ကားနှင့် ထွက်သွားလေပြီ၊ လိုက်၍လည်း မိတော့မည်မဟုတ်ဟု သိရပါတော့၏။

ကျန်ရစ်သူများကား ကလေးအတွက်သော်လည်းကောင်း၊ လူမည်းကြီးအတွက်သော်လည်းကောင်း၊ အထိတ်တလန့် ဖြစ်သင့်သလောက်မဖြစ်ကြဘဲ မြောမေ့နေသူ မေနွဲ့ရီကိုသာလျှင် မဲ၍ လုံးပန်း နေကြလေရာ မေနွဲ့ရီကား သတိရလျှင်ရချင်းပင် ဆပ်ခနဲထ၍ ထိုင်လိုက်ကာ "အမယ်လေးလုပ်ကြပါဦး၊

မြန်မာ စာအုပ်များ



ကျွန်မကလေးကို သရဲကြီးယူပြေးပါပြီ။ လုပ်ကြပါဦး၊ ကလေးတော့ ခုနှယ် သေများနေမလား မပြောတတ်ဘူး။ ကယ်ကြပါဦး"

ဟု ပြောကာ ရင်ဘတ်စည်တီး အရူးမီးဝိုင်းဖြစ်နေရှာပါသည်။ ဦးရွှေတင်၊ မောင်မောင်မြနှင့် ထွေးထွေးတင်တို့ကလည်း ဖေးဖေးမမပြုနေရင်းမှ . . .

"ရီ . . သတိထားပါကွယ်၊ ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲပါနှင့်၊ ဒီကလေးဟာ ရီလက်ထဲမှာ သေရှာတော့မယ့်ဆဲဆဲဆိုတာ သိသားပဲ၊ သတိထားပါမှပေါ့"

ဟု ချော့မော့ ဖျောင်းဖျသော်လည်း မေနွဲ့ရီမှာ ဖြေနိုင်မရပါ။

"သေတော့မယ့်အတူတူပေတဲ့ ကိုယ့်ကလေး၊ ကိုယ့်မျက်စိအောက်မှာ သေမှ ကျေနပ်တော့မှပေါ့။ ခုတော့ သေခါနီးဆဲဆဲ ကလေးကို သရဲဆွဲသွားတာ ခံနိုင်မလား ရှာပေးကြပါ။ အလောင်းကလေးဖြစ်တော့ ပြန်တွေ့ပါရစေ၊ မတွေ့ရရင် ကျွန်မ ရင်ကွဲသေရပါလိမ့်မယ်"

ဟု အလူးအလဲ ပြောငိုနေပြန်ပါတော့သည်။

ချော့မော့ရသူများမှာလည်း မနားရတော့ပါ။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ မဝေခွဲနိုင်ဘဲရှိနေစဉ် ထွေးထွေးတင်က သူ၏ ဖခင်နှင့် အကိုဖြစ်သူကို မျက်ရိပ်ပြကာ . . .

"မမရီတော့ ငိုရတာနဲ့ ကြာရင် အရမာဆိုးတော့မယ်။ ပြောစရာ ရှိတာ ပြောလိုက်ကြပါတော့၊ မမရီအကျိုးအကြောင်းသိရရင် ဒါလောက် ငိုမှာ မဟုတ်ပါဘူး"

ဟု ပြောလိုက်သောအခါ မောင်မောင်မြကလည်း . . .

"ဟုတ်ပါတယ်ဖေဖေ ရီရီသိသင့်တာသိပါစေတော့"

ဟု ဆိုသောကြောင့် ဦးရွှေတင်မှာ အကြံအိုက်သလို ပြောရန်နှင့် မပြောရန် ဝေခွဲမရသလို ချိန်ဆနေသည်ဟု ထင်ရပါသည်။

ထို့နောက် ဦးရွှေတင်မှာ ကျွန်တော်အနားတွင် ရှိနေသည်ကိုမျှ သတိမရ ချွေးမအတွက် စိတ်မွှန်လျက်ရှိနေသောကြောင့် -

မြန်မာ စာအုပ်များ



"ရိရိ မငိုပါနဲ့ကွယ်၊ ဦးလေးပြောပြဦးမယ်၊ အခုရိရိကလေးကို ယူသွားတာ သရဲမဟုတ်ဘူး၊ ကလေးမသေအောင် အသက်ပြန် ဆက်ပေးမလို့ ယူသွားတာကွဲ့"

ဟု စတင်ပြောလိုက်သောအခါ မေနွဲ့ရီနှင့် ကျွန်တော့်မှာ မျက်လုံးအကြောင်သားနှင့် အံ့အားသင့်နေမိပါသည်။

ထိုအခိုက် ဦးရွှေတင်သည် အနီးတွင် ထိုင်နေသော ကျွန်တော့်ကို သတိရကာ -

"ဪ ဒါနဲ့ . . ပွဲစားလေး တစ်ဆိတ်အပြင်ဘက်မှာ သွားကြည့်ပေးစမ်းပါ"

ဟု ဆို၍ ကျွန်တော်လည်း သူ့ချွေးမဘက်သို့ ဆက်၍ ပြောမည့်စကားကို ကျွန်တော်မကြားရအောင် လုပ်မှန်းသိ၍ အလိုက်သိစွာ ထွက်လာခဲ့ရပါသည်။

သို့ရာတွင် ကျွန်တော့်ကို ကိစ္စတစ်ခုအတွက် ကပ်နေသော ထွေးထွေးတင်မှာ ကျွန်တော်ရှိရာသို့ အားတုံ့အားနာနှင့် ထွက်လိုက်လာပါတော့သည်။

ကျွန်တော်ကလည်း ခပ်ဝေးဝေးသို့ မသွားပါ။ သူတို့ကို မြင်သာလောက်သောနေရာမှ ရပ်နေလျက် လမ်းမဘက်သို့ လှည့်ကြည့်နေမိပါသည်။

ကျွန်တော်၏အမြင်ကား ဦးရွှေတင်ပြောသော သတင်းထူး သတင်းဆန်းတစ်ရပ်ကို မေနွဲ့ရီက စူးစူးစိုက်စိုက် နားထောင်ပြီး တစ်ခါတရံ အံ့အားသင့်သလိုလို တစ်ခါတစ်ခါ ဝမ်းသာသလို တစ်ခါတစ်ခါလည်း ဝမ်းနည်းသလို မျက်နှာထားအမျိုးမျိုး ပြောင်းလဲနေသည်ကို တွေ့ရပါသည်။

ထိုအခိုက်မှာ အနားတွင်ရှိသော ထွေးထွေးတင်က ကျွန်တော့်ကို အားနာနေဟန်ဖြင့် -

"ပွဲစားလေးရယ် ကျွန်မတို့မှာလည်း ဒုက္ခတစ်ခုပဲ" ဟု ညည်းညူ၏။

"ဆရာမတို့အိမ်က လျှို့ဝှက်တဲ့အလုပ်တွေ သိပ်များတာပဲနော်၊ ဒီအကြောင်းတွေများ မောင်ညဏ်ရင်သိရင် ဘယ်လိုထင်မလဲပဲ"

မြန်မာ စာအုပ်များ



"ခက်ပါသေးတယ် ပွဲစားလေးရယ် . . ကျွန်မတော့ တစ်ဖက်ငဲ့ရ၊ တစ်ဖက်ညှာရနဲ့ ကြာရင်သေတော့မှာပဲ"

"ဒါထက် ခုနကလာတဲ့ လူမည်းကြီးဟာ ခြံထဲက အိမ်ကြီးထဲမှာ ဝင်နေတဲ့လူကြီးပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီကလေးကို ဘယ်လိုသဘောနဲ့ ယူသွားတာလဲ၊ ခုနက ဆရာမ ဖေဖေ လွှတ်ခနဲပြောလိုက်တဲ့စကားထဲမှာလဲ သေတော့မယ့် ဆဲဆဲကလေးရဲ့ အသက်ကို ပြန်သွင်းပေးမလို့ ဆိုတာလည်းပါတယ်။ ထူးဆန်းတဲ့ လူတွေပဲ ဆရာမတော့ အားလုံးသိမှာပဲလေ၊ မပြောချင်ရင်သာ ရှိရမယ်"

"မပြောချင်လို့တော့မဟုတ်ပါဘူး ပွဲစားလေးရယ်၊ မပြောထိုက်လို့သာ မပြောရတာပါ"

"ဒီလိုဆိုရင် ခက်ခဲတဲ့ ပြဿနာကြီးဟာ ဘယ်တော့ ဖြေမလဲ ဆရာမ၊ ကိုယ့်အကျိုးထက် သူများအကျိုးငဲ့နေတိုင်း ကောင်းတာလည်းရှိတယ်၊ ဆိုးတာလည်းရှိတယ်၊ နို့ပြီး မောင်ဉာဏ်ရင်ကို မှန်တဲ့အတိုင်းသိစေရင် သူဟာ ဆရာမကို စိတ်ဆိုးပြေသွားမယ့်အပြင် ဆရာမ တို့တွေ့နေရတဲ့ အခက်အခဲတွေကိုတောင် ရှင်းလင်းအောင် လုပ်ပေးနိုင်ချင် ပေးနိုင်ဦးမယ်"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်ရင်ပြောစမ်းပါဦး၊ ကျုပ်တော့ ဆရာမတို့နဲ့ ဆက်သွယ်နေတဲ့ ဇာတ်ရှုပ်ကြီးဟာ တော်တော်ကြာ ကိုယ့်ပေါ်လာပတ်နေလို့ အခွာရခက်နေမှာ စိုးရတယ်၊ ကျုပ်အထင်တော့ ဟိုလူသတ်ကောင်ကြီးနဲ့ ဆရာမတို့နဲ့ တစ်ကျိုပ်တည်းလား၊ နို့မဟုတ် ဦးသာခေါင်ကြီးနဲ့ တစ်ကျိုပ်တည်းလားလို့သာ တိုက်ရိုက်မေးချင်တာပဲ။ ဆရာမမှာ ကိုယ့်အရေးအရာမဟုတ်ဘဲနဲ့ အရှုပ်ခံမနေနဲ့ မောင်ဉာဏ်ရင်နဲ့ ကြဲတန်ကြဲရအောင် အမှုမှန်ကိုပြောပြဖို့ ကောင်းတာပဲ"

ဟု ကျွန်တော်က အမှုပေါ်အောင် ဇွတ်တွန်းနေသောအခါ နောက်ဆုံး၌ ထွေးထွေးတင်သည် သက်ပြင်းကလေးတစ်ချက်ချ လိုက်ကာ . . .

မြန်မာ စာအုပ်များ



"ကဲ . . ဒါလောက်ရှိတာ ပြောပြပါမယ် ပွဲစားလေးရယ်၊ လာလာ ဟိုကလူတွေမြင်မယ်၊ ဒီဝရန်တာကို ထွက်ခဲ့ပေတော့"

ဟုဆို၍ ကျွန်တော်လည်း အပြင်သို့ထွက်ခဲ့ရပါသည်။

ထွေး ။ ။ ကျွန်မပြောတော့မယ်နော် ခုနက ကလေးယူပြေးတဲ့ လူမည်းကြီးဟာ ပွဲစားကလေးထင်သလို ဦးသာခေါင်လည်း မဟုတ်ဘူး၊ ကျွန်မပြောတဲ့ အခြားလူဆိုးကြီးလည်း မဟုတ်ဘူး၊ အဲဒါ ဘဘကြီး ဦးဘခက်ရယ်။

ကျွန်တော်။ ။ ဟင် . . ဦးဘခက်က ထောင်ထဲမှာ ကြိုးပေးခံရလို့ သေပြီ မဟုတ်လား။

ထွေး ။ ။ ဟုတ်တယ် ကြိုးပေးအသတ်ခံရလို့ သေပြီးမှ အသက်တစ်ခါ ပြန်ရှင်လာတာ ပွဲစားလေးရဲ့။

ကျွန်တော် ။ ။ဆရာဝန်တွေ စမ်းသပ်ကြည့်တော့ သေပြီဆို သေပြီးတဲ့နောက် အလောင်းကို မီးရှို့ပြီး အရိုးပြာကို ခြံထဲမှာဂူတည်ထားတယ်ဆိုပါကလား။

ထွေး ။ ။ ဟာ . . ပွဲစားကလေးကလည်း သိထားလိုက်တာ စုံလို့ပါ လား။

ကျွန်တော်။ ။ ဟာ . . မသိဘဲရှိပါ့မလား ဆရာမရဲ့၊ ဦးဘခက် သရဲကြီး ဖြစ်ပြီး လူတွေ လိုက်ခြောက်နေ တယ်ဆိုတာ ဟိုးဟိုးကျော် နေတာပဲ၊ ကဲ. . ကဲ ဆက်ပြောစမ်းပါဦး၊ သူ့ကို ဘယ်သူက အသက်ပြန် သွင်းပေးသလဲ။

ထွေး ။ ။ ဘဘကြီး ဦးဘခက်ရဲ့ လောကဓာတ်နဲ့ထွင်ထားတဲ့ လူသေကို ရှင်အောင်လုပ်တဲ့ ပညာဟာ တကယ်အောင်မြင်နေတယ်။ ဒါပေမဲ့ ဟိုတုန်းက မောင်လှဆိုတာကို သူ့မိန်းမနဲ့ ပုလိပ်များလာ နှောင့်ယှက်လို့ အသက်ပြန်သွင်းနေတုန်း တစ်ဝက်တစ်ပျက်ကြီး ပျက်စီးသွားခဲ့တယ်။ သူ့နည်းနဲ့ သူလုပ်ပုံလုပ်နည်းတွေကို ကျွန်မ တို့ ဖေဖေက ခြေရာခံနိုင်တဲ့ တပည့်ဖြစ်လေတော့ သူကြိုးမိန့်နဲ့ သေခါနီးဆဲဆဲမှာ သူ့အလောင်း ပူပူနွေးနွေးလာယူပြီး သူ့နည်းနဲ့

သူ့ကိုပြန်ပြီး အသက်သွင်းပေးဖို့ မှာထားတာနဲ့ ဖေဖေက သူကြိုးပေးခံရမယ့်နေ့ ထောင်ထဲက သူ့အလောင်းကို သင်္ဂြိုဟ်ဖို့ဆိုပြီး ထုတ်ယူလာခဲ့တယ်။

နောက်ပြီး. . သူ့နည်းအတိုင်း ဖေဖေကိုယ်တိုင် ဓာတ်ခွဲခန်းထဲမှာ ဦးသာခေါင်နဲ့ ကိုကိုပါ ကူပြီးအသက်သွင်းတော့ အဟုတ်ကိုပဲ သူ့အသက်ဟာ ပြန်ဝင်လာတယ်။ ဦးနှောက်လည်း အရင်ပကတိအတိုင်း ကောင်းတယ်၊ ဦးနှောက်ကောင်းနေတဲ့အတွက် သူစမ်းသပ်တဲ့ပညာတွေလည်း မှတ်မိတယ်။ သူ့အသက်လိုချစ်တဲ့ သမီးကလေး မေနွဲ့ရီကိုလည်း မှတ်မိတယ်။ ဖေဖေနဲ့တကွ ကျွန်မတို့တတွေလဲ မှတ်မိတယ်။

ဒါပေမဲ့ ကြိုးစင်မှာ မချိမဆံ့ ကြိုးတန်းလန်းနဲ့ အသက်ရှူကျပ်ပြီး သေရတဲ့အတွက် လည်ပင်းကြီး အဆမတန်ရှည်ထွက်ပြီး မျက်လုံးကြီးလည်း ပုဇွန်မျက်လုံးလို အပြင်ဘက်ပြူးထွက်နေတယ်။ အဲဒီလို အရုပ်အဆင်း အင်မတန်ပျက်ပြီး ကြောက်စရာကြီးဖြစ်နေတဲ့အတွက် သူ့သမီး မေနွဲ့ရီနဲ့ ကျွန်မကို ဘယ်တော့မှ အတွေ့မခံဘူး။ လန့်ဖျပ်သွားမှာ စိုးလို့တဲ့ရှင်။

ဒီလိုအတွေ့မခံပေတဲ့တစ်နေ့ တစ်နေ့မှာ သူ့သမီးအကြောင်းကို အမြဲမေးနေရှာတယ်။ ဦးသာခေါင်ကြီးဟာလည်း သူ့အတွက် အစားအစာ အမြဲသွားပို့ရတယ်။

ဘဘကြီးဦးဘခက်မှာ သေရာက အသက်ပြန်ရှင်လာတာကို အထင်အရှား လူသိမပေးဝံ့တာကတော့ ဘဘကြီးမှာ အစိုးရအပြစ် ဒဏ်မကင်းဘဲနဲ့ သေရတဲ့ လူဖြစ်နေတာနဲ့ အသိမပေးဝံ့ဘဲ အလောင်းကို ခြံထဲမှာ သင်္ဂြိုဟ်တဲ့အနေနဲ့ သင်းချိုင်းက တခြားလူသေ အရိုးတွေကောက်ယူပြာချပြီး ဂူသွင်းထားရတယ် ပွဲစားလေးရဲ့။

**ကျွန်တော်။** ။ ဩော်. . လက်စသတ်တော့ ဒီလိုကိုး၊ အင်း. . ပြောပါဦးဟု အလိုက်သင့်ပြောရသော်လည်း ဦးဘိုးမြစ်အိမ်မှာ ကန်တော့ပွဲ အမျိုးမျိုးနှင့် ဒိဗ္ဗစက္ခုအင်းတော်ကြီးတန်ခိုးကို ပယောဂအစွဲ မပေါ်ကောင်းလားဟု အထင်မှားမိသည်များကို ပြန်လည် စဉ်းစားမိပါတော့သည်။

မြန်မာ စာအုပ်များ



ထွေး ။ ။ ဒါနဲ့ အစိုးရဘက်ကသိရင် နှောင့်ယှက်မှာစိုးရိမ်တာ တစ်ကြောင်း၊ သူ့ကိုယ်ကလည်း လူမြင်ရင် အင်မတန် ကြောက်စရာကောင်းနေတာ တစ်ကြောင်းကြောင့် ဘယ်သူနဲ့မှ အတွေ့မခံဘဲ အိမ်ကြီးထဲမှာ ပုန်းအောင်းနေရင်းက သူ့အမှုတုန်းက မကျေချမ်းခဲ့တဲ့လူတွေကို သရဲယောင်ဆောင်ခြောက်လှန့်ပြီး ကြောက်နေတဲ့ အချိန်မှာ အဲဒီလူရဲ့အိမ်ကို တိတ်တိတ်သွားပြီး အစောင့်တွေ အိပ်ပျော်အောင် အိပ်ပျော်စေတတ်တဲ့ မှိုင်းငွေ့အမျိုးမျိုးလွှတ်ပြီး အားလုံးအိပ်ပျော်သွားတဲ့အခါ အိမ်ပေါ်တက်ပြီး လက်စားချေချင်တဲ့ လူတစ်ယောက်တည်းကို ရွေးပြီး အိပ်မွေ့ဖြေပေးတယ်။

ပြီးတော့ သူ့ခြံထဲလာခဲ့ရမယ်၊ ဘာမယ်နဲ့ ကြောက်စရာကောင်းတဲ့ သူ့မျက်လုံးကြီးနဲ့ ပြူးပြဲခြောက်ပြီးခေါ်တယ်၊ အခြောက်ခံရတဲ့လူမှာလည်း တကယ်သရဲထင် လိပ်ပြာလန့်ပြီး သရဲ ဦးဘခက်ကြီး လာခေါ်ပါတယ်ဆိုတာ သွေးရူးသွေးတန်းနဲ့ ပြောနေပါရော။

ဒီလိုနဲ့ လူသတ်ချင်တဲ့ နေ့ရက်ကျတော့ အစောင့်တွေကို အိပ်ငွေ့မှိုင်းပေးပြီး သူ့လူကိုဆွဲခေါ်လာခဲ့တာပဲ။ လမ်းမှာလည်မျို ညှစ်သတ်လိုက်ရင် ဖြစ်ပေတဲ့ မသတ်လိုက်သေးဘူး။ အိမ်ခန်းကြီးထဲမှာ တံခါးပိတ်လှောင်ထားပြီး အပေါ်ထပ်ခိုးကလေးမှာ ဝှက်ထားတဲ့အရင် ကျွန်မပြောဖူးတဲ့ သေမင်းရောင်ခြည်ခေါ်တဲ့ လျှပ်စစ်ဓာတ်မီးနဲ့ ထိုးပြီးသတ်တယ်။

ရောင်ခြည် အထိခံရတဲ့လူဟာ တစ်ခါတည်း လျှပ်စစ်ဓာတ်လိုက်ပြီး မီးသွေးတုံးလို ညှိမည်းသေရရှာတာကလား ပွဲစားလေးရဲ့ . . .

ဒီလိုနည်းနဲ့ချည်း လူတွေကိုသတ်နေတာ အတော်များပြီ၊ ဖေဖေကလည်း ဒီလိုလုပ်နေတာ မတော်ပါဘူးလို့ တောင်းပန်တာလည်းမရဘူး။ သေရာက ပြန်ရှင်မှ ဘဘကြီးဟာ လူအရုပ်ဆိုးနေသလောက် စိတ်သဘောလည်းဆိုးနေတယ်။ လူအများပေါ် ဆိုးသလောက် သူ့သမီး မမရီကို ရှေ့ကထက်တိုးပြီး ချစ်နေရှာတယ်။ အတူသာ မနေရတယ်၊ တစ်ရက်ခြား နှစ်ရက်ခြား မမရီအကြောင်းကိုပဲ သတင်းပို့နေရတယ်။

ဖေဖေကလည်း ဘဘကြီး ဒီလိုဆိုးနေတာ မကြိုက်ပါဘူး။ ဒါပေတဲ့ ဆရာသမားဖြစ်နေတော့ မပြောဝံ့ဘူး။ တစ်ခါတစ်ခါလဲ အစက ဒီလိုဆိုးနေမယ်ဆိုတာ သိရရင်၊ ငါပြန်ပြီး အသက်ဆက်မပေးပါဘူး။ ခုတော့ သူများအသက်တွေ လိုက်သတ်နေတာ ဝက်ဝက်ကွဲနေပြီလို့ ညည်းရှာတယ်။

ခံရရှာတဲ့ လူတွေမှာတော့ အမှုမှန်ကို မသိရှာဘူး။ တကယ့်ကို တစ္ဆေသရဲထင်ပြီး တချို့မှား အထက်လမ်းဆရာတွေ ဘာတွေနဲ့ အတော်ပဲ ကာကွယ်နေကြရှာတယ်။ ဒါပေတဲ့ ခမျာများမှာ ခုတ်ရာတခြား၊ ရှရာတခြား ဆိုသလို လူနာကတွဲ၊ ဆေးကတလွဲဖြစ်နေကြတယ် ပွဲစားလေးရဲ့ဟု ပြောသောအခါ အိပ်ငွေ့မှိုင်းတိုက်ခံရ၍ အိပ်ငိုက်ကြသော်လည်း အိမ်တံခါးများ လုံခြုံစွာသော့ခတ်ပိတ်ထားမှုကြောင့် စက်ရှင်မင်းကြီးဦးဘိုးမြစ် အသက်ချမ်းသာရာရနေကြောင်း ပြုန်းခနဲသွား၍ သတိရမိပြီးလျှင် ထိုစဉ်အခါ ကျွန်တော်၏အတွေးသည်လည်း သွေးထွက်အောင် မှန်လိုက်လေခြင်းဟု ကိုယ့်ကိုယ်ကို ကျိတ်၍ချီးမွမ်းလိုက်မိပါတော့သည်။

ထွေး ။ ။ အဲဒါကြောင့် ကိုညဏ်ရင် ဒီအိမ်ကြီးကို မသွားဖို့ တားဆီးပေးချင်တာပါ။ သူ့ကိုဖမ်းဖို့ဆီးဖို့ အကြိတ်အနယ် ရန်သူတွေလာတယ်ဆိုရင် ဘဘကြီးဟာ ဘယ်နည်းနဲ့မှ အညံ့ခံမှာမဟုတ်ဘူး။ သူ့ပညာလက်စွမ်းနဲ့ အောင်မြင်ထားတဲ့ သူ့လက်သုံး အဖိုးတန်လက်နက်ကြီးဖြစ်တဲ့ 'သေမင်းရောင်ခြည်' နဲ့ ဆီးပြီး ခုခံမှာပဲ။

အဲဒီသေမင်းရောင်ခြည် လျှပ်စစ်ဓာတ်ကလည်း ဘယ်လောက်များပြင်းထန်သလဲဆိုရင် ရောင်ခြည်ကလေး ထိုးမိတာနဲ့ တစ်ပြိုင်တည်း ဘုံးခနဲလဲသေတာနဲ့ တစ်ချက်တည်းပဲ ပွဲစားကလေးရဲ့ ဒါကြောင့်ကို ညဏ်ရင့်အတွက် ကျွန်မ သိပ်စိုးရိမ်တာပဲ။

ကျွန်တော် ။ ။ အင်း. . ဒီလိုဆိုရင် မောင်ညဏ်ရင်သွားစေဖို့ မတော်ဘူး။ ကျွန်တော်သူ့ကို ပြောတန်သလောက်ပြောပြီး ဒီလောက်ဆိုးသွမ်းသောင်းကျန်းနေတဲ့ အဘိုးကြီးရဲ့ရန်ကိုလည်း တစ်နည်း

မြန်မာ စာအုပ်များ



နည်းနဲ့ အေးအောင်ပြုပြင်ပေးကြဦးမှပဲ။ သူ့ လက်ချက်နဲ့သေရတဲ့ လူတွေလည်း မနည်းတော့ဘူး။ ဒီ သေမင်းရောင်ခြည်ဆိုတဲ့ လက်နက်ဆိုးကြီးကိုဖြစ်ဖြစ် တစ်နည်းနည်းနဲ့ ဖျက်ဆီးပစ်မှ ကောင်းလိမ့်မယ်။ နို့မဟုတ် သူစိတ်ထင်တိုင်း ဒီလက်နက်နဲ့ သတ်နေရင် လူဦးရေနည်းလှတဲ့ မြန်မာပြည်မှာ လူတစ်ယောက်မှ မကျန်ပဲနေလိမ့်မယ်။

ထွေး ။ ။ ဒီသေမင်းရောင်ခြည်ကို ဘဘကြီးက ဖေဖေ့ကို ရောင်းပေးဖို့ ပြောတယ်။ စစ်ဖြစ်တဲ့အခါ အသုံးပြုဖို့ အင်မတန် အရေးကြီးတယ်။ လေယာဉ်ပျံနဲ့ မြို့တွေကို ဗုံးကြဲကာ တိုပီဒိုနဲ့ တိုက်သင်္ဘောတွေ နှစ်ပစ်တာမျိုးထက် ယဉ်ယဉ်ကလေးနဲ့အရာရောက်တဲ့ သေမင်းရောင်ခြည်ဖြစ်တဲ့အတွက် ကမ္ဘာပေါ်မှာ ကုန်းတပ်၊ လေတပ်များတယ်ဆိုတဲ့ ဂျာမန်တို့ ရုရှားတို့ရဲ့ တပ်ကြီးမျိုးတွေကို မိနစ်ပိုင်းကလေးနဲ့ အနိုင်ယူနိုင်တဲ့ လက်နက်စွမ်းအမျိုးမို့ အဖိုး အဆမတန်ရမှ ရောင်းရမယ်။

အင်္ဂလိပ်အစိုးရက အာဏာနဲ့ သိမ်းသွားမှာလည်း စိုးရိမ်ရသေးတော့ ဒီရောင်ခြည်ရှိတယ်ဆိုတဲ့အကြောင်းလည်း အသိမပေးဝံ့သေးဘူး။ ဖေဖေက တော့ အဖိုးတန်မှန်းလည်း သိပါတယ်။ ဒါပေမဲ့ လူတွေရဲ့ အသက်ကို ပရွက်ခြပုံးများ သတ်သလို ရက်ရက်စက်စက် သတ်ရမယ့် လက်နက်မျိုးမို့ တစ်စုံတစ်ယောက်ကိုမှ အသုံးမချစေချင်ဘူး။ သို့သော်လည်း ဖေဖေဟာ တစ်နေ့ကျတော့ ဘဘကြီးစကားကို နားထောင်ရမှာပဲ ပွဲစားလေးရဲ့။

ကျွန်တော် ။ ။ သြော် ဦးဘခက်ဟာ တယ်လည်း ထက်မြက်တဲ့ ဉာဏ်ပါသလား။ ကြိုးကြိုးစားစား အပင်ပန်းခံပြီး ကြံစည်သလောက် အံ့ဖွယ်သရဲ ထူးကဲတဲ့အစွမ်းနဲ့ ပြည့်စုံတာပဲ၊ သူ့တစ်သက်မှာ ထူးဆန်းထက်မြက်တဲ့ လူသတ်နည်းနဲ့ ပြောလို့မှ မယုံနိုင်လောက်စရာ မရှိတဲ့ လူသေကို ပြန်ရှင်အောင် လုပ်တဲ့နည်းနှစ်ခုကို တွေ့ထားတဲ့အတွက် ကျုပ်တို့ အရှေ့တိုင်းမြန်မာလည်း မညံ့လှပါဘူး။

မြန်မာ စာအုပ်များ



လောကဓာတ် ပညာတတ်တဲ့ ဆရာကြီးရှိပါသေးတယ်လို့
ပြောနိုင်တဲ့အပြင် တစ်ကမ္ဘာလုံးမှာရှိတဲ့ လောကဓာတ်ဆရာတွေ
စမ်းသပ်အောင်မြင်ခြင်း မရှိသေးတဲ့ အဖိုးတန်နည်း ကောင်းကြီး
နှစ်လက်ကို တွေ့ထားပြီလို့ လက်မထောင်ပြီး ကြွားနိုင်ကြဖို့ပေါ့။

ဒါပေမဲ့ ဆရာမရယ်သေတာကို ရှင်အောင်လုပ်နိုင်တော့ တစ်ယောက်ချင်းရယ်၊ သေအောင်သတ်ဖို့ကတော့ တစ်ပြုံလုံး တစ်မလုံး တစ်ခဏနဲ့ သေရမှာဆိုတော့ သတ္တဝါများကို သနားသဖြင့် အသက်ရှင်စေတတ်တဲ့ နည်းကိုထားပြီး သေမင်းရောင်ခြည်ကို ဖျက်ဆီးပစ်လိုက်ဖို့ ကောင်းတယ်ထင်တာပဲ။

ထွေး ။ ။ ဟုတ်ပါတယ်။ ကျွန်မတို့လဲ မကြိုက်ပါဘူး။ ပြီးတော့ သေအောင်သတ်တဲ့နည်းက စက္ကန့်ပိုင်းနဲ့ မြန်သလောက် ရှင်အောင်လုပ်တဲ့နည်းက လူတစ်ယောက်ယောက်ကို အနည်းဆုံး သုံးလေးနာရီကြာအောင် လုပ်ယူရတယ်။ ပြီးတော့ ရိုးရိုးတန်းတန်း နာတာရှည်နဲ့ မမာပြီးသေတဲ့ လူ့ဓာတ်သဘာဝပျက်ပြီး သေတဲ့လူတွေကို ရှင်အောင်မလုပ်နိုင်ဘူး။ လောလောလတ်လတ် အစိမ်းသေ ပူပူနွေးနွေးကိုမှ သူ့နည်းနဲ့ အသက်ပြန်ဆက်လို့ ရတယ်တဲ့။

အခု မမရီသားကလေးကို မသေခင် လာယူသွားတာလည်း သူ့လက်ထဲရောက်ရင် မြန်မြန်သေအောင်သတ်ပစ်ဦးမယ်၊ ပြီးတော့မှ သူ့လောကဓာတ်နည်းနဲ့ အသက်ပြန်သွင်းယူဖို့ ခေါ်သွားတာ ဒါကို မမရီက မသိရှာလို့ တစ်ကြောင်း၊ သူ့အဖေကို ပြန်ရှင်လာမှ မမြင်ဖူးတော့ မမှတ်မိဘဲ သရဲကြီးထင်နေတာ တစ်ကြောင်းကြောင့် ခုလို အော်ဟစ်လူးလှိမ့် ကျန်ရစ်နေတာပါ။

ကျွန်တော် ။ ။ အင်း . . တော်တော်လည်း စိတ်ဝင်စားစရာကောင်းတာပဲနော်၊ ဒါနဲ့ ကလေးဒီလိုဖြစ်နေတာကို သူသိနေလို့ လာယူတာပေါ့။

ထွေး ။ ။ သိရုံဘယ်ကမလဲရှင်၊ သူ့မြေးကလေးကို မွေးတယ်ဆိုကတည်းက ကျွန်မတို့ မမြင်ရအောင် တိတ်တိတ်ပုန်းလာလာပြီး ချောင်းကြည့်နေကျတဲ့ရှင်။ သမီးကိုလည်း အသက်လောက်ချစ်တယ်၊ မြေးကလေးဆိုတာတော့ ပြောစရာမရှိ တော့ဘူး။

အဲဒါနဲ့ လွန်ခဲ့တဲ့ တနင်္ဂနွေတစ်ပတ်လောက်ကစပြီး ကလေးအသည်းအသန် နေမကောင်းပဲဖြစ်ပြီး မမရီလည်းကလေးအတွက် မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေရှာတာကို ဘဘကြီးသိတယ်။ သူ့ခမျာ သမီးကိုလည်း ချစ်တော့ သမီးလုပ်တဲ့လူ စိတ်သောကရောက်နေတာကို မခံနိုင်ရှာဘူး။ မြေးကလေးကိုလည်း မသေစေချင်ရှာဘူး။ ဆရာဝန်လက်လျှော့ပြီး ကုမရဘူး၊ သေတော့မယ် ဆိုတာလည်း သိနေတော့ သေတော့မယ့်ဆဲဆဲ 'ငါ့မြေးကလေးကို ရိုးရိုးရောဂါနဲ့ အသေမခံနိုင်ဘူး။ ငါကိုယ်တိုင်သတ်ပြီး သွေးပူပူမှာ အသက်ပြန်သွင်းပေးမယ် လို့ ဦးသာခေါင်ကြီးကို ပြောလိုက်တဲ့အတွက် ညနေက ကျွန်မတို့ ဆေးခန်းထဲမှာ ခေါင်းချင်းရိုက်နေကြတာပါ။

ဒီလို ကလေးကိုသတ်ပြီးမှ အသက်သွင်းမယ်ဆိုတာကို မမရီသိရင် အသက်ရှင်တာ မရှင်တာ သူမစဉ်းစားနိုင်ဘူး။ သူ့ကလေးကို အရင်သတ်မှာကို နည်းနည်းမှ သဘောတူမယ်မဟုတ်ဘူး။

ဒီတော့ ယနေ့ည ဘဘကြီးလာမှာ မမရီကို အသိမပေးတာ ကောင်းတယ်ဆိုပြီး တိုင်ပင်နေကြတာပါ။ ပွဲစားလေးကတော့ ဘာမှ မသိရှာလို့ အခန်းထဲ ရိုးရိုးဝင်လာတာပါပဲ။ ဝင်လာရုံမကဘူး။ ရာဇဝတ်ဝန်ထောက် ကိုညာဏ်ရင်က အိမ်ကြီးကိုတက်ရှာဖို့ ကြိမ်းဝါးထားတယ်ဆို တဲ့အကြောင်း ပွဲစားလေးက အမှတ်တမဲ့ ပြောလိုက်တော့ ကျွန်မလည်း မဖြစ်ချေဘူး၊ ပွဲစားလေးကို ကပ်ပြီး ကိုညာဏ်ရင်ရဲ့ အသက်ကယ်မှပဲဆိုပြီး ပွဲစားလေးကို အကျိုးအကြောင်းလာ ပြောတာပါ။

ကဲ . . ဖြစ်သမျှ အကြောင်းအမှန်တွေကိုဖြင့် ဇာတ်လှန်ပြီးပါပြီ ကိုညာဏ်ရင်ကိုသာ မသွားဖြစ်အောင် ပွဲစားလေးတဆိတ် မြန်မြန်ကျေးဇူးပြုပါတော့။

ကျွန်တော် ။ ။ ဟာ. . ဒီလို အစအဆုံး အမှန်အတိုင်း သိရတော့ မောင်ညာဏ်ရင်အတွက် နက်ဖြန်မနက် ကျွန်တော် အရေးတကြီး ပြန်ပြောပေးမှာပေါ့။ ဘာ . . ကြာကြာ စောင့်နေတော့မလဲ။ ကဲ. . ကဲ အိမ်ထဲက ဆရာ မယောင်မလည် သွားကြည့်ကြဦးစို့။

မြန်မာ စာအုပ်များ



ဟု ပြောကာ နှစ်ယောက်အတူ အိမ်ထဲသို့ ဝင်သွားကြသည်။

ကျွန်တော်တို့ ပြန်ရောက်သောအခါမှုကား မေနွဲ့ရီမှာ စောစော ကလောက် အလူးအလဲ ဖျပ်ဖျပ်လူးဖြစ်မနေတော့ဘဲ -

"ဦးလေးရဲ့ ရီရီစိတ်မချပါဘူး၊ ရီရီသားကလေးကို ကြည့်ပါရစေ။ ရီရီ့ကို လိုက်ပို့ပါ ကိုကိုမြရယ်" စသည်ဖြင့်သာ ငိုယိုပူဆာလျက်ရှိ၍ မောင်မောင်မြနှင့် ဦးရွှေတင်တို့မှာလည်း -

"လိုက်ပို့တာပေါ့ကွယ် အချိန်လည်းမရှိပါဘူး၊ နက်ဖြန်မှလိုက်သွားကြတာပေါ့နော်။ ပြီးတော့ဟိုမှာ ကိစ္စမပြီးခင် ဦးလေးတို့ လိုက်သွားရင် ဆရာက စိတ်ဆိုးချင် စိတ်ဆိုးနေဦးမယ်။ နက်ဖြန် ဦးသာခေါင်ပြန်လာရင် အကျိုးအကြောင်းသိရမှာပဲ မသကာ ဦးသာခေါင်ပြန်လာရင် ကလေးတောင် ကျန်းကျန်းမာမာနဲ့ ပြန်ပါလာချင်ပါလာလိမ့်ဦးမယ်"

ဟု ဖျောင်းဖျနေကြသည်ကို ကြားရပါသည်။

ထို့နောက် ကျွန်တော်လည်း သူတို့ မသိမကြားစေချင်သော အရေးဖြစ်၍ ထိုညဝက်အဖို့ ခပ်အေးအေးကိုယ့်နေရာ ကိုယ်ပြန်အိပ်ပြီး နောက်တစ်နေ့မနက်မှာမှု ထွေးထွေးတင်နှင့် အချိတ်အဆက်လုပ်ပြီးဖြစ်သည့်အား လျော်စွာ ဦးရွှေတင်နှင့် ဒေါက်တာမောင်မောင်မြတို့ကို သင့်လျော်အောင် ပြောဆိုနှုတ်ဆက်ကာ ရုပ်ဖျက်၍ ပြန်လာခဲ့ပါတော့သတည်း။

ကျွန်တော်သည် ပြင်ဦးလွင်သို့ပြန်ရောက်လျှင် ရောက်ချင်း တိရစ္ဆာန်ထောင်ထဲမှ ကျားများခြင်္သေ့များကဲ့သို့ ကျပ်တည်းလုံခြုံစွာ နေရရှာသော စက်ရှင်မင်းကြီး ဦးဘိုးမြစ်တို့ လူစုအား နာနာဘာဝ အစွဲမဟုတ်၍ ဘေးအန္တရာယ်မရှိတော့ကြောင်း၊ လွတ်လပ်စွာ နေထိုင်နိုင်ပြီဖြစ်ကြောင်း အိမ်ကြီးတွင် သရဲယောင်ဆောင်၍ ဆိုးသွမ်းနေသော လူဆိုးကြီးအား ဤနေ့ပင် စွန့်စွန့်စားစား သွားဖမ်းတော့မည်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် သတင်းကောင်းပေးခဲ့ပြီး ရာဇဝတ်ကလေး ကိုဉာဏ်ရင်၏ထံသို့ အရေးတကြီးပြေးကာ ဖြစ်သမျှဇာတ်ကြောင်းကို ပြန်၍ပြောလိုက်ပါတော့သည်။

ကျွန်တော် ဤသို့ပြောရခြင်းမှာ ထွေးထွေးတင်ပေါ်တွင် ကတိပျက်ကွက်ရာကျရုံမက ဦးဘခက်ကို ကျွန်တော်၏ ပယောဂလုံ့လဖြင့် ဒုက္ခပေးရာကျနေပြန်ပါသော်လည်း လူများစု၏ အသက်များကို ကာကွယ်ရေးအတွက် ဦးဘခက်တစ်မျက်နှာကို ငဲ့ညှာမနေနိုင်တော့ပါ။ ဦးရွှေတင်တို့ကိုလည်း လူဆိုးအားပေးသည်ဟု အမှုမရောက်စေခြင်းငှာ မောင်ဉာဏ်ရင်နှင့် တိုင်ပင်ပြီး ကာကွယ်လျှို့ဝှက်ထားလျက် ပုလိပ်များဘက်မှ မသက်သာသဖြင့် အိမ်ပျက်ကြီးပေါ်က လူဆိုးတစ်ယောက်ကို ဝင်ဖမ်းသည့် အနေနှင့်သာ ပုလိပ်အစီရင်ခံစာတွင်ပါဝင်စေပါသည်။

ဦးရွှေတင် အသက်သွင်းပေးထား၍ ဦးဘခက် အသက်ပြန်ရှင်နေသည်ဆိုသော အကြောင်းကိုမူ ကျွန်တော်နှင့် မောင်ဉာဏ်ရင်နှစ်ဦးထဲသာ သိကြပါသည်။

မောင်ဉာဏ်ရင်ကား သူငြိုးထားသော လူဆိုးကြီးကို လက်ရဖမ်းဆီးတော့မည်ဖြစ်၍ တရွရွအူမြူးနေပါတော့သည်။ ကျွန်တော်တို့ကလည်း ဖမ်းဆီးသောအခါ ဦးဘခက်၏ ထက်မြက်လှသော သေမင်းရောင်ခြည်နှင့် အထိမခံရအောင် မည်သို့မည်ပုံ ကာကွယ်ရမည်ဟု တိုင်ပင်ဆွေးနွေးကြရပါသည်။

သို့နှင့် ကျွန်တော်တို့ စီစဉ်သည့်နောက်ဆုံးနည်းကား ကျွန်တော်နှင့် မောင်ဉာဏ်ရင်တို့က နောက်ပါလူအနည်းငယ်နှင့် အိမ်ကြီးအတွင်းသို့ လျှို့ဝှက်သော မြေဥမင်လမ်းမှဝင်၍ ချောင်းနေကြရန် အခြားနောက်လိုက်ပုလိပ်များနှင့် ပုလိပ်အရာရှိများကို အိမ်ရှေ့တံခါးမှ အသံပြု၍ ဝင်ရောက်ရှာဖွေစေရန် အကယ်၍ ဦးဘခက်ကရှေ့ပေါက်မှ ဝင်လာသူများကိုရန်မူလျှင် ကျွန်တော်တို့က သူ၏ နောက်မှနေ၍ သေနတ်နှင့် ခြိမ်းခြောက်ဖမ်းဆီးရန် စီးဝါးရိုက်၍ ကားသုံးစီး လူအပြည့်တင်၍ ထိုနေ့ချင်းပင် အနီးစခန်းသို့ လာခဲ့ကြလေ၏။

ခြံကြီးနှင့် မနီးမဝေးနေရာတစ်ခုသို့ ရောက်သောအခါ ကားများကို ရပ်၍ တောဘက်ကို ကျောပေးထားသည့်ခြံကြီး၏ နောက်ပိုင်းမှ တိတ်တဆိတ် ဝင်ရောက်ချောင်းမြောင်းနေကြပါသည်။

ကျွန်တော်နှင့် မောင်ညဏ်ရင်တို့ခေါင်းဆောင်သော လူတစ်စုမှာ စုစုရရ လူပေါင်းနှစ်ဆယ်ခန့်ရှိပါ၏။ မောင်ညဏ်ရင်နှင့်တကွ အင်စပိတ်တော်တစ်ယောက်နှင့် ရာဇဝတ်အုပ် သုံးယောက်မှာ ခြောက်လုံးပြူးကိုယ်စီပါကြပါသည်။

ကျွန်တော်တို့တစ်စု ချုံကြိုချုံကြားတွင် ခြေသံမကြားအောင် ငုပ်လျှိုးပုန်းအောင်းနေခိုက် ဥပါသကာလိုဝတ်ထားသော ဦးသာခေါင်ကြီး မြေဥမှင်လမ်း၏ ထွက်ပေါက်ဖြစ်သော နဘူးချုံကြီးအောက်မှ ကိစ္စတစ်ခုရှိ၍ ပျာယီးပျာယာ သွားရပုံမျိုးနှင့် ထွက်သွားသည်ကို မြင်လိုက်ရပါသည်။

"ကိုင်း. . ကိုညဏ်ရင် ဟန်ကျတာပဲ အိမ်ထဲမှာအစောင့်မရှိတော့ဘူး။ အဘိုးကြီးတစ်ယောက်တည်းပဲ၊ ကျွန်တော်နဲ့ခင်ဗျားနဲ့ အရင်သွားပြီး သွားလမ်းလာလမ်းစုံစမ်းရင်း အဘိုးကြီးဘာလုပ်နေတယ်ဆိုတာလည်း သိရအောင် ဝင်ကြည့်မယ်။ ကျုပ်တို့ ဟိုအထဲဝင်နေတုန်း ခင်ဗျားလူတွေ ဒီအပြင်က စည်းကမ်းကျကျနဲ့ စောင့်ကြည့်ပါစေ။ တကယ်လို့ မလွယ်ပေါက်က သူ့လူတစ်ယောက်ယောက် ဝင်လာရင် မဝင်နိုင်အောင် စောင့်ဖမ်းဖို့ နဘူးချုံထဲမှာ ပုလိပ်နှစ်ယောက်လောက်ကိုလည်း အစောင့်ချထားခဲ့ဦး" ဟု ပြောသဖြင့် ဝန်ထောက် ကိုညဏ်ရင်လည်း ကျွန်တော်နည်းလမ်းပေးသည့်အတိုင်း သူ့လူများကို နေသားတကျ စီမံခန့်ခွဲထားပြီးလျှင် အင်စပိတ်တော် ကိုထွန်းညိုနှင့် ရာဇဝတ်အုပ် တစ်ယောက်ကိုပါ အတူခေါ်၍ ကျွန်တော်တို့အဖို့လည်း အကာအကွယ်မပါလျှင် မကောင်းဟုဆိုကာ ခြောက်လုံးပြူးတစ်လက်ကို လက်ထဲသို့ ဖွတ်အတင်း ထည့်ပါတော့သည်။

အထူးမှာလည်း ထိုအချိန်အခါ၌ ကိုညဏ်ရင်မှာ သူ၏ချစ်သူ ထွေးထွေးတင်၏ အခက်အခဲတွေ့နေရှာသောအကြောင်းကို စိတ်မဆိုးဖို့ ဖျောင်း ဖျောင်းဖျဖျနှင့် နှစ်ဦးနှစ်ဖက် မျှတအောင်ပြောပေးသူဖြစ်ကြောင်း၊ သူ၏ အလုပ်ဝတ္တရားနှင့်ပတ်သက်၍ နာမည်ကောင်းရ၍ ရာထူးကြီးတစ်ခုကို ဖော်ပေးသူဖြစ်သည် တစ်ကြောင်းများကြောင့် ကျွန်တော့်အား ဆရာသမားကဲ့သို့ ကြည်ညိုနေသူဖြစ်ပေ၏။

ထို့ကြောင့် အရေးရှိက သူသာ ရှေ့ကနေမည်ဟူသော အထိမ်းအမှတ်ဖြင့် လေးဦးသား မလွယ်တံခါးမှဝင်၍ မြေဥမင်လမ်းမှ တဖြည်းဖြည်းစမ်းသပ်၍ ဝင်သွားကြရာ တစ်ခဏမျှကြာလျှင်အပေါ်သို့ တဖြည်းဖြည်းမြင့်တက်လာသော အုတ်လှေကားထစ်များကို နင်းမိလေ၏။

ကျွန်တော်တို့လည်း ထိုလှေကားအတိုင်း တက်သွားရာ ဆယ်ထစ်လောက်လှမ်းမိလျှင် စေ့ထားသော တံခါးရွက်တစ်ခုကိုတွေ့ရသဖြင့် ဖြည်းညင်းစွာတွန်း၍ ဝင်သွားရပြန်ပါသည်။

ထိုတံခါးမှာ တံခါးအစစ်မဟုတ်ပါ။ တစ်ဖက်သို့ရောက်သောအခါ ဆေးပုလင်းများ တင်ထားသော စင်မြင့်ဗီရိုကလေးတစ်ခု ဖြစ်ပါသည်။ ၎င်းပြင် ထိုအခန်းကလေးမှာ အိမ်ကြီး၏အောက်ထပ်ရှိ အခန်းမှောင်ကလေး တစ်ခန်းမျှသာဖြစ်၍ ထရံထောင့်တွင်ကပ်၍ တပ်ဆင်ထားသော သံလှေကားငယ်တစ်ခုကို တွေ့ရသောကြောင့် ထိုလှေကားမှ ခြေသံမကြားရအောင် တက်သွားကြပြန်ရာ လှေကားဆုံးသည်နှင့် တစ်ပြိုင်နက် မစေ့တစေ့အံကျပိတ်နေသော နှစ်ပေပတ်လည်ခန့် ကြမ်းပေါက်တံခါးတစ်ခုကို လက်နှင့်တွန်း၍ မတင်လိုက်သောအခါ အပေါ်ထပ်အခန်းတစ်ခုသို့ ရောက်လာပါတော့သည်။

အောက်မှပင့်တင်လိုက်စဉ်က ကြမ်းပြင်ဟုထင်ရသော်လည်း အပေါ်သို့ရောက်သောအခါ ကြမ်းပြင်နှင့်အသေတွယ်ထားသော ဆိုဖာထိုင်ခုံကြီးတစ်ခု ဖြစ်နေပါသည်။

တစ်ဖန် အခန်း၏အခြေအနေကို ကြည့်ပြန်ရာ ဆေးဝါးကိရိယာတန်ဆာပလာ အဟောင်းအမြင်းများနှင့် အရုပ်ကား၊ အိမ်အသုံးအဆောင်များ စုရုံးသိုလှောင်ထားသော အခန်းကြီးတစ်ခုဖြစ်ကြောင်းသိရပါသည်။

အခန်းကြီးပတ်လည်မှာ ဟောင်းနွမ်း၍ မြူမှုံတွေအလိမ်းလိမ်း ပေကျံနေသော မှန်ပြတင်းပေါက်များ၊ လူဝင်ပေါက်များနှင့် အပေါက်စေ့တပ်ဆင်ထားသော ထူထဲဟောင်းနွမ်းလှသည့် ခန်းဆီးအစုတ်အဟောင်းများကို တွေ့ရပါသည်။

ကျွန်တော်တို့လည်း လေးဖက်သွား၍ သွားလျက် ပြတင်းပေါက်လေးဖက်မှ မြင်ရသလောက် ချောင်းမြောင်းကြည့်ရှုရာ အိမ်ကြီးအပေါ်ထပ်တစ်ဝိုက် အဆောင်ဆောင်အခန်းခန်း လမ်းမျှောင်လမ်းကွေ့ အခန်းကူးကလေးတွေ ပတ်ပတ်လည် ရှုပ်ထွေးနေလျက် တစ်ခန်းနှင့်တစ်ခန်းတစ်ဆောင်နှင့် တစ်ဆောင်ကိုလည်း တစ်ဆက်တည်းလို ကူးသန်းထွက်ဝင်နိုင်သည်ကိုတွေ့ရပေသည်။

ထိုအခန်းကလေးများမှာ 'ဟောလ်' ကြီးသဖွယ်ဝိုင်း၍ အားလုံးဝရန်တာဝိုင်းထားပြီး အောက်ထပ်ရှိ အလယ်ဧည့်ခန်းကြီးနှင့် အဝင်ဝတံခါးကြီးကိုလည်း အိမ်ပေါ်ရှိအခန်းတိုင်းမှ စီးကြည့်၍ မြင်ရပါသည်။ ဝရန်တာအလယ်ဗဟိုတည့်တည့်မှ ကျယ်ဝန်းသော ကျွန်းလှေကားကြီးမှာ အောက်ထပ်ဧည့်ခန်းသို့ ဖြောင့်ဖြောင့်တန်းလျက် ဦးဆိုက်နေပါသည်။

နောက်ဆုံး ကျွန်တော်တို့ တွေ့မြင်ရသောအရာမှာ ကျွန်တော်တို့အလိုရှိနေသော 'သေရွာပြန် လူဆိုးကြီး ဦးဘခက်' ဖြစ်ပါသည်။

ဦးဘခက်သည် ကျွန်တော်တို့ ရောက်ရှိနေသော အခန်းနှင့် တစ်ဖက်အခန်းတွင်း၌ ဝိုင်ယာခတ်ကြိုးအမျိုးမျိုးတပ်ဆင်ထားသော မှန်သေတ္တာရှည်ကလေးတစ်ခုအတွင်းရှိ ကလေးသေအလောင်းကလေးကို ကြည့်ကာကြည့်ကာသူ၏ ဆိုးဝါးကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးဖြင့် တောက်တခေါက်ခေါက်၊ စုတ်တသပ်သပ်လုပ်ကာ၊ တစ်စုံတစ်ရာ အကြံမမြောက်၍ စိတ်ပေါက်စိတ်တိုနေဟန်ဖြင့် အခေါက်ခေါက် အပြန်ပြန်လက်ကြီးနောက်ပစ်၍ စကြံလျှောက်နေသည်ကို တွေ့မြင်ရပါသည်။

အခန်းကြီးတစ်ခုလုံးမှာလည်း ဆေးခွက်၊ ဓာတ်ခွက်၊ ဖန်ဘူး၊ ဖန်ပုလင်း၊ ဖန်ပြွန်တွေပြည့်ကျပ်၍ နေပါတော့သည်။

မှန်ပြတင်းပေါက်တစ်ခုအနီးတွင်မူကား ဘက်ထရီဓာတ်အားနှင့်ပြုပြင်စီမံထားသည့် လူတစ်ရပ်စာမျှရှိသော ဆပ်ချလိုက်ဓာတ်မီးကြီးတစ်ခုကိုအိမ်အောက်ဧည့်ခန်းကြီးနှင့် တည့်တည့်ခပ်ငိုက်ငိုက် ခေါင်းစိုက်ချိန်ထားသည်ကို တွေ့ရပြီးလျှင် မီးလုံးကြီးကိုလည်း ရွက်ဖျင်စိမ်းဖြင့် ဖုံးအုပ်ကာ အလယ်

မြန်မာ စာအုပ်များ



တည့်တည့်တွင် ဒင်္ဂါးဝိုင်းကလေးတစ်ခုစာလောက်သာ အပေါက်ငယ်ဖောက်ထားပါ၏။

ထိုဆပ်ချလိုက်မီးလုံးကြီး၏ ရှေ့တည့်တည့်တစ်ပေကွာလောက်မှာမူကား ဒန်ရေသုတ်တိုင်တစ်တိုင်ထောင်ထားပြီး ၎င်း၏ထိပ်ဖျားမှာ ဓာတ်မီးလုံးနှင့် ချိန်သားရအောင် တစ်ပြေးတည်းထားလျက် အပေါ်ပိုင်း၌ ခြောက်လက်မပတ်လည်မျှရှိသော ဒန်ရောင်လေးထောင့်သေတ္တာကလေးကို ကတ္တီပါအိတ်စွပ်လျက် တွေ့ရပါသည်။

ကျွန်တော်တို့သည် ထိုအရာကလေးကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် နောက်ခံဆပ်ချလိုက်မီးအားဖြင့် လူများကို လျှပ်စစ်ဓာတ်မိ၍ သေစေနိုင်သေမင်းရောင်ခြည်ခေါ်သည့် လျှပ်စစ်ဓာတ်မှန်ထည့်ထားသော ကိရိယာကလေးဟု အတွေးနှင့် သိနိုင်ပါတော့သည်။

ကျွန်တော်တို့ရောက်နေသော အခန်းမှာ လွန်စွာပန်းရပါသည်။ အကယ်၍ ဦးဘခက်သည် အောက်တံခါးမကြီးမှ ဝင်လာသူများကို သူ၏ သေမင်းရောင်ခြည်လျှပ်စစ်ဓာတ်အားနှင့်ဆီး၍ သတ်မည်ဆိုက မသတ်မီ ကျွန်တော်တို့နှစ်ယောက်ကသူ၏ နောက်မှ သေနတ်နှင့် ခြိမ်းခြောက် ဟန့်တားနိုင်ပါသည်။

ဦးဘခက်ကား သူ၏လျှို့ဝှက်သော အိမ်ကြီးအတွင်းတွင် သူ့ကိုရန်ရှာမည့် လူများရောက်နေကြောင်း အလျဉ်းရိပ်မိပုံမရ သူ၏ မြေးကလေးကိုအသက်သွင်း၍မရသဖြင့် စိတ်မကျေမနပ်နှင့် ဒေါပွပြီး စိတ်မွန်နေပုံရပါသည်။

ထို့ကြောင့် ကျွန်တော်တို့လည်း ကျန်ရစ်သူ ပုလိပ်များနှင့် အချိန်းအချက်အတိုင်း အိမ်ကြီးကို ဝင်ရောက်စီးကြရန် လာလမ်းအတိုင်း ခြေသံမကြားအောင် ပြန်လာခဲ့ကြပါသည်။

ထို့နောက် အသီးသီးလူစုခွဲကြရာ၌ ခြောက်လုံးပြူးကိုင် ပုလိပ်ရာဇဝတ် အုပ်တစ်ယောက်နှင့် ပုလိပ်နှစ်ယောက်တို့ကို ဦးဘခက် မတော်တဆလက်ချော် ခြေချော်မလွယ်ပေါက်မှ ထွက်ပြေးလာပါက အဆင်သင့်ဖမ်းဆီးနိုင်ရန် နံဘေးချုံထဲတွင် အစောင့်ချထားခဲ့ပါသည်။

အိမ်ထဲမှ တစ်ခေါက်ပြန်လာခဲ့ကြသော အင်စပိတ်တော်ကို ထွန်းညို နှင့် ရာဇဝတ်အုပ်တစ်ယောက်ကမူ နောက်ပ် ပုလိပ်သုံးယောက်နှင့် ဦးဘခက်၏ အခန်းနောက်မှ ပုန်းအောင်းချောင်းမြောင်းနေကြရန် အကျပ်အတည်း အရေးကြီးမှသာ သေနတ်ကို အသုံးပြုရန် မှာထားလျက် ကျွန်တော်နှင့် ကိုညဏ်ရင်တို့ကား နောက်ပါ ပုလိပ်များနှင့်အတူ အိမ်ရှေ့တံခါးမှ ဝင်ကြရန် အသီးသီးလူစုခွဲ၍ လာခဲ့ကြပါသည်။

ထိုအချိန်မှာ ညနေသုံးနာရီခန့်ဖြစ်၍ မိုးအနည်းငယ် အုံ့နေသဖြင့် တောရိပ်တောင်ရိပ် သစ်ပင်ရိပ်များကြောင့် အိမ်ကြီးပတ် ဝန်းကျင်မှာ မှောင်နေပါသည်။

ကျွန်တော်တို့လည်း အဝင်တံခါးမကြီးကို စေ့ရုံစေ့ထားမှန်းသိလျက် အပြင်မှ တဘုံးဘုံးထုနှက်သံပေးပြီးမှ တံခါးကို တွန်းဖွင့်ဝင်ကြပါသည်။ ထိုခဏ၌ ဦးဘခက်သည် ပုလိပ်တွေမှန်းသိလျှင် ရန်မူတော့မည်ဟု ကျွန်တော်တို့ ယူဆချက်အတိုင်းပင် ရင်ဆိုင်အပေါ်ထပ်မှ မှန်ပြတင်း တစ်ချပ်ပွင့်သွားကာ ဆပ်ချလိုက်မီးရောင်တန်းကြီးတစ်တန်း ဖျပ်ခနဲပေါ်လာပါသည်။

ကျွန်တော်တို့မှာ ရုတ်တရက် သေမင်းရောင်ခြည် လျှပ်စစ်ဓာတ်ပါ လာသည်ထင်ကာ အံ့အားသင့်သွားမိပါသေးသည်။

သို့သော် ဆပ်ချလိုက် မီးရောင်ရှေ့သို့ သေမင်းရောင်ခြည် လျှပ်စစ် ဓာတ်မှန် မရောက်သေးမီ အင်စပိတ်တော် ကိုထွန်းညိုတို့ လူစုသေနတ် ချိန်မိပြီဟု ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် ပထမပေါ်လာသော ဓာတ်မီးရောင်မှ လူရှိရာသို့ လှုပ်ရှားကူးပြောင်း မလာတော့ဘဲ သက်တံများကဲ့သို့ တစ်နေရာတည်းတွင် မလှုပ်မရှက် ငြိမ်သက်စွာတန်းနေသည်ကို တွေ့သော ကြောင့်ဖြစ်ပါ၏။

ထို့ကြောင့် တအားတက်ကာ ဓာတ်မီးရောင်ကျရာ အလင်းကွက်ကို ကွင်းရှောင်လျက် လှေကားကြီးရှိရာသို့ တိုးသွားကြမည်ပြုနေဆဲ "ကိုညဏ်ရင် ကိုညဏ်ရင် အထဲမဝင်နဲ့၊ မဝင်နဲ့"

ဟု ဟစ်အော်လိုက်သော မိန်းမသံတစ်ခုကိုကြားရ၍ ကျွန်တော်တို့မှာ အံ့ဩသွားပြီးနောက်လှည့်ကြည့်ရာ ရှေ့ဆုံးမှာ အူယားဖားယား ပြေးလာသော ထွေးထွေးတင်နှင့်တကွ ဦးရွှေတင်၊ ဦးသာခေါင်၊ မောင်မောင်မြတို့မှာ နုံးချိမောဟိုက်ငိုရှိုက်ပူဆွေးနေရှာသော မေနွဲ့ရီကို ဖေးမတွဲခေါ်လာကြသည်ကို မြင်ရပါသည်။

မောကြီးပန်းကြီးနှင့် ပြေးလာသော ထွေးထွေးတင်မှာ အိမ်တွင်းမှ ထိုးနေသော မီးရောင်ကြီးကိုကြည့်လိုက်၊ ကျွန်တော်နှင့် ကိုညာဏ်ရင်ကို ကြည့်လိုက်နှင့် စိုးရိမ်ကြီးစွာ အမောဆိုက်၍ နေရှာပါသည်။ ထို့နောက် အရေးတကြီး အပြစ်တင်သံနှင့် -

"ဟင် . . ပွဲစားလေးကြည့်စမ်းပါဦး၊ ရှင်ပါ အလိုတူအလိုပါ ဒီကို လာကြတယ်နော် . . တော်ပါပေရဲ့"

ဟုပြောရင် ကျွန်တော်တို့မှာ အစစစီစဉ်ပြီးဖြစ်၍ အရေးမကြီးကြောင်း ပြောပြရပါသည်။ သို့ရာတွင် ထွေးထွေးတင်မှာ စိတ်မချနိုင်သေးဘဲ အိမ်အပေါ်ထပ်မှ အတန်းလိုက်ကျနေသော မီးရောင်ကြီးကို ကြည့်ပြီး တထိတ်တလန့်နှင့် ကိုညာဏ်ရင်၏ လက်ကိုဆွဲကာ -

"ကိုညာဏ်ရင် မသွားနဲ့၊ ဟိုအထဲမသွားနဲ့"

ဟု တားဆီးနေပါသေးသည်။ ထိုအခိုက် ဦးရွှေတင်တို့ လူစုမီလာပြီး အိမ်ထဲမှ မီးရောင်ကြီးကို မြင်သည်နှင့် တစ်ပြိုင်တည်း ပုလိပ်များကိုတစ်လှည့် မီးရောင်ကြီးကိုတစ်လှည့် အံ့ဩတုန်လှုပ်စွာကြည့်၍ နေကြပါသည်။

ဦးရွှေတင်တို့ကား ပုလိပ်များကို မြင်ရခြင်းအားဖြင့် အမှုသွားကို နားလည်ကြဟန်တူပါသည်။

ကလေးအတွက် အပူသွေးထိပ်တက်နေသော မေနွဲ့ရီမှာကား မည်သူ့ကိုမျှ ဂရုမစိုက်ထားနိုင်ဘဲ -

"ဖေဖေရဲ့ . . ဖေဖေရဲ့ . . ရီရီ့သားလေးကို သတ်ပစ်ထားပြီလား" ဟု ဟစ်အော်ငိုကြွေးကာ အိမ်ထဲသို့ တအားထိုးဝင်ပြေးသဖြင့် အားလုံးပင် နောက်

မြန်မာ စာအုပ်များ



မှပြု၍ လိုက်ကြရပါသည်။ ထွေးထွေးတင်ကား အားလုံးကို ငဲ့ညှာသည့်သဘော ဖြင့် -

"မမရီ ရှေ့ဆုံးကသွားတာကောင်းတယ်။ ဒါမှ သူ့သမီးပါနေလို့ မီးရောင်ထဲကို လျှပ်စစ်ဓာတ်မှန် မထိုးဘဲနေမှာ" ဟု ပျာပျာသလဲပြောကာ မေနွဲ့ရီ၏နောက်ဆီမှ ကြောက်ကြောက်လန့်လန့်နှင့် လိုက်သွားကြရပါတော့ သည်။

ထိုအခိုက် အိမ်ပေါ်မှ ဦးဘခက်မှ အင်စပိတ်တော် ကိုထွန်းညို၏ ခြောက်လုံးပြူးပြောင်းဝတွင် မလှုပ်မရှက် ငြိမ်သက်နေရာမှ သေလူဖြစ်သည့် အားလျော်စွာ အကြောင်းမထူးဟု ဖွတ်အတင့်ရဲ၍ စွန့်စားရသော အနေမျိုးဖြင့် မီးရောင်ကို တစ်ချက်နှစ်ချက်လှုပ်ရှားကစားလိုက်ရာ ပိတ်လှောင်မိသလို အခန်းထဲတွင် ရောက်ရှိနေကြသော ကျွန်တော်တို့ လူတစ်စုမှာ ကြောက်အား လန့်အားနှင့် မီးရောင်လွတ်အောင်တိမ်းရှောင်လိုက်ရပါသည်။ ထိုခဏ၌ ကိုညဏ်ရင်က အောင်မြင်သော အသံဖြင့် -

"ဟော့ ကိုထွန်းညို ခင်ဗျားလူကို နိုင်အောင်ထိန်းနော် အောက်မှာ လူတွေအများကြီးရှိတယ်"

ဟု လှမ်းအော်ပြောလိုက်ရာ ထွေးထွေးတင်မှာလည်း ကျွန်တော်နှင့် ကိုညဏ်ရင်အနီးတွင် စိုးရိမ်ကြီးစွာ တွယ်ကပ်နေရရှာမက

"မမရီ . . မမရီ ရောင်ခြည်ဓာတ်မှန် မလွတ်ခင် မမရီရှေ့က ဝင်နေ ပါ။ တခြားလူတွေထင်ပြီး လုပ်လိုက်ရင် ခက်တော့မယ်"

ဟု သတိပေးရှာပါသည်။ သို့ရာတွင် မေနွဲ့ရီကား ထွေးထွေးတင်၏ သတိပေးသံကို မကြားသကဲ့သို့ အိမ်ကြီးပေါ်သို့ မော့လျက် . . .

"ဖေဖေရဲ့ မြေးကလေးကို ရက်ရက်စက်စက် သတ်ပြီးမှ သမီးကို လည်း ချန်မထားပါနဲ့၊ ဖေဖေ့ဓာတ်မှန်နဲ့ သတ်လိုက်ပါတော့"

ဟု ပြောငိုကာ မီးရောင်ထဲသို့ ပြေးသွားမည်တကဲကဲရှိနေ၍ ဦးရွှေတင်၊ ဦးသာခေါင်နှင့် မောင်မောင်မြတို့မှာ မေနွဲ့ရီကို မနည်းဆွဲ၍ထားကြရပါသည်။

ထိုအခိုက် ဆပ်ချလိုက်မီးရောင်မှာ မေနွဲ့ရီကိုရှောင်ကွင်းလျက် ကျွန်တော်တို့ ဘက်သို့လိုက်၍ ထိုးနေသော်လည်း မေနွဲ့ရီမှာ မီးရောင်ကျရာဆီသို့သာ ပြေးလိုက်ပြီး . . .

"သတ်ပါဖေဖေရဲ့ ရီရီလည်း မနေပါရစေနဲ့"

ဟု အော်ပြောနေပါတော့သည်။ မီးရောင်ကလည်း ရှောင်၍သာ ပြေးနေပါတော့သည်။ မေနွဲ့ရီသာ ရှေ့မှ ကန့်လန့်ကန့်လန့် လိုက်ခံမနေဘူးဆိုပါလျှင် ကျွန်တော်တို့ လူစုအပေါ်သို့ မီးရောင်တည့်တည့် သန်းလိုက်မိသည်နှင့် တစ်ပြိုင်နက် လျှပ်စစ်ဓာတ်မှန်ကို မီးရောင်ရှေ့သို့ ထိုးခံလိုက်လိမ့်မည်ဟု အတပ်သိရပါသည်။ ထို့ကြောင့် . . .

"ကိုထွန်းညို ကျပ်ကျပ်သတိပြုဗျို့"

ဟု တစ်ချက်တစ်ချက်လှမ်း၍ အော်ပြောမိရာ အပေါ်ထပ်ဆီမှလည်း . . .

"ကိစ္စမရှိဘူး၊ တက်သာတက်ခဲ့ပါ ဝန်ထောက်မင်း၊ သူ့လျှပ်စစ်မှန်ကို ကိုင်တာနဲ့တစ်ချက်တည်း ခလုပ်နှိပ်လိုက်ပါမယ်"

ဟု အော်ပြောသည်တွင် ကျွန်တော်တို့မှာ အနည်းငယ်စိတ်အေးရပါတော့သည်။

ထိုခဏ၌ အပေါ်ထပ်မှ ဦးဘခက်၏အသံကြီးနှင့် -

"ဟော့ . . . နင်တို့ဟာ ငါ့ကိုမကြာမကြာလာပြီး နင်တို့ ခြောက်လှုံးပြူးလောက်ကို ငါမကြောက်ဘူး၊ ငါက သေလူ မထူးဘူး၊ ငါတစ်ယောက်တည်းရဲ့အသက်နဲ့ နင်တို့တစ်ပြုံလုံးရဲ့ အသက်ကိုလဲနိုင်တယ်။ ဒါပေတဲ့ ငါ့သမီးအတွက် စိတ်မကောင်းလို့ နင်တို့ကို မသတ်ဘူး။ ငါ့ဓာတ်မှန်နဲ့ ငါ့ကိုယ်ငါ စီရင်လိုက်မယ် ဘယ်သူမှ ငါ့ကို မဖမ်းနဲ့"

ဟု ဟစ်အော်ပြောလိုက်သောအခါ တစ်အိမ်လုံး သူ၏ အသံကြီးဖြင့် ပဲ့တင်ထပ်၍ သွားပါတော့သည်။ ထို့နောက် . . .

"ငါ့သမီး. . ဖေဖေ့ကို အထင်မလွဲနဲ့၊ ငါ့မြေးကလေးကို အသက်ရှင်စေချင်လွန်းလို့ ဖေဖေကြိုးစားတာပဲ၊ သူ့ဝေဒနာကကြီးတော့မရဘူး၊ သေခါနီး

မြန်မာ စာအုပ်များ



ဆဲဆဲကလေးမှာ ဖေဖေသတ်မိတာ အဖတ်တင်ရပြီ။ ဒီတော့ ငါ့သမီးရှေ့မှာ ဖေဖေလည်းသေတော့မယ်၊ ဒီလောက်အနှောင့်အယှက်များပြီး မုန်းစရာကောင်းတဲ့လောကကြီးမှာ မနေတော့ဘူး"

ဟု ဆိုဆိုပြောပြော ဓာတ်မှန်ကလေး၏ရှေ့တည့်တည့်မှရပ်ကာ သေမင်းရောင်ခြည်မှန်သားကို ဖျတ်ခနဲဖြုတ်၍ ရုတ်တရက် မီးရောင်ရှေ့သို့ထောင်လိုက်ရာ စိမ်းစိမ်းဝါဝါ ပြာပြာနီနီ အရောင်အတန့်အမျိုးစုံ လျှပ်စစ်ပစ်သလိုပေါ်လာသည်နှင့်တစ်ပြိုင်တည်း စူးစူးဝါးဝါးအော်လိုက်သော မိန်းမသံများနှင့်အတူ ဒိန်းခနဲ သေနတ်မောင်းဖြုတ် သံကြီးတစ်ချက် ထွက်ပေါ်လာပြီးနောက် ဆပ်ချလိုက် မီးလုံးကြီးများမှာလည်း ကိုထွန်းညို၏သေနတ်ချက်ဖြင့် ချွမ်ခနဲပျက်စီးပေါက်ကွဲသွားပြီး အိမ်ကြီးတစ်ခုလုံးလည်း မှိုင်းလုံး မီးခိုးလုံးများ ပိတ်ဆီးယှက်သန်းသွားပါတော့သည်။

ကျွန်တော်လည်း စက္ကန့်ပိုင်းကလေးအတွင်း တွေ့မြင်ကြုံကြိုက်လိုက်ရသည့် အရေးတော်ပုံများကို မှင်တက်မိနေသလို မတုန်မလှုပ်ကြီး ခေတ္တငေးစိုက်ကြည့်နေမိရာမှ တစ်စတစ်စ မီးခိုးများရှင်းလင်းကြည်လင်သွားသောအခါ အိမ်ကြီးအတွင်းမှာပင် လူသုံးစုကွဲနေကြသည်ကိုတွေ့ရပါသည်။

ပထမလူတစ်စုမှာ ပုလိပ်အရာရှိများဖြစ်၍ မီးသွေးတုံးပမာ အညိုအမည်းနှင့်လဲသေနေသော သေရွာပြန် ဦးဘခက်၏အလောင်းနှင့် မှန်သေတ္တာထဲမှာရှိသော သုံးလသားခန့်ကလေးငယ်၏ အလောင်းတို့ကို ပုံစံယူကာ စစ်ဆေးနေကြရပါသည်။

ဒုတိယလူတစ်စုကား ဦးရွှေတင်၊ ဦးသာခေါင်နှင့် မောင်မောင်မြတို့ဖြစ်၍ အဖေလည်းဆုံး၊ သားလည်းဆုံးနှင့် ယူကျုံးမရရှိနေရှာသူ မေနွဲ့ရီကို တရားပြ၍ ယုယချော့မော့နေကြပြီးလျှင် ကျွန်တော့်အနေနှင့် အနီးဆုံးဖြစ်သော တတိယလူစုမှာ ထွေးထွေးတင်နှင့် မောင်ဉာဏ်ရင်နှစ်ယောက်တည်းသာရှိသော လူနည်းစုဖြစ်၍ မောင်ဉာဏ်ရင်က ထွေးထွေးတင်၏ ကျောကလေးကို သပ်ကာ . . .

မြန်မာ စာအုပ်များ



"ထွေးဟာ မောင့်ကိုမချစ်ဘူးလို့ ထင်မိခဲ့တာ၊ ခုလို တကယ့်အရေးကျမှ အသက်ပေးပြီး စောင့်ရှောက်တာတွေ့ရတော့ မမေ့နိုင်အောင် ကျေးဇူးတင်ပြီး 'ဟင်. . သူ့ခမျာ. . ငါ့ကို ဒါလောက်တောင်ပဲ ချစ်ရှာပါကလားနော်'လို့ စဉ်းစားမိပြီး စိတ်ကျေနပ်သွားပါ ပြီ။ ဒီတော့ မောင်တောင်းပန်ခဲ့တဲ့အတိုင်း နောက်ထပ်အချိန်မဆွဲတော့ဘဲ ခပ်မြန်မြန်ကလေးပဲ လက်ထပ်လိုက်ပါရစေ တော့ထွေးရယ်"

ဟု ပြောလျှင် ထွေးထွေးတင်ကလည်း အချစ်နာလန်ထသော မျက်လုံးနှင့် ပြုံးပြုံးကလေး ပြန်ကြည့်လိုက်ကာ . . .

"ကောင်းလှပါပြီတဲ့ရှင်၊ ဒီတစ်ခါတော့ ဝန်ထောက်မင်းရာဇမာန် မဖွားရအောင် ဖေဖေနဲ့ ကိုကိုမြကို ခွင့်တောင်းလိုက်ပါတော့မယ်" ဟူသော အဖြေကို ပေးလိုက်သဖြင့် . . .

ကိုညဏ်ရင်မှာ ပတ်ဝန်းကျင်အရပ်မှလူများကို သတိမရတော့ဘဲ ဇက်ရဲ လက်ရဲလုပ်တော့ မည့်ဆဲဆဲတွင် . . .

"အဟမ်း . . အဟမ်း"

ဟု ကျွန်တော်ကဝင်၍ ချောင်းသံပေးလိုက်မှ ကတိုက်ကရိုက် ဣန္ဒြေဆည်လိုက်သည်ကို တွေ့ရပါတော့သည်။

ထို့နောက် တစ်ခုစီကွဲနေသော လူစုများမှာ အပေါ်ထပ်တွင် တစ်ဖန် စုရုံးကြပြန်ပါသည်။ ကျွန်တော်သည် ဦးဘခက်အလောင်းဘေးတွင် ထက်ခြမ်း ကွဲကျနေသော သေမင်းရောင်ခြည် ဓာတ်မှန်ကလေးကို အရေးတကြီး ကောက်ယူ လိုက်ကာ ရွက်ဖျင်အဝတ်တစ်ခုနှင့်ထည့်လျက် အနီးတွင်တွေ့ရသော သံလုံး တစ်ခုနှင့် ကပျာကယာထုရိုက် ချေမွပစ်လိုက်ပြီးမှ . . .

"ကဲ . . ဆရာကြီး ဦးရွှေတင်ခင်ဗျား၊ လူတွေကို ဒုက္ခပေးမဲ့ ဟောဒီ သေမင်းရောင်ခြည်လျှပ်စစ်ဓာတ်မှန်ချပ်ကလေးကို ဦးဘခက်ကြိုးကြိုး စားစားကြံစည်ထားရတာမှန်သော်လည်း ကျွန်တော်တို့ ဗုဒ္ဓဘာသာတရား အရနှင့်ဆိုလျှင် အင်မတန်ဆန့်ကျင်နေတဲ့ လက်နက်ကြီးမျိုးဖြစ်နေတဲ့အတွက် ဘယ်သူမှ အသုံးမပြုနိုင်အောင် ဖျက်ဆီးပစ်လိုက်ပါပြီ၊ ဟောဒီမှန်မှုန့် အထုပ်

မြန်မာ စာအုပ်များ



ကလေးကိုတောင် အဆုံးစွန်အစပျောက်သွားအောင် ကျွန်တော်ကိုယ်တိုင် စကြာမင်း ရေမှာဖျက်သလို ယခုသွားပြီး ဖျောက်ဖျက်ပစ်လိုက်ပါတော့မယ်။ ကျန်တဲ့ကိစ္စတွေကိုလည်း ဆရာကြီးတို့အပေါ် အမှုမပတ်စေဘဲ ခရီးတိုတို့နဲ့ ကိစ္စအေးအောင် ဟောဒီက ရာဇဝတ်ဝန်ထောက်ကလေးကိုညာဏ်ရင်က ပိရိသေသပ်စွာ ဆောင်ရွက်ပေးပါလိမ့်မယ်"

ဟု ပြောပြောဆိုဆို ထွက်လာခဲ့သောအခါ ဦးရွှေတင်နှင့် ဒေါက်တာ မောင်မောင်မြတို့မှာ မှန်ထုပ်ကလေးကို နှမြောစုံမက်လှသော်လည်းမသာ သောမျက်နှာနှင့် . . .

"ကောင်းပါပြီ ပွဲစားလေးရဲ့"

ဟုပြောကာ အောင့်သက်သက် ကျန်ရစ်နေရှာကြသည်ကို တွေ့မြင်ခဲ့ရပါသတည်း။

# သေသူ့သည်းခြေ

## (၁၉၃၈-ခုနှစ်တွင် ရေးသားခဲ့သည်။)

## ပထမပိုင်း

ပန်ဟိုက်ခေါ်သော ရှမ်းခနေ့ရွာကလေးမှာ သီပေါနှင့်သိန္နီ နယ်စပ်တွင် အလွန်ချောင်ကျသော တောင်ကြားကြီးအတွင်းတွင် တည်ရှိသောကြောင့် ထိုနယ်သူနယ်သား ရှမ်းတိုင်းရင်းသားများပင်လည်း လူတစ်ရာလျှင် ငါးယောက်မျှ ထူးခြား၍ အရေးကိစ္စမကြီးကျယ်ဘဲ ရောက်ပေါက်ရန် ခဲယဉ်းလှသဖြင့် ရွာကလေးမှ ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို မည်သူမှမသိခဲ့သလောက် တိမ်မြုပ်နေပြီးလျှင် ဘယ်သတင်းစာတွင်မှလည်း ရေးကြီးခွင်ကျယ်လုပ်ကာ သတင်းပို့မည့်သူ သတင်းထောက်များ မရှိသဖြင့် ဘဲဥအမြွာပူးဥသော သတင်းမျိုးထက်သော်လည်းကောင်း၊ မိုးရွာထားသည့် ရွှံ့ဗွက်ကိုလုံချည်မ၍ ကူးသွားကြရသော သတင်းများထက်သော်လည်းကောင်း၊ ပန်ဟိုက်ရွာစွန်တွင်ရှိသော အိမ်အိုကြီး၏ ထူးဆန်းသောသတင်းများက အဆများစွာ အံ့ဩစရာကောင်းသည့်တိုင်အောင် တိုင်းပြည်ကမသိမကြားနိုင် အကြိုအကြားတွင် ဇာတ်မြုပ်၍ နေလေ၏။

ပန်ဟိုက်ရွာကလေးမှာ လူနေအိမ်ခြေတစ်ရာကျော်နှစ်ရာ နီးပါးရှိသောကြောင့် တောရှမ်းခနေ့ ရွာကလေးများတွင် အတော်စည်ကားသည်ဟု ဆိုနိုင်ပြီးလျှင် ရွာရှိလူများမှာလည်း ဂုဏ်တု, ဂုဏ်ပြိုင်, အကြွားအဝါများစွာ မရှိသောကြောင့် ရွာသူရွာသားအချင်းချင်းတို့မှာ ဆွေမျိုးရင်းချာပမာ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိကြပြီးလျှင် အလှူအတန်းကွင်လည်း

ရက်ရက်ရောရော နှမြောတွန့်တိုခြင်းမရှိ၊ တစ်ယောက်ထက်တစ်ယောက် သာအောင်ဟူသော မာန်မာနမျိုးလည်းမထား၊ ညီညီညွတ်ညွတ်နှင့် လောကီဝတ်၊ လောကုတ္တရာ ဝတ်တို့ကို လက်မလွတ်တမ်း ပြုလုပ်နိုင်ကြလေရာ "တစ်မူးရလို့ တစ်ပဲလှူ ကရင်တောင်သူတူနိုင်ရိုးလား" ဟူသော စကားပုံအတိုင်းပင် သာမှု၊ နာမှု၊ လှူမှု၊ တန်းမှု ဟူသမျှတို့၌ စည်းစည်းလုံးလုံး တပြုံးပြုံး ပျော်နိုင်ကြပြီး လျှင် နေ့စဉ်နှင့်အမျှလည်း အားလပ်သောအချိန်များတွင် ဘာသာဘာဝ အလိုက် အေးအေးချမ်းချမ်း နေထိုင်နိုင်ကြကာလသာ ကွက်ကလေးများတွင် အိုးစည်တီးသူတီး၊ သီချင်းညည်းသူညည်းနှင့် ကလေးလူကြီးမကျန် ကခုန် ပျော်မြူးလျက် မိန်းမတွေဘက်ကလည်း ရက်ကန်း ရက်သူရက်၊ ဗိုင်းငင်သူငင်၊ မောင်းထောင်းသူထောင်း၊ မုန့်ပေါင်းသူပေါင်းနှင့် အထူးပျော်ရွှင်ဖွယ်ကောင်း လေတော့၏။ သို့သော် ထိုရွာ၏အစွန်အဖျားတွင် သရက်ပင်အုပ်ကြီးများ ခြံရံသောအိမ်အိုကြီးတစ်ခုတွင်ကား တစ်ရွာလုံးဆူညံ စည်ကားပျော်ပါးနေကြ သလောက် တိတ်ဆိတ်ခြောက်သွေ့၍နေလေ၏။ ရွာသူရွာသားများကား ထိုအိမ်ကြီးကို များစွာရှောင်ကွင်းကြလျက် ညဘက်အခါများတွင် အိမ်ကြီးအနီး အပါးသို့ပင် ဖြတ်သွားကြသူပင် ရှားလေ၏။ ထိုအိမ်ကြီးမှာ တစ်ရွာလုံးဆူညံ စည်ကားသည်နှင့်အမျှ ပျင်းရိငြီးငွေ့စရာ အပေါင်းအသင်း အဆက်အသွယ် မရှိရှာဘဲ တစ်ဦးတည်းဖြစ်နေရသည်မှာ အိမ်တွင်နေထိုင်သူ တစ်စုံ တစ်ယောက်မျှ မရှိသည်တစ်ကြောင်း၊ အိမ်ကြီးတွင် အထူးကြောက်လန့် စရာကောင်းသောအကြောင်းများ မကြာခဏဖြစ်ပေါ်တတ်သောကြောင့်တစ် ကြောင်း၊ အပေါင်းအသင်းအတက်အဆင်းမပြုကြ၊ ဆိုင်ပိုင်သူလည်းမရှိ၊ ရွာသူကြီးကလည်း ဖျက်ဆီးမပစ်ဝံ့သောကြောင့် တစ်ရွာလုံးပင် ဥပေက္ခာ ပြု၍ နေကြရလေ၏။

မူလအိမ်ပိုင်ရှင်ကား ဦးနန်းဆံခေါ် ရှမ်းအဘိုးကြီးတစ်ယောက် ဖြစ်လေရာ ထိုအဘိုးကြီးသေဆုံးပြီးနောက် မြေးယောကျ်ားနှစ်ယောက် ဆက်ခံပိုင်ဆိုင်လေရာ၊ ၎င်းအမွေခံညီအစ်ကိုမှာလည်း အခြားသူများ ကဲ့သို့ မိရိုးဖလာ တောင်ယာလုပ်ကိုင်စားသော သူများမဟုတ်ကြဘဲ ဆေးဆရာ

မြန်မာ စာအုပ်များ



ယောင်ယောင်၊ မော်ဆရာယောင်ယောင် ဆေးလွယ်အိတ်ကိုယ်စီနှင့် ထိုထို ဤဤလှည့်လည်သွားလာလျက် နေတတ်ကြရာက နောက်ဆုံးတွင် တစ်မြို့မှ ရောက်လာသော ရှမ်းဆရာကြီးနှင့်အတူ လိုက်ပါသွားကြပြီး အိမ်ကြီးတံခါး ပိတ်ထားခဲ့သည့် အချိန်မှစ၍ ယခုအချိန်တိုင်အောင် ဆယ်နှစ်ကျော်ကျော် ရှိပြီးဖြစ်သော်လည်း တစ်ခါမှပေါ်မလာသေးသည်၊ ရှင်သည်လည်း သတင်း မကြား၊ အစပျောက်၍သွားလေ၏။

ကွယ်လွန်သူ ဘိုးနန်းဆံ လက်ထက်ကမူကား ရွာရှိကလေး သူငယ် များမှာ ထိုခြံကြီးသို့ရောက်လာပြီး အဘိုးကြီးကိုကပ်ကာ ပိန္နဲ၊ ဩဇာ၊ မာလကာ စသော အသီးအနှံများကို ခူးယူစားသောက်ရမြဲ ဖြစ်ပြီးလျှင် ရွာရှိမိန်းကလေး များမှာလည်း ဘိုးနန်းဆံခြံထွက်ပန်းများကို အမြဲအားဖြင့် လာရောက်တောင်းခံ ခေါင်းပေါ်တွင်ဝေအောင် ပန်ခဲ့ကြရဖူးလေ၏။ သို့သော် ထိုကလေးများမှာ ယခုအချိန်၌ သားရှင်, သမီးရှင်တွေ ဖြစ်နေကြပြီး မိမိတို့ငယ်စဉ်က အကျိုး ခံစားခဲ့ဖူးသော ဘိုးနန်းဆံ၏ ခြံကြီးနားသို့ ယောင်လည်လည်နှင့် မသွားဝံ့ကြ တော့သည့်အပြင် မိမိတို့၏ သားသမီးများကိုလည်း ထိုခြံကြီးအနီးအပါးသို့ပင် မသွားကြရအောင် တားမြစ်ပိတ်ပင်ထားကြရလေ၏။ လူသူမရှိသောခြံကြီးနှင့် အိမ်အိုကြီးမှာ ပြုစုနေထိုင်မည့် ပိုင်သူပိုင်ရှင်များမရှိသော်လည်း အထူးသာယာ သန့်ရှင်းနေပြီး အဘိုးကြီးစိုက်ပျိုးထားသော သစ်ပင်ပန်းပင်တွေမှာလည်း ဝေဝေဆာဆာ စည်ပင်လျက် သီးသောအပင်ကသီး၊ ပွင့်သောအပင်ကပွင့်နှင့် အထူးမြိုင်ဆိုင်နေစေကာမူ ခူးမည့်သူဆွတ်မည့်သူမရှိ၊ ငှက်များ၊ ရှဉ့်များ ၏အစာသာ ဖြစ်၍နေလေ၏။

ထမံ့ဦးဘိုးစိးနန်းခေါ် ရွာသူကြီးလည်း ၎င်းအိမ်အိုကြီးအတွက် အထူးအလုပ်များခဲ့ဖူးလေ၏။ လူမရှိသောခြံဆိုလျှင် အသီးအရွက်ခူးချင် သူတွေလည်း မရှားသဖြင့် သွားရောက်ခူးယူမိသောသူများလည်း အတော် ကလေး အဆော်ခံခဲ့ရဖူးလေ၏။ အထူးကား သူကြီးနှင့်တကွ တစ်ရွာလုံး လိုလိုပင် ထိုအိမ်အိုကြီး၏ထူးဆန်းပုံကို စုံစမ်းကြည့်ကြသောအခါ တစ္ဆေလိုလို,

သရဲလိုလို ရှိသကဲ့သို့လည်းကောင်း၊ ပုဏ္ဏကတိုက်သကဲ့သို့လည်းကောင်း၊ အကြောင်းရင်းဇစ်မြစ်ကို တစ်တစ်ခွခွမသိရဘဲ နဝေတိမ်တောင်နှင့် တောင်ယောင်ယောင် မြောက်ယောင်ယောင် ဖြစ်ရတော့၏။ ခပ်မိုက်မိုက်, ခပ်ရွတ်ရွတ် ရှမ်းခနေကာလသားကလေးများကလည်း ခေါင်းရည်မူးအောင်သောက်၍ မျောက်သားကင်အဝစားပြီး အိမ်ကြီးကို ရဲဝံ့စွာသွားရောက်စုံစမ်းကြရာ ရိုးရိုးဝင်လာစဉ်က ဘာမှမထူးခြားသော်လည်း ခြံထဲကသစ်သီးသစ်ပွင့်စသော ပစ္စည်းတစ်ခုခုကို ဆွတ်ယူစားသောက်မိသောအခါ လူကိုမမြင်ရသော လက်ဝါးကြီးနှင့်ပါးနားကိုအတီးခံရပြီး လက်တွင်ကိုင်ထားသောပစ္စည်းကိုလည်း ဆောင့်ဆွဲလုယူပြီး လွှင့်ပစ်သည်ကို ခံကြရလေ၏။ တချို့ကမူ အလျှော့မပေးဘဲ အနာခံ၍စကြလျှင် သရဲသည်ဒေါသဖြစ်လာဘီအလား ကျောက်ခဲကြီးများနှင့်ပေါက်ခြင်း ဝါးရင်းတုတ်ကြီးများနှင့်ရိုက်ခြင်းကြောင့် ကျောကော့ရင်အောင့်ပြီး ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးခဲ့ရလေ၏။ အကြောင်းမသိရခင်က ကလေးသူငယ်များ ခြံထဲဝင်၍ အသီးအနှံဆွတ်ခူးစားမိလျှင် နွားပေါက်ကလေးတမျှရှိသော ခွေးနက်ကြီးတစ်ကောင်လိုက်ဟောင်၍သော်လည်းကောင်း၊ မျောက်ဝံကြီးလို မည်းမည်းနက်နက်အမွေးစုတ်ဖွားနှင့် ခြေကားယား လက်ကားယားအကောင်ကြီးတစ်ကောင်လိုက်သဖြင့် ကတိုက်ကရိုက်ပြေးခဲ့ရသည့်အခါ ပြေးခဲ့ကြရလျက်၊ တစ်ခါတစ်ရံလည်း လူကိုမမြင်ရသော လက်ကြီးနှင့် ဇိကုတ်တွန်းထိုးထုတ်လိုက်သည်ကို ခံခဲ့ကြရလေ၏။

ထူးဆန်းသောအချက်တစ်ခုကား သရဲမှာ နောက်ပိုးသရဲလားမသိ၊ ရွာထဲကအပျိုချောချောကလေးများ ပန်းခူးမိလျှင်ကား မခြောက်မလှန့် မနှောင့်ယှက်ဘဲ ငြိမ်သက်စွာနေတတ်လေသည်ဟူ၍လည်း သတင်းဖြစ်၍နေလေ၏။ နံနက်စောစောကြီး ခြံအနီးသို့ခရီးကြုံ၍ ဖြတ်သွားမိသူများမှာ ခြံအတွင်းမှ တရှဲရှဲနှင့် တံမြက်လှည်းသံကြားရသောကြောင့် မည်သူများဖြစ်လေသနည်းဟု စည်းရိုးကြားမှချောင်း မြောင်းကြည့်လိုက်သောအခါ အထူးအံ့ဩစရာကောင်းသော အခြင်းအရာများကို မြင်ကြရလေ၏။ အကြောင်းကား တံမြက်စည်းအရိုး

ရှည်ကြီးမှာ လူမပါဘဲ အိမ်ဘေးပတ်လည် မြေကွက်လပ်ပေါ်ရှိ အမှိုက်သရိုက် ဖက် ရွက်ခြောက်များ လှည်းနေသည်ကိုတွေ့ရပြီးလျှင်၊ တစ်ခါတစ်ရံတွင်လည်း ရေတွင်းမှာရေငင်ချိုးနေသံကြားရ၍ တစေ့တစောင်းချောင်းကြည့်လေရာ မောင်းနှင်းရေတွင်းမှာ တစ်ပုံးချင်းရေငင်လောင်းချိုးနေသည်ကို တွေ့ရသော်လည်း လူကိုကားမမြင်ရ၊ ရေပုံးနှင့်ရေများသာလျှင် လေထဲတွင် လှုပ်ရှားသွားလာနေသည်ကို တွေ့ရသောကြောင့် အထူးအံ့ဩမိကြလေသတည်း။ ယင်းသို့ ခြောက်လှန့်ပါများသောအခါ တစ်ရွာလုံးပင် ထိုအိမ်ကြီးကိုကြောက်လန့်ကြလျက် အဆက်အဆံမပြုဝံ့ရုံမျှမက ရွာသူကြီးကလည်း ဥစ္စာရှင်များမရှိသည်မှာ ဆယ်နှစ်ကျော်ကြာ၍ အခွန်တော်မရသည်လည်းကာလကြာသဖြင့် ထိုအိမ်ကြီးရှိသည်မှာ ရွာသူရွာသားများ အန္တရာယ်မကင်းမည်စိုးသောကြောင့် မိမိတပည့်များနှင့်အတူ အိုမင်းဟောင်းမြင်းနေသောအိမ်ကြီးကို ဖျက်ဆီးပစ်ရန်လာခဲ့ရာ အိမ်ပေါ်ရောက်၍ တပည့်များကိုတူးရွင်းပေါက်ပြားများနှင့် စ၍ဖျက်ကြရန် အမိန့်ပေးသည်နှင့် တစ်ပြိုင်တည်း နံရံတွင်ထောင်ထားသော မိုးနဲလှံ ကြီးတစ်စင်းမှာ သူကြီးကိုအလိုလို လာ၍ရွယ်ပြီးဖြစ်နေရကားသူကြီးမှာ မျက်လုံးကြီးပြူးသွားကာ လှံကိုလက်နှင့်တွန်းထားပြီး-

"ချမ်းသာပေးပါဦး သရဲရယ်၊ အခွန်တော်မဆောင်တာကြာလို့ အရှင်မရှိပစ္စည်းဆိုပြီး ဖျက်ဆီးမယ်လို့ပါ၊ ကျုပ်အမိန့်မဟုတ်ဘူး၊ နယ့်ရှင် ပယ့်ရှင် စော်ဘွားကြီးအမိန့်ပါ"

ဟု မော့်ယမ်းကာတောင်းပန်မိသောအခါ လှံကြီးမှာလူမပါဘဲ သူ့နေရာသူပြန်သွားပြီး ဆယ်နှစ်ကျော်ထိုက်တန်သင့်သော အခွန်တော်ငွေဒင်္ဂါးများ သူကြီးရှေ့တွင်ချွင်ချွင်၊ ချွင်ချွင်နှင့် ကျလာလေ၏။ အခွန်တော်ငွေများပေးဆောင်သည်ဟု အတပ်သိကာ မိမိတပည့်များနှင့်အတူ ငွေများကိုယူ၍ အိမ်ပေါ်မှဆင်းခဲ့ရာ နင်တို့မြန်မြန်သွားကြဟူသောအနေနှင့် အေးစက်သောခြေဖြင့် တစ်ချက်စီကန်လွှတ်လိုက်သေးသည်မှ အစပြု၍သူကြီးမှာလည်း အိမ်ဖျက်ဖို့ စိတ်ကူးမထည့်ဝံ့ရှာတော့ချေ။ အရစ်ကျအခွန်တော်ငွေအချိန်ကျလျှင် အိမ်ဝကရပ်ကာ-

"ဟေ့-အိမ်ရှင်၊ အခွန်တော်ဟေ့"

ဟု ပြောကာ၊ ပြေစာကိုပြလိုက်လျှင် အတွက်ကျချွင်ခနဲငွေများ ကျလာမြဲဖြစ်တော့၏။

သရဲကားရှိ၏။ သို့သော် သူ့ပိုင်နက်ထဲဝင်၍ တစ်စုံတစ်ခုယူငင် ဖျက်ဆီးခြင်းမပြုက မည်သူ့ကိုမျှရန်မရှာ၊ သူ့အိမ်ကိစ္စလုပ်စရာရှိသည်ကို လူများကဲ့သို့လုပ်ကိုင်နေတတ်ကာ တံမြက်လှည်းခြင်း၊ ရေချိုးခြင်း၊ သစ်ပင် ရေလောင်းခြင်း၊ ထင်းခွဲထင်းဖြတ်ခြင်း၊ တစ်ခါတစ်ရံ အရိပ်ကျအားကြီးသော သရက်ကိုင်းကြီးများကို ဓားမနှင့်တက်ချိုင်လျက် ပျက်စီးသော ခြံစည်းရိုးများကို ပြင်ဆင်ကာရံနေတတ်ပြီး တစ်ခါတစ်ခါလည်း မီးဖိုထဲမှ မီးခိုးတလူလူနှင့် ထမင်းများပင်ချက်စားနေဘိအလား လူပါးဝလှသော အိမ်အိုကြီးမှသရဲကို အတွေ့အမြင်များသောအခါ ရိုး၍ပင်လာသဖြင့် အထူးအဆန်းမဟုတ်သလို ကိုယ်နေမြဲတိုင်း၊ ထိုင်မြဲတိုင်း နေထိုင်လိုက်ကြတော့၏။

အချို့လောဘတိုက်သူများကား အိမ်ကြီးမှာ ဦးနန်းဆံစုဆောင်း မြှုပ်နှံ ထားသော ဥစ္စာပစ္စည်းများရှိ၍ မကျွတ်ဘဲသရဲဖြစ်နေသည်၊ ဥစ္စာစောင့် ဖြစ်နေသည်ဟုအယူရှိကာ အချင်းချင်းတိုင်ပင်လျက် အိမ်ပျက်ကြီးပေါ်သို့ ရှမ်းဘုန်းကြီးများပင့်၍ ကမ္မဝါဖတ်, ပရိတ်ရွတ်ခြင်းဖြင့် နာနာဘာဝကိုနှင်ထုတ် စေရာ ဘုန်းကြီးများ ပရိတ်ရွတ်ပြီးသည်နှင့် တစ်ပြိုင်နက်-

"ဟား-ဟား-ဟား"

ဆိုသောအသံနက်ကြီးနှင့် ခွက်ထိုးခွက်လန်ရယ်မောလိုက်သော အခါ ကမ္မဝါဖတ်သောဘုန်းကြီးများပင် ကျောစိမ့်အောင် ကြောက်လာကြ လေ၏။ ပရိတ်ရေအိုးထဲက ပရိတ်ပန်းများကို သရဲကိုယ်တိုင်ယူကာ အိမ်နံရံ မှာထိုး၍ ပရိတ်ကြိုးများကိုလည်း သရဲကိုယ်တိုင်အိမ်ကို လှည့်ပတ်ရစ်ပေးလိုက် သေး၏။ ရှမ်းဘုန်းကြီးများလည်း ငါတို့ကိုများ ကျွတ်ကျွတ်ဝါးလိုက်ဦးမည်လား ဟု သင်္ကန်းတွေဖိုးယိုးဖားယားနှင့် တအားကုန် ဆင်းပြေးကြလေရာသိုက်တူး မည်ဟုလာသော ရွာသားများမှာမူကား ဥစ္စာမရသည့်ပြင် ခေါင်းတွင် ဘုတွေ, ထစ်တွေရကာ ခြေကုန်သုတ်၍ လာကြရလေတော့သတည်း။

မြန်မာ စာအုပ်များ



ထို့ကြောင့် မည်သူမျှသွေးတိုးစမ်း၍မရသော ထိုအိမ်အိုကြီးအား တစ်ရွာလုံးက ကလေးလူကြီးမကျန် ပကာသနိယကံပြုထားဘိအလား လုံးလုံး သားအဆက်အသွယ်မထားကြတော့ဘဲ သူ့ဟာသူနေ၊ ကိုယ့်ဟာကိုယ်နေဆို သလို အေးအေးဆေးဆေး မေ့မေ့ပျောက်ပျောက်နေလာကြသည်မှ ကာလ တောင်တာအတော်ကြာခဲ့သဖြင့်ကြာသော် ထိုအိမ်ကြီးကို ရှိသည်ဟုပင်အမှတ် မရ၊ ထူးဆန်းသော အဖြစ်အပျက်များကိုလည်း ပြောဖော်မရ၊ ရိုး၍ပင်နေကြ လေ၏။

အတော်ပင်ရိုး၍ တိမ်မြုပ်ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့သည်မှာ လေးငါးနှစ်ကြာလာရာမှ ထိုရွာတွင်အလွန်ပင်ပန်းဆင်းရဲရှာသော စောခင်ဆို သည့် အပျိုကလေးတစ်ယောက်မှာ ပရိယေသနအရေးကြောင့် ထင်းကလေး ခွေ, ရေကလေးခပ်, သနပ်ဖက်ခူးနှင့် ဝမ်းရေးအတွက် အလုပ်အကိုင်မရှောင် လုပ်ကိုင်စားသောက်ရရှာသော်လည်း စောခင်၏ လှပသောရုပ်အဆင်းမှာ ရွာတွင်းရှိအခြားသော အပျိုများထက်ပိုမိုပြေပြစ် ချစ်စရာကောင်းသောရုပ် ကလေးဖြစ်လေရာ တစ်ရွာလုံးကကာလသားမှန်လျှင် စောခင်ကိုမကြံချင်သူမရှိ သလောက် ဖြစ်ကြလေ၏။ သို့သော် စောခင်ကား အရွယ်ငယ်သလောက် စဉ်းစားဆင်ခြင်၊ ရှေ့နောက်မြော်မြင်နိုင်သောကြောင့် ပြောလာတိုင်း, ရစ်လာ တိုင်း လက်မခံဝံ့သဖြင့် စိတ်မဆိုးအောင် တောင်းပန်တိုးလျှိုးကာ အလိမ္မာ သဘောနှင့် မယုတ်မလွန် ပြော၍ထားပြီးစောခင်၏စိတ်ထဲတွင်ကား-

"ငါဆင်းရဲပေမယ့် ငါ့ရုပ်ငါ့ရည်နဲ့ ကြိုက်တဲ့လူတွေ အပေါသားပဲ၊ ဒီအထဲက တစ်ယောက်ယောက်ကို ခေါင်းခေါက်ပြီးရွေးနိုင်တယ်။ ရုပ်ချော သဘောကောင်း ငါ့ကို သေတပန်သက်တဆုံး ပေါင်းမယ့်လူတစ်ဦးကို အချစ်ပုံ တော့မည်"

ဟု အတွင်းကြိတ်နှင့် စိတ်ပိုင်းဖြတ်ထားသည့် အားလျော်စွာ တစ်ရွာလုံးကကာလသားများအတွင်းမှ အချောဆုံးနှင့်သဘောအကောင်း ဆုံးဖြစ်သော မောင်သီလှဆိုသူအား ရွေးချယ်ကာ တိတ်တဆိတ်အချစ်ကို လက်ခံထားသောကြောင့် များမကြာမီ အိမ်ပျက်ကြီးအနီးရှိ ခြံစည်းရိုးနားတွင်

မြန်မာ စာအုပ်များ



နှစ်ဦးသားတွေ့ကြမြဲဖြစ်လေ၏။ မောင်သီလှနှင့်စောခင်တို့ အိမ်ပျက်ကြီးနားတွင် ည, ညချိန်းဆိုတွေ့ကြခြင်းမှာ အိမ်ပျက်ကြီးက သရဲခြောက်လှသည်ဟု ကျော်စောထားသောနာမည်ကြောင့် ထိုအနားသို့ ညအခါမည်သူမျှမသီလာဝံ့သဖြင့် မိမိတို့ တိတ်တဆိတ်တွေ့ဆုံသည်ကိုလည်း မည်သူမျှမမြင်နိုင်အောင် ထိုနေရာကို တမင်ရွေးချယ်တွေ့ဆုံကြခြင်းဖြစ်ရကား မောင်သီလှနှင့်စောခင်တို့ သမီးရည်းစားဖြစ်နေကြသည်ကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ မသိကြခြင်း ဖြစ်လေ၏။

မောင်သီလှမှာ ရုပ်ချောသဘောကောင်းဖြစ်ရုံမက ပစ္စည်းဥစ္စာကလေးပင်မကြွယ်ဝသော်လည်း တောထဲသို့ စောခင်ဖက်ခူးလာတိုင်းသော်လည်းကောင်း၊ ထင်းခွေလာတိုင်းသော်လည်းကောင်း၊ စောခင်အတွက် သနပ်ဖက်များ ကူညီခူးပေးခြင်း၊ ထင်းများအဆင်သင့်ရှာထားခြင်းဖြင့် တတ်အားသည့်တက်က ကူညီစောင့်ရှောက်ပေးလေရာ စောခင်မှာ မပင်ပန်းဘဲနှင့် အခါတိုင်းထက် ထင်းများ, ဖက်များနှစ်ဆ သုံးဆပိုရသောကြောင့် ငွေဝင်ကလေးလည်းပိုမိုများပြားလာပြီးလျှင် တစ်ခါတစ်ရံလည်း မောင်သီလှက အဝတ်အစားကလေးများ ဝယ်ခြမ်းပေးလာတတ်သဖြင့် ရှေးကထက် ပြောင်ပြောင်လက်လက်ရှိလာလေ၏။

စောခင်မှာ သရဲရှိသောအိမ်အိုကြီးနားသို့ သွားရဖန်များသဖြင့် အခြားသူများလိုမကြောက်ဘဲ ဇက်ရဲနေကာ တစ်ခါတစ်ရံခြံကြီးထဲသို့ ဝင်၍ပင်သစ်သီးသစ်ပွင့်များခူးယူတတ်ပြန်ရာ ဝင်လာသူတို့ကို ရိုက်မောင်းပုတ်မောင်းပြုတတ်သောသရဲမှာလည်း စောခင်ကိုကျေနပ် နေဘိအလား အနည်းငယ်မျှကန့်ကွက်တားမြစ်ခြင်းမရှိသည့်အပြင် မောင်သီလှကိုယ်တိုင်ကလည်း ထိုအိမ်အိုကြီးကို မကြောက်မလန့်နှင့် ဝင်ချင်ဝင် ထွက်ချင်ထွက် အတော်ဇက်ရဲနေလျက်ရှိရကား တစ်ခါတစ်ရံ စောခင်ကပင်-

"ကိုသီလှရယ် ရှင်တယ်ပြီးအတင့်ရဲတယ်နော်၊ တော်တော်ကြာ သရဲရိုက်လွှတ်လို့ နာနေပါဦးမယ်"

ဟု သတိပေးမိလျှင်-

မြန်မာ စာအုပ်များ



"အမယ်လေး မစိုးရိမ်ပါနဲ့ မစောခင်ရယ်၊ ဒီသရဲလောက်ကို ကျုပ်မကြောက်ပါဘူးဗျ။ ကျုပ်မှာ ရှမ်းဆရာကြီးတစ်ဦးဆီက အကွယ်အကာတွေ၊ ဆေးဝါးလက်ဖွဲ့တွေ အများကြီးရခဲ့ပါတယ်။ ဒါကြောင့် ကျုပ်တို့ဒီခြံကြီးထဲလာရင် သရဲကမခြောက်ဝံ့တာပေါ့။ ရော့-မစောခင်လည်း ဟောဒီလက်ဖွဲ့ကလေး လည်ပင်းမှာဆွဲထား၊ ဒီအိမ်အိုကြီးထဲ ဝင်ရုံမကဘူး။ ခြံထဲက အသီးအရွက်တွေ ခူးချင်တာခူး၊ ဆွတ်ချင်တာ ဆွတ်ဦး၊ ကိစ္စမရှိဘူး။ ဒီလက်ဖွဲ့ကို သရဲက အင်မတန်ကြောက်တာပေါ့"

ဟု မှာကြား၍ လက်ဖွဲ့တစ်ခုပေးပြီး ထားသောကြောင့်၊ စောခင်လည်း မရဲတရဲနှင့် အစမ်းဝင်ကြည့်ရာကအစ သရဲမခြောက်၍ တစ်စတစ်စရဲရင့်ကာ ထိုခြံကြီးအတွင်းသို့ နေ့မရှောင်, ညမရှောင်ဝင်ထွက်၍ ကြိုက်ရာအသီးအရွက် ခူးပြီး ချစ်သူမောင်သီလှနှင့်လည်း ထိုအိမ်ပျက်ကြီးပေါ်မှာပင် ချိန်းဆိုတွေ့ဆုံကာ အချစ်ငွေ့ခိုလှုံမိကြလေ၏။

စောခင်ကို ပိုးပန်းနေကြသော ကာလသားတစ်စုတို့မှာ ကာလကြာသော် စောခင်အမူအရာ ထူးခြားလာသည်ကို အနည်းငယ်ရိပ်မိလာကြလေ၏။ စောခင်အိမ်သို့ ရှမ်းလူပျိုတို့ထုံးစံအတိုင်း ညညလူပျိုလှည့် လာကြသောအခါလည်း စောခင်၏အမေ ရှမ်းမကြီးကိုသာတွေ့ရလျက် စောခင်၏မျက်နှာကို မမြင်ကြရတော့ပေ၊ အမေကြီးကို မေးသောအခါ-

"စောခင်အိပ်နေပြီ မောင်တို့ရဲ့၊ နေ့ခင်းက တောထဲထင်းရှာရတာမောလာလို့ အစောကြီးအိပ်တာပဲ"

စသော အဖြေမျိုးကိုသာ မရိုးနိုင်အောင်ဖြေ၍လွှတ်လေ၏။

အစပထမသော် အထူးအထွေမရှိ၊ တကယ်ပင်ပန်း၍သာ စောစောအိပ်ရှာသည်ဟု ထင်ကြသော်လည်း အခါပေါင်းများလာသောအခါ အနည်းငယ်မသင်္ကာစပြုလာလေ၏။ စဉ်းစားစရာအတွက်လည်း ပေါ်လာလေ၏။ "နောက်နောက်ကလည်း တောထဲသွားတာပဲ၊ ပြန်လာရင် စောစောအိပ်ရာမဝင်ပါဘူး။ မီးဖိုနားမှာ လက်ဖက်ရည်ဝိုင်းနဲ့ ညဥ့်နက်အောင် ညှော်ခံနိုင်ပါ

မြန်မာ စာအုပ်များ



သေးတယ်၊ အခု ဘာကြောင့် စောစောအိပ်အိပ်နေတာလဲ၊ ငါတို့နဲ့ အတွေ့ မခံချင်လို့ တမင်ရှောင်နေတာလား” ဟု လာသူကာလသားတိုင်း စဉ်းစားမိကြပေ၏။ ရှမ်းထုံးစံမှာ တစ်ယောက်နှင့်တစ်ယောက်ချစ်လျက်လည်း သိသိသာသာကြီးအထင်ခံ သမီးရည်းစားထားရမြဲဖြစ်လေရာ စောခင်၏အမူအရာကို အတပ်မသိရသောကြောင့် တစေ့တစောင်းချောင်းမြောင်းချင်သော စိတ်တွေပေါ်လာကြလေ၏။

ဘိုးခ, သာအိ, နန်းထော်, စောနီစသော ခပ်ရွယ်ရွယ်ခပ်မိုက်မိုက် ကာလသားတို့သည် စောခင်၏အကြောင်းကို ကောင်းကောင်းစုံစမ်းရန် ကတိခံကြသော လူချွန်များဖြစ်ကြလေရာ တစ်နေ့သောညဦး အချိန်တွင် စောခင်အိမ်သို့ ရောက်လာကြလေ၏။

“ဒွေးလေး-မစောခင်တစ်ယောက်ကောဗျ”

ဟု မေးလိုက်ကြလျှင် အမယ်ကြီးလည်း ခါတိုင်းဖြေနည်းမျိုး အတိုင်း-

“စောခင်အိပ်ပြီမောင်ရေ့၊ တောထဲက ပြန်လာလာခြင်း ထမင်းစားပြီးအိပ်တာပဲ၊ သိပ်ကြီးမောလာတယ် ထင်ပါရဲ့”

ဟု ပြောရာ-

“ခုတလော မစောခင်က တယ်လည်းအလုပ်ကြိုးစားတာကိုးဗျ၊ ဘာများမြော်မြင်ပြီး ဒီလောက် အပင်ပန်းခံနေပါလိမ့်မလဲ”

ဟု စကားရော ဖွဲ့ရောလုပ်ကာ၊ ခေတ္တထိုင်၍ ပြန်လာကြပြီး အိမ်ဘေးပတ်လည်မှ စည်းစောင်းချောင်းမြောင်းကြည့်ရာ တဲကလေးအတွင်းဘက်ရှိ စောခင်၏အိပ်ရာမှာ စောခင်မရှိသည်ကို တွေ့မြင်ရမှ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြပြီး တီးတိုးလေသံနှင့်-

“ဟေ့-နန်းထော် အိပ်ရာထဲမှာ စောခင်လည်းမရှိပါကလား၊ အမယ်ကြီးညာတာပဲ”

“မင်းဘယ့်နှယ်ထင်သလဲ”

“ဘာထင်စရာလိုလဲကွ၊ ရည်းစားနဲ့တစ်နေရာရာသွားချိန်းတွေ့မှာပေါ့”

မြန်မာ စာအုပ်များ



"ကိုယ့်အိမ် ကိုယ်တွေ့တော့ ဘာဖြစ်သေးလဲကွာ၊ ပြောင်ပြောင် ပေါ့၊ ခုတော့မလိမ့်တပတ်နဲ့"

"ဒီလိုပေါ့ကွာ ပိုးတဲ့လူတွေကများတော့ မလိုတဲ့လူတွေက အနှောင့်အယှက်ပြုမှာလန့်လို့ ထင်ပါရဲ့"

"ဟေ့-ဘယ်အကောင်နဲ့ စွံနေတယ်ဆိုတာ သိရအောင်စောင့်ကြည့်မယ်ကွာ"

"ဘာလဲကွ-မင်းကမစားရတဲ့အမဲ၊ သဲနဲ့ပက်ဆိုသလို နှောင့်ယှက်မယ်လို့လား"

"မဟုတ်ပါဘူးကွာ၊ တို့ရွာက ဘယ်အကောင်ကံကောင်းသွားတယ်ဆိုတာ သိချင်လို့ပါ"

"ကဲ-ဒါဖြင့် လိုက်ရှာရအောင်"

"နန်းထော်ပြောလိုက်မှဖြင့် တယ်ခွကျတာပဲ၊ စောခင်ဘယ်သွားတယ်ဆိုတာ လိုက်ရှာနေလို့ အချိန်ကုန်ပြီး တွေ့ချင်မှတွေ့မယ်၊ ဟောဒီကနေစောင့်တာ မကောင်းလား၊ အကောင်နဲ့အတူတူပြန်လာတာမြင်ရမှာပေါ့"

"အေး-ဟုတ်ပြီ"

"ဒီနောက် ဘေးချုံပုတ်ကလေးထဲကပဲ စောင့်ကြစို့"

သူငယ်ချင်းလေးငါးယောက်တို့လည်း ချုံကလေးမှဝပ်ကာ တစ်ညလုံးစောင့်ဆိုင်းနေကြလေ၏။ ညဥ့်နက်သဖြင့် လရောင်ကလေးလည်း ဝင်းဝါကြည်လင်လာလျှင် အနီးပတ်ဝန်းကျင်ကို ကောင်းစွာ တွေ့မြင်နိုင်လေ၏။ သို့နှင့်အတန်ကြာလေသော် သန်းခေါင်ကြက်များ တွန်သံကြားရပြီးနောက် တောင်ဘက်ဆီမှ တဖြည်းဖြည်းလျှောက်လာသော သဏ္ဌာန်တစ်ခုကို တွေ့မြင်ရသဖြင့် ချုံထဲကလူတစ်စုလည်း . . .

"ဟော-လာပြီလာပြီ-ငြိမ်ငြိမ်နေ"

ဟု အချင်းချင်းပြောကာ ငြိမ်သက်စွာဝပ်၍နေကြလေ၏။ လျှောက်လာသောသဏ္ဌာန်ကား တဖြည်းဖြည်း နီးကပ်လာသောအခါ ပန်းတွေဝေအောင်ပန်လာသော စောခင်ဖြစ်မှန်းသိရသော်လည်း နန်းထော်တို့မြင်လိုသော စောခင်

မြန်မာ စာအုပ်များ



၏ရည်းစားမပါဘဲ စောခင်တစ်ယောက်တည်းပြန်လာပြီး အိမ်ထဲသို့ဝင်သွားသည်ကို မြင်ရသောကြောင့် မကျေမနပ်ကြီးဖြစ်၍ကျန်ရစ်ပြီး တီးတိုး-တီးတိုး တိုင်ပင် ကြပြန်လေ၏။

"ဘယ့်နှယ်လဲဟေ့၊ တစ်ယောက်တည်းပြန်လာပါကလား၊ ရည်းစားနဲ့ ချိန်းတာမှဟုတ်လေရဲ့လား"

"မင့်အမေလွှား ရည်းစားနဲ့မချိန်းဘဲ မိန်းကလေးတစ်ယောက်တည်း သန်းခေါင်သန်းလွဲကြီး ပြန်လာတဲ့ဥစ္စာ ရည်းစားကိစ္စပေါ့ကွ"

"နို့-ဘယ်မလဲကွ၊ ရည်းစားမပါပါလား"

"ဒါတော့ကွာ ချိန်းတွေ့တဲ့နေရာက လမ်းခွဲထွက်ကြမှာပေါ့"

"ဒါဖြင့်-သူ့ရည်းစားကို တို့သိရအောင် ဘယ်လိုကြံမလဲ၊ သြော်- ဒါနဲ့ ဟေ့၊ စောခင်ပန်လာတဲ့ပန်းတွေကို သတိထားမိရဲ့လားဟေ့"

"အင်္ဂလိပ် တိုက်ပန်းဖြူတွေပဲကွ၊ ဒီရွာမှာ ဒီပန်းပင်တစ်ပင်တည်းရှိတယ်။ ဟို-သရဲခြောက်လို့ ဘယ်သူမှမဝင်ဝံ့တဲ့အိမ်ကြီးထဲမှာ အမြဲသိပ်ပွင့်တာ ပေါ့ကွာ"

"ဒါဖြင့်- စောခင်၊ အဲဒီတိုက်ပန်းဖြူတွေကို အိမ်ကြီးထဲဝင်ခူးပြီး ပန်လာတာပေါ့၊ အံ့သြစရာပဲဟေ့။ ငါတို့ယောကျ်ားတွေ နေ့ခင်းကြီးကြောင် တောင်တောင်မဝင်ရဲတဲ့ဟာ ခုလိုညကြီးအချိန်မတော် သူတစ်ယောက်တည်း ဝင်ပြီး ခူးပန်လာဝံ့တာအံ့ပါရဲ့ကွာ"

"တစ်ယောက်တည်းတော့ ဘယ်ဟုတ်မလဲကွ၊ သူ့ရည်းစားနဲ့ အတူတူ ဝင်မှာပေါ့ကွယ်၊ သူ့ရည်းစားလည်း ဘယ်လိုအကောင်မျိုးမို့ ဒီခြံထဲဝင်ရဲရသလဲ၊ အဲဒါ-တို့များစဉ်းစားစရာတစ်ခုပဲကွ"

"အတပ်သိရအောင် နက်ဖြန်ည သေသေချာချာချောင်းကြည့်မယ်ကွာ၊ နေဝင်ရီတရောလောက်က လာစောင့်ပြီး စောခင်သွားတဲ့နေရာ မယောင်မလည် လိုက်ကြည့်တာပေါ့၊ ကဲ-တို့ပြန်ကြစို့ရဲ့၊ အိပ်ရေးပျက်လှတယ်။ နက်ဖြန် ညနေစောစော ဒီချုံကို လေးယောက်ဆုံရအောင်ဟေ့နော်၊ မေ့မနေကြနဲ့"

မြန်မာ စာအုပ်များ



ဟု အချင်းချင်းချိန်းချက်ကာ လူစုကွဲသွားကြလေ၏။

နောက်တစ်နေ့ နေဝင်ရီတရော အချိန်သာသာတွင် နန်းထော်တို့လူစုလည်း ချိန်းဆိုထားသောနေရာသို့ ရောက်လာကြလေ၏။ ချုံပုတ်ထဲမှ စောခင်၏အရိပ်အဆင်ကို စောင်းပါးရိပ်ခြေကြည့်ရှုနေလေရာ အကြောင်းအရင်းကို အနည်းငယ်မျှ မရိပ်မိရှာသောစောခင်လည်း သနပ်ခါးတွေ ခြေဆုံးခေါင်းဆုံးလူးလျက် ပေါ့ပါးသွက်လက်စွာ ယမန်နေ့ ညကလာသောလမ်းအတိုင်း ထွက်သွားသည်ကို တွေ့ရလေ၏။

နန်းထော်တို့လူစုလည်း-

"ဟော-ဟော့-သွားပြီ၊ လာလိုက်ကြစို့"

ဟု လက်တို့ကာ မှောင်ရိပ်မှခို၍ စောခင်နောက်သို့အစဉ် တစိုက်လိုက်သွားကြလေ၏။

နောက်မှ ခြေရာခံလိုက်လာသူများရှိကြောင်း မရိပ်မိရှာသော စောခင်လည်း လျင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် လူသွားလမ်းကလေးအတိုင်း ကွေ့ကာကောက်ကာသွားခဲ့ရရာ မျှားမကြာမီအိမ်အိုအနီးသို့ရောက်လျှင် စောခင်သည် ခြံတံခါးမှမတွန့်မဆုတ်ရဲရင့်စွာဝင်ပြီး တိုက်ပန်းရုံကြီးရှိရာသို့ ပေါ့ပါးလျင်မြန်စွာ လျှောက်သွားသည်ကို တွေ့မြင်ရလေ၏။

စောခင် ခြံကြီးထဲသို့ ရဲရဲရင့်ရင့်ဝင်သွားသော်လည်း နောက်ကလိုက်ချောင်းသောလူများမှာ ခြံထဲကသရဲကိုကြောက်ရသေးသဖြင့် ဝင်မလိုက်ဝံ့ဘဲ ခြံအပြင်ကသစ်ပင်တစ်ခုပေါ်သို့ လူစုနှင့်တက်ကာ စောခင်၏အမူအရာကို စောင့်ကြည့်နေကြလေ၏။ စောခင်ကား ဖြူဖွေးစွာပွင့်နေသောတိုက်ပန်းဖြူရုံကြီးမှ ပန်းခက်ပန်းနွယ်များကို အားပါးတရခူးဆွတ်ကာ ခေါင်းပေါ်တွင်ဝေနေအောင်ပန်လျက်ရှိရုံမက ပန်းတောထဲတွင် ပျော်မြူးရွှင်ပြ ခုန်ကာပေါက်ကာနေသော ကိန္နရီမကလေးပမာ ထိန်လင်းစွာသာနေသောလရောင်အောက်တွင် ပန်းခိုင်ပန်းခက်ကလေးများကို အားရပါးရ မြှောက်ကာကြွကာကစား၍နေသည်ကို တွေ့မြင်ရလေ၏။

မြန်မာ စာအုပ်များ



"ကြည့်စမ်းပါဦးကွာ၊ သူတစ်ယောက်တည်း မကြောက်မရွံ့ကြွ နေလိုက်တာ၊ တယ်ရဲတဲ့ကောင်မလေးပါကလား။ ဟော-ဟော့-ဟော-ဟော- ပြောရင်းဆိုရင်း ပန်းချုံကြီးတစ်ခုလုံးလှုပ်ရှားနေလိုက်တာ၊ ဘယ်သူဝင်လာ သလဲမသိဘူး၊ ကြည့်ဟော့-ကြည့်"

ဟု ဆိုသဖြင့်၊ အားလုံးစူးစိုက်ကြည့်လိုက်ရာ လှုပ်ရှားနေသော တိုက် ပန်းရုံကြီးမှာ တဖြည်းဖြည်းငြိမ်သက်သွားပြီး အတွင်းက ယောကျာ်းပျို ခပ်ချော ချောတစ်ယောက် ပေါ်ထွက်လာလျက် လက်တစ်ဖက်က ကိုင်ထားသော ပန်းခက်ကြီးတစ်ခုနှင့် စောခင်ကို လှမ်း၍ပေါက်လိုက်သည်ကို တွေ့ရလေ၏။ ပန်းနွယ်များကို မြောက်ကာဝင့်ကာ ပျော်ရွှင်စွာကစားနေသောစောခင်မှာ မိမိပခုံးပေါ်ကို ပန်းခက်တစ်ခုကျလာသဖြင့် ရုတ်တရက်လန့်သွားသလိုရှိစဉ် ရှမ်းလူပျိုကလေးသည် ပြုံးချိုသောမျက်နှာနှင့် စောခင်၏မျက်လုံးနှစ်ဖက်ကို ၎င်း၏လက်နှစ်ဖက်နှင့် နောက်ကနေ၍ ရုတ်တရက် လှမ်းပိတ်ထားလိုက်ရာ စောခင်မှာလည်း ရှေ့ကရုန်းရင်းဖယ်ရင်းနှင့်ပင် ရှမ်းလူပျိုကလေး၏ရင်ခွင် တွင်းသို့ ကျရောက်သွားသောကြောင့် ဘွားခနဲမျက်လုံးကိုဖွင့်လိုက်သောအခါမှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးစိစိနှင့်ကျီစယ်နေကြသည်ကို တွေ့မြင်ကြရလေ၏။

ရှမ်းလူပျိုကလေးမောင်သီလှမှာ ကျက်သရေရှိ၍ ခံ့ညားလှပယောကျာ်း ပီသသော ရုပ်လက္ခဏာနှင့် ပြည့်စုံသည့်အပြင် အဖိုးတန်သစ်သစ်လွင်လွင်ကြီး မဟုတ်သော်လည်း သန့်သန့်ရှင်းရှင်း သပ်သပ်ယပ်ယပ်ရှိသော ရှမ်းဘောင်းဘီ အဖြူနှင့် ဖျင်ဖြူအကျီပိတ်ခေါင်းပေါင်းရှည်များကြောင့် သားသားနားနား လူစားထဲကကဲ့သို့ မှတ်ထင်ရလေရာ ရုပ်လှသောစောခင်နှင့်လည်း ရှေ့သွား နောက်လိုက်ညီသကဲ့သို့ ရှိလေ၏။

သစ်ပင်ပေါ်က ကြည့်နေကြသော နန်းထော်တို့ လူတစ်စုလည်း မျက်လုံးကြီးတွေ အကြောင်သားနှင့် ရှေ့သွားနောက်လိုက်ညီလှသော မောင်သီလှနှင့်စောခင်တို့ကို ကြည့်၍နေမိကြလေ၏။

မြန်မာ စာအုပ်များ



"တယ်လှတဲ့အကောင်ပါကလား"။ ဒီလူရဲ့မျက်နှာမျိုးဟာ တို့ရွာထဲမှာ တစ်ခါမှမမြင်ဖူးပါကလား၊ တစ်ရွာသားနဲ့တူတယ်၊ တစ်ရွာသားမို့လည်း ဒီခြံကြီးထဲအကြောင်းမသိလို့ ရဲရဲဝံ့ဝံ့လာဝံ့တာပေါ့"

ဟု အချင်းချင်း အမျိုးမျိုးအဖုံဖုံ ထင်မြင်ချက်ပေးနေလေရာ စောခင်နှင့်ရှမ်းလူပျိုတို့မှာလည်း ပန်းရုံကြီးအနီးတွင် ပလူးကျီစယ် ချစ်တို့လှယ်၍ နေကြရာက အတန်ကြာသော် တစ်ယောက်ခါးတစ်ယောက်ဖက်၍ အိမ်ပျက်ကြီးပေါ်သို့ တက်သွားကြသည်ကိုတွေ့ရပြန်ရာ နန်းထော်တို့မှာ အံ့ဩသည်ထက်အံ့ဩကာ-

"အမယ်လေး ရဲလိုက်တာလွန်ပါရောလား၊ ခြံထဲမှာလုပ်ချင်တိုင်းလုပ်နေရတာ အားမရကြလို့ အိမ်ပေါ်တောင်တက်သွားကြပြန်ပြီ၊ ဒီလူဟာ လူထူးပဲ၊ ဘယ်လိုလူစားလဲ၊ မှော်ဆရာထဲကလား၊ ပညာသည်ထဲကလား၊ ဥစ္စာစောင့်လူယောင်ဆောင်နေတာလား၊ တယ်အတွေးရ ခက်နေပြီ၊ ဒီလူဘယ်လိုလူစားဆိုတာ စောခင်တော့သိမှာပဲ၊ စောခင် စောခင်၊ လူကောင်းသူကောင်းနဲ့ ရနေရင်တော်ပါရဲ့၊ မဟုတ်မှဖြင့် ဒုက္ခရောက်လိမ့်မယ်၊ ဥစ္စာစောင့်ဆိုရင် ဝိညာဉ်နုတ်ပြီးခေါ်သွားမှာပဲ၊ အခုတော့ တွေ့စမို့ ဖြားယောင်းနေတာ"

ဟု ပြောသူကပြော၍၊ အချို့ကလည်း-

"ဟာ-ဥစ္စာစောင့်မဟုတ်ပါဘူး။ လူပါ၊ ဒီလူကိုမကြာမကြာ မြင်ဖူးပါတယ်၊ ဘယ်မှာမြင်ဖူးတယ်ဆိုတာတော့ မပြောတတ်ဘူး"

ဟု ပြောသူကပြောကာ၊ လူပါ ဥစ္စာစောင့်ပါနှင့် အငြင်းအခုံ ဖြစ်လာကြရာ၊ သစ်ပင်ပေါ်မှာပင် ပါတီကွဲချင်သလိုလို ဖြစ်လာလေ၏။ ဤတွင်မှ နန်းထော်ကဖျန်ဖြေကာ-

"ကဲ-ကဲ ငြင်းခုံမနေကြပါနဲ့ကွာ၊ လူလား-နာနာဘာဝလား၊ အတပ်သိရအောင် ရဲရင်သွားကြည့်ကြစို့ကွာ။ လာကြ၊ သေတစ်နေ့ မွေးတစ်နေ့ပဲ၊ ဘာကြောက်ရမှာလဲ"

ဟု ရှေ့ဆောင်၍ပြောလိုက်သောအခါ-

မြန်မာ စာအုပ်များ



"ကဲ-ကွာလိုက်တယ်။ ငြင်းနေမယ့်အစားသွားကြည့်ကြစို့"

ဟု အညီအညွတ်ဆုံးဖြတ်ကာ သစ်ပင်ပေါ်မှဆင်းလာပြီး အိမ်ပျက်ကြီးပေါ်သို့သွားရန် ခြံတံခါးဝသို့ ရောက်လာကြလေ၏။

"သူအရင် ဝင်ရမယ်-ငါအရင်ဝင်ရမယ်"

ဟု အချင်းချင်းတွက်ကပ်နေကြပြန်ကာ၊ နောက်မှ-

"ဟေ့-မိန်းကလေးလောက်မှ မရဲကြဘူးလားကွ။ မင်းတို့ကို သရဲက ဝါးမစားပါဘူး၊ ဒါလောက်လည်းကြောက်လန့်မနေကြပါနဲ့၊ ကိုင်း- လာလာ လေးယောက်လုံးယှဉ်ပြီး တစ်ပြိုင်တည်းဝင်ကြမယ်၊ လက်တွဲကြ"

ဟု ဆို၍ လေးဦးသားလက်ချင်းတွဲကာ ညီတူညာတူခြေလှမ်း ပြင်ကြပြီး ခြံထဲသို့မရဲတရဲဝင်စပြုကြလေ၏။ ခြံအတွင်းသို့ ခြေလှမ်း သုံးလှမ်းလောက်မျှ နင်းမိလျှင် အိမ်အိုကြီးပေါ်ကပိတ်ထားသော လှေကားထိပ်ရှိ အဝင်ပေါက်တံခါးရွက်ကြီးတစ်ခု ကျွီခနဲအလိုလို ပွင့်လာသည်ကို တွေ့မြင်ရသောအခါ နန်းထော်တို့လူစုမှာ အကြောင်သားငေးကြည့်နေမိကြလေ၏။ ရင်ထဲတွင် တထိတ်ထိတ်နှင့် ကြောက်စိတ်တွေမိုးမွှန်၍နေကြစဉ် အစွန်ဆုံးမှနေ၍ဝင်သော ဘိုးခမှာ အလိုလိုနေရင်း ဆန့်ငင်ဆန့်ငင်ဖြစ်လာသောကြောင့် စိုက်ကြည့်ရာ ဘိုးခမှာ မိမိလည်မျိုကို လူမမြင်ရသောလက်များဖြင့် တအားဖျစ်ညှစ်ထားသည်ကို ခံရသဖြင့် ဝူးဝါးဝူးဝါးနှင့်နေရာက နောက်ဆုံးတွင် ဘုံးခနဲမြေပေါ်သို့ ဆွဲချလိုက်သည်ကိုတွေ့ရပြီးနောက် သာအိ ဝူးဝါးဝူးဝါးအော်၍ လဲကျ သွားပြီးနောက် စောနီကောက်၍ဖြစ်ပြန်ကာ စောနီလဲသည်နှင့်တစ်ပြိုင်နက် ပြူးကြောင်ကြည့်နေသော နန်းထော်ကို အနှက်ခံရပြန်ရလေ၏။ လေးယောက်သား အတုံးအရုံးလဲနေကြရာက ကြောက်ကြောက်လန့်လန့်နှင့် အလူးအလဲကုန်းထကြပြီး-

"ဟေ့-မဖြစ်ဘူးဟ၊ သရဲက ဆော်လမန်တော့လိုက်ပြီ၊ တော် တော်ကြာကြားထဲက အချောင်သေနေလိမ့်မယ်ပြေးကြစို့ရဲ့"

ဟု ပြောပြီး သုတ်သီးသုတ်ပျာ ဒယီးဒယိုင်နှင့် ထွက်ပြေးလာကြရလေသတည်း။

***

မြန်မာ စာအုပ်များ



ထိုနေ့ကစ၍ ရွာက ကာလသားတို့ ပါးစပ်ဖျားတွင် စောခင် အကြောင်းကိုသာ အထူးအဆန်းလုပ်၍ ပြောနေတော့လျက် ထိုယောက်ျား ပျိုမှာလည်း လူလော-နာနာဘာဝလော့ဟု ကွဲပြားစွာ မသိနိုင်သဖြင့် တထင့် ထင့်စိတ်မော၍ နေကြလေ၏။

"စောခင်ဟာ အိမ်အိုကြီးထဲကို ညညကျရင် သွားသွားပြီး ယောက်ျား တစ်ယောက်နဲ့ ချိန်းချိန်းတွေ့နေသတဲ့။ ဒီလူဟာလည်း ရွာထဲကလူ မဟုတ်ဘူး၊ မွန်မွန်ရည်ရည်ထဲကတဲ့။ ဒီလောက် သရဲခြောက်နေတဲ့ အိမ်ကြီးမှာ မကြောက် မရွံ့ နေဝံ့ကြတာဟာ အဲ-ဒီလူဟာ သူကိုယ်တိုင်က နာနာဘာဝလူယောင် ဆောင်နေတာလား၊ ဒါမှမဟုတ်ရင် နာနာ ဘာဝကို နိုင်နင်းတဲ့ မှော်ဆရာ- သိုက်ဆရာလားမသိရဘူး။ သိုက်ဆရာဆိုရင် ဦးနန်းဆံစုဆောင်းထားတဲ့ ပစ္စည်းတွေ အကုန်ယူသွားမယ့်အပြင် ရွာထဲကမိန်းကလေးတစ်ယောက်ကို လည်း မတရားဖျက်ဆီးသွားတာခံရဦးမယ်။ ယူလို့ရှိရင် သိသိသာသာ တောင်း ယူတာကောင်းတယ်။ အမေကြီးကလည်း သဘောတူကြိတ်ပြီး ငြိမ်နေရမလား၊ တို့ရွာက မိန်းမပျိုကလေးတွေကို လူစော်ကားသွားတယ်ဆိုတဲ့ နာမည်ကို မခံနိုင်ဘူး။ တကယ်ဆိုရင် ရွာက ကာလသားတွေလည်း ကျေနပ်ကြအောင် ဆိုပြီး ရွာဝင်ကြေးနဲ့ဘာနဲ့ သိသိသာသာ အခွင့်ပန်ပြီးယူမှခံနိုင်မယ်"

စသည်ဖြင့် အုပ်ကျွတ်အုပ်ကျွတ်နှင့် တစ်အိမ်တက်ဆင်းစကား ဆို၍နေကြလေ၏။

ထိုသတင်းမှာ တစ်ရွာလုံးပျံ့နှံ့သွားပြန်လေရာ စောခင်နှင့် အပေါင်း အသင်းဖြစ်သော အပျိုဖော်ချင်းတို့ကလည်း ထိုသတင်းကို ကြားရသည်တွင်-

"အေး-ဒါကြောင့် စောခင်တစ်ယောက် အမူအရာပျက်နေတာကိုး၊ အရင်က ဖက်ခူးထင်းခွေနေရင် တို့နဲ့အတူပါတာချည်းပဲ။ အခုခွဲခွဲ ထွက်နေ တာကြာပြီ၊ ထင်းဖြစ်ဖြစ် ဖက်ဖြစ်ဖြစ်၊ တို့နှစ်ယောက်သုံးယောက်ရှာတာ လောက်ပိုပိုပြီးရလာတယ်။ ကေန္တ တောထဲမှာလည်း သူ့ရည်းစားနဲ့ ချိန်းချိန်း တွေ့ပြီး အလုပ်အတူ လုပ်ကြတာပဲထင်တယ်။ ကိုကြီးနန်းထော်တို့၊ ကိုကြီး စောနီတို့ အပြောကလည်း ညတိုင်းပဲ အိမ်ပျက်ကြီးကို သွားသွားပြီး သန်းခေါ်

မြန်မာ စာအုပ်များ



ကျော် လင်းအားကြီးမှ ပြန်လာသတဲ့။ ဒါလောက် တောင်ရှိတာ အထင်က ရယူလိုက်ပါတော့လား၊ ဘယ်သူကတားဆီးမှာလဲ”

ဟု အချင်းချင်းလက်တို့မေးငေါ့ကာ ကဲ့ရဲ့စကားပြောကြလေ၏။

စောခင်၏မိခင်အိုကြီးအားလည်း ကာလသားများက ဝိုင်း၍ ဆူကြလေ၏။

“ခင်ဗျားကြီးက သမီးဆီလာရင် အိပ်နေတယ်-အိပ်နေတယ်နဲ့ ကြပ်ကြပ်ညာ။ ခင်ဗျားသမီး ပြည့်တန်ဆာဖြစ်မှန်းမသိ ဖြစ်နေမယ်။ ယူကြရင်လည်း ရွာဝင်ကြေးနဲ့ဘာနဲ့ ထုံးစံအတိုင်းလုပ်မှပေါ့။ ခုတော့ ဒီကောင်ဟာ တခြားရွာကလာပြီး ကျုပ်တို့ရွာကမိန်းမကို စော်ကားနေရာကျတယ်၊ ဒီလိုဆိုရင် မခံနိုင်ဘူး၊ ဘာလဲ-ခင်ဗျားကြီးက အလိုတူ အလိုပါ၊ သမီးနဲ့ ကြိတ်ညာနေတာလား၊ ယူရင်လည်း အထင်ကရယူကြပါစေ၊ ခုလိုနေတာ ကျုပ်တို့ရွာနာမည်ပျက်တယ်” ဘာင ပယ်နှင့် နေ့စဉ်လာ၍ ဆူကြလေ၏။

မိန်းမအချင်းချင်းများကလည်း-

‘ဟုတ်တယ် အရီးရယ်၊ တစ်ရွာလုံးကဲ့ရဲ့လို့ ဆူနေပြီ၊ ဒီလိုမနေပါစေနဲ့၊ ထင်ထင်ပေါ်ပေါ် တောင်းပြုပါစေ၊ ဒီလိုမှမတောင်းမရမ်းနိုင်ဘူးဆိုရင်လည်း အရီးဒွေးသမီးကို ယောကျ်ားကလေးရှိရာသွားသွားမနေပါစေနဲ့၊ ကျုပ်တို့ရွာက မိန်းကလေးတွေ ဈေးကျလှတယ်။ ရှက်စရာကြီးပါ”

စသည်ဖြင့် အောက်ကလိအာပြောကြသောကြောင့် အမယ်ကြီးဒေါ်နန်းဒွေးမှာ စိတ်ရှုပ်၍လာလေ၏။ ထို့ကြောင့် သမီးကိုလည်း-

“ဟုတ်တယ်၊ ညည်းဒီလိုလုပ်နေတာမတော်ဘူး၊ ယူကြရင်လည်း ထင်ထင်ပေါ်ပေါ်ယူကြပါ၊ ငါ့ကိုတစ်ရွာလုံးက ဝိုင်းဆူနေကြပြီ၊ ဒီလိုမှ မယူနိုင်ကြဘူးဆိုလည်း ညည်းအိမ်ထဲက အိမ်ပြင်မထွက်ပါနဲ့၊ မိန်းကလေးတန်မဲ့ယောကျ်ားလေးရှိရာသွားသွားနေတာ ညည်းနန့်ကြော ဆွဲရာကျလှတယ်။ ညည်းလူကိုညည်းပြောပါ၊ ရွာကကာလသားတွေကလည်း စိတ်ဆိုးလှပြီ၊ တစ်နေ့ဝိုင်းရိုက်ထားလို့ ကိုယ်တခြားခေါင်း တခြားဖြစ်နေမယ်သိလား”

ဟု သမီးကို မာန်လားမဲလားလုပ်နေတော့လေ၏။

မြန်မာ စာအုပ်များ



သို့နှင့် စောခင်မှာလည်း မိခင်ကနေ့တိုင်းဆူ အပျိုဖော်သူငယ်ချင်းများကလည်း-

"ဟုတ်သားပဲ၊ ညည်းဟာကယ့်ရင်လည်း ထင်ထင်ပေါ်ပေါ်ယူတာမဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ဈေးဖျက်နေတဲ့ဥစ္စာ၊ ဒီလိုမလုပ်ပါနဲ့ အေရယ်၊ ရွာနာမည်ပျက်လှတယ်၊ ညည်းလူက ဘယ်ရွာသားလဲ၊ ဘာလုပ်စားသလဲ၊ ညည်းသူ့အကြောင်း ကောင်းကောင်းသိလို့လား၊ တချို့ကတော့ မော်ဆရာယောင်ယောင်, သိုက်ဆရာယောင်ယောင်ပြောတယ်။ တချို့ကလည်း သူကိုယ်တိုင်ပဲဥစ္စာစောင့်လိုလို, သရဲလိုလိုထင်နေတယ်။ ဘယ်လိုလူစားလဲအေ ထူးတော့ထူးတဲ့လူပဲ၊ သူများထက်ပိုမထူးခြားဘဲ ဒီခြံထဲကို ဘယ်နည်းနဲ့မှ မလာဝံ့ဘူး၊ သူ့ကိုအကြောင်းပြုပြီး ညည်းပါ ဇက်ရဲပြီး ဒီခြံကြီးထဲကို ဝင်ဝံ့ထွက်ဝံ့ဖြစ်နေတာကလား၊ ပြောစမ်းပါအေ၊ ဘယ့်ရွာသားလဲ၊ နာမည်ကော ဘယ့်နှယ်ခေါ်သလဲ"

ဟု သူငယ်ချင်းချင်း ဇွတ်မေးလှမကမေးကြမှ-

"အိုအေ-ညည်းတို့နှယ်မေးနိုင်ရန်ကော၊ လူပါအေ့၊ ဘယ်ကလာ ဥစ္စာစောင့်ရမှာလဲ၊ နာမည်ကတော့ ကိုသီလှတဲ့အေ့၊ ဒီရွာသားမဟုတ်ပေတဲ့ တို့လိုရှမ်းမနုမျိုးထဲပါပဲ"

ဟု မပြောချင်ပြောချင်ပြောလေရာ-

"အေး-ဒါဖြင့်ရင် ကောင်းပါလေရဲ့တော်၊ နို့ပေတဲ့ ဒီလိုနေတာတော့မကောင်းဘူးအေ၊ ရွာဝင်ကြေးနဲ့ဘာနဲ့ ထင်ထင်ပေါ်ပေါ်ယူကြပါ"

ဟု မကြာမကြာ ပြောကြသောအခါ စောခင်လည်း စိတ်ရှုပ်၍လာပြန်လေ၏။

ရွာက ဒေါ်နန်းဒွေးကိုဆူ၊ ဒေါ်နန်းဒွေးက စောခင်ကိုဆူနှင့် စောခင်ကလည်း မောင်သီလှကို ဆူစပြုလေ၏။

"ကိုသီလှရယ်၊ ကျွန်မကိုတစ်ရွာလုံး ကဲ့ရဲ့လှကြပြီ၊ ဒီလိုမနေပါနဲ့၊ ထင်ထင်ပေါ်ပေါ်နေရအောင် မြန်မြန်ကြံပါ၊ အမေကတော့ နောက်ရှင်နဲ့

သွားမတွေ့ရတော့ဘူးတဲ့၊ ကျွန်မတော့ ရှင့်အချစ်ကိုယုံလို့ ပုံခဲ့တာပဲ၊ ရှင်က လည်းကြာကြာနေရင် ရှင့်ဆီကိုလာရတော့မှာ မဟုတ်တော့ဘူး၊ ရွာက ကာလ သားတွေကလည်း စိတ်ဆိုးလှပြီ၊ တစ်နေ့နေ့ ရှင့်ကိုဝိုင်းရိုက်ထားလိမ့်မယ်"

ဟု နားပူလေရာ၊ မောင်သီလှမှာ ရယ်မောပြီး-

"မစောခင်၊ မင်းတို့ရွာသားတွေကို ကျုပ်မကြောက်ပါဘူး မခြောက် ပါနဲ့၊ ဒီအကောင်တွေကိုဂရုမစိုက်လို့ ကျုပ်ဒီလာလာနေတာပေါ့၊ ကျုပ်က တစ်ရွာလုံးကို ဘယ်သူ့မှဂရုမစိုက်ဘူး၊ မစောခင်တစ်ယောက်ကိုသာ ဂရုစိုက် မယ်၊ ချစ်မယ်၊ မင်းကိုချစ်လွန်းလို့ ကျုပ်ဒီလိုနေရတာပဲ၊ ထင်ထင်ရှားရှား တောင်းရမ်းယူဖို့ဆိုတာတော့ ကျုပ်စိတ်ထဲမှာဖြင့် နည်းနည်းမှမခဲယဉ်းပါဘူး၊ ဒါပေတဲ့-ကျုပ်အထက်က ဆရာကြီးတစ်ဦး ခရီးလွန်နေတာရှိလို့ သူ့ကိုစောင့် ပါမယ်၊ သူမလာမခြင်း ဘာမှမလုပ်ပါဘူးလို့ ကတိခံထားမိတဲ့အတွက် ရုတ်တရက်မတောင်းရမ်းနိုင်သေးတာပါ၊ နို့ပေတဲ့ မင့်အပေါ် သစ္စာမပျက်ပါဘူး၊ စိတ်ချပါ၊ မင့်အမေကိုလည်း အကျိုးအကြောင်း ပြောထားတာပေါ့၊ ဒါနဲ့မှ မကျေနပ်ကြသေးဘူးဆိုရင်လည်း မင့်အမေကကျုပ်ရှိတဲ့နေရာ မသွားရဘူး ပြောရင် သူ့စကားနားထောင်ပြီး မလာဘဲနေတာပေါ့"

ဟု ခပ်ပေါ့ပေါ့ပြောလိုက်ရာ စောခင်မှာ မျက်လုံးပြူးသွားပြီး-

"ဟင်-ကိုသီလှ၊ ရှင်ပြောလိုက်တာ တယ်လွယ်ပါကလား၊ သူများသား သမီးကို ဟင်းရွက်ကန်စွန်းလို ပြောရက်ပါပေ့ရှင်၊ ကျုပ်မလာဘဲနေရင် ရှင်က ပြန်ပြေးမယ်ပေါ့လေ-ဟုတ်လား၊ ယောကျ်ားပီပီ ကြောရပြီလို့ ရှင်ကပြတ်နိုင် ပေတဲ့ ကျွန်မမှာတော့မိန်းမသား၊ တစ်ရွာလုံးကလည်း အကဲ့ရဲ့ခံရပြီးမှ"

ဟု စကားဆုံးအောင် မပြောနိုင်ဘဲ၊ ဝမ်းနည်းစွာငိုရှာလေ၏။ မောင်သီလှလည်း မစောခင်ကိုယုယကြင်နာစွာ ပိုက်ဖက်ချော့မော့ကာ-

"အို-မငိုပါနဲ့ မစောခင်ရာ၊ ကျုပ်ပြောတဲ့စကားကိုဆုံးအောင်များ နားထောင်ပါဦးတော့ ကျုပ်ကရုတ်တရက် သူတို့တျေနပ်အောင် အထင်ကရ မယူနိုင်သေးတဲ့အခိုက် သူတို့ကျေနပ်အောင် မင်းမလာဘဲနေပါ၊ မင်းမလာ

မြန်မာ စာအုပ်များ



ပေတဲ့ မင်းဆီကို ကျုပ်ညတိုင်းတိတ်တိတ်လာမပေ့ါ၊ သူတို့ကိုတော့ မင်းနဲ့ ကျုပ်နဲ့ ပြတ်နေသလိုလို အထင်ရောက်ပေစေ၊ ဒါမှသူတို့အဆူသက်သာမယ်ဟုတ်လား"

ဟု ပြောပြသော်လည်း စောခင်ကမကျေနပ်သေးဘဲ-

"ဟင်-ရှင်ကျွန်မတို့အိမ်လာတာတော့ လူမမြင်ဘူးတဲ့လား၊ အရပ်ကကာလသားတွေ ပြိုးမိရင်ခက်တယ်။ သူတို့ကအကဲခတ်ပြီး လာချောင်းကြမှာပဲ၊ နို့ပြီးတော့ အမေကလည်း ရှင်အိမ်ပေါ်ရောက် နေတာမသိဘဲနေမလား၊ တစ်နေ့မသိ၊ တစ်နေ့သိသွားမှာပဲ"

ဟု နှုတ်ခမ်းစူ၍ပြောလျှင် မောင်သီလှက အရေးမကြီးဘိအလား-

"အိုကွာ-ဒါတွေအရေးမလုပ်ပါနဲ့၊ ကျုပ်ယောက်ျားပါ၊ ကြံနိုင်ပါတယ်။ ကျုပ်လာတာ ရွာသားတွေမပြောနဲ့၊ တစ်အိမ်အတူနေတဲ့ မင့်အမေကြီးတောင် မသိစေရပါဘူး။ ဒီဟာတွေ ကျုပ်တာဝန်ထားစမ်းပါ၊ မပူစမ်းပါနဲ့"

ဟု စောခင်ကျေနပ်လောက်အောင် ချော့မော့ပြောလျှင်၊ နောက်ဆုံးတွင် စောခင်မှာလည်း ကျေနပ်ရရှာတော့လေ၏။

သို့နှင့် ရက်အတန်ကြာလာသောအခါ ဒေါ်နန်းဒွေးလည်း သမီးကိုဆူပြန်လေ၏။

"ဟေ့-စောခင် ညည်းအကောင်ကိုမပြောဘူးလား။ ဒါနောက်ဆုံးပဲအေ့၊ ညည်းမသွားနဲ့တော့"

ဟု ဆိုသောကြောင့်-

"ပြောပါတယ် အမေရဲ့၊ ကိုသီလှက သူ့ဆရာမလာမချင်း ဘာမှ မလုပ်သေးပါဘူးလို့ ကတိခံထားလိုက်ရတာနဲ့ ဆိုင်းနေတာပါတဲ့၊ လာရင်လာလာခြင်းပဲ တောင်းပါ့မယ်လို့ ပြောပါတယ်"

ဟု ပြောရာ၊ ဒေါ်နန်းဒွေးလည်း မကျေမနပ်ကြီးနှင့်-

"ဟင်-ဒါဖြင့် အစကဘာလို့ကြိုက်သေးသလဲ၊ ဆရာကြီးမလာသေးလို့ မတောင်းနိုင်သေးရင် ကြိုက်တုန်းကလည်း ဆရာကြီးလာအောင်စောင့်ပြီးမှ ကြိုက်ပါတော့လား၊ နေပါဦးအေ ခုမှတော့ လွန်ပြီးတာတွေ ပြန်ပြောနေလို့ အလကားပါပဲ၊ ကဲ-သူ့စကားအတိုင်း သူ့ဆရာကြီးဆိုတာကကော၊ ဘယ်တော့လာမှာတဲ့လဲ"

ဟု မေးပြန်ရာ၊ စောခင်မှာ အတော်အဖြေရကျပ်လာလေ၏။ သို့သော် အမေကြီးက မရမကမေးနေရာ နောက်ဆုံးတွင် ခပ်လေးလေး နှင့်ပင်-

"ခုတော့ သူ့ဆရာကြီးဟာ ခရီးသိပ်လွန်နေသေးတယ်၊ ဘယ်တော့ ပြန်လာမယ်မပြောနိုင်သေးဘူးတဲ့၊ အမိုးရဲ့"

ဟု ပြောလျှင်၊ အမယ်ကြီးမှာ ဆပ်ဆပ်တုန်အောင်ဒေါပွလာပြီး-

"ဟင်-ဒါဖြင့်ကောင်းကြတာပေါ့လေ၊ ဟိုမှာပြန်လမ်းမရှိဘဲနှင့် သေနေရင် ညည်းတို့ဒီလိုပဲနေကြမလား၊ အနှစ်ငါးဆယ်ကျော်မှပြန်လာ ရင်ကော၊ ဘယ့်နှယ်လုပ်မလဲ။ ကောင်းကြပါရဲ့တော်"

ဟု ရင်ဘတ်စည်တီးအော်လေ၏။

"ဒီလိုလည်း ဘယ်ဟုတ်မလဲအမေရဲ့၊ ရက်ချိန်းအသေအချာ မရှိတာ ကိုပြောတာပါ။ ကနေ့ နက်ဖြန်ရောက်ချင်လည်း ပြုံးခနဲရောက်လာမှာပဲ။ သုံးလလေးလရှိမှ ရောက်ချင်လည်းရောက်မယ်။ တစ်နှစ်- နှစ်နှစ်ရှိမှ လာချင် လည်းလာမှာပဲတဲ့"

ဟု ပြောသည့်တိုင်အောင်၊ အမေကြီးက မကျေမနပ်-

"ကိုင်း-ဒါဖြင့် ရှင်းရှင်းပဲအမိ၊ ဒီနေ့ကစပြီး အမိအိမ်ထဲက အိမ်အပြင် မထွက်ပါလေနဲ့။ ထွက်လို့ရှိရင် အမိကိုကျုပ်ကိုယ်တိုင် ဓားမနဲ့ ပိုင်းရပါလိမ့်မယ်၊ တစ်ရွာလုံးကလည်း ကဲ့ရဲ့လှပြီ၊ ဒီတော့ ညည်းကိုလည်း ကြာကြာမထားဘူး၊ တောင်းလာတဲ့လူရှိရင် ခွေးနဲ့ဖြစ်ဖြစ် ပေးစားလိုက်တော့မယ်"

ဟု ကြိမ်းဝါးလိုက်သောကြောင့် စောခင်မှာ ထိုနေ့ကစပြီး အိမ်ပျက် ကြီးဆီသို့ မသွားရတော့ဘဲ ရှိလေ၏။ အမယ်ကြီးလည်း ကာလသားများနှင့် တကွ ရွာထဲကလူများကို စောခင်အား သူ့ရည်းစားနှင့်ခွဲ၍ အိမ်ထဲတွင် လှောင်ထားပြီဖြစ်ကြောင်းများ သတင်းလွှင့်လျှင် တစ်ရွာ လုံးမှာ စောခင်ကိုသာ ကဲ့ရဲ့ပြစ်တင်၍ နေကြလေ၏။ စောခင်ကိုပိုးခဲ့ ဖူးသောသူများအနက်မှ အချို့ ကလည်း မေတ္တာမပျက်ကြသေးဘဲ အကျကောက်ယူရန် ဒေါ်နန်းဒွေးကို ကပ်နှူးကြလေ၏။

မြန်မာ စာအုပ်များ



ယင်းသို့ ဒေါ်နန်းဒွေးနှင့်တကွ တစ်ရွာလုံးက စောခင်ကို သူ့ရည်းစားနှင့် အကယ်လမ်းစပြတ်ပြီဟု အထင်ရောက်ကြသော်လည်း စင်စစ်အားဖြင့် စောခင်မှာ မောင်သီလှနှင့် ညစဉ်ပင်တွေ့ဆုံလျက်ရှိကြပြီး တစ်ညလုံး တပြုံးပြုံးအချစ်ပွဲနွှဲ၍ လင်းမှပင် ပြန်သွားတတ်သောကြောင့် စောခင်မှာ ချစ်သူနှင့် အကယ်စင်စစ် မကွဲရသည်နှင့် ဝမ်းမနည်းလှပေ။ သို့သော်- မောင်သီလှအိမ်ကို အဝင်အထွက်ရဲတင်းလှသောကြောင့် အမေကြီးနှင့် ရွာသူရွာသားတွေ တစ်နေ့နေ့မိသွားမည်ကို အထူးစိုးရိမ်ကြောင့်ကြ ဖြစ်မိရှာလေ၏။ သို့ရာတွင် မောင်သီလှအဝင်အထွက်ကို မည်သူမျှမမြင် ရသည့်အပြင် အတူနေသော ဒေါ်နန်းဒွေးပင် မသိမရိပ်မိရုံမက ညသာကျရင် ဒေါ်နန်းဒွေးမှာ ရှေးအခါကလို မဟုတ်ဘဲ တရှူးရှူးတရှဲရှဲ ဟောက်ကာ အိပ်မောအကျကြီးကျ၍သာ နေလေသတည်း။

“ကိုသီလှ၊ အမေ ခုတလောသိပ်အိပ်တာပဲ။ အရင်ဖြင့် တစ်ညလုံးအိပ်တယ်မရှိဘူး။ ဆေးလိပ်ကြီးထိုင်ထိုင်သောက်နေတယ်၊ အခု-တယ်ဆန်းတာပဲ”

ဟု စကားစပ်မိ၍ ပြောမိသောအခါ၊ မောင်သီလှမှာပြုံးပြီး-

“အိပ်ပါစေကွယ်၊ သူ့အိပ်မှ ကျုပ်တို့ ချောင်ချောင်လယ်လယ် နေရထိုင်ရတာကလား၊ လူကြီးဆိုတော့ အိပ်လေအားရှိလေပေါ့။ မင့်အမေ ကျုပ်ယောက္ခမကြီး အသက်ရှည်ရှည်နေရအောင် ကျုပ်က အိပ်မွေ့ဆေးကလေး ချချပေးလိုက်တယ်၊ ဟား-ဟား-ဟား”

ဟု ပြောမှ-

“အင်း-သူလေ၊ သူအင်မတန်တတ်နိုင်တယ်၊ ဒါပေတဲ့ တစ်နေ့နေ့ ကာလသားတွေနဲ့တွေ့ရင် ရှင်ကိစ္စများမယ်သိလား”

ဟု ပြောရာ-

“ဒီကောင်တွေလောက်တော့ ကျုပ်က အပျော့ပေါ့ကွာ၊ မစိုးရိမ်ပါနဲ့”

ဟု ဆိုသည်တိုင်လည်း-

မြန်မာ စာအုပ်များ



"ဒါထက် ခုလိုနေရတာ ပျော်တော့ပျော်ပါရဲ့။ တစ်နေ့ အကျပ်အတည်းတွေဦးမှာ မြင်နေတယ်။ အမေက ကျွန်မကို လင်ပေးစားတော့ မလို့တဲ့ ကိုသီလှရဲ့၊ ရွာထဲက နန်းထော်ဆိုတဲ့ အကောင်က ကျွန်မကို မျက်နှာပြောင်တိုက်ပြီး လာတောင်းနေတယ်။ အမေကလည်း လူမပြောနဲ့ ခွေးနဲ့ပဲဖြစ်ဖြစ် ပေးစားမယ်တဲ့"

ဟု ပြောသောအခါ၊ မောင်သီလှမှာ မျက်နှာညိုသွားရှာလေ၏။ ထို့နောက် သက်ပြင်းတစ်ချက်ရှူချလိုက်ပြီးလျှင်-

"တယ်-အနှောင့်အယှက်တွေက များတာကိုးကွဲ့၊ ကဲလေ မင့်ကို ချစ်မိမှတော့ ကျုပ်ဒုက္ခရောက်ချင်ရောက်ပါစေ၊ အရေးရှိရင် ကိုယ့်မယား၊ သူများလက်မပါအောင် စွန့်ပြီးလုယူရတော့မှာပေါ့လေ"

ဟု ပြောကာ၊ မျက်စိစုံမှိတ်ပြီး စိတ်အေးအေးနှင့်ပင် ပျော်ပျော်ရွှင်ရွှင် နေလိုက်ကြလေ၏။

သို့နှင့် နေ့ရက်အတန်ကြာ၍လာခဲ့ရာ ဒေါ်နန်းဒွေးအခွင့်အရ နန်းထော်မှာ စောခင်ထံသို့ လူပျိုလှည့်လာစပြုလေ၏။ သို့သော် စောခင်ကား နန်းထော်ကိုထွက်၍ဧည့်မခံဘဲဖွတ်ပေ၍ အခန်းအောင်း၍နေရာ ဒေါ်နန်းဒွေးမှာ ဒေါသထွက်လာပြီး သမီးကိုဝင်၍ရိုက်နှက်ကာ-

"ဟဲ့-ကောင်မ နန်းထော်လာတာကို ဘာပြုလို့ထွက်စကား မပြောသလဲ၊ နင့်လင်ကိုမက်မောနေသေးသလား၊ သွား-ခွေးကောင်မ ထွက်ဧည့်ခံချေ"

ဟု ဆိုကာ၊ ဆံပင်ကိုဆွဲခေါ်လာပြီး နန်းထော်အနီးတွင် ထိုင်စေရာ၊ စောခင်မှာလည်း ငိုယိုစူဆောင့်ရင်း နန်းထော်အနီးတွင် ထိုင်ရလေ၏။ နန်းထော်ကား နှလုံးတွေ့ရဘိအလား ပြုံးစေ့စေ့ကြီးကြည့်ကာ စောခင်ကို သွားရည်ကျသော မျက်လုံးကြီးများနှင့် စိမ်းစိမ်းလဲ့လဲ့ ရှုစားတော်မူနေစဉ်၊ နန်းထော်မှာဆန့်ငင်ဆန့်ငင်နှင့် ရုတ်တရက်ဖြစ်လာပြီး လူကို မမြင်ရသော လက်ကြီးနှစ်ဖက်နှင့် အိမ်ပေါ်က ကိုင်ပေါက်ချလိုက်ရာ နန်းထော်လည်း ငယ်သံပါအောင် အော်ဟစ်ကာပြေး ရရှာလေ၏။

မြန်မာ စာအုပ်များ



ဒေါ်နန်းဒွေးလည်း မျက်လုံးကြီးပြူးကာ ငေးနေတော့၏။ စောခင်လည်း ငိုရာကအံ့အားကြီးသင့်နေလေရာ တစ်ရွာလုံးကား နန်းထော်ထိတ်လန့်တကြားပြောခြင်းဖြင့် ရုတ်ခြည်းသတင်းပြန့်ပွားသွားပြီး သူထက်ငါ လာရောက်မေးကြလေ၏။ တချို့ကလည်း "ခြံထဲက သရဲ အဆက်ထင်တယ်ဟေ့၊ စောခင်ကလည်း ဒီခြံထဲကို အမြဲသွားနေတာကလား"ဟု စကားတွေပြန့်ပွားနေလေ၏။ စောခင်လည်း ထိုနေ့ည မောင်သီလှလာသောအခါ နေ့လယ်က တွေ့ကြုံရသောအဖြစ်အပျက်များကိုပြောပြပြီး အံ့ဩနေရာ၊ မောင်သီလှကပြုံးပြီး-

"အဲ-ဒီဟာ တခြားမဟုတ်ဘူး၊ မင့်အမေကြီး ဇယားရှုပ်တာသိရလို့ ကျုပ်တပည့် သရဲငပိန်ကိုလွှတ်ပြီး အစောင့်အရှောက်ခိုင်းထားတာကလား၊ ကိစ္စမရှိဘူး၊ ရွာသားတွေစော်ကားမှာတော့မစိုးရိမ်နဲ့၊ ကျုပ်တပည့်သရဲငပိန်က အမြဲစောင့်ရှောက်နေလိမ့်မယ်။ ဒီအကြောင်း ဘယ်သူမှမပြောနဲ့"

ဟု နှုတ်ပိတ်ထားသောကြောင့် စောခင်လည်း စိတ်အေးသွားကာ ပျော်ပျော်ရွှင်ရွှင်နေလိုက်လေ၏၊ နန်းထော်ကား ထိုနေ့ကစ၍ မလာဝံ့တော့ချေ၊ အခြားကာလသားတို့လည်း စောခင်ကိုမကြိုက်ဝံ့သလောက်ရှိလေ၏။ စောခင်က ရောရောဝင်ဝင်ခေါ်သည်တိုင်အောင် မလိုက်လျောဝံ့ဘဲရှိပြီး နန်းထော်ကိုတွေ့သောအခါတိုင်းလည်း စောခင် ကပင်စတင်၍ ရောရော, ဝင်ဝင်, ဆွဲလား, ငင်လား နောက်ပြောင်လေရာ-

"ခင်ဗျားတော့ဆလံပါ မစောခင် မလာလည်း မလာဝံ့ပါဘူး"

ဟု ပြောလိုက်လေ၏။ ဒေါ်နန်းဒွေးမှာကား စောခင်ကို နန်းထော်နှင့်မပေးစားရသဖြင့် တခြားလူနှင့်ပေးစားမည်ကြံသော်လည်း မည်သူမျှမယူဝံ့၊ လာသမျှကို သရဲကကိုင်ပေါက်ချသည်ကိုသာခံရသဖြင့် ဓာတ်သိရွာခံတို့မှာ စောခင်ကို နှစ်ထပ်ဆလံသ၍ နေကြလေ၏။ တစ်ရွာလုံးက မကြံဝံ့လေ၊ စောခင်နှင့်မောင်သီလှတို့မှာ အနေချောင်လေ, ကျေနပ်၍နေကြလေ၏။ သို့နှင့်ချစ်သူနှစ်ဦးမှာ ပလူးချင်တိုင်းပလူးကာ နေ့မရှောင်ညမရှောင် တပူးတွဲတွဲနေကြသလောက် နှစ်ယောက်စလုံးကို တစ်ကြိမ်တည်းမည်သူကမှမမြင်ရ၊ စောခင်

မြန်မာ စာအုပ်များ



တစ်ယောက်တည်းသာတွေ့ရပြီး အိမ်နားနီးချင်းများက စောခင်အခန်းမှ ညညတိုင်လျှင် တီးတိုးတီးတိုး ပြောသံကိုကြားရကြောင်း။ သတင်းပြန့်ပွားပြန်သည်တွင် အချို့က အိမ်ထရံပေါက်က တိတ်တဆိတ်ချောင်းကြည့်ကြရာ စောခင်မှာ အိပ်ရာထဲတွင် လူကိုမမြင်ရသော သူတစ်ယောက်နှင့် ပြုံးလား၊ ရယ်လား၊ စကားပြောဟန်၊ တစ်ဦးနှင့်တစ်ဦး ပလူးကျီစယ်နေဟန်တို့ကိုတွေ့ရကာ ဒေါ်နန်းဒွေးမှာ အိမ်ရှေ့ခန်းတွင် တဟောဟော ဟောက်အိပ်နေသံကို ကြားကြရလေလျှင်၊ နောက်နေ့များ၌ ဒေါ်နန်းဒွေးအား အကျိုးအကြောင်း ဝိုင်းတိုင်ကြားကြလျှင် အမယ်ကြီးမှာ အံ့အားကြီးသင့်လျက်-

"ဒါဖြင့် ငါကိုယ်တိုင်ချောင်းဖမ်းမယ်အေ၊ သပေါက်မတော့ သိကြရောပေါ့"

ဟု ကြိမ်းဝါးကာ ညအခါတွင်ချောင်းဖမ်းမည် အကြံပြုထားသော်လည်း မောင်သီလှ၏အိပ်မွေ့ဆေးကြောင့် စောစောကြီးပင် အိပ်မောကျ-ကျသွားရသဖြင့် နေ့ရှိသမျှအကြံပျက်၍သာ လက်လျှော့ရမလောက် ဖြစ်နေလေ၏။ ထို့ကြောင့် အချို့ကား စောခင်ကိုပင် ဥစ္စာစောင့်တစ်ပိုင်း၊ လူတစ်ပိုင်း ဖြစ်နေသည်ဟု ထင်ကြကာ၊ နာနာဘာဝနှင့် ယှဉ်ပါးနေသူဖြစ်သည်ဟု ကြောက်ရွံ့စက်ဆုပ် အပေါင်းအသင်းမလုပ်ဘဲ ဝိုင်းပယ်ထားကြလေရာ စောခင်မှာ မထောင်းတာသော်လည်း အမေကြီး ဒေါ်နန်းဒွေးမှာ မအေးနိုင်ဘဲ ရွာထဲက လူအများနှင့် မနားရအောင် တိုင်ပင်အကြံထုတ်လျက်ရှိလေတော့သတည်း။

❦ ❦ ❦

# သေသူ့သည်းခြေ

## (၁၉၃၈-ခုနှစ်တွင် ရေးသားခဲ့သည်။)

## ဒုတိယပိုင်း

ထိုနေ့ကား ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဟိုက်ရွာကလေးတွင် တန်ခူးလသကြံန်ရက်၌ အထူးစည်ကားလှသော ရွာလုံးကျွတ်ပျော်ပွဲကြီး ဖြစ်လေ၏။ နှစ်စဉ်နှစ်တိုင်း တန်ခူးလအခါကြီးရက်ကြီးတို့၌ ရွာထိပ်စေတီကလေးနှင့် ရွာဦးကျောင်း, ကျောင်းထိုင်ဘုန်းတော်ကြီးအား ဝတ်ကောင်းစားလှဝတ်ဆင်ကာ လှူဖွယ်တန်းရန်၊ အတီး, အမှုတ်, အက, အခုန်တို့နှင့် တပျော်တပါး သွားကြသည်မှာ "တစ်မူးရလို့ တစ်ပဲလှူ"ဆိုသော ကရင်တောင်သူ ရှမ်းခနေတို့၏ထုံးစံဓမ္မတာအတိုင်းဖြစ်ရကား ကန်တော့ခံရသောဘုန်းတော်ကြီးမှာလည်း တပြုံးပြုံး၊ တစ်ရွာလုံးကလည်းတပြုံးပြုံး၊ ရှမ်းအိုးစည်အတီးအကတွေကလည်း တထုံးထုံးနှင့် တရုံးရုံးစားကြ, သွားကြ, ပျော်ပါးကြပြီး အိုးစည်ကကို ဝိုင်းကြီး တစ်ခုဖွဲ့ကာ မရိုးနိုင် မငြီးနိုင်အောင် ကျေကျေနပ်နပ်ကြီး ကြည့်ကြသူတွေက လည်းမရှား၊ တစ်ယောက်အဝတ်အစားနှင့် တစ်ယောက်အဝတ်အစားကို စုံစမ်း စစ်ဆေး ဈေးနှုန်းမေးနေကြသော အပျိုကလေးတွေကတသိုက်၊ ဂျပန်ပဝါ အသစ်ကျပ်ချွတ်ကိုပေါင်းပြီး စွပ်ကျယ်လက်ရှည်ကြီးဝတ်ကာ မွဲပြာရောင်၊ ရှမ်းဘောင်းဘီအပွကြီးနှင့် အပျိုကလေးတွေကို စီးစောင်းပိုးပန်းနေသော လူပျိုသိုးတွေကတသိုက်၊ အရွယ်ကြီးကြီး၊ ခေါင်းပေါင်းကြီးနှင့် ကွမ်းအစ်ကြီး

ရှေ့ကထား၍ သားအကြောင်း, သမီးအကြောင်း, မြေးအကြောင်းက သောင်းပြောင်းထွေလာ၊ စားစရာ, သောက်စရာအကြောင်းနှင့် ကောက်ညှင်းပေါင်း, မုန့်ညင်းချဉ်, ပဲပုပ်ကင်, ပဲပုပ်ကြော်၊ သူ့ဟာကတော်သည်၊ ငါ့ဟာကတော်သည်နှင့် အလီလီလေလုံးသန်လျက် ရှိကြလေ၏။

ဘုန်းကြီးကျောင်းဝိုင်းတစ်ခုလုံးလည်း လူထုကြီးဖြင့် လွှမ်းဖုံးနေပြီးလျှင် ဇရပ်ပေါ်တွင်တချို့၊ ကျောင်းအောက်တွင်တလည်း၊ ကျောင်းပေါ်မှာလည်းတစ်စု၊ သူ့နေရာနှင့်သူ့လူ၊ တဆူဆူတညံညံဖြစ်နေကြပြီး ဘုန်းတော်ကြီးရှေ့တွင်လည်း ပန်း, ဖယောင်းတိုင်, ခေါပြင်, ကောက်ညှင်း ကျည်တောက်, ပဲပုပ်ခြောက်, သားရေပြားမှစ ကန်တော့ကြသောပစ္စည်းများ၊ တောင်ပို့ကန်သင်းဖြစ်နေသဖြင့် ကျောင်းသားကလေးများမှာ မနိုင်မနင်းပွေ့ပိုက်လျက် ကျက်သရေခန်းသို့ သယ်ပိုးရသည်မှာလည်း အနားမနေရအောင်ရှိကြပြီး ဘုန်းတော်ကြီးအနီးမှာလည်း ကန်တော့ပြီးသူများနှင့် နောက်ထပ်ကန်တော့ရန် ရောက်လာကြသောသူများမှာအဆင်း အတက်ရှုပ်ယှက်ခပ်လျက် ရှိကြလေ၏။

ကျောင်းအောက်ကအိုးစည်သံ, မောင်းသံ, လင်းကွင်းသံနှင့် ရှမ်းဘာသာဘာဝ ဝူး-ဝူးနှင့် သီချင်းချ၍ အားရပါးရ ရယ်မောကြသော အသံများမှာ ကြွက်ကြွက်ဆူညံလာပြီးလျှင် ကျောင်းပေါ်က တစ်ယောက်တစ်ခွန်းပြောကြ, ဆိုကြသော အသံတွေလည်း ပွက်ပွက်ဆူညံလျက် တသောသော, တဝေါဝေါ ဖြစ်နေကြရာမှ ကျောင်းပေါ်သို့ နောက်ဆုံးတက်လာကြသောရှမ်းမကြီးတစ်ဦးနှင့် ၎င်း၏သမီးနှင့်တူသည့် ချောမောလှပသော ရှမ်းမအပျိုချောချောကလေးတစ်ဦးကို တွေ့မြင်လိုက်ရသောအခါ တသောသောဖြစ်နေကြသော ပရိသတ်၏အသံများမှာ မီးကိုရေနှင့်သတ်လိုက်ဘိအလားရုတ်တရက်ရပ်နား ငြိမ်သက်၍သွားပြီး အဆိုပါတက်လာသော ရှမ်းမသားအမိအား စူးစိုက်ကြည့်ကြကာ မိန်းမအချင်းချင်း လက်တို့၍ တီးတိုးတီးတိုး ကဲ့ရဲ့စကားပြောပြီး စက်ဆုပ်ရွံ့ရှာသကဲ့သို့ မျက်နှာလွှဲကျောခိုင်းလျက် ဆေးဖော်ကြောဖက်မလုပ်ကြဘဲရှိကြပြီး ယောကျ်ားပျိုအရွယ်လတ်များကလည်း မိန်းမပျိုကိုကြည့်လျက် သရဲသဘက်ကိုမြင်ရဘိအလား အလန့်တကြား ပြူးကြောင်ကြောင်ဖြစ်၍သွားကြလေ၏။

မြန်မာ စာအုပ်များ



တက်လာသော မိန်းမပျိုသားအမိမှာ တစ်ရွာလုံးက ဆေးဖော်ကြောဖက်မလုပ်ဘဲ သပိတ်မှောက်ထားခြင်းခံရသည့် ရှမ်းမကြီးဒေါ်နန်းခွေးနှင့် သမီးကလေး မစောခင်တို့ဖြစ်ကြလေရာ ၎င်းတို့မှာ တစ်နှစ်တစ်ခါနေ့ကြီး, ရက်ကြီးဖြစ်၍သာ အစဉ်အလာအတိုင်း ရွာဦးဘုန်းကြီးကျောင်းသို့ ဝတ်မပျက်ကန်တော့ရန် လာကြရရှာသော်လည်း အများ၏ စက်ဆုပ်မုန်းတီးခြင်းခံနေရသူများ ဖြစ်ခြင်းကြောင့် မျက်နှာငယ်ငယ်နှင့် ဘုန်းတော်ကြီးကိုသာ ဝတ်ပြု၍နေရရှာလေ၏။ ဘုန်းကြီးမှာလည်း စောခင်တို့သားအမိအား အများနည်းတူကန်တော့ခံ၍ ဆုပေးလိုက်ရစေကာမူ စောခင်အား သားစိမ်းစားသည့်ဘီလူးမအလား တုန်လှုပ်ထိတ်လန့်သွားပြီး ရဲရဲမျှမကြည့်ဝံ့ရုံမက စောခင်တို့လှူသွားသော ကောက်ညှင်းပြား၊ ရွှေထမင်းနှင့် ခေါပြင်များကို အခြားသူတို့ လှူဒါန်းသွားသောအစုအပုံထဲသို့ မရောနှောစေဘဲ သီးသန့်ဖယ်ထုတ်ထားခြင်းခံရလေ၏။ ဒေါ်နန်းခွေးနှင့်စောခင်တို့မှာ မိမိတို့အတွက် အမှုအရာပျက်နေသော ဘုန်းကြီးနှင့်ပရိသတ်များကြောင့် များစွာစိတ်မကောင်းကြဘဲ ဝမ်းနည်းစိတ်ငယ်သွားကြပြီးလျှင် ဒေါ်နန်းခွေးမှာ မျိုသိပ်၍ပင် မထားနိုင်ရှာဘဲ သမီးဖြစ်သူနားနားသို့ တီးတိုးကပ်ကာ-

"စောခင်ကြည့်စမ်း၊ ညည်းကြောင့် လူပုံအလယ်မှာ ငါအရှက်ကွဲရတယ်၊ ညည်းကို တစ်ရွာလုံးက စုန်းမကြီးထင်ပြီး အကြောက်ကြီး ကြောက်နေပြီ၊ ညည်းမကောင်းတဲ့အတွက် ငါလည်းတစ်ရွာလုံးနဲ့ မျက်နှာပျက်ရတယ်၊ ခုကြည့်ပါဦးတော့၊ ညည်းလာတယ်ဆိုရင်ပဲ အားလုံးအထိတ် တလန့်ဖြစ်သွားရပြီ၊ ငါရှက်တယ်၊ ငါညည်းအတွက် ငါအသက်ကြီးမှဒုက္ခ ဖြစ်ရလေခြင်း အေရယ်"

ဟု မြည်တွန်လျှင် စောခင်လည်း ငိုမဲ့မဲ့ဖြစ်သွားကာ-

"အမေရယ် ကျွန်မဘာလုပ်လို့လဲ၊ ကျွန်မဘာမှမလုပ်ရဘဲနဲ့ တစ်ရွာလုံးကအထင်လွဲပြီး မုန်းကြတာတော့ မတတ်နိုင်ဘူး။ သူတို့မခေါ်မပြော ဆေးဖော်ကြောဖက်မလုပ်လည်း ကိုယ့်အိမ်ကိုယ် ပြန်ကြရုံပေါ့။ ဝမ်းနည်းစရာတော့မရှိပါဘူး။ ကိုယ်ရှိမှ ကိုယ်စားရတာပါ"

မြန်မာ စာအုပ်များ



ဟု ပြန်ပြောသော်လည်း ဒေါ်နန်းဒွေးမှာ မကျေမအေးနိုင်၊ တဗျစ်တောက်တောက် မြည်တွန်ကြိမ်းဝါးရင်း ကျောင်းပေါ်မှဆင်း၍ ရွာတွင်းသို့ပြန်ခဲ့လေရာ စောခင်မှာလည်း မိခင်ကြီးအနီးမှ မျက်ရည်စကလေးများ သိမ်းကာ ကတိမ်းကပါး လိုက်ပါသွားရှာလေ၏။

"ဟေ့-ကဝေမစောခင်ဟေ့၊ သူ့အမေကြီးနဲ့ ဘုန်းကြီးကိုလာကန်တော့တယ်၊ သူကန်တော့သွားတဲ့ ပစ္စည်းကိုစားမိရင် ဘုန်းကြီးဘုရားတော့ ပျံတော်မူရှာတော့မှာပဲ။ နောက်ချေးခဲနဲ့သလဲတွေကို သူ့ပညာနဲ့စားစရာသဏ္ဍာန်ဖန်ဆင်းပြီး ဘုန်းကြီးကို အပင်းသွင်းတော့မှာပဲ။ ကြောက်ပါ တယ်အေ၊ ဖွ-ဒူးမပြောနဲ့-ပေါင်မပြောနဲ့"

ဟု ပြောသူကပြော၍၊ တချို့ကလည်း-

"ဟေ့-ဘုန်းကြီးကလည်း သူ့အကြောင်းကြားပြီးပဲအေ့-ကြည့်ပါလား၊ သူကန်တော့သွားတဲ့ပစ္စည်းတွေကို တခြားဖယ်ထားတယ်"

ဟု ပြောလျက်၊ တချို့ကလည်း-

"မိန်းမပုံကလေးက ချောပါဘိနဲ့အေ၊ သူ့အမေကြီးလည်းသမီးဒီလိုဖြစ်တော့ရှက်ရှာတယ်၊ တစ်ရွာလုံးက အဆက်အဆံမရှိဘဲ နေကြတော့ သမီးကိုချည်း မာန်မဲနေတာပဲ၊ ခုနကလည်း အများထဲက ဘယ်သူမှ နှုတ်မဆက်၊ မျက်နှာလွှဲနေကြလို့ သိပ်ဝမ်းနည်းသွားလို့ ထင်ပါရဲ့၊ သမီးကို တိုးတိုးလှည့်ဆူတာ မြင်လိုက်ရဲ့လား"

ဟု ပြောကာ၊ အချို့ကလည်း-

"စောခင်ဟာ ငယ်ငယ်ကထဲက တို့မျက်စိအောက်ကြီးလာတာပါအေ၊ ဒီပညာတွေအရင်မတတ်ပါဘူး။ ခုမှဘယ်ပညာသည်က ဗူးသွင်းထားလိုက်ပါလိမ့်၊ ကြောက်ပါတယ်အေ၊ ပညာသည်ဆိုတာ မထင်ရင် မထင်သလို ပြုစားတတ်တယ်။ ဒီတော့ ဝေးဝေးကရှောင်တာ အကောင်းဆုံးပဲ"

ဟု ပြောသူက ပြောပြီး၊ အချို့ကလည်း-

"ဒါပေတဲ့အေ-တို့လို မိန်းမချင်းတွေတော့ တစ်ခါမှပြုစားတယ်လို့ မကြားဖူးသေးဘူး၊ အရင်သူပြုစားလိုက်တာထဲမှာ နန်းထော်တစ်ယောက်ပဲ

မြန်မာ စာအုပ်များ



အတော်နာတယ်။ ယောက်ျားတွေကိုမကြိုက်-ကြိုက် အောင်ဗန်းပြပြီး ကြိုက်လို့ သူ့အိမ်လိုက်မိရင် မချိအောင်နှိပ်စက်တတ်တာပဲရှိတယ်၊ အဲ-ဒီလိုနှိပ်စက် ပကောလို့ သူကိုယ်တိုင်မလုပ်ဘူး၊ သူက ဟန်မပျက်, အရယ်မပျက်ထိုင်နေပြီး သူလက်သပ်မွေးထားတဲ့ သရဲငပိန်က ဇက်နှိမ်ပြီး ဆွဲထောင်းလွှတ်၊ အိမ်ပေါ် ကကိုင်ပေါက်လွှတ်၊ ခြေနဲ့ ကန်ချနဲ့ ဒီလိုနဲ့အရှက်ခွဲလွှတ်တာပဲ၊ ပထမဦးဆုံး နန်းထော်က တောင်းမဲ့, ရမ်းမဲ့အလုပ်မှာ အမေကြီးကလည်း သဘောတူ လွှတ်ပေးတာနဲ့ ငပိန်က ဇိဋ္ဌစ်ကိုင်ပေါက်လွှတ်လိုက်တာကစတာပဲ၊ နောက်ဆုံး အော၊ မအေကြီးက သူ့ကိုစိတ်တိုင်းမကျလို့ရိုက်ရင်လည်း မအေသော, ဘာသော မညှာဘူး၊ သရဲကလေးကိုပြန်ပြီး ကြောက်နေရသတဲ့တော့၊ ရိုက်ကို မရိုက်ဝံ့ တော့ဘူး၊ တို့အထင်တော့ သရဲငပိန်နဲ့သူနဲ့ညားနေလို့သာ သူ့ကိုတောင်းရမ်း မယ့်လာတဲ့လူတွေ အထောင်းအရိုက်ခံရတာထင်တယ်"

ဟု ပြော၍၊ အချို့က-

"အေး-ဟုတ်တယ်အေ့၊ သူ့အိပ်ရာထဲမှာ ညညကျရင်တစ်ယောက် တည်း တိုးတိုး, တိုးတိုးပြော၊ တစ်ယောက်နဲ့ဖက်ပြီးအိပ်နေတဲ့ ပုံသဏ္ဌာန် မျိုးတွေ့ရသတဲ့၊ လူကိုယ်လည်းမမြင်ရဘူးတဲ့၊ သရဲနဲ့လူနဲ့ ညားကြတဲ့ထုံးစံလည်း မရှိဘူးထင်ပါရဲ့အေ၊ မတွေးတတ်ပါဘူး။ အေး- တစ်ခုတော့ရှိရဲ့၊ သူက ကဝေမဆိုတော့ နာနာဘာဝကောင်တွေနဲ့နီးစပ်ပြီး ညားချင်လည်းညားကြ မှာပေါ့လေ"

ဟု ပြောလေရာ၊ အချို့ကမူ-

"အို-အရင်ကလည်း ရွာထဲကသရဲခြောက်တဲ့အိမ်ကြီးကို ည အချိန် မတော် သူ့တစ်ယောက်တည်း သွားသွားနေဖူးတော့၊ အဲ-ဒီကသရဲနဲ့ ညားနေ မှာပေါ့၊ သူကလည်း စုန်းကဝေ၊ ဟိုကလည်း နာနာဘာဝသရဲ တစ္ဆေ၊ ပိန်မသာ လိမ်မသာတွေပဲ"

ဟု ပြောပြီး၊ အသီးသီးထင်မြင်ချက် အမျိုးမျိုးပေးလျက် ရှိလေ၏။ ယောက်ျားစုကလည်း ထိုနည်းဝှင်းပင် စောခင်အကြောင်းကို တီးတိုးပြော ကျန်ရစ်ကြလေ၏။ ထိုအထဲတွင် တစ်မြို့မှခရီးကြုံကြိုက်၍ ရောက်လာသော

ညည့်သည် ရှမ်းလူပျိုကလေးများက ကာလသားဘာဝ ရွာခံလူပျိုများကို လက်တို့ကာ-

"ဘာပြောကြတာလဲဗျ၊ ခုနင်ကကျောင်းပေါ်ကဆင်းသွားတဲ့ အပျိုကလေးအကြောင်းလား၊ လှကလှပါဘိနဲ့ဗျာ၊ သူ့မှာဘာများအပြစ်ရှိလို့ မဲ့မဲ့ရွဲ့ရွဲ့ ပြောနေကြတာတုံး"

ဟု မေးလျှင်-

"ဟာ-မပြောနဲ့တော့ မောင်ရင်၊ ဒီကောင်မကလေးဟာ ရုပ်လှသလောက် ကြောက်စရာကောင်းတယ်။ အစကသူ့ကို တစ်ရွာလုံးရှိတဲ့ ကာလသားတွေ ဝိုင်းကြိုက်နေကြတာပေ့ါ၊ အားလုံးကိုလည်း ဘယ်သူ့မှ လှန်မပစ်ဘူး။ သူ့ချစ်တော့မလိုလို, ငါ့ကြိုက်တော့မလိုလိုနဲ့ အချိန်ဆွဲပြီး လှည့်စားထားတာပဲ၊ ဒီအထဲကမှ ကျုပ်တို့ရွာထဲက တစ္ဆေသရဲကြမ်းလွန်းလို့ လူမနေရဲတဲ့ အိမ်ပျက်ကြီးထဲမှာ ညဥ့်နက်သန်းခေါင်ကြီးလာလာပြီး တစ်ရွာသားရှမ်းတစ်ယောက်နဲ့ ချိန်းချက်တွေ့နေကြတယ်ဗျ၊ အဲ-ဒီ အကောင်ကလည်း မှော်ဆရာလိုလို, ပယောဂဆရာလိုလို, ဥစ္စာစောင့်လိုလို အကောင်ဗျ၊ ဘယ်ဆီကလာမှန်းတော့ မသိပါဘူး။ ဒါနဲ့ လင်မယားလည်းမကျ၊ သမီးရည်းစားလည်းမကအောင် ဖြစ်နေလို့၊ ရွာကဝိုင်းဆူတော့ သူ့အမေကြီးကပဲ ညည်းယူရင်ထင်ထင်ရှားရှား လူသိနတ်ကြားယူပါ၊ ဒီလို ကလေကချေမလုပ်ပါနဲ့ဆိုလို့ သူ့အကောင်ကို တောင်းဖို့, ရမ်းဖို့ ပြောတော့ မတောင်းနိုင်လို့ထင်ပါရဲ့၊ အဲ-ဒီအကောင်နဲ့ ကွဲကြရော၊ ဒါနဲ့ မအေကြီးက ရွာထဲက နန်းထော်ဆိုတဲ့လူတစ်ယောက်နဲ့ ပေးစားမယ် လုပ်တော့ သူကမလိုချင်ပါဘူးရယ်လို့ ငိုလား၊ ရယ်လားလုပ်ရင်ပဲ၊ နန်းထော်ကို သရဲဆွဲထောင်းလွှတ်တာပါပဲ၊ နန်းထော်ကြောက်လန့်ပြီး ဒီကထဲက သူ့မျက်နှာစေ့စေ့မကြည့်ဝံ့တော့ဘူး။ နောက်လည်း မအေကြီးက ဟိုလူနဲ့ ပေးစားဖို့ကြံ, ဒီလူနဲ့ပေးစားဖို့ကြံကြံပြီး၊ အိမ်ပေါ်သမက် လောင်းခေါ်လာတယ်ဆိုရင်ပဲ သရဲက အမြဲဆွဲထောင်းလွှတ်၊ ဒါနဲ့ ခုတော့ သူ့ကိုပညာသည် ကဝေမလေးဆိုပြီး ဘယ်သူကမှ အနားမကပ်ဝံ့ကြတော့ဘူး။ နို့ပြီးတော့ သူ့အိပ်ရာထဲမှာ သရဲနဲ့ နှစ်ပါးကြည်နေကြတာ ညတိုင်းလို တွေ့ရတယ်တဲ့၊

မြန်မာ စာအုပ်များ



သရဲဆိုတဲ့အကောင်ကို မမြင်ရပေတဲ့ သူနဲ့ပွဲ့ဖက် ကျီစယ်ပြောဆိုနေကြတဲ့ ပုံပန်းသဏ္ဍာန်တွေကို ချောင်းကြည့်ရင် မြင်ရတယ်တဲ့။ နောက်တော့လူတွေ ချောင်းကြည့်တာ ရိပ်မိတယ်ထင်ပါရဲ့။ ချောင်းကြည့်တဲ့လူတွေကို သရဲက အမြဲထောင်းလွှတ်တာနဲ့ မကြည့်ဝံ့ကြတော့ဘူး။ သူ့အမေကြီးမှာလည်း သမီး အတွက် ရှာနဲ့မျက်နှာပျက်ပြီး အရှက်ကြီးရနေတာနဲ့ သူ့သမီးဟာ စုန်းပညာ မတတ်ပါဘူး။ တစ်ခုခုဖြစ်နေတာပါ၊ ဆရာကောင်းတစ်ယောက်ယောက် ရှာပေးကြပါလို့ ရွာထဲလည်ပြီး တငိုငို၊ တရယ်ရယ်နဲ့ နားပူနေတာပဲ။ ဒါပေတဲ့ သရဲထောင်းခံရမှာ ကြောက်လို့ ဘယ်သူကမှ သူ့အမေကြီးကို ဆရာကောင်း ကောင်း ရှာမပေးဝံ့ကြဘူးဗျ"

ဟု ပြောပြကြသဖြင့် သူစိမ်းတရံဆံများလည်း စောခင်အကြောင်းကို ကောင်းကောင်းသိရှိသွားကြပြီးကာ-

"ဩော်-လုကလုနဲ့ဗျာ။ ဖြစ်မှဖြစ်ရလေ"

ဟု စုတ်သပ်သွားသူတွေသာများလေ၏။ သို့နှင့် ထိုလူစုထဲတွင် စောခင်ကိုမြင်လျှင်မြင်ခြင်း ပြင်းထန်သော မေတ္တာစိတ်နှိုးဆွခြင်းခံရသူ မောင်စောလုဆိုသော ရှမ်းလူပျိုကလေးတစ်ယောက်မှာ သီပေါဘက်မှ ရောက်လာသည့် ဧည့်သည်တစ်ဦးဖြစ်သည့်အားလျော်စွာ-

"အို-ဒါဖြင့် သူ့အမေကြီးကို ပြောလိုက်ပါ။ ဘာမှမစိုးရိမ်ပါနဲ့လို့၊ သူ့သမီးကိုကုဖို့ ဆရာကောင်းတစ်ယောက်တွေ့ထားတယ်။ ကျုပ်ကို သရဲ ထောင်းချင်ထောင်းပါစေဗျာ။ ခမျာများ ခုလိုတံထွေးခွက် ပက်လက်မြော နေရတာ သနားပါတယ်။ အများထင်တဲ့အတိုင်း စောခင်ဟာ တကယ်ကဝေ ဖြစ်နေရင် ကိစ္စမရှိဘူး။ မဟုတ်ဘဲနဲ့ မတရားအထင်လွဲခံရရင်တော့ သိပ်နစ်နာ နေရှာတာပဲဗျာ၊ ဒီကိစ္စမှန်ရာကျအောင် သူ့အမေအလိုပြည့်အောင် ကျုပ် စွန့်စားပြီး ဆောင်ရွက်ပေးမယ်၊ ဘာမှအားမငယ်နဲ့လို့ ပြောပေးပါဗျာ"

ဟု ပြောသည်တိုင်အောင်-

"ဟာ-မလုပ်ပါနဲ့ဗျာ။ ကျုပ်တို့ကြားထဲက သရဲထောင်းခံရမှာကြောက် ပါတယ်။ ခင်ဗျားစေတနာထားရင် ခင်ဗျားဟာခင်ဗျား သွားပြောပါလား"

မြန်မာ စာအုပ်များ



ဟု ခါးခါးသီးသီးပြောနေကြသဖြင့်-

"ခက်လိုက်တာဗျာ၊ ကျုပ်သွားပြောရအောင် သူတို့နဲ့မှမသိတာ ခင်ဗျားတို့က ရွာခံတွေပဲဗျာ၊ ဟောဒီ-မောင်စောလုက အဒေါ်ကြီးသမီးကို ဒီလိုဖြစ်ပျက်နေတာ မကြည့်နိုင်လို့ ကူညီချင်ပါတယ်လို့ ပြောဆိုဆက်သွယ်ပေးရုံကလေးတော့ လုပ်ဖို့ကောင်းပါသေးတယ်၊ ဒါလောက်ကလေး နဲ့တော့ သရဲက ခင်ဗျားတို့ကိုငြိုးပြီး ထောင်းမယ်မဟုတ်ဘူး။ ပြီးတော့- ခင်ဗျားတို့ပြောတဲ့အတိုင်းဆိုရင် စောခင်ဟာ သူကိုယ်၌ကပညာမတတ်၊ စုန်းအတတ်မတတ်ဘဲနဲ့ ဥစ္စာစောင့်နဲ့ဖြစ်စေ၊ နာနာဘာဝတစ်ကောင်ကောင်နဲ့ဖြစ်စေ အစွဲငြိနေတာ အမှန်ဖြစ်ရမယ်။ နာနာဘာဝတန်ခိုးနဲ့ သွေးဆောင်ထားတော့လည်း စောခင်ရဲ့စိတ်များဟာ ရန်သူဘက်ပါနေရရှာမှာပေါ့။ နဂိုစိတ်ရင်းတော့ မရှိတော့ဘူးထင်တယ်၊ ကဲဗျာ- သူ့ကို မြင်မြင်ချင်း ကျုပ်ဖြင့် အင်မတန်သနားမိလို့ အများကြီးကယ်ဆယ် စောင့်ရှောက်ချင်တာပဲ၊ ဒါကြောင့် သူ့အမေကြီးနဲ့ ဆက်သွယ်ရုံကလေးဆက်သွယ်ပေးပါဗျာ"

ဟု အကျိုးသင့် အကြောင်းသင့် ပြောသဖြင့် ရွာခံကာလသားများလည်း-

"ကိုင်းဗျာ၊ ဒါလောက်ပြောလှတာ၊ ဒေါ်နန်းဒွေးကြီးနဲ့ နက်ဖြန်ဆုံပေးမယ်၊ ဒါပေတဲ့ ကျုပ်တို့တော့ သူ့အိမ်ကိုလိုက်မလာဝံ့ဘူး၊ ရွာထဲကတစ်အိမ်အိမ်မှာဆုံပေးမယ်၊ နောက်မှ ခင်ဗျားဟာခင်ဗျား လိုက်သွားချင်သွားတာပေါ့"

ဟု ဝန်ခံကတိပြုလိုက်ကြလေ၏။

နောက်တစ်နေ့ကား ပန်ဟိုက်ရွာရှိ အခြားအိမ်တစ်အိမ်မှာ ဒေါ်နန်းဒွေးနှင့် မောင်စောလုတို့မှာ ရွာသားတွေဆက်သွယ်ပေးချက်ဖြင့် စောခင်အတွက် တိုင်ပင်ချက်ထုတ်၍နေကြလေ၏။

"ကျေးဇူးတင်ပါတယ်မောင်ရင်ရယ်။ သူ့အတွက်နဲ့ ဒွေးလေးနန်းကို တစ်ရွာလုံးက ဆေးဖော်ကြောဖက်မလုပ်ကြတဲ့အတွက် သေချင် အောင်ရှက်နေပါတယ်၊ ဆရာကောင်း, သမားကောင်းနဲ့ မောင်ရင် ကယ်မယ်ဆိုရင်

မြန်မာ စာအုပ်များ



ဒွေးလေးတော့ ကျေးဇူးတင်လို့မဆုံးပါဘူး။ မောင်ရင့် နှမကို မောင်ရင့်လက်လုံးလုံးအပ်ပါမယ် ကျွန်လုပ်ခိုင်းချင်ခိုင်း၊ သား မယားအဖြစ် ပေါင်းချင်ပေါင်း၊ မောင်ရင်ကောင်းတယ် ထင်သလိုသာ အသုံးချပါလေမောင်ရယ်"

ဟု နဂိုကပင် လင်ပေးစားချင်နေသော သမီးကို အပြီးတိုင် ထိုး၍ အပ်လေ၏။ မောင်စောလုလည်း ဒေါ်နန်းဒွေးက ကျေကျေနပ်နပ် ကြီး ထိုးအပ်သည့်အခါ မိမိအလိုဆန္ဒပြည့်ဝတော့မည်ဟု ဝမ်းသာအားရဖြစ်ပြီးလျှင် စောခင်တွင် ငြိတွယ်နေသောအစွဲများကို ချွတ်လွှဲပေးနိုင်မည့်ဆရာကို လျှင်မကြာခေါ်ခဲ့ရန် အာမခံပြီး မိမိရပ်ထံသို့ အမြန်ဆုံးပြန်ခဲ့လေသတည်း။

ရွာကလူများနှင့်တကွ ဒေါ်နန်းဒွေးတို့မှာ သရဲထောင်းခံရမည်ကိုပင် မကြောက်မရွံ့၊ စွန့်စွန့်စားစား၊ ကယ်ဆယ်စောင့်ရှောက်ရန် အာမခံသွားသော မောင်စောလုအား ကျေးဇူးတင်၍မဆုံးဖြစ်နေကြပြီး-

"မောင်မင်းကြီးသားကလေးတော်၊ ဆရာကောင်းကောင်းခေါ်ပြီး မြန်မြန်ကြီးရောက်လာပါစေ"

ဟု တသသနှင့် ခဏခဏ ဆုတောင်းလျက်ရှိကြလေရာ ထိုအကြောင်းကို စောင်းပါးရိပ်ခြေ သိရှိနေပြီဖြစ်သော စောခင်တွင်မူကား မျက်နှာကလေး ညှိုးညှိုးငယ်ငယ်နှင့် ကိုးကွယ်ရာမရအောင် စိတ်ပူနေရှာလေ၏။

"ကိုလှရေ၊ ရှင်နဲ့ကျွန်မဒီဘဝတော့ ဖြောင့်ဖြောင့်ချစ်ရဖို့ မမြင်ပါဘူး၊ အနှောင့်အယှက်တွေ အင်မတန်များနေတာပဲ၊ ရှင့်ဟာကလည်း လူများအထင်လွဲစရာတွေ ဖြစ်နေတာကိုး၊ အော်-ကိုသီလှ-ကိုသီလှ ဘယ်လိုလူမျိုးဆိုတာလည်း ကျွန်မတောင်သေသေချာချာမသိရဘူး၊ မေးပြန်ရင်လည်း ဝေ့လည်ကြောင်ပတ်နဲ့ တောင်လိုလို, မြောက်လိုလို ပြောပြီး အဟောသိကံချည်းဖြစ်သွားတာပဲ၊ အများထင်သလို နာနာဘာဝ, တစ္ဆေ, သရဲ, ဥစ္စာစောင့်အစားထဲကတော့ ဟုတ်မယ်မထင်ပါဘူး။ အချစ်ဦးမို့ ဘီလူးဖြစ်ဖြစ်၊ လူဖြစ်ဖြစ်အကြောင်းမထူးပါဘူး၊ ကိုယ်ချစ်ခင်လို့ လင်သားတစ်ပိုင်းဖြစ်နေမှဖြင့် တစ္ဆေသော, လူသော သူ့ဇာတိပေါ်လော ပေါ်လာလို့ကော၊ အချစ်အခင်ကို ပြုပြင်လို့ ရဦးမှာတဲ့လား၊ တည်မိတဲ့ဘုရား, ထားမိတဲ့သစ္စာ မေတ္တာနှောလို့

မြန်မာ စာအုပ်များ



စိတ်ရောကိုယ်ရော ပေါင်းထားတဲ့ အချစ်ဦး, အချစ်ဖျားကို စိမ်းကားဖို့မဆိုထားနဲ့ သနားတောင်ပိုပြီး သနားမိ ပါသေးတယ်လေ"

ဟု မျက်ရည်ကလေးတစမ်းစမ်းနှင့် အခန်းအောင်းရင်း ကြိတ်ငို မိရှာလေ၏။

ဒေါ်နန်းဒွေးကလည်း သမီးကိုအနည်းငယ်မျှ မျက်နှာသာမပေး တော့ချေ။

"ညည်းကဝေပညာကို ဘယ်တုန်းကတတ်သလဲအေ့၊ တို့တွေဟာ အလွန်ဆုံးမှ ကိုယ်ခံပညာကလေး နည်းနည်းပါးပါးလောက်သာ တတ်ကြတဲ့ လူဆိုလို့ တစ်ရာမှာဆယ်ယောက်တောင်မရှိပါဘူး၊ ညည်းမှပဲ အမျိုးနာမည် ပျက်အောင် ကဝေမဖြစ်ရလေတယ်။ ညည်း ဒီပညာကို ဘယ်တုန်းက သင် လိုက်သလဲ၊ ခုတော့ညည်းကြောင့်ငါ့ကို တစ်ရွာလုံးက အဖက်မလုပ်ကြတော့ ဘူး၊ နို့ပြီးကဝေဖြစ်ရင်လည်း လူမသိအောင် အေးအေး မနေဘဲနဲ့ ရွာကကာလ သားတွေကို အနာတရအရှက်တကွဲ ဘာပြုလို့ နှိပ်စက်ရသလဲ၊ ညည်းပညာ တတ်တာကိုတယ်ပြီး လူသိစေချင်တယ်, ကြွားချင် တယ်ပေါ့လေ။ ညည်းကြွား လိုက်တဲ့အတွက် ငါ့ကိုပါ ကဝေမအမေရယ်လို့ တစ်ရွာလုံးဘယ်သူကမှ အဖက် မလုပ်ချင်ကြတော့ဘူး၊ ငါကသွားပြီး ခယဝယ ခေါ်တာတောင်မှ ဟဟပြန် မခေါ်ကြတာ၊ ညည်းကဝေပညာတတ်တဲ့ ဂုဏ်ကျေးဇူးတော်တွေပေါ့"

ဟု အစဉ်အမြဲ ဆိုမြည်ကြိမ်းမောင်းလာခဲ့ရာက တစ်ခါတစ်ခါလည်း မြည်ရင်းတွန်ရင်း ဒေါသတွင်းနက်ကြီးထဲ လိမ့်ကျကာ ပါးနားကို နာနာ ရိုက်လျက်-

"ဟဲ့ကောင်မ၊ စုန်းမ, ကဝေမ၊ နင်ဒီပညာတွေ ဘယ်သူ့အခွင့်နဲ့ သင်ရတာလဲဟင်၊ နင်တော်တော်လွန်တဲ့ မိန်းမပျံမပါကလား၊ ရည်းစား ထားတာလည်း နင့်သဘောနဲ့နင်ပဲ၊ နင့်သဘောနဲ့ နင်လုပ်လို့မဟုတ်လား။ ခုတော့နင့်အကောင်က ကြောသွားလို့ ပက်လက်မြောကျန်ရစ်ခဲ့ပြီ ခုတစ်ခါ လည်းအိမ်ထဲမှာ အေးအေးကုတ်နေမလားထင်တာ၊ မနေသေးဘူး။ စုန်းလိုလို,

မြန်မာ စာအုပ်များ



ကဝေလိုလိုဖြစ်ရတဲ့ ဒီပညာဘယ်ကရသလဲ၊ နင့် အကောင်က ဆရာယောင်ယောင်, ဥစ္စာစောင့်ယောင်ယောင်မို့ သင်သွားသလားဟဲ့၊ မိန်းမလွန်မရဲ့"

ဟု ပြောပြီး၊ ပျောတီးသလိုကျောကြီးကို တအုန်းအုန်းထုလိုက်သောအခါ စောခင်မှာ-

"ကြောက်ပါပြီအမေရဲ့၊ မရိုက်ပါနဲ့အမေရဲ့၊ ကျွန်မစုန်းလည်း မတတ်ပါဘူး၊ အမေတို့အထင်လွဲလို့ပါ"

ဟု ငိုယိုပြောလိုက်သောအခါတို့တွင် ဒေါ်နန်းဒွေးမှာ စောခင်ကို ဒေါသတကြီးရိုက်နှက်နေရာက ရုတ်တရက်ပက်လက် လန်ကျပြီး ဆန့်ငင်ဆန့်ငင်ကြီး တက်သွားတတ်သောကြောင့် ဒေါ်နန်းဒွေးမှာ စောခင်ကိုပင် ပိုမိုမသင်္ကာဖြစ်လာကာ-..

'ကေန္တ ဒင်းပညာတတ်လို့သာပါပဲ၊ ဒင်းကိုရိုက်ရမလားလို့ ငါ့ကို ဒင်းပညာနဲ့ ပြုစားလိုက်တဲ့အတွက် ခုလိုတက်ရတာ ဟုတ်ပါတယ်စုန်းမပါ၊ ကဝေမအစစ်ပါပဲ၊ ကြောက်စရာကောင်းတဲ့ကောင်မ နင်နဲ့ငါနဲ့မြန်မြန်ကွဲမှပါပဲ၊ ရွာထဲမှာဟိုးလေးတကျော်ဖြစ်နေတာ မပုတ်ဘဲလည်းမပေါ်ဘူးတဲ့၊ မဖွတ်ဘဲလည်းမညှော်ဘူးတဲ့၊ အမယ်လေး-ရှက်လှချည်ရဲ့တော့၊ ဟီး-ဟီး- ဟီး-ဟီး"

ဟု ငိုကြီးချက်မနှင့် အတင်းစွပ်စွဲလေတော့ရာ စောခင်မှာလည်း မိမိစုန်းမဟုတ်ဟု ငြင်းချက်ထုတ်၍ မရနိုင်သဖြင့် လင်းတမှိုင်မှိုင်နေရာက ယခုအခါတွင် စောလုဒေါ်ရှမ်းလူပျိုတစ်ဦးက အထူးကျွမ်းကျင်သော ဆရာတစ်ဦးကိုခေါ်လာလျှင် မိမိကိုစုံစမ်းစစ်ဆေးကာ ကုသစေပြီး အစွဲတွေချွတ်ပစ်လျက် စောလုနောက်သို့ လှည့်အပ်လိုက်မည်ပြောသောကြောင့် ချစ်သူအတွက် မခွဲရက်သဖြင့် ရတက်ပွေနောက်အပူမီးတောက်၍ နေရှာလေ၏။

ထို့ကြောင့် ညအချိန်အိပ်ရာထဲတွင် တိတ်တဆိတ်ရောက်လာ၍ နှစ်ကိုယ်ယှဉ်နွဲ ပျော်ပွဲဘွဲ့ချီ အချစ်ဆီရစ်လျက် နေရသောအခါများတွင် ပျော်ရွှင်ချစ်ခင်စွာနေရာ၌ လွမ်းဆွတ်ပူဆွေး စိတ်မအေးစရာ သတင်းများကို ချစ်သူ၏စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ မကြားစေလိုသော်လည်း မပြောမပြီး မတီးမမြည်ဆိုသောစကားအတိုင်း နေ့ခင်း နေ့လယ်တောထဲသို့ ဖက်ခူးရင်း ထင်းခွေသွားရင်း မောင်သီလှနှင့် နှစ်ကိုယ်ချင်းတွေ့ရသောအခါ-

မြန်မာ စာအုပ်များ



"ကိုသီလှရေ အေးအေးနေရပြီရယ်လို့ စိတ်ချနေကာမှ အနှောင့်အယှက်တစ်ခုပေါ်လာပြန်ပြီ။ ဒီတစ်ခါတော့ ကျွန်မမှာအစွဲ ရှိတယ်ဆိုပြီး ဆရာနဲ့ကုမလို့တဲ့။ အဲဒါဘယ်လိုသဘောရသလဲ၊ ကျွန်မကို စောင့်ရှောက်ရအောင် လွှတ်ထားတယ်ဆိုတဲ့ ရှင့်တပည့်သရဲကြီးငပိန်ရဲ့ အထောင်းအထု အရိုက်အနှက်ခံရတဲ့အတွက်နဲ့ ကျွန်မကိုကဝေမရယ်လို့ အမေကဇွတ်စွပ်စွဲပြီး အကြံကြီးကြံနေတယ်။ ကျွန်မကဝေမ, စုန်းမ မဟုတ်ရင်လည်း တစ်နည်းနည်းနဲ့ ပယောဂအစွဲ တစ်ခုခုတော့ရှိရမယ်။ ဒါကြောင့် အကြောင်းသိရအောင် ဆရာပြကြည့်တော့မလို့တဲ့"

ဟု ပြောလျှင် မောင်သီလှမှာ အတန်ကြာ တွေဝေစဉ်းစား နေလေ၏။ စောခင်က ဆက်လက်ကာ-

"ကိုသီလှနဲ့ ကျွန်မနဲ့တော့ တစ်ခါတည်းအဆက်အသွယ်ပြန်နေပြီလို့ သူတို့ထင်နေကြပြီရှင့်။ ရှင် ကျွန်မဆီကို ညညတိတ်တိတ်လာတာလည်း သူတို့ မမြင်ရလေတော့ ဒီအတွက်နဲ့ပတ်သက်ပြီး နည်းနည်းမှ သံသယမရှိကြပါဘူး။ ဒါပေတဲ့ တစ်ခါတစ်ခါ ရှင့်တပည့်သရဲငပိန်က ဝင်ကူလိုက်တဲ့အခါ သူတို့ တွေးစရာတစ်ခုရသွားတာပဲ၊ ကျွန်မကိုလည်း ညညကျရင်အိပ်ရာထဲမှာ တိုးတိုးတိုးတိုး တစ်ယောက်တည်းပြောတာကို သူတို့ကြားရသတဲ့၊ ညတိုင်း ကိုသီလှနဲ့ ကျွန်မနဲ့ ပြောကြ, ဆိုကြတာ ကြားကြမှာပေါ့။ ဒါပေတဲ့ စကားပြောသံကိုသာကြားတယ်၊ ကိုသီလှကိုတော့ တစ်ခါမှ သူတို့မြင်ရတယ်လို့ မပြောဖူးဘူး။ ရှင်လည်း အင်မတန်ကျင်လည်ဖျတ်လတ်တဲ့လူပဲနော်၊ ညတိုင်းညတိုင်း လူခြေတိတ်ရင် ကျွန်မဆီရောက်လာပြီး လင်းအားကြီး ထထပြန်သွားတာ ဘယ်နှလကြာပြီလဲ၊ တစ်ခါမှ သူတို့ရွာထဲက တွေ့လိုက်တယ်, မြင်လိုက်တယ်လို့ မရှိဘူး။ အဲ-ဒါတစ်ခုတော့ တယ်ထူးတာပဲ၊ အဲ-ဒါတစ်ခုတော့ ကျွန်မလည်း ရှင့်ကိုအများကြီး အံ့သြတယ်ကိုသီလှရယ်။ ရှင်ဟာ ကိုယ်ဖျောက်များတတ်သလား၊ တစ်ခါတစ်ခါ ဟောဒီလိုတောထဲမှာ ရှင်အဝေးကလာနေတာလည်း အရိပ်အဆင်မမြင်ရဘဲနဲ့ ကျွန်မနားရောက်မှ ဘွားခနဲ ရှင့်ကိုမြင်ရတာပေါင်းလည်း များလှပြီ။ တစ်ခါတလေ တောထဲမှာ ရှင်နဲ့နှစ်ယောက်ချင်း ထင်းခွေ

မြန်မာ စာအုပ်များ



နေရာက မတော်တဆ ကျွန်မအဖော်တွေလာရင် ရှင်ဟာ ဖျပ်ခနဲရှောင်ပြေး
အနီးကလေးတွင်ပဲ အစပျောက်ပျောက်သွားတယ်။ အဲ-ဒါဘယ်လိုသဘောလဲ ကိုသီလှရဲ့၊ ကျွန်မကိုချစ်ရင်ပြောစမ်းပါဟင် ပြောနော်ကိုသီလှ-ပြောမယ် မဟုတ်လား။ ကိုယ့်သားမယားပဲ ဘာမဆိုပြောပါမှပေါ့၊ ရှင်ဟာ သူများထင် သလို ဥစ္စာစောင့်၊ နာနာဘာဝတော့မဟုတ်နိုင်ပါဘူး၊ ကျွန်မသိပါတယ်။ ဖျပ်ခနဲ ပေါ်လာပြီး ဖျပ်ခနဲ ပျောက်သွားတာတစ်ခုတော့ဖြင့် မသင်္ကာဘူး၊ ရှင်ဟာ ကိုယ်ဖျောက်ပညာများ တတ်ထားသလား၊ ကျွန်မသိပါရစေ၊ နို့ပြီးတော့ ကျွန်မအထူးစိုးရိမ်မိတာတစ်ခုက စောလုခေါ်လာတဲ့ဆရာ ရောက်လာရင် ရှင့်မှာ အနှောင့်အယှက်ဖြစ်သွားမလား။ ရှင်ကိစ္စမရှိဘူးထားဦး၊ ရှင့်တပည့် သရဲငပိန်ဆိုတာတော့ မသက်သာပေဘူးလို့ တွေးမိတယ်၊ အဲဒါတွေ ဘယ်လို သဘောရတုံး ကိုသီလှရယ်၊ ကျွန်မစိတ်အေးရအောင် အကျိုးနဲ့အကြောင်း ကလေးများ ပြောထားစမ်းပါ"

ဟု စိတ်မအေးသည့်အားလျော်စွာ စကားတန်ရှည်ကြီးမေးမိလေ၏။

သို့သော် မောင်သီလှကား စောခင်မေးသမျှကို တစ်လုံးတစ်ပါဒမျှ အဖြေမပေးနိုင်သေးဘဲ ငေးငေးကြီးဖြစ်နေမြဲဖြစ်လေရာ စောခင်မှာ အားမလို အားမရရှိလာသဖြင့် မောင်သီလှ၏ပခုံးကို လှုပ်လှုပ်ပြီး-

"ပြောစမ်းပါဦး ကိုသီလှရဲ့။ ကျွန်မစိတ်ပူလွန်းလို့ မေးနေတာပါ"

ဟု ထပ်ကာထပ်ကာ ပြောနေသည်တွင်မှ အတော်နှေးကန် အား ပျော့လှသောအသံနှင့်-

"အို-မပူစမ်းပါနဲ့၊ ကိစ္စမရှိပါဘူး။ မင်း အေးအေးကလေးသာနေပါ၊ ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်"

ဟု ပြောလိုက်စေကာမူ မောင်သီလှ၏မျက်နှာမှာ အတော်ထိခိုက် နေပုံရသောကြောင့် စောခင်မှာ စိတ်မအေးနိုင်သေးဘဲ-

"မပူတာထားပါဦးလေ၊ ကျွန်မ ရှင့်အကြောင်းသိချင်လို့ မေးနေတာ ကလေးများကိုလည်း နည်းနည်းပါးပါးပြောပါဦး၊ ရှင်ဖြုံးခနဲ ပျောက်ပျောက် သွားနိုင်တာက ဘာကြောင့်တုံးဟင်၊ ရှင်ဟာ နာနာဘာဝ ဥစ္စာစောင့်လား၊ ဟုတ်လား -ဟင် ကိုသီလှရဲ့"

"မဟုတ်ပါဘူးကွယ်၊ ကျုပ်သူလို, ငါလိုလူပါပဲ"

"ဒါဖြင့် ရှင်ကိုယ်ပျောက်တတ်သလား"

"ဟာ-ကျုပ်-ကိုယ်ပျောက်တတ်ရင် ဒီလိုနေပါ့မလား"

"နို့-ပျောက်ပျောက်သွားတာ ဘာကြောင့်လဲ"

"ကျုပ်-ဘယ်တုန်းက ပျောက်လို့လဲ၊ မင်းစိတ်ထဲက ထင်လို့ပါ"

"အို-ကျွန်မလည်း ဒါလောက်မကန်းသေးပါဘူး ကိုသီလှရယ်၊ နို့-ရှင်နဲ့ကျွန်မနဲ့ အတူထိုင်ပြီးစကားပြောနေကြတာကို တခြားလူတွေက ရှင့်ကို မမြင်ရတာကတော့ ဘာကြောင့်လဲ"

"ကျုပ်မှာ အကွယ်အကာဆေးစွမ်းကလေး ဘာကလေးဆောင်ထားလို့ပါ၊ တခြားမထွေးပါနဲ့"

"ရှင့်ဆေးက တယ်လည်းစွမ်းပါလား ကိုသီလှရယ်၊ ဒီလောက်စွမ်းတဲ့ ဆေးမျှားဆောင်ထားနိုင်တဲ့ အလိုထောက်တော့ ရှင်ဟာအတော်ပညာရင့်တဲ့ ဆရာတစ်ယောက်လို့ ထင်ရတော့မှာလား"

"ထင်တာပေါ့ကွယ် ဆရာဆိုလည်း ဟုတ်တယ်ထားပါတော့"

"ရှင့်စကားကလည်းနော်၊ ဝေ့လည်လည်နိုင်လိုက်တာ၊ ရှင်ဆရာဆိုရင် စောလုခေါ် လာမယ့်ဆရာကို နိုင်အောင်ပညာပြိုင်ပါလား"

"နောက်တော့ ကြည့်လုပ်ရသေးတာပေါ့၊ ခုတော့ ဆရာ့အကြောင်းမှ မသိရသေးဘဲ မပြောနိုင်သေးဘူးကွဲ့"

"ဒီလိုဆိုရင် တော်ပါသေးရဲ့၊ နို့-ဒါနဲ့ ဟောဒီရှင့်မျက်နှာက မကြည်မသာကြီးဖြစ်နေတာ ဘာကြောင့်တုံး၊ ပူစရာရှိရင်လည်း ဖွင့်ပြောပါ၊ လင်နဲ့မယားဖြစ်နေကြပေါ့ဟာ၊ အေးစရာရှိရင်လည်းအတူတူ ပူစရာရှိရင်လည်း မျှမျှတတပေါ့၊ ခုလိုတော့ ဖုံးဖိမထားပါနဲ့၊ ကျွန်မကို သနားရင်ဟုတ်တာ, မှန်တာတွေ ပြောစမ်းပါ၊ ရှင့်မျက်နှာကြည့်ရတာတော့ တယ်ပြီးအားမရလှပါဘူး၊ ကိုသီလှ ကျွန်မကိုသိပ်မငဲ့ကွက်နဲ့နော်၊ ရှင့်အတွက် ဒုက္ခဖြစ်မယ်ဆိုရင် ကျွန်မကို ပစ်ချင် ပစ်ထားခဲ့ပြီး ဘေးအန္တရာယ်မရှိတဲ့နေရာကို ရှောင်သွားပါကိုသီလှရယ်၊ ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူး"

ဟု မျက်ရည်လည်ရွဲနှင့် ပြောလိုက်သောအခါတွင် မောင်သီလှ မှာ စိတ်ကိုအတော်ထိခိုက်သွားရှာသကဲ့သို့ သက်ပြင်းကြီးတစ်ချက် ချလိုက်ပြီး ယောကျ်ားပီသသောမျက်နှာကြီးမှာ တဖြည်းဖြည်းခက်ထန် တင်းမာနီမြန်းလာပြီးလျှင် ဟင်းခနဲ အသက်တစ်ချက်မှုတ်ထုတ်လိုက်ကာ-

"စောခင်-စောခင်-မင်းဘာမှမသိရှာဘူးနော်၊ ငါလေ မင်းအပေါ် အင်မတန်ခင်ပြီး သံယောဇဉ်ကြီးလွန်းလို့ စောခင်ရေ-ငါ့မှာ အနှောင့်အယှက် တွေပေါ်လာမှာသိရက်သားနဲ့ မင့်ချစ်တဲ့စိတ်က တားမနိုင်ဆီးမရ ဖြစ်လှတဲ့ အတွက် ဇွတ်နှစ်ပြီးချစ်ခဲ့မိတယ်၊ အဲ-ဒီလို ချစ်လိုက်မိတဲ့အတွက် သံယောဇဉ် အမြစ်တွေယှက်ပြီး ခုတော့အခက်ကြီးခက်ရတော့မယ်၊ မပစ်ရက်မခွဲသာပေတဲ့ ကိုယ့်ကိုနိုင်မယ့်သူလာတဲ့ တစ်နေ့ကျတော့ မလွှဲသာ, မရှောင်သာဖြစ်ပြီး ချစ်ဇနီးကို အပစ်ကြီး ပစ်ထားခဲ့ရမလား၊ မပြောတတ်ဘူးနော်-ဩော်-ချစ်ရပေတဲ့၊ မပိုင်ဝက် မွေးမိ့ အတွင်းဆွေး-ဆွေးရက်ကြီးပဲ စောခင်ရဲ့ မင်းကလေးလည်း ငါ့ အကြောင်း ဟုတ်သလောက်သိရရင် မချိတင်ကဲနဲ့ ရင်ကွဲရှာတော့မယ်၊ ကိုယ့်ကိုယ်ကိုယ် မစိုးမပိုင်နိုင်သေးတဲ့ဘဝမို့ ချစ်သမျှဒုက္ခနဲ့ အဆုံးသတ်ရတော့မယ်ထင်ပါရဲ့"

ဟု ငိုမဲ့မဲ့အသံတုန်ကြီးနှင့် ညည်းတွားပြီး စောခင်ကိုတစ်အား ဖျစ်ညှစ်ပွေ့ပိုက်ကာ စိတ်ရှိသလောက်မွှေလျက် လေးလေးနက်နက်ကြီး အချစ် တံဆိပ်ရိုက်လိုက်မိသောအခါတွင် စောခင်မှာ နဂိုကသောက မအေးရာတွင် ရင်တလှပ်လှပ်နှင့်နှလုံးသွေးဆူပွက်စပြုလေတော့၏။

"ဘာဖြစ်လို့လဲ ကိုသီလှ၊ ကျွန်မကို အကုန်ဖွင့်ပြောပါနော်၊ ဩော်- ရှင့်အတွက် အသည်းကွဲရချည်ရဲ့ ကိုသီလှရယ်၊ ရှင့်ရန်သူနီးရင်လည်း ကျွန်မအပြီးအပိုင်ခေါ်ပြီး တော်ရာပြေးပါတော့လား၊ ဆူးကို ခလုတ်၊ သစ်ငုတ် ကိုမွေ့ရာဆိုတာလို ဒုက္ခကိုမကြောက်ဘဲ ရှင့်နောက်က အမြဲပါနိုင်ပါတယ်။ ဘယ်လိုဘယ်ပုံဖြစ်မယ်ဆိုတာသာ ဖွင့်ပြောစမ်းပါ၊ တိုင်တိုင်ပင်ပင်လုပ်စရာရှိ လည်း လုပ်ကြတာပေါ့"

ဟု ပြောသော်လည်း မောင်သီလှမှာ သက်ပြင်းကြီးကိုသာ အတွင် ရှူလျက်-

“ခက်တယ်စောခင်၊ ငါ့အဖြစ်ကပြောရမှာ သိပ်ခက်တာပဲ၊ မင်းလည်းငါ့အကြောင်းသိရင် စိတ်မကောင်းဖြစ်ရုံအပြင် ဘာမှပိုလုပ်နိုင်မှာ မဟုတ်ဘူး၊ ကဲကွယ်မပြောဘူး-မပြောဘူး၊ ရှိပေစေ၊ နောင်ခါမှနောက် ရားပဲ၊ ကိုယ်ကနိုင်လည်းနိုင်, သူကနိုင်လည်းနိုင် မပြိုင်နိုင်လို့ရှုံးမှပဲ၊ ဘုံးဘုံးကျ ဖွင့်ပြောရတော့မှာပဲ၊ ကဲ-ကဲ-သွားတော့၊ ကျုပ်အတွက် အပူစိုက်မနေပါနဲ့ကွယ်၊ ကံရှိပါသေးတယ်၊ ကိုင်း-ကိုင်း ပြန်ပေတော့၊ ကိုယ်ညမှ စောစောလာမယ်နော်”

ဟု မချိလှသောမျက်နှာထားနှင့်ပြောကာ ချစ်သူတို့ဓမ္မတာအတိုင်း သွားကာနီးနှုတ်ဆက်၍ထွက်သွားမှ စောခင်မှာလည်းမပြီး မပြတ်ကြီးပြော သွားသော မောင်သီလှ၏ စကားများကြောင့် စိတ်စနောင့် စနင်း၊ ရင်တွင်း မကြည်မသာနှင့်သာ ရွာဆီသို့ပြန်ခဲ့ရရှာလေ၏။

***

သို့နှင့်များ မကြာမီရက်အတွင်းမှာပင် မောင်စောလုနှင့် စောလု ပင့်လာသောဆရာကိုကိုလေး(ကျွန်တော်)တို့သည် ဒေါ်နန်းဒွေး၏အိမ် ပေါ်သို့ရောက်လာပြီး အနီးတွင် စောခင်ကို ခေါ်ယူစစ်ဆေးလျက်ရှိကြ လေ၏။ သို့သော် ခါတိုင်းနည်းအတိုင်း အမျိုးမျိုးစစ်ဆေးသော်လည်း မပေါ်၊ ဤအကြိမ် မှာ ကျေးဇူးရှင်ဆရာကြီးအမိန့်အတိုင်း လိုက်လာရသော်လည်း အချည်းနှီး လက်လျှော့ပြန်လာရတော့မလောက်ဖြစ်လျက်၊ စုံစမ်းစစ်ဆေးသည့်တိုင်အောင် လိုရင်းအချက်သို့မရောက်ဘဲ သဲထဲ ရေသွန်ဖြစ်၍နေပေတော့၏။

ကျွန်တော်သည် သူဂယ်မ, မစောခင်၏အဖြစ်အပျက်များကို ဒေါ်နန်းဒွေးထံမှလည်းကောင်း၊ ရွာသူရွာသားတို့ထံမှလည်းကောင်း အလုံးစုံ ကြားသိရသောကြောင့် ရုတ်တရက်သော်မစောခင်ကိုယ်၌ အောက်လမ်းပညာ တတ်ကျွမ်း၍သော်လည်းကောင်း၊ သို့တည်းမဟုတ် စောခင်နှင့်နာနာဘာဝ၊ ဉစ္စာစောင့်စသောလူမျိုးနှင့် အဆက်အသွယ်ရှိသောကြောင့်ဖြစ်ရမည်ဟု

မြန်မာ စာအုပ်များ



အယူရှိခဲ့သည့်အတိုင်း ပထမရှေးဦးစွာ သူငယ်မ မစောခင်အား အောက်လမ်းပညာသည် ဟုတ်-မဟုတ်ကို ကျွန်တော်တို့အထက်လမ်းဆရာ၏ တာဝန်ဝတ္တရားအတိုင်း စုံစမ်းကြည့်ရှုသောအခါ စောခင်မှာတစ်စုံတစ်ရာသော ပညာကိုမျှမတတ်ရှာသော ပကတိရိုးသားသူဖြစ်ကြောင်း သိရလေ၏။ ထို့ကြောင့် စောခင်ပညာသည် မဟုတ်ကြောင်း ကျွန်တော်ကပင်ဖြေရှင်းပေးမှ ဒေါ်နန်းဒွေးနှင့်တကွ တစ်ရွာလုံးစိတ်သက်သာရာရသွားကြသည်နှင့်အမျှ စောခင်ကို ကရုဏာ မေတ္တာထားနေရှာသောစောလုမှာလည်း ဝမ်းမြောက်ခြင်းကြီးမက ဝမ်းမြောက်သွားကြရှာလေ၏။

"စောခင် စုန်းကဝေမဟုတ်တာတော့ အမှန်ပဲ၊ သို့သော် သူ့မှာ တစ်စုံတစ်ခုအစွဲရှိလို့သာ ခုလိုထူးထူးခြားခြားတွေဖြစ်နေရတာ မောင်စောလုရဲ့"

ဟု ပြောလိုက်လျှင်-

"ဒါဖြင့်ဆရာလေးရယ်၊ ဒီအစွဲကို မြန်မြန်ချွတ်လွှဲပေးပါခင်ဗျာ"

ဟု စောလုကပြောသောအခါ အနီးတွင်ထိုင်နေသော စောခင်မှာ စောလုကိုမကျေနပ်လှသောမျက်နှာနှင့် မျက်စောင်းထိုးကာ-

"ရှင်ကဘာပြုလို့ ကျွန်မအတွက်ပူနေရတာလဲ။ ရှင်ပူစရာမလိုပါဘူး။ ကျွန်မဘာသာအစွဲရှိရှိ၊ မရှိရှိ၊ ရှင်နဲ့ဘာဆိုင်သလဲ"

ဟု ပြောလျှင်၊ ဒေါ်နန်းဒွေးက သမီးကိုဝင်မာန်ကာ-

"ဟဲ့ မိစောခင်တိတ်တိတ်နေနော်၊ နင့်အစွဲပျောက်ရင် ဒီက ကျေးဇူးရှင်ကလေးမောင်စောလုကို ကျေးဇူးတင်ဖို့သာရှိတယ်။ မိုက်မိုက်ရိုင်းရိုင်း ပြောမနေနဲ့"

ဟု ပြောသော်လည်း စောလုမှာ အပြုံးအရယ်မပျက်ဘဲ-

"ကိစ္စမရှိပါဘူးဒွေးလေးရာ၊ သူကပြောတာမှမဟုတ်ဘဲ၊ သူ့ အစွဲက ပြောနေတာပါ၊ ကျွန်တော်စိတ်မဆိုးပါဘူး၊ ကဲ-ဆရာလေးရယ် ဒီအစွဲကို ချွတ်လွှဲပေးတော်မူပါ"

မြန်မာ စာအုပ်များ



ဟု နားပူနားဆာ လုပ်လှသောကြောင့် ကျွန်တော်လည်း နည်းလမ်းရှိသလောက်နှင့် စောခင်၏အစွဲကို စုံစမ်းလိုက်သောအခါ တစ်စုံတစ်ရာ ထူးထူးခြားခြားမတွေ့ရသည်နှင့် အတော်ပင်အံ့အားသင့်၍ နေမိပေ၏။ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေ၊ ဥစ္စာစောင့်တို့နှင့် မကင်းရာ မကင်းကြောင်း ဖြစ်နေသောသူများမှာ ကျေးဇူးရှင်ဆရာကြီး၏နည်းစနစ်အတိုင်း ကြည့်ရှုစစ်ဆေးလျှင် မူလအစွဲရှင်တို့မှာ မှန်သားတွင်ထင်သော အရိပ်အလား ထင်ထင်ရှားရှားမြင်ရမြဲဖြစ်သော်လည်း ယခုတစ်ပွဲတွင်ကား သဲထဲရေသွန်ဖြစ်ကာ တစ်စုံတစ်ရာ သဲလွန်စမပေါ်လာဘဲ နေလေတော့၏။ ကျွန်တော်လည်း ဆရာကြီးသင်ကြားသည့်အတိုင်း ဂုဏ်တော်ပုတီးနှင့်တစ်မျိုး၊ ပရိတ်ကြိုးနှင့်တစ်သွယ်၊ ဆေးကြိမ်နှင့်တစ်နည်း၊ ဒိဗ္ဗစက္ခုအင်းစီရင်၍တစ်ဖုံ၊ အကောင်းဆိုအပ်သည့် နည်းမျိုးစုံတို့နှင့် အနုလုံပဋိလုံ စုံစမ်း၍မရသောကြောင့် လက်လျှော့ရတော့မည်ကဲ့သို့ရှိသောအခါ စောခင်သည်ကား ကျွန်တော်ချွေးဒီးဒီးကျလာသည်တိုင်အောင် ကြိုးစား၍မှ အစွဲရှင်ကိုမသိရသော ကျွန်တော့်အားသရော်ပြောင်လှောင်လိုသော မျက်နှာထားနှင့်. . .

"ကျွန်မမှာ စုန်းလည်းမတတ်ပါဘူး။ ဘာအစွဲမှလည်း မရှိပါဘူးဆိုတာ ဆရာတို့ကမယုံဘဲကိုး"

ဟု မခိုးမခန့်ပြောသောကြောင့် ကျွန်တော်ကလည်း အပွဲပွဲနွှဲခဲ့သမျှ၍အကြိမ်ကျမှ ရေတိမ်အနစ်ခံရတော့မလိုရှိသဖြင့် မခံချိအောင်ဖြစ်၍ နေလေတော့၏။ ကျွန်တော်ကား လူငယ်လူလတ်၊ ခေတ်မီ သောသူတစ်ယောက်ဖြစ်သည့်အားလျော်စွာ ရှေးသမားရိုးကျဆရာကြီးများလို ၍ကိစ္စ၌ ဖြောင့်ဖြောင့်ရိုးရိုးကြီး ခရီးသွားနေလို့မဖြစ်၊ အကွေ့အကောက်၊ အခြောက်အလှန့်၊ အဟန့်အဖျန်းတွေနှင့် စုံစမ်းဦးမည်။ ဒီတစ်ပွဲမှာ အရှက်ကွဲမခံဟု စိတ်မာန်တင်းကာ စောခင်နှင့်နှစ်ယောက်ချင်း အတွင်းစကားလိုလိုနှင့်ပင်-

"ဟော့-သူငယ်မ၊ မစောခင်ရဲ့၊ ဆရာဟာ မင့်ကိုအန္တရာယ်ကင်း၊ ဘေးကင်းအောင်ဆောင်ရွက်ဖို့ မင့်အကျိုးဆောင် သက်သက်လိုက်လာတယ်ဆိုတာ သိရဲ့မဟုတ်လား"

မြန်မာ စာအုပ်များ



"သိပါတယ်ဆရာရယ်၊ ဆရာဟာ ကျွန်မအတွက် စောလှ ...
လာလို့ လိုက်လာရတာပဲ၊ ကျွန်မအတွက်လည်း ဟုတ်တယ်၊ လိုရင်း...
စောလှအတွက်ဆိုရင် ပိုမှန်ပါလိမ့်မယ်"

"ဒါတော့ မင်းတို့ချင်း ကျေနပ်သလို ကြည့်လုပ်ကြဖို့ တာဝန်ပဲလေ၊ ဆရာ့တာဝန်ကတော့ မစောခင် အနှောင့်အယှက်၊ အစွဲအငြိ မရှိဖို့ လုပ်ပေးရမှာဖြစ်တယ်။ မင့်ကို ရပ်ရွာက စုန်းမလို့သမုတ်ကြောင်း၊ မှန်ရာသိကြပြီ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီအတွက်တော့ ဆရာ့ကို အများကြီးကျေးဇူး တင်ပါတယ်။ ဒါပေတဲ့ ကျွန်မမှာ ဘယ်အစွဲမှ ရှိတယ်လို့ စုံစမ်းမရတာလည်း ဆရာသိပြီ မဟုတ်လား၊ ဒီလိုအစွဲရှိတယ်ထင်ကြပေတဲ့ ကျွန်မအတွက် ဘာတစ်ခုမှ အနှောင့်အယှက်လည်းမဖြစ်တော့ ကျွန်မကို ကုမ, ချွတ်လွဲ နေတဲ့လူတွေသာ အလုပ်ပိုတစ်ခုဖြစ်နေပါတယ်"

"အင်း-မစောခင်အတွက် အနှောင့်အယှက်မဖြစ်ဘူးဆိုပေတဲ့ ဒေါ်နန်းခွေးထံ သားရေးသမီးရေးနဲ့ ပတ်သက်လို့ ဆက်ဆံပြောဆို လာကြတဲ့ သူငယ်များကို လူမမြင်ရဘဲနဲ့ တစ်စုံတစ်ဦးက ရိုက်ပုတ်ထု ထောင်းလွှတ်နေ တာကို ဘယ်လိုဆိုမလဲ၊ မစောခင်မှာ ယခုလောလောဆယ် မေတ္တာဆက်သွယ် ထားတဲ့လူများရှိလို့ တစ်နည်းနည်းနဲ့နှောင့်ယှက်ကြသလား"

"ကျွန်မမှာ မေတ္တာဆက်သွယ်စရာလူ မရှိပါဘူး"

"အရင် တစ္ဆေခြောက်တဲ့အိမ်ပျက်ကြီးမှာ မောင်သီလှဆိုတာနဲ့ မေတ္တာဆက်သွယ်နေကြဖူးတယ်လို့ ဒေါ်နန်းခွေးက ပြောပါကလား"

"ဒါတော့မှန်ပါတယ်၊ သို့ပေမယ့် ဟိုတုန်းက အမေသဘော မကျဘူး ဆိုတာနဲ့ ဒီလူကိုဖြတ်လိုက်ပါပြီ။ ဒီကထဲကစပြီး သူလည်းဒီရွာကို မလာတော့ ပါဘူး။ တစ်ခါတည်းပြတ်စဲသွားပါတယ်"

"သြော်-ဒါဖြင့်အရှင်းကြီးပဲ၊ ဒါနဲ့ အဲဒီလူနဲ့ မစောခင်ဟာ တင်ဌာ... ပင် အနားမသိရဲအောင် တစ္ဆေခြောက်နေတဲ့အိမ်ပျက်ကြီးကို မကြောင်း... သွားဝံ့ကြတာလည်း အတော်အံ့ဩဖို့ ကောင်းတယ်နော်၊ ဒီအိမ်က ... ဟာလည်း အတော်အတင့်ရဲတဲ့ တစ္ဆေတွေတဲ့"

"ဒီလောက်အံ့ဩဖို့မရှိပါဘူးရှင်၊ သူ့မှာ တစ္ဆေသရဲနိုင်တဲ့ လက်ဖွဲ့ တစ်ခုရှိတာနဲ့ မကြောက်မရွံ့သွားဝံ့တာပါ"

"အင်း-ဟုတ်စရာရှိပါရဲ့။ နို့-ဒါထက် ယခုတလောတော့ မစောခင်ဟာ လူအကောင်အထည်ကို မမြင်ရတဲ့လူတစ်ယောက်နဲ့ ညတိုင်းအမြဲစကားပြောပြောပြီး နှီးနှီးနှောနှောနေကြတယ်လို့ ပြောနေကြပြန်တယ်။ အဲ-ဒါဘယ်လိုသဘောရလဲ၊ မောင်သီလှဆိုတဲ့သူငယ်ဟာ တစ္ဆေသရဲမခြောက်နိုင်တဲ့ အဆောင်အယောင်၊ လက်ဖွဲ့အစွမ်းကောင်းမျိုးရှိသလို ကိုယ်ကိုပျောက်စေတတ်တဲ့ လက်ဖွဲ့ကလေးများရှိထားသလား၊ မစောခင်တော့သိမှာပေါ့"

ဟု ပြောလိုက်သောအခါ-

စောခင်မှာ ဖျပ်ခနဲမျက်နှာပျက်သွားသည်ကို တွေ့ရလေ၏။ သို့သော် ကျင်လည်ဖျတ်လပ်သော မိန်းမပါး, မိန်းမနပ်ကလေးပမာ မျက်နှာကို ရုတ်တရက် ပြင်လိုက်ပြီး-

"မဟုတ်ပါဘူး ကိုသီလှနဲ့ ကျွန်မနဲ့စိတ်ဆိုးပြီး တစ်ခါတည်း ပြတ်စဲကြတာကြာလှပြီ၊ သူနဲ့ဘာမှမဆိုင်ပါဘူး၊ ညအိပ်ရာထဲမှာ ကျွန်မတစ် ကိုယ်တည်း စကားပြောပြောနေတယ်ဆိုတာလည်း မှန်ပါတယ်။ သို့ပေတဲ့ သူတို့ထင်ကြသလို တစ်ယောက်ယောက်နဲ့ စကားပြောတာမဟုတ်ပါဘူး။ ကျွန်မဘာသာ ကျွန်မတစ်ယောက်တည်း ဘိုင်စကုတ်မင်းသမီးလုပ်စားချင်တာနဲ့ အပြောအဆို၊ အမူအရာတွေ လေ့ကျင့်နေတာပါ။ ဟုတ်တယ်ရှင့်၊ အမေကလည်း မကြည်သာ၊ ရွာကလည်းအဖက်မလုပ်၊ ရည်းစားလုပ်တဲ့လူကလည်း တစ်နပ်စားကြံသွားတော့ စိတ်များလည်း ရှုးချင်, နှမ်းချင်ဖြစ်နေတာနဲ့ လုပ်ချင်ရာလျှောက်လုပ်တာပဲ၊ အဲဒါကို သူတို့က "အတွေးကောင်းနဲ့ စရေးထောင်း" ဆိုတာလို ကျွန်မကို မတရားစွပ်စွဲကြတာပါ"

ဟု ပြုံးတစ်လှည့်, ရယ်တစ်ခါနှင့် ပြောနေသော်လည်း သူ့ကို ချစ်ကြိုက်၍အိမ်ပေါ်ရောက်လာသော ကာလသားကလေးများအား သရဲထောင်းခံရသည်ဆိုသော စကားတစ်ရပ်ကြောင့် သူပြောတိုင်းမယုံနိုင်အောင်ရှိလေ၏။ ထို့ကြောင့် စောခင်ကိုပေါ်အောင်စစ်ရန် အတော်ခဲယဉ်းနေကြောင်း

မြန်မာ စာအုပ်များ



သိရသည့်အပြင် ၎င်း၏မျက်နှာထားပျက်ပုံနှင့်တကွ သူ၏စကားထဲကဇာတိပြကာ မောင်သီလှဆိုသူက ကာကွယ်လိုသော သဘောတွေပေါ်လာသောကြောင့် ကျွန်တော်လည်း တစ်နည်းနည်းအားဖြင့် လက်သည်ပေါ်အောင် အကြံထုတ်ရန်တစ်မျိုးကြံရလေ၏။

ထို့ကြောင့် ဒေါ်နန်းဒွေးကို စုံစမ်းသောအခါ စောခင်ကို ကြိုက်ချစ်သူတို့ လည်မျိုအစ်ခံရခြင်း၊ အိမ်ပေါ်က ကိုင်ပေါက်ခြင်းခံရသူများမှာ စောခင်အား ကိုယ်ထိလက်ရောက်၊ ဆွဲငင်ပွေ့ဖက်လိုက်သော အခါများတွင် သာ၍ထင်ထင်ရှားရှား ပြုတတ်ကြောင်းကြားသိရသဖြင့် ဒေါ်နန်းဒွေးနှင့်စောလုတို့ကို နှုတ်ပိတ်စကားမှာကြားလျက် အခန်းထဲတွင် စောခင်နှင့်စောလု နှစ်ယောက်တည်းထားပြီး စောလုအား ချစ်ခင်သူဖြစ်သည့်အလျောက် ချစ်ခင်ကြောင်းစကားပြောလျက် ကိုယ်ထိလက်ရောက် ဖက်ပွေ့ခြင်းပြုပါရန်ပြောသောအခါ စောလုမှာ-

"ဆရာလေးရယ်၊ ကျွန်တော်ဟာ သူ့ကို တကယ်ချစ်တာပါ၊ သူသဘောမတူသေးဘဲနဲ့ ဒီလိုရိုင်းရိုင်းပြပြမလုပ်ပါရစေနဲ့"

ဟု တောင်းပန်နေသည် တိုင်အောင် ကျွန်တော်ကလည်း-

"မဟုတ်ဘူးစောလုရဲ့၊ ကျုပ်ကလည်း သမာဓိရှိရတဲ့ ဆရာသမားတစ်ယောက်ပါပဲ၊ ကလေးကလား လုပ်ခိုင်းတာမဟုတ်ပါဘူး၊ ဒီလိုလုပ်မှ လက်သည်တရားခံအစစ်ကိုမြင်ရမှာမို့ တမင်တကာပင် အလုပ်ခိုင်းရတာပါ၊ ဒီအတိုင်းဆိုရင် ပေါ်ဖို့အခက်သားပဲ၊ စောလုကိုယ်တိုင် မလုပ်ချင်ရင် တစ်ယောက်ယောက်ကိုခိုင်းလေ"

ဟု ဆိုမှ-

"ကဲ-ဒါဖြင့် မနေသာတဲ့ကိစ္စဆိုတော့ လုပ်ရတော့မှာပေါ့ ဆရာရယ်"

ဟု တာဝန်ခံကာ နောက်တစ်နေ့မှာပင် ကျွန်တော်စီစဉ်သည့်အတိုင်း စောလုနှင့်စောခင်တို့မှာ အိပ်ရာခန်းထဲ၌ ဒေါ်နန်းဒွေးက နှစ်ယောက်ချင်းပိတ်ပေးသည်ကို ခံရပြီးလျှင် ကျွန်တော်နှင့်ဒေါ်နန်းဒွေးတို့ကား အခန်းထရံပေါက်ကြားက ချောင်းကြည့်သမားတွေ လုပ်နေကြရပေ၏။

ထိုအခိုက်မှာပင် အခန်းတွင်းဘက်၌ စောလုမှာ ရုပ်ရှင်ထဲက နောက်ပိုး ဗီလိန်လူဆိုးကြီးလို မျက်နှာချိုချိုနှင့်စောခင်ကို ချစ်စကား, ကြိုက်စကား တွေပြောနေပြီး စောခင်ကမျက်စောင်းကြီးတထိုးထိုး မျက်နှာထားတဆိုးဆိုးနှင့် အမျိုးမျိုးရန်ထောင်လျက်ရှိသည်ကို တွေ့မြင်ရပြီးလျှင် မကြာမီပင်စောလု လည်း စောခင်၏လက်များကိုဆွဲငင်ကာ ကိုယ်ကိုပါ သိမ်းကြုံးပွေ့ဖက်လိုက် သည့်ခဏ၌ စောခင်၏ပါးစပ်မှ-

"အမယ်လေး- ကိုသီလှရေ၊ ကျွန်မတော့ ရေတိမ်နစ်ရတော့မယ် ကိုသီလှရဲ့"

ဟု လွှတ်ခနဲအော်လိုက်သည်နှင့် တစ်ပြိုင်နက် တံခါးရွက်တစ်ခုသည် ပြုံးခနဲပွင့်ထွက်သွားပြီးနောက် ရှမ်းလူပျိုငယ်ရွယ်တစ်ယောက် လွှားခနဲ အိမ်ထဲသို့ရောက်လာသည်ကို တွေ့မြင်ရလေ၏။ ချောင်းကြည့် သူဒေါ်နန်းဒွေး နှင့်တကွ အခန်းတွင်းက စောလု, စောခင်တို့မှာဝင်လာ သူကိုတွေ့မြင်ရဟန် လက္ခဏာမရှိသော်လည်း ဒိဗ္ဗစက္ခုမျက်ကွင်းဆေး၏ တန်ခိုးအာနိသင်ကြောင့် ကျွန်တော်တွင်ကား ထင်ရှားစွာတွေ့မြင်ရသည် ဖြစ်ရာ အဆိုပါဝင်လာသော ရှမ်းလူပျိုမှာ စောခင်၏ရည်းစားမောင်သီလှ ဆိုသူသာ ဖြစ်ရမည်ဟုအတပ်သိရ ပြီး ၎င်းမောင်သီလှသည် ဘယ်နည်း ဘယ်ပုံကြောင့် လူပုံကိုဖျောက်ထားနိုင် လေသနည်း၊ နာနာဘာဝအနွယ်ထဲသို့ တစ်နည်းနည်းသွယ်ဝိုက်ဆက်ဆံသူ ဖြစ်ရမည်ဟုတွေးမိပြီးလျှင် အခါတိုင်း နောက်နောက်က စောခင်ကိုတောင်းရမ်း လာသူများကို နှိပ်စက်ရိုက်နှက်လွှတ်သူမှာလည်း ထိုသူပင်ဖြစ်၍ ယခုစောလုကို လည်း စိတ်ရှိသလောက်နှိပ်စက်တော့မည်ဟု အတပ်သိရတော့သည့်အတိုင်း အရေးရှိကအဆင်သင့်ကူညီရန် ဟန်ပြင်စောင့်စားနေရပေ၏။

စောလုမှာလည်း-

"မောင်စောလုကို တစ်ယောက်ယောက်ကလာပြီး တစ်ခုခု မလုပ် မခြင်း စောခင်လက်ကိုအတင်းသာဆွဲထား"

ဟု ကျွန်တော်မှာထားသည့် အားလျော်စွာ စောလုမှာ မျက်နှာပြောင် တိုက်ပြီး ဇွတ်အတင်း စောခင် ရုန်းကန်နေသလောက် သူ၏လက်ကို မရှက်

မကြောက်ဆွဲထားရှာသည်ကို တွေ့မြင်ရလေ၏။ ဝင်လာ သူ မောင်သီလှလည်း မူလကဒေါ်သတကြီးနှင့် တစ်ခါတည်းအသေသတ် တော့မလောက် စိတ်ဆိုးနေစေကာမူ စောလု၏မျက်နှာကိုငုံ့ကြည့်ပြီး ရုတ်တရက်အံ့အားသင့်သွားသည်ကို တွေ့ရလေ၏။ မောင်သီလှသည် ယင်းသို့ အံ့အားသင့်ရာက "ဆံတစ်ပင် တင်းချစ်ခြင်းရည်းစား" ဆိုဘိအလား၊ "မယားထိတော့ ဓားကြည့်" ဟူသော စကားအရ စောခင်ကို စော်ကားရပါမည်လားဟု ဒေါသအမျက် ချောင်းချောင်း ထွက်လာပြီး စောလုကို လည်မျိုညှစ်တော့မည်ပြုရာက တစ်ဖန်လည်း စောလု မျက်နှာကို ကရုဏာမကင်းသလိုကြည့်ပြီး သက်ပြင်းကြီးတစ်ချက်ချကာ ရွယ်ထားသောလက်များကို ဖြေလွှတ်လိုက်ပြန်၏။ တစ်ဖန် လက်ကိုဆွဲထား သဖြင့်-

"လွှတ်နော်၊ လွှတ်၊ ခွေးကျင့်, ခွေးကြံ မကြံနဲ့"

ဟု ရုန်းကန်ရင်း ရန်ထောင်ငိုကြွေးနေသော စောခင်ဘက်သို့ လှည့်ကြည့်ပြီး အံသွားကြီးခဲ၍ ဒေါသမီးရဲရဲတောက်လာပြန်ကာ စောလု လည်မျိုကိုညှစ်ရန်ကြိုးစားပြန်လေ၏၊ သို့သော် မအောင်မြင်ဘဲ သက်ပြင်း ကြီးဆွဲ၍ ချလိုက်ကာ စောလု၏လက်များကိုသာ တအားဆောင့်ဆွဲ ပစ်လိုက်သည်နှင့် စောလုမှာ ရုတ်တရက်နောက်ပြန်လဲကျအသွားနှင့် ကွန်တော်လည်း ဒေဝသိဒ္ဓိ ဆေးမြားနှင့် မောင်သီလှထံသို့ တအားမှုတ်လိုက်သောအခါ ခံဆူးပမာ သေးငယ်လှစွာသော ဆေးမြားကလေးသည် မောင်သီလှ၏လည်မျိုကို အဖျား ကလေးသွား၍စိုက်မိသည်နှင့် တစ်ခဏခြင်း မောင်သီလှမှာ မတ်တတ်မှ လဲကျ၍ မထနိုင်တော့ဘဲ ညည်းညူနေတော့သည့်အပြင် သူ၏ကိုယ်ကိုလည်း မကွယ်မဖျောက်နိုင်တော့ဘဲ ဘွားခနဲ ထင်ရှားမြင်ကြရလေတော့၏။ ဒေါ်နန်း ခွေးကြီးမှာ အံ့အား သင့်ရုံမျှသာရှိလျက် စောခင်ကား-

"အမယ်လေး၊ ကိုသီလှ ဘယ်ထိသွားသလဲ၊ ဘာဖြစ်သလဲ"

ဟု ပျာပျာသလဲအော်ကာ မောင်သီလှကိုပြေး၍ ပွေ့ဖက်ထားပြီး စောလုမှလည်း မောင်သီလှဆိုသူကို တွေတွေကြီးစိုက်ကြည့်ကာ မျက်ရည်တွေ လည်လာပြီး . . .

"အမယ်လေး-ကိုကို-ကိုကို-ဘယ်လိုဖြစ်တာလဲ၊ ကိုကိုရဲ့ ဘာဖြစ်သွားသလဲ၊ ကျွန်တော်မှားပြီ၊ ကိုကို-ဖြစ်မယ်လို့မထင်မိတာနဲ့ ဒီလို လုပ်မိတာပဲကိုကိုရယ်၊ ကျွန်တော်လာတုန်းက ကိုကိုဟာ်မှာ ကောင်းကောင်းမွန်မွန်ရှိခဲ့ရက်သားပဲ၊ ခု ဒီကို ဘယ်နည်းဘယ်ပုံရောက်လာ ရတာလဲကိုကိုရဲ့"

ဟု ပြောကာ မောင်သီလှအနီးသို့ ပြေးလာလေ၏။ မောင်သီလှကား စောခင်ရင်ခွင်တွင် မောဟိုက်ပင်ပန်းစွာ ညည်းညူ၍နေရှာလေ၏။ ကျွန်တော်လည်း အဖြစ်အပျက်တွေကို အံ့အားသင့်လျက်ရှိရာက အကျိုးအကြောင်းသိရှိရန် အနီးသို့ရောက်သွားမှ . . .

စောလုက . . .

"ဆရာလေးရဲ့ ဒါကျွန်တော့်ကိုကို၊ နန်ဖြီးမြို့စား စောသီလှဆိုတာပါ၊ ဘယ်နည်းဘယ်ပုံကြောင့် ဒီလိုလာဖြစ်ရတယ်ဆိုတာမသိရဘူး၊ ကျွန်တော် ဒီကိုလာတုန်းက ကိုကိုဟာ သူ့ဟော်မှာသူ ကောင်းကောင်း မွန်မွန်နေရစ်ပါတယ်၊ ခုဘယ်နည်းနဲ့ ဒီကိုရောက်လာတာလဲ၊ ခုလဲနေ တာကကော ဘာဖြစ်တာလဲဆရာရဲ့ အို-ရှုပ်လှချည်ရဲ့ဗျာ၊ ဟောဒီ မစောခင်ဟာလည်း ခုလိုဆိုတော့ ကျွန်တော့်မရီးတော်ဖြစ်နေပါပကော၊ မစောခင် ကျုပ်လွန်မိတာတွေ အပြစ်မပြုပါနဲ့နော်၊ ခုလိုဆွဲလား, လွှဲလားလုပ်ရတာလည်း ကျုပ်စိတ်က ရိုင်းရိုင်းပြပြ လုပ်ချင်လို့ လုပ်တာမဟုတ်ရပါဘူး၊ ဟောဒီက ဆရာလေးက လက်သည်ပေါ်အောင် ဟန်ဆောင် ပေးပါဆိုလို့ မလုပ်ချင်ဘဲနဲ့ တမင်လုပ်ရတာပါကိုကိုရယ်၊ ညီလေးကိုလည်း အပြစ်မထားပါနဲ့နော်၊ ကျွန်တော် ကိုကိုတို့အကြောင်းမသိလို့ ပြုမိတာပါ ကိုကိုရဲ့"

ဟု ငိုမဲ့မဲ့ပြောရှာလေတော့၏။

စောသီလှလည်း စောလုကိုတစ်လှည့်, စောခင်ကိုတစ်လှည့် မချိသောမျက်နှာနှင့် ကြည့်၍နေရှာလေရာ စောလုမှာအစ်ကိုဖြစ်သူကို ဝင်ပွေ့ပြီး-.

"ကိုကို-ကိုကို-သတိရရဲ့လား ကိုကိုရဲ့ ကိုကို ဘယ်လိုဖြစ်လာတာလဲ၊ ညီလေးကိုပြောပါဦး"

မြန်မာ စာအုပ်များ



ဟု ပူပန်စိုးရိမ်စွာပြောရှာလျှင် စောသီလှမှာ အလွန်မချိသော မျက်နှာနှင့် စောလုပခုံးကိုလှမ်းကိုင်ပြီး-

"ညီလေးစောလု ညီလေးကိုတွေ့ရတာ ကိုကိုမချိလှဘူးကွယ်၊ ကိုကို ဖြစ်ပုံပြောရရင်၊ အို-စောခင်-စောခင်၊ မင်းစိတ်မချမ်းသာမှာစိုးလို့ ကျုပ်အဖြစ် ကိုမပြောချင်ပေမယ့် မနေရတော့ဘူးကွယ်၊ ပြောရတော့မယ်"

ဟု အားယူကာ လဲရာကထထိုင်ရင်းပြောလျှင် စောခင်နှင့် စောသီလှ ၏ကိုယ်တစ်ပိုင်းကို တစ်ဖက်တစ်ချက်စီမှီတွဲ ဖေးမထားကြပြီး တထင့်ထင့် နှင့်နားစွင့်လျက်ရှိကြလေရာ ကျွန်တော်မှာလည်း ထူးထူးဆန်းဆန်း အံ့မခန်း အဖြစ်အပျက်များကို အံ့အားသင့်ကာ ကြည့်နေမိပါ၏။ ကျွန်တော်အံ့သြခြင်း ကား စောသီလှဆိုသော မြို့စားသည် ဘယ်နည်းဘယ်ပုံ ဤဒေသရောက်ရှိ နာနာဘာဝနှင့် တစ်စိတ်တစ်ဒေသ အဆက်အသွယ်မကင်းသလိုလို မိမိကိုယ် ကိုဖျောက် ထားနိုင်ခြင်းပင် ဖြစ်တော့၏။ ထို့ကြောင့် ဒေဝသိဒ္ဓိဆေးမြား ကလေးကို မနုတ်သာသေးသည့်အလျောက် စောသီလှပြောသည့်စကားများကို နားထောင်လိုက်သောအခါ-

"ညီလေးရေ-ညီလေးတော့၊ ဘာမှမသိရှာဘူးနော်၊ ဒါပေတဲ့- တို့တို့ ဟာ ညီလေးတောင်ကြီးအစိုးရဟိုက်စကူးကျောင်းသွားနေတဲ့ အခိုက်က ညီလေးခုနစ်တန်းအောင်ပြီး ပြန်သွားတဲ့နှစ်ပေါ့ကွယ်၊ အခု မင်းဘယ်နှတန်း အောင်ပြီး ကျောင်းထွက်တာကော ဘယ်လောက်ကြာပြီလဲ"

လု ။ ။ "အို-ကိုကိုကလည်းအသိသားနဲ့ ညီအစ်ကိုဒီနေ့ဒီရက်အထိ အတူတူနေလာတာ၊ အသစ်လုပ်မေးနေရသေးသလားတို့တို့ရဲ့"

လှ ။ ။ "ကိုကိုမသိရိုးအမှန်ပါညီလေးရယ်၊ ပြောစမ်းပါ၊ အော်- ညီလေး- ညီလေး၊ ဘာမှမသိရှာဘူးနော်"

လု ။ ။ "ကျွန်တော်ဆယ်တန်းအောင်လို့ ကျောင်းကထွက်ပြီး တော်မှာ ကိုကိုနဲ့ အတူတူနေလာတာ သုံးနှစ်ကျော်လာပါပြီတောတို့တို့ရဲ့"

လှ ။ ။ "အေး-ဒါဖြင့် (၆)နှစ်ကျော် (၇)နှစ်နီးပါးရှိပြီပေါ့ကွယ်၊ တို့တို့ ဟော်ကြီးကိုစွန့်ပစ်ပြီး ချစ်လှတဲ့ညီလေးနဲ့ခွဲပြီး တောဒိအိမ်ထွက်

ကြီးမှာ ကိုကိုတစ်ယောက်တည်းလာနေရတာ ဘယ်လောက်ကြာပြီလဲဆိုတော့ ခုနစ်နှစ်, ရှစ်နှစ်လောက်ရှိပြီကွဲ့.”

လု ။ ။ အို-ကိုကိုဘာတွေပြောနေတာလဲ၊ သတိထားပါ၊ ကိုကိုနဲ့ ညီလေးနဲ့ လွန်ခဲ့တဲ့ ငါးရက်လောက်ကတောင်အတူတူနေပြီး ထမင်းတစ်ပွဲတည်းလက်ဆုံစားခဲ့ရပါသေးတယ်။ ဘယ်ကလာဟုတ်ရမှာလဲကိုကိုရဲ့.”

လှ ။ ။ ညီလေးနော်-ညီလေး၊ ဘာမှမသိရှာပါပဲကလား၊ အဲဒါ-ကိုကိုမဟုတ်ဘူးညီလေးရဲ့၊ ကိုကိုနဲ့အင်မတန်ရုပ်ချင်းတူတဲ့ ကိုကို့မိတ်ဆွေ အိုက်စံဆိုတဲ့လူပဲ၊ ကိုကို့ကို ဒီမှာအကျဉ်းချုပ်ချထားပြီး သူကဟိုမှာ မြို့စားကြီးလုပ်နေတာညီလေးရဲ့.”

လု ။ ။ “ဟင်-ဟုတ်လား၊ ဒါဖြင့် ညီလေးမခံဘူးကိုကို၊ ကိုကိုကော ဘာလို့ကြိတ်ခံနေရတာလဲ၊ လာ-ခုသွားပြီးကန်ချမယ်။ ညီလေးကတော့ ကိုကိုမှတ်လို့ အမြတ်တနိုးချစ်လိုက်ရတာ၊ ခွေးသား အိုက်စံ၊ သိကြရောပေါ့”

ဟု ရှူးရှူးရှားရှားဒေါနှင့်ပြောရာ-

လှ ။ ။ “ညီလေးနော်-ဒေါသမကြီးနဲ့၊ ဒီအကောင်ဟာ အင်မတန် ပညာတတ်တဲ့လူ၊ ကိုကို သူ့အပေါ်ဒီနေ့အထိ မတော်လှန်နိုင်တာ သာကြည့်တော့၊ သူ့ကိုဒီနည်းနဲ့အကြမ်းကိုင်လို့ မရဘူးညီရဲ့၊ လူတစ်ယောက်ကို အကောင်းပကတိက သူ့မျက်စိနဲ့ကြည့်ရုံနဲ့ ဖျတ်ခနဲမတ်တတ်က လဲပြီးသေအောင်တတ်နိုင်တယ်၊ ကိုကိုဟာ သူ့လက်ချက်နဲ့ အသက်မသေ မရှင်ဖြစ်ပြီး အချုပ်ကြီးမိထားရတဲ့ လူတစ်ပိုင်း, ဝိညာဉ်တစ်ပိုင်းနဲ့ ကိုယ့်ကိုယ်ကိုယ် သေသလား, ရှင်သလား မသိရတဲ့ဘဝရောက်နေတာကြာပြီ ညီလေးရယ်၊ အော်-တကယ်ဆိုတော့လည်း အိုက်စံကဆိုးပေတာမဟုတ်ဘူး၊ ကိုကိုကသာ စတင်ပြီးဆိုးခဲ့မိလို့ သူ့ညီကိုထိတော့ မခံချိအောင်နာတာနဲ့ ကိုကို့ကို ကလဲ့စားပြန်ချေတာပါပဲ”

မြန်မာ စာအုပ်များ



လူ ။ ။ "ဘယ်လိုများ ကိုကိုကဆိုးလို့လဲကိုကိုရယ်၊ ကိုကိုတို့အဖြစ်အပျက်တွေ ရေရေလည်လည်ပြောစမ်းပါဦး"

လှ ။ ။ "ဒီလိုညီလေးရဲ့၊ သူတို့မှာ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ သူ့နာမည်ကအိုက်စံတဲ့၊ သူ့ညီကအဲဖန်တဲ့၊ ဟောဒီက မစောခင်တို့လို ရှမ်းခနုမျိုးဖြစ်ရှံမကဘူး၊ ဒီရွာကဇာတိ၊ ဟောဟိုအိမ်အိုကြီးက ဦးနန်းဆံရဲ့ မြေးနှစ်ယောက်ပေါ့၊ သူတို့ဟာ ဆရာကြီးတစ်ဦးဆီက ပညာသင်ပြန်အလာ ကိုကိုနဲ့တွေ့လို့ မိတ်ဆွေဖြစ်ပြီး ချစ်ချစ်ခင်ခင်နေကြတယ်။ တစ်နေ့တော့ တောလည်သွားကြရာက တောထဲမှာ ကိုကိုရယ်, သူ့ညီ အဲဖန်ရယ်၊ တောင်ယာကရင်ကြီးတစ်ယောက်ညွှဲခံတဲ့ ပြင်းထန်တဲ့ ခေါင်ရည်တွေသောက်၊ မျောက်သားကင်နဲ့မြည်းပြီး အကြီးအကျယ် မူးနေကြရာက နှစ်ယောက်သား ဓားသိုင်းကစားကြရာမှာ အဲဖန်ရဲ့ဓားက ကိုကို့လက်မကြီးကို မတော်တဆခုတ်မိသွားတာကိုး၊ ကိုကိုကမူးမူးနဲ့ဆိုတော့ သိပ်စိတ်ဆိုးမိပြီး အဲဖန်ကိုတစ်ခါတည်း ဓားနဲ့အသေထိုးသတ် လိုက်မိတယ်၊ အဲ-ဒါကို သူ့ကငြိုးပြီး ကိုကို့ကိုသူ့ပညာနဲ့ ဘယ်လိုလုပ်လိုယ်တယ် မသိဘူး၊ ကိုကိုရုတ်ခနဲသတိလစ်ပြီး အဲဖန်ရဲ့သည်းခြေကြီး သွေးစက်စက်နဲ့ ကိုင်မန်းမှုတ်နေတာလောက်သာ သတိရတယ်။ နောက်တော့ ကိုကိုဟာ ကိုယ့်ကိုယ်ကိုယ်သေသလား, ရှင်သလားလို့လည်း ခုထက်ထိ ခွဲခြားမပြောနိုင်ဘူး၊ တစ်ခုတော့ရှိရဲ့၊ ကိုယ့်ကိုယ်ကိုယ် မြင်စေချင်ရင် မြင်နိုင်တယ်၊ မမြင်စေချင်ရင်လည်း ဖျပ်ခနဲဖျောက် ပစ်နိုင်တယ်၊ စိတ်ကသွားချင်တဲ့နေရာကို မြားပစ်လိုက်သလို ဖျပ်ခနဲရောက်နိုင်တယ်၊ အဝေးက ကိုယ့်ကိုတ, လိုက်ရင်လည်း ကြားနိုင်တဲ့ သတ္တိရှိတယ်၊ ဒါပေမယ့် ညီရယ်၊ အိုက်စံက ကိုကို့ကို ဟောဒီရွာကဘယ်မှ ထွက်မသွားနိုင်အောင် သူ့ပညာ နဲ့ချုပ်ထားပြီး ဟောဒီအိမ်အိုကြီးကိုလည်း လူသူမဖျက်ဆီးနိုင်အောင် စောင့်ရှောက်ရ

မြန်မာ စာအုပ်များ



မယ်၊ သူ့အဘိုး ဦးနန်းဆံဝှက်ထားခဲ့တဲ့ ပစ္စည်းတွေကိုလည်း စောင့်ရှောက်ပြီးနေရမယ်ဆိုတဲ့ အမိန့်အတိုင်း သူ့ဩဇာကို နာခံပြီးနေလာခဲ့ရတာ ကြာတော့၊ ကိုယ့်ဘဝကိုယ်ပျော်သလိုလို တောင် ဖြစ်လာတယ်၊ အဲ-ဒီလို-နေရတဲ့အထဲက ဟောဒီ-မစောခင်ကိုမြင်မြင်ခြင်း မဖြေနိုင်, မဖျောက်နိုင်အောင်ချစ်ခင်မိ တာနဲ့ ခုလိုလူသိ, သူသိဖြစ်ပြီး မစောခင်ကိုလည်း ရွာကအထင် လွဲကုန်ကြတာကလားညီရယ်"

ဟု ပြောရာ၊ စောခင်မှာ မိမိလင်သားသည် သာမန်ဆင်းရဲသား မဟုတ်ဘဲ သနားကြေကွဲဖွယ်ဖြစ်လောက်အောင် ဒုက္ခရောက်နေရှာသော မြို့စားကလေးတစ်ယောက် ဖြစ်မှန်းသိရသဖြင့် ဝမ်းသာ ဝမ်းနည်းနှင့် ရှိုက်ကြီးတငင်ငိုယို၍နေရှာလေ၏၊ ကျွန်တော်လည်း အိုက်စံ၏ပညာစွမ်းကို ချီးမွမ်းရင်း စဉ်းစားဉာဏ် ထုတ်နေရလေတော့၏။ စောလုမှာကား အိုက်စံကို ကလဲ့စားခြေ၍ မိမိအစ်ကိုအား မြို့စားအရာ ပြန်မရမခြင်းမကျေဟု အမျိုးမျိုး အထွေထွေ ကြိမ်းမောင်း၍နေလေ၏။ သို့သော် စောသီလှက ခဲယဉ်းကြောင်း နှင့် ကလဲ့စားခြေ၍ အရေးသာကတော်၏။ အရေးမသာလျှင် စောလုကိုပါ ရန်ရှာမည်စိုးကြောင်း၊ ပိုင်လောက်အောင်နိုင်သူရှိမှ ကလဲ့စားခြေသင့်ကြောင်း၊ ပြုံးခနဲဖြတ်ထိုး အကြမ်းနည်းနှင့် အိုက်စံကိုသတ်ဖြတ်လိုက်ပါမူ မိမိမှာ လူလည်း မဟုတ်, နာနာဘာဝလည်းမဟုတ်နှင့် ဒုက္ခကြီးသောဘဝက မကျွတ်ဘဲနေ ရမည်ကို စိုးရိမ်ကြောင်းနှင့် တားဆီးထားလေရာ စောလုလည်း ဤတွင်မှ စဉ်းစား ဉာဏ်ဝင်လာပြီး-

"ဒါဖြင့် နေရာကျပြီကိုကိုရေ၊ ဟောဒီက ညီလေးပင့်လာတဲ့ ဆရာလေးနဲ့ ဒီကိစ္စကြီးကိုပြီးစီးအောင်ကြံမယ်၊ ဒီအကောင်ဟာ ဘယ်နည်းနဲ့မှ အထက်လမ်းသမားမဟုတ်ဘူး၊ မုချအောက်လမ်းက အယုတ်တမာကောင်ပဲ၊ ဒင်းတို့လို အောက်လမ်းသမားမှန်သမျှကိုလည်း ဟောဒီညီလေးတို့ အထက် လမ်းဆရာများက ဖုတ်လေတဲ့ပဝိရှိတယ်လို့မှ မအောက်မေ့ဘူး၊ ဘာမှမစိုးရိမ် နဲ့တော့ ကိုကို"

မြန်မာ စာအုပ်များ



ဟု အားတက်ဝမ်းမြောက်စွာပြောလျှင် ကျွန်တော်လည်း အင်း-တစ်ပွဲပြီးလို့ တစ်ပွဲဆက်ရဦးတော့မှာပါကလားဟု စဉ်းစားပြီး အားထား သူများ ကျေနပ်အောင် အားပေးနှစ်သိမ့်ရစေတော့၏။ သို့ကြောင့် မောင်သီလှတွင် ငြိတွယ်နေသော ဒေဝသိဒ္ဓိဆေးမြားကလေးကို အသာ နုတ်ယူထားလိုက်ရပြီး ညီနှင့်အစ်ကို၊ လင်နှင့်မယား၊ မရီးနှင့်မတ်များ ပြောချင်ရာပြောကြစေရန် ကျွန်တော်အခန်းတွင်းက ထွက်လာခဲ့သောအခါ အပြင်ဘက်က ချောင်းကြည့်နေသော ဒေါ်နန်းဒွေးကြီးမှာလည်း အကြောင်းစုံသိရရှာသောကြောင့်-

"အဒေါ် အစကမသိလို့ပါမောင်ရယ်၊ နို့မို့ရင် ဒါလောက် မနှောင့်ယှက်ပါဘူး။ ဩော်-သနားစရာ သူ့ခမျာ မြို့စားရင့်မကြီး ပါကလားမောင်ရယ်၊ ကြိုးစားပြီး ကယ်ဆယ်ပါနော်၊ ဒါနဲ့ဒီအကြောင်းတွေ ရွာထဲက ဘယ်သူ့မှ မသိကြပါစေနဲ့ မောင်ရယ်၊ မတော်တဆ ဟိုကမြို့စား ယောင်ဆောင်နေတဲ့ အိုက်စံများ ကြားသွားပါ့မယ်"

ဟု ပူစောင့်ပမ်းပင် ပြောနေပြန်သောကြောင့်-

"အဒေါ်ကြီး သဘောကျသလို ကျွန်တော်တို့ ကြည့်လုပ်ပေးပါ့မယ်ဗျာ"

ဟု ကိစ္စငြိမ်းပြောကာ အိမ်ဦးခန်းတွင် ပုတီးစိပ်နေလိုက်ပါတော့သတည်း။

**ကိုကိုလေး**